www.burmeseclassic.com

ရွှေပေဒေသာစာပေ

# မယ်ခိုင်

# သမူဟမဖြစ်သော ဝိရောဓိများ




( အချစ်လုံးချင်းဝတ္ထုသစ် )

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၅

ထုတ်ဝေသူ - ဦးအေးလွင်(ဝ၄၁၅၂)
ရွှေပေအေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုးတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (ဝ၈၂၀၀)
ရွှေပေအေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုးတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖြန့်ချေး - ၁၄၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

မယ်နိုင်

သမ္မုတာမဖြစ်သော ဝိဇ္ဇာဝိဇ္ဇာများ/ မယ်နိုင် ။ - ရန်ကုန်
ရွှေပေအေသာစာပေ ၊ ၂၀၁၅ ။

၂၈၂- စာ၊ ၁၂.၇ × ၁၈ စင်တီ။

(၁) သမ္မုတာမဖြစ်သော ဝိဇ္ဇာဝိဇ္ဇာများ


BURMESE CLASSIC

မိုးစက် အကြွင်းအကျန်တွေအောက်မှာ
သူနဲ့
အမှတ်တမဲ့ ဆုံစည်းခဲ့တယ်။
နှင်းစက်အမှုန်အမွှားတွေအောက်မှာပဲ
ကြုံကြုံဖန်ဖန်လွဲခဲ့ရတယ် ...။
တိုက်ဆိုင်မှုကို မျှော်လင့်နေပေမယ့်
အချိန်တွေက ချောက်ချားစရာကောင်းနေပါပြီ။
ရေစက်ရှိပါက
ကြုံဖန်ဆုံစည်းတတ်ပြီး
ရေစက်မရှိပါက
ကြုံဖန်လွဲနေတတ်တယ်လို့ ... ဆိုတယ်။
နေ့တွေကို နေကစားသွားတော့
ရေစက်ဆိုတာကို ငါ ကြောက်နေတတ်ပြီ ...။



—ရွှေပေအေသာ—

www.burmeseclassic.com

www.burmeseclassic.com





နီကျင်ကျင် မြေစိုင်မြေခဲများပေါ် အကြမ်းပရမ်းနင်းချေ ကျော်ဖြတ်လာသော ခြေလှမ်းတစ်စုံ။

ထိုခြေလှမ်းများသည် ဦးတည်ရာမဲ့ ကစဉ့်ကလျားပင် အသက်ပြေးနေရပုံ ပေါ်သည်။ ညာခြေတွင်နီညိုရောင်ဖိနပ်လေးရှိနေပြီး ဘယ်ခြေမှာတော့ ဖိနပ်မပါခြေဗလာဖြင့် သွေးခြင်းခြင်းနီနေလေသည်။

အရှေ့ အနောက်၊ တောင်၊ မြောက် လမ်းလေးခွအရောက်တွင် ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားသည်။ အရှေ့လမ်းသို့ ဦးတည်လိုက်သော်လည်း စိတ်တို့က အနောက်လမ်းကို မျှော်ကြည့်နေပုံပါသည်။ အနောက်လမ်းသို့ဝင်ရန် ဆုံးဖြတ်သော်လည်း ခြေလှမ်းတို့က နောက်တွန့်သွားပြန်သည်။ ဘယ်ခြေသည် တောင်ဘက်သို့ ဦးတည်နေသော်လည်း မြောက်လမ်းသို့ သံယောဇဉ်မဖြတ်နိုင်စွာ လှည့်ပြန်ပြီး ကြည့်မိရပြန်သည်။

ထိုခြေလှမ်းများ မည်သည့်အရပ်ကို ဦးတည်နေပါသနည်း။

"ဝေါ ..."

လေနှင့်အတူ နှောလာသောမိုးသံကို ခပ်လှမ်းလှမ်းဆီမှ ကြားလိုက်ရသည်။ ထိုမိုးသည် မကြာခင် မိမိအနီးသို့ ရောက်လာတော့မည်ဖြစ်သည်။ မိုးမရွာခင် မိုးလွတ်ရာသို့ ရှောင်နိုင်ပါမှ တန်ကာကျပေတော့

www.burmeseclassic.com



မည်။ နို့မဟုတ်ပါက သည်းမခံရှာထားသော မိုးကြောင့် လမ်းတွေချော်ပြီး ခရီးမရောက်နိုင်ဖြစ်လိမ့်မည်။

"ရှပ် ... ရှပ်"

မိမိ ထွက်လာရာ မြောက်လမ်းဟုထင်ရာကို လည်ပြန်ကာ ကြည့်မိပြန်သည်။

သူ လိုက်လာသည်။ သူ ထက်ကြပ်မကွာပါလာသည်။ ဘယ်ကို ပြေးရမလဲ။

မိုးလွတ်နိုင်တဲ့အရှေ့လမ်းကို ပြေးရမလား။ ဒါမှမဟုတ် အန္တရာယ် ကင်းနိုင်တဲ့ အနောက်လမ်းထဲဝင်ရမလား။

"ဟေး ... ဟေး"

အော်သံသည် ဆင့်ကဲထွက်ပေါ်လာသည်။ စဉ်းစားချိန်မရှိတော့ ပါချေ။ သဘာဝတရားထက် လူရဲ့အန္တရာယ်ကပိုပြီး ကြောက်မက်ဖွယ် ကောင်းနေလေသည်။ မျှော်လင့်ချက် လုံးလုံးမရှိတော့မှာထက် အကျင့် တရားကို လောင်းကြေးထပ်ရတော့မည်။ ထို့ကြောင့် မိုးသံလာရာ အနောက် လမ်းထဲသို့ ပြေးဝင်လိုက်သည်။

"ဝေါ ..."

လေ၏အရှိန်သည် တစ်ကိုယ်လုံးမြောက်ထွက်လုမတတ် ဖြစ်သွား သည်။ သို့သော် အံကိုခဲကာခြေထောက်ကို မြေကြီးပေါ်ကုတ်ခြစ်ထား မိသည်။

"ဝေါ ..."

လမ်းဘေးဝဲယာမှ သစ်ပင်ကြီးများသည် ကျိုးကျလုမတတ်





ကိုင်းညွှတ်သွားကြသည်။ ရှေ့ဆက်ပြီး ပြေးနိုင်ပါဦးမလား။ မပြေးလို့ မဖြစ်ပါ။ မိသွားပါက ကလေးရော၊ မိမိပါ အသက်ရှင်လိမ့်မည်မဟုတ်။ သေကွဲမကွဲ၊ ရှင်ကွဲ ကွဲရပေလိမ့်မည်။ သေလူဟု တံဆိပ်ရိုက်ခံထားရသူ သည် မည်သည့်အရာကိုမှ ကြောက်လေ့မရှိပါ။ သို့သော် မိခင်လောင်း များသည် မိမိဝမ်းတွင်းမှကလေး၏အသက်ကိုတော့ ကာကွယ်ပေးရလိမ့် မည်။

"ဝေါ ..."

လေနှင့်မိုးသည် ဘယ်အပြိုးနှင့်မှန်းမသိ သည်းကြီးမဲကြီး အော်ဟစ်ငိုကြွေး နေလေသည်။

"အား"

ဗိုက်ထဲမှနာကျင်ဖတ်ရာသည် ဆိုးဆိုးဝါးဝါးခံရခက်လွန်းသည်။

"အား ..."

ညည်းသံသည် လေသံမိုးသံကြား၌ ပျောက်ဆုံးနေရသည်။

"ဂျိမ်း ..."

မိုးခြိမ်းသံသည် နားစည်ကွဲလုမတတ် ဆူညံသွားသော်လည်း ထိုအသံကို သူမ မကြားလိုက်ပေ။

ရေပါသောမိုးသည် တစ်ခဏအတွင်းမှာပင် လမ်းကိုချောင်း အဖြစ် သရုပ်ဖော်ပေးလိုက်၏။

"အား"

ဆီးစပ်တစ်လျှောက် ကျင်ခနဲဖြစ်သွားသည်။ မကြာခင် သူ လောကထဲရောက်လာတော့မှာပါလား ဆိုတာ သိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပါ၊ အခုလိုရေစီးနေသော လမ်းပေါ်မှာကလေးကို မွေးလိုက်ရင် မဖြစ်ပါ။

ဘယ်လိုလုပ်ရမလဲ၊ ကူညီကြပါဟု အသံကုန်ညစ်အော်၍လည်း မဖြစ်ပါ။ သို့သော် တစ်စုံတစ်ဦး အကူအညီမပါ၍လည်း မဖြစ်။

ဘာလုပ်ရမလဲ ... ဘာလုပ်သင့်သလဲ ...။

ခေါင်းအေးအေးထားပြီးလည်း မစဉ်းစားနိုင်ပါ။

"ဟင်"

လျှပ်ရောင်ကြောင့် အိမ်တစ်ဆောင်ကို မြင်လိုက်ရသည်။ သူမ အား တက်သွား၏။ ရှိရှိသမျှသော အားတို့ကိုစုစည်းပြီး ခြေလှမ်းများကို သယ်ဆောင်လာသည်။

"အား"

မြေကြီးပေါ်ပစ်လှဲချင်မိသော နာကျင်မှုကို မချိမဆန့် ခံစားနေရသည်။ သို့သော် အားလျော့ပစ်၍မရမှန်းလည်း နားလည်၏။

"ဝေါ"

လေနှင့်မိုးသည် စဲသွားခြင်းမရှိ တိုး၍သာအော်ညည်းနေဆဲဖြစ်သည်။

"အိမ်ရှင်တို့ ... ဖုန်း ... ဖုန်း"

ရှိသမျှအားတို့ကို စုစည်းကာ တံခါးရွက်ကို ထုရိုက်လိုက်သည်။

ဝမ်းတွင်းမှ တဆစ်ဆစ်နာကျင်နေသော ဝေဒနာကိုသည်းမခံနိုင်တော့ပေ။ ကုတ်ခြစ်ထားသော ခြေချောင်းများသည်လည်း ဆက်၍ တောင့်မခံနိုင်တော့ပေ။





"အိမ်ရှင်တို့ ..."

သူမ၏အသံသည် ခပ်အစ်အစ် ထွက်ပေါ်လာပြန်သည်။

သူမ ဖူးများညွတ်ကျလာသည်။

ခြေထောက်ကို ငုံ့ကြည့်လိုက်သောအခါ တုန်လှုပ်ခြင်းက နှစ်ဆမြင့်တက်သွားသည်။

"ဟင်"

သွေးတွေ။ သွေးများသည် မိုးရေစီးကြောင်းအတိုင်း မျောပါသွားသည်။

"အား ... ကျွတ်"

အသံထွက်မှာစိုး၍ နှုတ်ခမ်းသားကို သွားဖြင့်ဖိကိုက်ထားမိသည်။ ဒဏ်ရာကြောင့် မေးရိုးတစ်ဝိုက်တွင် သွေးများစီးကျနေရှာ၏။

"ဘယ်သူလဲ"

အရှိန်အဝါကြီးမည်ဟု ထင်ရသောအသံတစ်သံကို ကြားလိုက်သည်။ သူမ အားများ လျော့ချလိုက်သည်။

"ဘယ်သူလဲ"

"ကျွန်မကို ကယ်ပါ"

ဒုတိယထူးသံကြားရသောအခါ ရှိစုမဲ့စုအားများကို အကုန်မြှုန်းတိုက်မိတော့သည်။

သူမ စကားဆုံးသည်နှင့်တစ်ပြိုက်နက် တံခါးချပ်ကြီးသည် [illegible]ရှင့်သွားသည်။

သူမ ပထမဆုံးမြင်လိုက်ရသည်က ခါတ်ခဲသုံးလုံးထိုး ခါတ်မီး



www.burmeseclassic.com

www.burmeseclassic.com



ရောင်တစ်ခု။

ထိုအလင်းရောင်သည် မျက်နှာပေါ်ဖြာခနဲ ကျရောက်နေသည်။

"ကျွန် ...မ ... ကို ... ကယ် ...ပါ ..."

မည်သူမည်ဝါမှန်း မသိသော်လည်း လက်အုပ်ချီကာ အကူအညီ တောင်းမိသည်။

"အား"

ပြောပြောဆိုဆိုပင် ရေယာဉ်ကားသုံးထစ်ခြေရင်းရှိ တမံတလင်းခင်း ပြင်ပေါ် ပစ်လှဲကျသွားသည်။

သို့သော် အသိသည်သတိနှင့် အတူကပ်ထားဆဲဖြစ်၏။

မွေးရမယ်။ ဒီကလေးကို မွေးကိုမွေးနိုင်ရမယ်။ ဆန္ဒကိုစုစည်းကာ အာရုံကို ကလေးထံထားပြီး လက်ကျန်အားလေးများကို အသုံးပြုလိုက်သည်။

"အား"

အသံဝါကြီးတစ်ခုသည် လေသံနှင့် မိုးသံကိုဖောက်ထွက်သည်။

"အူဝဲ ...အူဝဲ"

ငိုနေသောအသံတစ်ခု၊ သူမ ကျေနပ်သွားသည်။

ထိုကလေး လူ့လောကထဲရောက်ခဲ့တယ်ဆိုလျှင်ပဲ သူမ ကျေနပ်သွားပါပြီ၊ သူမ လူပီသသွားပါပြီ။ တာဝန်ကျေချင်ပါပြီ၊ တာဝန်ကျေခွင့် ရလိုက်ပါပြီ။

"အူဝဲ ... အူဝဲ"

မိုးစက်များသည် သူမမျက်နှာပေါ်သို့ မညှာမတာကျရောက်





နေသော်လည်း သူမနှုတ်ခမ်းတွင် အပြုံးရိပ်လေးတွဲခိုနေလေသည်။

"အူဝဲ ... အူဝဲ"

ပွေ့ချီသူမဲ့သောကလေးကို ကုန်းကောက်လိုက်ချင်သော်လည်း သူမ မလှုပ်နိုင်တော့ပေ။

သို့သော် ဓာတ်မီးပိုင်ရှင်တော့ လှုပ်ရှားလိုက်နိုင်သည်။

ဓာတ်ခဲသုံးလုံးထိုး ဓာတ်မီးသည် သူမ မျက်နှာအနီးရောက်ရှိလာသည်။

"မိန်းကလေး ... မိန်းကလေး"

ယောကျ်ားတစ်ယောက်၏ အသံဖြစ်သည်။

ထိုလူသည် ကလေးကိုပွေ့ချီကာ သူမမျက်နှာအနီး တိုးကပ်ပေးရှာသည်။

ချက်ကြိုးမဖြတ်ရသေးသော ကလေးငယ်သည် နှုတ်ခမ်းလေးပြာနှမ်းသည်ထိ ငိုနေရှာသည်။

"သမီးလေး ... သမီးလေး"

အသံထွက်၍ခေါ်လိုက်ချင်သော်လည်း အသံသည်ပီပီသသထွက်မလာနိုင်တော့ပေ။

"သမီးကို ... သူ့ ... သူ့အဖေဆီ ... ပို့ ... ကိုမြတ်ဆီပို့ပေးပါ။ မြတ်ကိုကို ... ဆီ ... ကလေး ... ကလေးကို..."

လည်ချောင်းဝတွင် တစ်ခုခုပိတ်ထားသလို ခံစားလိုက်ရသည်။ သွေးခဲတွေလား၊ လေတွေလား။ ပြောခွင့်ပြုပါ။ သမီးလေးကို တစ်ကြိမ်လောက် နမ်းခွင့်ပြုပါ။ သမီးလေးကိုတစ်ကြိမ်လောက် နို့ တိုက်ခွင့်ပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ငိုသံကို တစ်ကြိမ်လောက် ထပ်ပြီးနားထောင်ခွင့်ပြုပါ။ အကြိမ်ကြိမ် တောင်းဆိုလိုက်သော်လည်း သူမ၏ဆန္ဒကို နတ်မင်းအပေါင်းတို့က လျစ်လျူရှုရက်နိုင်လွန်းသည်။

"ဟော့ ... ဟော့ ... ဟော့ ... သတိထားဦးလေ။ ဟော့ ... ဟော့ ... ဖြောင်း ... ဖြောင်း"

သူမနားရွက်အနီး လက်ခုပ်သံနှစ်ချက်ကို ဆက်တိုက်ကြားလိုက်ရသည်။ သို့သော် သူမ မျက်လုံးမကျယ်နိုင်တော့ပေ။

သူမအိပ်ချင်လှပါပြီ။ ပင်ပန်းလှပါပြီ။ အနားယူချင်လှ ပါပြီ။

"ဟော့ ... ဟော့"

သူမ၏မေးရိုးသည် ကိုင်လှုပ်ခြင်း ခံလိုက်ရသော်လည်း သူမ သည် စိတ်သန္တာပေါ်တွင် ရှိမနေတော့ချေ။

လေသံ၊ မိုးသံ၊ သစ်ရွက်တွေ လှုပ်ရှားသံနှင့် အတူ။



နေရောင်ခြည်သည် ကမ္ဘာ့လေထုမှတစ်ဆင့် ခရေပင်ကြီးကို ကျော်ဖြတ်လာသည်။ ပြီးနောက် မှန်ပြတင်းကိုအားပြင်းစွာ အနိုင်ယူပြီး နောက်နေ့၏ အိပ်ချိန်ကိုနှောင့်ယှက်တော့၏။

နဖူးမှချွေးများသည် မျက်ဝန်းတစ်ဝိုက်ဝေ့ဝဲ စီးဆင်းနေသော်လည်း ပေအိပ်နေမိသည်။ အိပ်ပါရစေ၊ နားအေးပါးအေး အိပ်ပါရစေ။

"ဗုန်း ... ဗုန်း"

အဖျက်သမား၏ နှောင့်ယှက်ခြင်းခံလိုက်ရ၏။

"ဗုန်း ... ဗုန်း"

တံခါးထုသံသည် ဆင့်ကဲထွက်ပေါ်လာပြန်သည်။

တံခါးမကြီးနှင့် သူနှင့် နီးနေသလိုခံစားရသည်။ ထုလိုက်သော အချက်တိုင်းသည်လည်း သူ့နားအုံပွင့်ထွက်မတတ် ဆူညံသွားသည်။ တံခါး ရွက်ကိုများ ခေါင်းတင်ပြီးအိပ်ပျော်နေခဲ့သည်လား။

"ဗုန်း ... ဗျို့ ... စာရေးဆရာ ... စာရေးဆရာ"

သူ့နားအနီးကပ်ပြီး အော်လိုက်သံလို ဆူညံသွားသည်။ နှိုးလိုက် တဲ့အသံ ဘယ်သူများလဲ။

မျက်လုံးကိုမဖွင့်ချင်သော်လည်း အားယူကာကျိုးဖွင့်လိုက်သည်။ ထိုးလိုက်တဲ့နေရောင်။ နေထွက်ချိန်လား၊ နေဝင်ချိန်လား၊ တိတိကျကျဝေခွဲ

www.burmeseclassic.com

www.burmeseclassic.com



မတတ်ချေ။ သို့သော် လေထုသည် လတ်ဆတ်နေတာကြောင့် မနက်ခင်း ဖြစ်လိမ့်မည်ဟု ခန့်မှန်းမိလိုက်သည်။

ပူလိုက်တာ။ ဝတ်ထားသောအင်္ကျီကို ဘယ်အချိန်တုန်းက ချွတ်ပစ်လိုက်မိမှန်း မသိချေ။

"ဟွန်း ... ငါ့အင်္ကျီဘယ်ရောက်သွားပြီလဲ"

ကိုယ်ပေါ်မှ အင်္ကျီကိုစမ်းလိုက်၏။ သို့သော် အင်္ကျီသည် နေရာမှားပြီး ဝတ်မိထားပါသည်။ ခြေသလုံးမှာ။ ဘယ်အချိန်ကခြေသလုံးကို ရောက်သွားပါလိမ့်။

"စာရေးဆရာ ... စာရေးဆရာ။ ဗျို့ ... စာရေးဆရာ"

ခြေသလုံးမှ အင်္ကျီကိုချွတ်ယူပြီး ဖြစ်သလို လျှိုဝတ်မိသည်။ စွပ်ကျယ်အင်္ကျီဆိုသောကြောင့် အရှေ့ အနောက် မှားဝတ်လည်း ပြဿနာမရှိချေ။ လက်ပြင်ကိုသာမန်ထက်ပို၍ ကိုင်းလိုက်ပါလျှင် သက်သောင့်သက်သာ ရှိလာနိုင်သည်။

"ဗျို့ ... စာရေးဆရာ"

"ဒီကောင် ... ငါ ... ပါးပိတ်ရိုက်မိတော့မယ်။ ဒီလောက်အသံတွေပေါ်နေရင် အလျှုခံမဏ္ဍပ်မှာ လုပ်အားသွားပေးပါလား။ နားကိုညည်းနေတာပဲ"

ဗိုက်ပေါ်ရောက်နေသောပုဆိုးကို ဖြစ်သလိုဖြန့်ဝတ်ပြီး ထရပ်လိုက်သည်။

"မျက်မှန် ... ငါ့မျက်မှန် ... ဘယ်ရောက်သွားပြီလဲ"

အဝေးမမြင်၊ အနီးမှုန်မို့ မျက်မှန်သည် သူ၏အသက်သခင်





ဖြစ်သည်။ ထို့ကြောင့် ထက်ကြပ်မခွာဆောင်ထားပါသော်လည်း ရုတ်တရက် ဘယ်လိုမှ စမ်း၍မမိချေ။

ဟော ... တွေ့ပါပြီ။ အချစ်တော်လေးက ရေးလက်စစာမူကြမ်းပေါ်တွင် ခန့်ခန့်ထည်ထည်လေး နေရာယူ၍နေလေသည်။

"စာရေးဆရာ"

"ဘာလဲကွာ ... ဘာလဲ ... လာပြီ"

ရေငွေ့ရိုက်မိထားသောကြောင့် မှုန်ဝါးနေသောမှန်သားကို စွပ်ကျယ်အင်္ကျီနှင့် ဖြစ်သလိုသုတ်ကာ တပ်လိုက်တော့မှ မှုန်တိမှုန်ဝါး ပတ်ဝန်းကျင်ကို ကွင်းကွင်းကွက်ကွက် မြင်လာရသည်။

"ဗုဒ္ဓေါ ... ဆယ်နာရီတောင်ထိုးပြီးနေပါပေါ့လား။ ငါ ဘယ်သောက်ထိများအိပ်ပစ်ပါလိမ့်"

တီးတိုးရေရွက်ကာ ဂလန့်ချထားသော တံခါးချပ်ကို ဖွင့်လိုက်သည်။

တစ်ပြိုင်နက်တည်းမှာပင် အလင်းရောင်နှင့်အတူ ဘွားခနဲတွေ့ဆုံလိုက်ရသည်က ကိုချစ်ခင်ရဲ့ မျက်နှာပုပ္ပိုင်းပိုင်း။

ကိုချစ်ခင်သည် ကွမ်းစားပါးစပ်လေးနှင့် မလှသောသွားများပေါ်အောင် ပြုံးပြသည်။

"ဆရာဖို့ မုန့်ဟင်းခါးယူလာတယ်။ မနေ့က ဆရာများသွားဘယ်ထင်တယ်"

ပြောပြောဆိုဆိုပင် ကိုချစ်ခင်က အိမ်ထဲဝင်လာသည်။

သူ အိမ်ထဲမဖိတ်ခေါ်ဘဲ ရောက်လာတတ်သူဆိုလို့ ကိုချစ်ခင်မှ



www.burmeseclassic.com

www.burmeseclassic.com



လွဲ၍ အခြားလူမရှိချေ။

"ဆရာ ... ဒီနေ့ နေ့လယ် စာပေတိုက်သွားမယ်ဆို"

အဲ ... ဟုတ်သားပဲ။ ကိုချစ်ခင်ပြောမှ သတိရတယ်၊ ထုတ်ဝေသူကို ဆယ့်နှစ်နာရီလာခဲ့မယ်ဟု သူကတိပေးခဲ့ပြီးပြီ ဖြစ်၏။

"လိုပါသေးတယ် ... အေးဆေးပေါ့။ ခင်ဗျား တော်တော် လူမှုရေးခေါင်းပါးတဲ့ လူပဲဗျ။ တစ်ချက်နှစ်ချက်ထုပြီး အထဲက အသံကို နားထောင်ဦးမှပေါ့ဗျ။ ခုဟာက"

"ဆရာရယ် ... ဘုရားစူးရပါစေရဲ့ ချစ်ခင်က လိမ်မပြောပါဘူး ဗျာ။ မှန်တာပြောရင် ချမ်းသာရပါစေ၊ ဆရာ ... ဆရာဆိုပြီး တိုးညင်း တဲ့ လေသံနဲ့လည်းခေါ်ပါတယ်၊ ဗျို့ ဆရာ ... ဆရာဆိုပြီး ကျယ်လောင်တဲ့ အသံနဲ့လည်း ခေါ်ပါတယ်။ တံခါးကိုနှစ်ချက်ထုပြီးလည်း အထဲကအသံကို နားစွင့်ပါတယ်၊ ဒါပေမဲ့ အပ်ကျသံတောင် မကြားရလို့ ဆရာများ အသောက်လွန်ပြီး ရှောသွား အဲ ...အဲ"

မုန့်ဟင်းခါးကို ပန်းကန်ထဲပြောင်းထည့်နေသော ကိုချစ်ခင်သည် စကားကိုဆုံးအောင် မဆိုဝံ့တော့ဘဲ သူ့ထံပေကပ်ကပ်ကြည့်လာသည်။

သူ စိတ်ပျက်မိသည်။ ကိုချစ်ခင်၏ စကားများကိုမဟုတ်ပေ၊ ကိုချစ်ခင်၏လက်တွင် မျက်စိမပါသောကြောင့် ဖြစ်သည်။

လေးရာတန် မုန့်ဟင်းခါးတစ်ပွဲသည် ယောကျ်ားတစ်ယောက်၏ ဝမ်းခေါင်းအတွက် တိကျရုံ၊ ဝတယ်ဆိုရုံသာ။ ဗိုက်ပြည့်သွားခြင်း မရှိပေ၊ ခုတော့ ကိုချစ်ခင်၏ကျေးဇူးနှင့် အမှုကိုအလုပ်ပေးရုံသာ သွတ်သွင်းရပေ တော့မည်။





ချေပါသားများသော ကိုချစ်ခင်ကို သူ မဆူချင်တော့ပေ၊ ထို့ကြောင့် မုန့်ဟင်းခါးပန်းကန်ကိုသာ မမိုတ်မသုန်စိုက်ကြည့် နေမိသည်။

ကြွပ်ကြွပ်အိတ်ထဲမှ မုန့်ဟင်းခါးရည်များသည် ပန်းကန်ထဲသို့ တစ်ဝက်ဝင်သွားပြီး စားပွဲပေါ်သို့ တစ်ဝက်ကျနေလေ၏။

"ဟာ ... ပြဿနာပဲ။ ဆောရီး ... ဆရာ၊ ချစ်ခင်က ဆရာ့ကို ငေးမိသွားလို့ပါ။ ဆရာကလည်း ဘာလို့မပြောတာလဲ၊ ဖြစ်ပါဘူး ... ပြန်သွားဝယ်"

"တော်ပါပြီဗျာ ... တော်ပါပြီ၊ ဝယ်မနေပါနဲ့တော့၊ ဒါနဲ့ပဲ စားလိုက်ပါတော့မယ်"

ပြောပြောဆိုဆိုပင် ဆေးထားသောမြင်းခေါင်းတံဆိပ်ဟင်းရည် သောက် ဇွန်းကိုဆွဲယူကာ ပုဆိုးဖြင့်သုတ်ပြီး သံပရာသီးညှစ်မထားသော မုန့်ဟင်းခါးကို ငရုတ်သီးလေးထည့်ကာ စားသောက်သည်။

"ဘယ်ဆိုင်က ဝယ်လာတာလဲ၊ ကောင်းလှချည်လား"

"ကောင်းမှာပေါ့ ... ဒေါ်သန်းတင်ရဲ့နောက်ဆုံးဒါနပဲ"

စားလက်စပင်သီးသွားသည်။ ဒေါ်သန်းတင်ဆိုသူမှာ လမ်းထိပ်ရှိ မုန့်စုံဆိုင်ပိုင်ရှင် ဖြစ်သည်။ လွန်ခဲ့သောငါးရက်ကမှ ကားတိုက်ပြီးသေဆုံး သွားသူဖြစ်သည်။

သူ မုန့်ဟင်းခါးကို စားရမလား၊ သွန်ပစ်ရမလားဆိုတာ ဝေခွဲ ရ ဖြစ်သွားသည်။ သို့သော် တဂွိဂွိမြည်သံနှင့်အတူ ကလီစာတို့၏ တောင်းဆိုမှုကြောင့် တစ်ဇွန်းပြီးတစ်ဇွန်းဆင့်၍ စားသောက်မိလိုက်သည်။

"တရားနာပြီးပြီလား ... လမ်းထဲသရဲခြောက်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အစိမ်းသေပဲဆရာရယ် ... ဘယ်လိုလုပ်လွယ်လွယ်ကျွတ်မလဲ"

လူလဲတာလို့လည်း ပြောကြတာပဲ။ အဲဒီနေရာက ငါးနှစ်ကို တစ်ယာက်လဲနေကျတဲ့။

"လူလဲတာဆို။ အဲဒီနေရာမှာပဲ နေရမှာပေါ့။ လမ်းထဲ လာ ခြောက်စရာလား"

ဒေါ်သန်းတင်သည် မြို့ထဲရောင်းချပစ္စည်း ဝယ်သွားရင်းပြည်လမ်းမကြီးပေါ်၌ ကားတိုက်ခံရခြင်းဖြစ်သည်။ သူတို့နေတာက မြောက်ဖဲ့ နေရာချင်းက လားလားမျှမအပ်စပ်ပေ။

"ဩော် ... ဆရာရယ် ... နာနာဘာဝဆိုတာမျိုးက စိတ်သွား တိုင်း ကိုယ်ပါလေ။ သူသွားချင်ရာနေရာကို တမ်းတလိုက်ရင် ရောက် ရမှာပေါ့။ ကျွန်တော်ဆို ဘုရားရှိခိုးရင် စိတ်သွားတိုင်းကိုယ်ပါ။ လိုအင် ဆန္ဒပြည့်ဝပါရစေလို့ တစ်ခါမှဆုမတောင်းဘူး။ ဆရာပဲ စဉ်းစားကြည့်လေ၊ အဲဒီလိုဆုတောင်းရင် ကျွန်တော် စောစောသေပြီး နာနာဘာဝ ဖြစ်ရပါ စေလို့ ဆုတောင်းတာနဲ့ မတူဘူးလား"

ကိုချစ်ခင်က ဆင်ခြေချေပါသားပြောတတ်သော်လည်း တစ်ခါ တစ်ရံကိုချစ်ခင်၏ ချေပါသားများက လက်ခံချင်စရာကောင်းနေတတ် ပြန်သည်။

ကိုချစ်ခင်သည် ဆိုက်ကားဆရာဖြစ်သည်။ သူ့ကိုရိုသေသမှုဖြင့် ဆရာဟုခေါ်တတ်သော်လည်း ကိုချစ်ခင်အသက်က သူ့ထက်ကြီးပေလိမ့် မည်။ ခန့်မှန်းခြေ အနည်းဆုံးသုံးနှစ်လောက်တော့ ကိုချစ်ခင်ကသူ့ထက် ကြီးမည်ဟု ထင်သည်။





"ဆရာ ညကများသွားတယ်ထင်တယ်နော်။ ကြော်ထားတဲ့ အမြည်းတွေကို တစ်တုံးမှမကျန်တော့ဘူး"

ကိုချစ်ခင်စကားကြောင့် သောက်လက်စရေပင် သီးချင်ချင်ဖြစ် သွားသည်။

အမဲသားငါးဆယ်သားဝယ်ပြီး ကိုချင်ခင်ကိုကြော်ခိုင်းခဲ့တယ်။

မှတ်မှတ်ရရ နှစ်တုံးသာနှိုက်စားရသေးသည် ဖြစ်၏။

သူ့ အလန့်တကြားပင် အမဲကြော်ထည့်ထားသော ထမင်းအုပ်ကို သုန်ကြည့်လိုက်သည်။

အမဲကြော်သည် မျက်လှည့်ပြသလို ပျောက်ဆုံးနေသည်။

တစ်တုံးတစ်လေပင် မကျန်ပေ။ ဘယ်ရောက်သွားပါလိမ့်၊ ထမင်း အုပ်ကို အပြန်ပြန်အလှန်လှန်ကြည့်မိသည်။ ပြီးနောက် စားပွဲအောက်သို့ ကြည့်ပြန်သည်။

ဘယ်ရောက်သွားပါလိမ့်။ ခွေးတို့၊ ကြောင်တို့စားသွားတယ် ဆိုလျှင်လည်း အဖိတ်ဖိတ်အစင်စင်နှင့် မသေမသပ်ဖြစ်နေရမည်။ ခုတော့ သုတ်သယောက်က ဇိမ်ဆွဲပြီးအရသာခံကာ စားသောက်သွားပုံမျိုး။

"ဆရာရယ် ... ရှာမနေနဲ့တော့။ အမဲသားငါးဆယ်သားကို အရက်နဲ့ တစ်ယောက်တည်းမြည်းလိုက်တာက ရက်စရာကိစ္စမှ မဟုတ်တာ"

သူလည်း ရှက်စရာလို့မတွေးခဲ့ပါ၊ သို့သော် ကိုချစ်ခင်ကပြော လိုက်တော့မှ ရှက်မိသလိုခံစားလာရသည်။ အရက်သမား သိကျွာချ၏။ ကြီးလေပ်ကို စားတယ်ဆိုရုံ အရက်နှစ်လုံးနှင့်မြည်းနေကြသော အရက် သမားများကြား အမဲကြော်ငါးဆယ်သားကိစ္စကို ကိုချစ်ခင်သာနှုတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့တော့ သူ့သိက္ခာတွေ ဘယ်မှာပြေးကောက်ရမှန်း မသိနိုင်အောင် ဖြစ်သွားပေလိမ့်မည်။

"ဆရာ ... သောက်စရာကျန်သေးလား"

"ရှိပါတယ်ကွ"

ပြောပြောဆိုဆိုပဲ အရက်ပုလင်းကို ကြည့်လိုက်သောအခါ ပုလင်းထဲ အရည်ဖြူတစ်ချိုး ကျန်နေသေးသည်။

"ဗုဒ္ဓေါ ... အရက်ကုန်သွားတာက တစ်ချိုး ... အမြည်းကုန်သွားတာက ငါးဆယ်သား ... ဘာဖြစ်ကုန်ပြီလဲ ... "

သူ မူးမူးနဲ့များ အမြည်းတွေထိုင်စားမိသွားတာလား၊ မဖြစ်နိုင်ပါ။ သူက ဘာကိစ္စနဲ့ အမြည်းတွေထိုင်စားရမှာတဲ့လဲ။ မဖြစ်နိုင်ပါ။ သူက အစားကြူးသူတစ်ဦး မဟုတ်ချေ။ မွေးကတည်းက ခုချိန်ထိ အစားအစာကို တပ်မက်ဖူးသူမဟုတ်။ အမဲသားငါးဆယ်သား ဆိုတာ ဝေလာဝေး၊ ဒါဆို အဲဒီအသားကြော်တွေက ဘယ်ရောက်သွားသလဲ။ အိမ်နီးချုပ်စက်က ခွေး၊ ကြောင်ရဲ့လက်စာမိသွားသလား။

ဤအိမ်မှာနေတာ တစ်လကျော်ပြီဖြစ်၏။ သို့သော် ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ မတွေ့ခဲ့ဖူးချေ။

ဝင်းတံတိုင်းကြီးကလည်း ကောင်းတာကိုး။

"ဆရာ ... ဘာဖြစ်နေတာလဲ"

"အံ့ဩနေတာကွ ... ငါကဘာလို့ ... ဒီအသားငါးဆယ်သားကို တစ်ထိုင်တည်းစားပစ်ရမှာလဲ"

မနေ့ကညနေကမှ ကိုချစ်ခင်က ပူပူနွေးနွေးကြော်ပြီး ပို့သွားတဲ့



အသားဖြစ်သည်။ ကိုချစ်ခင်လာပို့စဉ်အခါက ထိုအသားအုပ်ဆောင်းကို သူကိုယ်တိုင် ဖွင့်ကြည့်ခဲ့ဖူးသည်။ ဂျင်း၊ ကြက်သွန်ဖြူ အနံ့လေးသင်းနေတာနဲ့ပင် ကိုချစ်ခင်ရဲ့မိန်းမ မသင်းကိုနာမည်နဲ့ လိုက်ပါပေတယ်ဟု ရင်ထဲကချီးမွမ်းခဲ့မိသေးသည်။

အရက်လေးတစ်လုံးနှင့် အသားကြော်လေးကို မြည်းပြီး ဘတ်လမ်းကို ဖိမ်ရှိရှိခံစားရေးမည်ဟု စိတ်ကူးခဲ့သည်။ စိတ်ကူးခဲ့သည့်အတိုင်းပင် ဇာတ်သိမ်းကိုလှလှပပ အပြီးသတ်နိုင်ခဲ့သည်၊ အမဲကြော်ငါးဆယ်သားကို ထိုင်စားနေမည်ဆိုပါက ဇာတ်သိမ်းမပြောနှင့် ဘောပင်ထောင် နာရီဝက်ပြည့်အောင် ကိုင်လိုက်ရမည်မဟုတ်ပေ။

"ဆရာကလည်း မရှက်ပါနဲ့ဗျာ ... ကိုယ့်ပိုက်ဆံ ကိုယ်ဝယ်စားတာပဲ ရှက်စရာလားဗျ။ ဒီနေ့ရော ထပ်ကြော်ပေးခဲ့ရမလား"

ကိုချစ်ခင်က လက်ဝါးဖြန့်လာသည်။ အမိပွာယ်က ငွေပေးပေါ့။ သူ့စီးပွားရေးကို ကိုချစ်ခင် မသိရှာပါ။ ဒီနေ့သာ စာမူမရပါက ညစာကို ရေသောက်၊ ဗိုက်မှောက်နေရမည့်အဆင့်၊ ခေါင်းအုံးအောက်၌ သက်ကျန်ပိုက်ဆံ တစ်ထောင်သာ ရှိတော့သည်။

တက္ကစီငှားမစီးနိုင်တော့၍ နှစ်ရာတန်လိုင်းကားကိုစီးပြီး ခြေတိုအောင် လမ်းလျှောက်ရပေတော့မည်။ သို့သော် မရှိတာကိုမရှိဘူးဟုလည်း လူသိမခံနိုင်ပါ။

"မလိုပါဘူးဗျာ။ ကြော်မနေနဲ့။ ကျွန်တော့်အထားမှားတာ ဖြစ်မှာပါ။ တစ်နေရာရာမှာ ရှိလိမ့်မယ်။ ကဲ ... ခင်ဗျား ဆိုက်ကားမထွက်ဘူးလား။ သွားတော့လေ"

ရွှေအသာ

www.burmeseclassic.com



"ဆရာအပြင်သွားမယ်ဆို ချစ်ခင်လိုက်ပို့ပေးပါ့မယ်ဆရာရယ်"

ဒီလူနှယ်ပြဿနာပဲ။

ခါတိုင်းသူက ကားမှတ်တိုင်ရောက်အောင် ချစ်ခင်ရဲ့ဆိုက်ကားကို စီးပြီးသွားနေကျဖြစ်သည်။ ထိုအခါတိုင်း ချစ်ခင်ကိုငွေတစ်ထောင်စွန့်ကြဲလေ့ရှိသည်။ သို့သော် ယခု သူ့ငွေကြေးအရ ဆိုက်ကားစီးလို့မဖြစ်နိုင်ပါ။ မြို့ထဲသို့ ကုန်းကြောင်းမလျှောက်နိုင်တဲ့ သူ့ရဲ့အားနည်းချက်ကိုပဲ အပြစ်တင်ရပေလိမ့်မည်။

"ရပါတယ်ဗျာ ... ပို့မနေနဲ့။ ခင်ဗျားဂိတ်ထိုးနောက်ကျနေပါ့မယ် ... သွားပါ"

"ရပါတယ် ဆရာ့ရယ်။ ဆရာ့လိုဖောက်သည်မျိုးလောက် ဘယ်ခရီးသည်က အရေးကြီးမှာတဲ့လဲ။ ရတယ် ... ပြဿနာမရှိဘူး နိုး ... ပလုံ ... ပလုံ"

အင်္ဂလိပ်စကားကို ကြားညှပ်ပြောလေ့ရှိသော ကိုချစ်ခင်ကို သူစိတ်ပျက်လှပါပြီ။ ဘယ်တော့မှလည်း ပီအောင်မပြောနိုင်ခဲ့ပေ။ ထို့ကြောင့် မြန်မာစကားကို မြန်မာတွေနားလည်အောင်ပဲ မြန်မာလိုရိုးရိုးသားသားပြောကြပါဟု ဆုံးမခဲ့ဖူးသည်။ သို့သော်အရိုးစွဲနေသော အကျင့်ကို အသက်သုံးဆယ်ကျော်မှတော့ ဖျောက်ဖျက်လို့မရနိုင်တော့ဘူး ထင်ပါရဲ့ ပရော်ပလန်ကို ပလုံ ... ပလုံ ဖြစ်နေတုန်း။

"ခင်ဗျားက နိုး ... ပလုံ ... ပလုံပေမယ့်၊ ကျွန်တော်က ရက်စ် ပလုံ ... ပလုံတယ်ဗျ။ သွားပါ ... ခင်ဗျားရှိနေရင် ကျွန်တော် စာမူပြန်ကောက်လို့မရဘူး။ စာမူတွေက ပြန်စစ်ရဦးမှာ၊ တွဲချုပ်ရဦးမှာ၊



သွားပါဗျာ ... ကျေးဇူးပြုပြီး ဂိတ်ထိုးလိုက်ပါတော့။ ကျွန်တော့်ကို ဒိတ်လိုက်ပို့တယ်လို့ သတ်မှတ်ပြီး အပြန်ကျတော့ ငွေ တစ်ထောင် ပေးပါ့မယ်"

"ချစ်ခင် အလကားမယူပါဘူး ဆရာရယ်။ ဆရာ ပြန်လာချိန်ကို မှတ်တိုင်မှာလာစောင့်ပါ့မယ်။ ကဲ ... ကိုယ့်ဆရာက မလိုတော့ဘူး ဆိုတော့လည်း ချစ်ခင်ကပြန်ရုံပေါ့"

"တာ့ ... တာနော် ... ဆရာ ... တာ့ ... တာ့"

ကိုချစ်ခင်က ကွမ်းစားပါးစပ်ထဲမှ မညီမညာညှိုမည်းနေသော သွား လေးများပေါ်သည်ထိ ပြုံးပြသွားသည်။

"ဟူး ... ပြဿနာပဲ ... ဒီအမဲသား ဘယ်ရောက်သွားသလဲ"

တစ်ခုခုထူးဆန်းတာမျိုးကိုခံစားမိလျှင် အဖြေရှာ၍မဆုံးနိုင်တော့သည်က သူ့အကျင့်။ ဒီအမဲသားငါးဆယ်သားကိစ္စသည် မပြေလည်မချင်း သူ့အပြင်သွားဖြစ်လိမ့်မည် မထင်ပါ။ ထို့ကြောင့် ခုတင်အောက်၊ စားပွဲအောက်၊ ခေါင်းအုံးအောက်နှင့် သေတ္တာထဲမှာပင်မကျန် ရှာလိုက်မိသည်မှာ အောက်ထပ်တစ်ထပ်လုံးနဲ့ရော။

သို့သော် အမဲသားငါးဆယ်သားလုံးက အပုန်းတော်ကြပါပေသည်။ အစအနကိုကောက်၍ မရချေ။ သူ မစားဘူးဆိုတာ သေချာလှသည်။ ထို့ကြောင့် တစ်နေရာတွင်ရှိကိုရှိနေနိုင်သည်။ ထို့ကြောင့် သူ့ရှာရ ခက်လိမ့်မည်။

အပေါ်ထပ် ကြောင်တို့ ခွေးတို့ချီသွားလျှင် အပေါ်ထပ်ကိုရောက်နေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သော့ခတ်ထားသောအပေါ်ထပ်ကို သူလိုလူသားက ဘယ်နည်းနဲ့ တက်မလဲ။ သော့ကိုရိုက်ဖွင့်ရုံကလွဲရင် အခြားနည်းလမ်းမရှိပေ။ သော့ရိုက်ဖွင့်ပါက အိမ်ရှင်နှင့် သူပြဿနာတက်သွားနိုင်သည်။ သူ့ကို အိမ်ငှားခဲ့စဉ်က အောက်ထပ်သာဖြစ်သည်။ အပေါ်ထပ်ကို မသုံးပါဘူးဟု သူကိုယ်တိုင်လက်မှတ်ထိုးထားခဲ့ရသည်။

သို့သော် သူအပေါ်ထပ် မသက်ာချေ။

အပေါ်ထပ်မှာ တစ်ယောက်ယောက်များ ရှိနေတာလား။

ရံဖန်ရံခါခြေသံများသည်လည်း ကြားရဖူးသည်။ သို့သော် ထိုအချိန်တွေက သူမူးနေသောအချိန်များသာဖြစ်သည်။

မူးနေသောအချိန်တွင် သူ့စိတ်တွက သူကိုယ်တိုင်ပင်ချုပ်ထိန်းရခက်သည်။ ကြားချင်တာကြားပြီး၊ မြင်ချင်တာမြင်တတ်သည်။ ထို့ကြောင့် ကြားရသောခြေသံကို လျစ်လျူရှုကာ မေ့မေ့ပျောက်ပျောက်နေမိခဲ့သည်က သူ့ရဲ့မဟာအမှားလား။ အပေါ်ထပ်မှာ တစ်ယောက်ယောက်များ ရှိနေသလား။ ရှိခဲ့လျှင်လည်း အမဲကြော်ခိုးစားတဲ့တစ်ယောက်မှလွဲ၍ အခြားလူ မဖြစ်နိုင်ပါ။

သော့ကိုကြည့်တော့လည်း ဟန်မပျက်ပိတ်ထားမြဲ ဖြစ်သည်။ သော့သည် နှစ်ချီအမျိုးအစား ဖြစ်၏။ ခေတ်မမီတော့ပေ။ ဘယ်ကတည်းက ပိတ်ထားသလဲဆိုတာ ခန့်မှန်းကြည့်၍ မရနိုင်ပေ။ ကြာပြီဆိုတာတော့ သိသာလွန်း၏။ သော့အိမ်တွင် ဖုန်များသည် ရေနံချေးသုတ်ထားသလို စွဲထင်ကျန်ရစ်နေသည်။ အပေါ်ထပ်ကဘယ်သူလဲ။ တစ်စုံတစ်ယောက်များ သော့ပိတ်လှောင်ထားသလား။

•———ထထထ———•



မဖြစ်နိုင်ပါ။ သူ ဤအိမ်၌နေလာသည်မှာ ယနေ့ဆို တစ်လပြည့်ပြီဖြစ်၏။ ယနေ့ထက်တိုင် ခွေးတစ်ကောင်၊ ကြောင်တစ်မြီး မတွေ့ခဲ့ဖူးချေ။ ထို့ကြောင့် လူဆိုသောသတ္တဝါမျိုးလုံးဝမနေထိုင်နိုင်ပါ။ လူဆိုသောသတ္တဝါသည် အစာမစားပဲ၊ ရေမချိုးပဲ၊ မစင်မစွန့်ပဲနေနိုင်သောလူမဟုတ်။

ထို့ကြောင့် အစာမရှိ အိမ်သာမရှိ ရေမရှိသောအိမ်ပေါ်ထပ်တွင် လူဆိုပါက ကြာကြာနေနိုင်ရိုးလား။ တစ်နေ့မဟုတ်၊ တစ်နေ့တော့ ဆင်းလာရမည်မှာ အမှန်ဖြစ်၏။

ယခုတော့ သော့ပိတ်ထားသောအိမ်ကြီးပေါ်တွင် လူသေလို ငြိမ်သက်၍ နေနိုင်လွန်းသည်။

လူရောဟုတ်ရဲ့လား။ ဘေးအိမ်မှ ကြောင်ရောမဖြစ်နိုင်ဘူးလား။ ကြောင်ဆိုလည်း လမ်းလျှောက်သံကြားရမည် မဟုတ်ပေ။ လမ်းလျှောက်သံဆိုတာက သူ့အထင်မှားတာများလား။ ထင်ယောင်ထင်မှား ဝေဒနာကို သူခံစားနေရပြီလား။

ကိုယ့်ကိုယ်ကိုဝေခွဲမရ ဖြစ်နေသည်။ လှေကားလက်ရန်းကိုကိုင်ကာ အပေါ်တက်ရကောင်းနိုး၊ အောက်ပဲပြန်ဆင်းရကောင်းနိုးနှင့် ချည်တုံနှောင်တုံ။

"ငါ ... ကြောင်သွားပြီထင်တယ်"

မပြုံးစဖူး ပြုံးမိသွားသည်။ ဖတ်လမ်းနှင့် အရက်တွေကြားမှာ ပျော်မွေ့နေတဲ့သူက လက်တွေ့ဘဝကိုရော ဖတ်လမ်းနှင့် ရောချပစ်ပြီလား။

လှေကားပေါ်သို့ ဦးတည်နေသော သူ့ခြေလှမ်းများသည်

•———ထထထ———•

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ တွန့်ဆုတ်တွန့်ဆုတ်နှင့် ဆင်းလာခဲ့မိသည်။

လှေကားရင်းတွင်ထိုင်ပြီး မိမိနေထိုင်ရာဝန်းကျင်ကို အခြားလူတစ်ယောက်လို စိုက်ကြည့်နေမိ၏။

ရှုပ်ပွလိုက်တာ၊ ပုဆိုးနှင့် ဘောင်းဘီတွေက ဟိုတစ်ပုံ၊ ဒီတစ်ပုံ။ ကတ္တီပါဖိနပ်ဟောင်းများနှင့် ရောထွေးစုပုံထားသော ရှပ်အင်္ကျီတွေကလည်း ခုတင်ခြေရင်း၌ အပုံလိုက်။

စားပြီးသားခွက်များ အပုံလိုက်၊ မှိုတက်နေသောစားပွဲ။ စားပွဲအောက်ခြေ၌ အကြောင်းလိုက်စီးကျနေသော မုန့်ဟင်းခါးအရည်ကွဲ၊ လုံးချေထားသော စာရွက်များသည်လည်း ဟိုတစ်ပုံ ဒီတစ်ပုံ ... ဖြစ်နေသည်။

အင်မတန်လက်ရာမြောက်သော ပန်းချီကားတစ်ချပ် သက်ဝင်နေသည်နှင့် တူသည်။

ဒါ နာမည်ကျော် စာရေးဆရာကြီးဇေနနေထိုင်တဲ့ အိမ်တဲ့လား။ သူ၏ စာချစ်သူပရိသတ်များ ရောက်လာပါက ဝါးလုံးကွဲရယ်ကြလေမလား။ နှာခေါင်းရှုံ့ လှည့်ပြန်သွားကြလေမလား။ ရေရေရာရာမသိပေ။ သို့သော် သူကတော့ သူ့ဗိမာန်လေးကိုနှစ်သက်သည်။

ဘယ်သောအခါမှ မဆေးခဲ့ဖူးသော အရက်ခွက်ကိုလည်း ချစ်သည်။ မင်ကုန်ဘောပင်လေးများကိုလည်း ချစ်သည်။ တိုက်ပွဲဝင်ဗိုလ်မှူးတစ်ယောက်၏ အသက်ကယ်ပစ်စတိုတစ်လက်လို တန်ဖိုးထားသည်။ ဘောပင်လေးများသည် သူ၏လက်နက်ဖြစ်သည်။ အဖိုးစာရွက်များသည် စစ်မြေပြင်ဖြစ်သည်။ နည်းဗျူဟာပေါင်းများစွာသုံးပြီး အကြိမ်ကြိမ်တိုက်ပွဲဝင်ခဲ့ဖူးသည်။ ကျရှုံးသောတိုက်ပွဲတွေ မရေမတွက်နိုင်အောင်များခဲ့သော်





သည်။ ယခုတော့ အောင်လံစိုက်ထူနိုင်နေပြီ ဖြစ်၏။ သို့သော် လုပ်သက်ပြည့်တော့မည့် အစိုးရအရာရှိတစ်ဦးလို ခံစားရသည်။ အားစိုက်တုန်းအရွယ်၊ စိတ်အားထက်သန်စွာ ကြိုးစားတုန်းအရွယ်မှာတော့ သူ၏စာမှုများသည် သူများကလောင်အတွက် အသုံးချခံစာမှုများ ဖြစ်ခဲ့ရသည်။ အနိုင်ခံစာမှုများ ဖြစ်ခဲ့ရသည်။ သို့သော် ရေးရရင်ပြီးရောဆိုသည့် ဝါဒနှင့်အရင်းခံကို ရင်ထဲမြှုပ်နှံပြီး တစ်ဖွတ်ထိုးမိုက်ခဲ့ရာ နောက်ဆုံးတွင် ဇေနဆိုသော ကလောင်သားကို လူများအသိအမှတ်ပြုခံရသည်။ သို့သော် ယခုနေချိန် သူ့စိတ်က မီးစာကုန်ရေခန်း နာမည်မပေါက်ခင်ရေးခဲ့ရသော စာပ်ရေများကြောင့် နာမည်ရလာသောအခါ လက်ပန်းကျစပြုလာသည်။ စာမရေးရလျှင် မနေနိုင်သော်လည်း ဝမ်းစာများက ခန်းစပြုလာသည်။

ထို့ကြောင့် ဤသို့ထိုမြို့စွန်တွင် တစ်ယောက်တည်း အေးချမ်းငြိမ်သက်ဆိတ်ငြိမ်စွာလာနေပြီး သူ့စိတ်ကို သူ့ဘာသာမွေးယူနေရသည်။ တစ်လစာ ငှားစိတ်သိမ်းခွဲဆိုသောငွေအမောက်သည် များလှသည်။ ဤသို့ တက္ကစီခကဲ့သို့ လာနေရာ၊ စားသောက်ဆိုင်ဝေးကွာပြီး သွားလာရခက်ခဲသောနေရာတွင် အိမ်အောက်ထပ်တစ်ခုငှားခသည် များလွန်းသည်။ ဗဟုသုတရှိသူမို့ ဒါကို သိသည်။ သိသိချည်းနှင့် ဖွတ်မိုက်ငှားရမ်းခြင်းသာ ဖြစ်သည်။ မတတ်နိုင်ပါ။ ဤအိမ်ကို သူကြိုက်သည်။ ခရေပင်၊ ကံ့ကော်ပင်ကြီးသည် အိမ်ပတ်ပတ်လည်၌ စည်ရိုးသဖွယ် အတန်းလိုက်ပေါက်နေကြသည်။

ခြံဝင်းကျယ်သောအိမ်ကြီးဖြစ်တာကြောင့် လေထုသည် လန်းဆန်းလှသည်။ ရှေးမဆန်သော်လည်း လူမနေတာကြာပြီဖြစ်သောကြောင့် သန့်ရှင်းသပ်ရပ်မှုမရှိဘဲ ပင့်ကူများ ဟိုမှဒီသို့ ပြေးလွှားရင်းအိမ်ဖွဲ့နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူအကြိုက်ဆုံးကတော့ ခိုင်မာသောခြံဝင်းတံတိုင်းကြီးတွေ ဖြစ်၏။ ဝင်ပေါက်နှင့်အိမ်ကြီးကို ရေကူးကန်ကြီး ခြားထားသေးသည်။ သို့သော် ထိုရေကူးကန်သည် ပြာလွဲ့စိမ်းညှို့နေခြင်းမျိုး မရှိပေ။ သစ်ရွက်ခြောက်များသည် ဗိုက်သဖွယ် ဟိုမှဒီသို့ရွေ့လျားနေကြသည်မှာ အင်းလေးကန်ရှိ ကျွန်းမျောကြီးများလားဟုပင် ထင်မှားရလောက်သည်။

ရေကူးကန်ဘေးတွင် နှင်းဆီရုံကြီးရှိ၏။ တစ်ချိန်ကတော့ လှပသော နှင်းဆီပန်းများ ဖြစ်ပေလိမ့်မည်။ သို့သော် မရှင်းလင်းသည်မှာ ကြာသွားပြီမို့ နှင်းဆီပင်မှ နှင်းဆီရုံသို့အသွင်ပြောင်းသွားပြီ ဖြစ်၏၊ နှင်းဆီရုံကိုကြည့်ရင်း တရားသဘောကို သူတွေးမိခဲ့သည်။ လူတွေလည်း နှင်းဆီပင်လိုပဲလားဟု ဖြစ်သည်။

ပြုပြင်ထိန်းသိမ်းနေသူသည် မလှသော်လည်း ကြည့်ကောင်းနိုင်သည်။ ဖြစ်သလိုနေသူသည် လှပခဲ့သော်လည်း ထိုအတိတ်သည် ယုံတမ်းပုံပြင်တစ်ပုဒ်ဖြစ်သွားနိုင်လေသည်။

သူလည်း ယုံတမ်းပုံပြင်တစ်ပုဒ်ဖြစ်နေလေတော့သည်။

တစ်ချိန်က စမတ်ကျပြီး သန့်ပြန့်သောတက္ကသိုလ်မှ ကင်းဆိုသည်ကို ဘုရားစူးကျိန်ပြောတောင်ယုံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိနိုင်တော့ပေ။

ယခုတော့ ငှက်အုံဆောက်နိုင်သောဆံပင်သည် ဆီလိမ်းလျှင်ပင် သန့်ပြန့်သွားခြင်း မရှိပေ။ သွားတိုက်ဆေးဆောင်လေ့မရှိသော သူ့စနိုး ကြောင့် သွားများသည် ဝါထိန်ရုံမက ချေးပင်ကပ်နေလေသည်။ ပါးမြိုင်းမွေး နှင့် နှုတ်ခမ်းမွေးမှာ ဆက်ထားလေသလားဟု ထင်မှားရလောက်သည်





မှတ်မှတ်ရရ သူ ရေမချိုးသည်မှာ ယနေ့ဆို ငါးရက်မြောက်သွားခဲ့ပါပြီ။

"ဘာဝတ်သွားရင် ကောင်းမလဲ"

ရေမချိုးခင်မှာပင် ဝတ်စရာအဝတ်ကို ရှာကြံတွေးပူမိပါသည်။ အိမ်ထဲမှာနေတာက ပြဿနာမဟုတ်သော်လည်း အပြင်သွားပါက ကိုယ့်အနံ့ကို ဂရုစိုက်ရသည်။

အများသူငါတို့ မိမိရနံ့ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါ။ သို့သော် လျှော်ထားသောအဝတ်က သူ့ထံတွင်မရှိ။

သို့သော် ရေချိုးသွားတယ်ဆိုရင်ပဲ အနံ့အသက်ကကောင်းသွားတာပါဟု ယုံကြည်မိသည်။

ထို့ကြောင့် ဝတ်ထားသောအင်္ကျီကို ချွတ်လိုက်ပြန်သည်။ ချမ်းလာသလို ခံစားရ၏။ ဒီပုံအတိုင်းဆို သူရေမချိုးနိုင်ပေ။

သို့သော် မှန်ထဲမှပုံရိပ်သည် သူ့ကိုသရော်နေ၏။ ပွယောင်းသော ဆံပင်ကြီးကိုကြည့်ပြီး သူ့ကိုယ်သူစိတ်ပျက်သွားမိသည်။

"မဖြစ်ပါဘူး ... ချိုးမှပါ"

စိတ်ကို ယတိပြတ်ပိုင်းဖြတ်ကာ ခြေရင်းမှအင်္ကျီတစ်ထည်ကို ခြေမနှင့် ညှပ်ပြီးကောက်သည်။ ပြီးနောက် အနံ့ရှူကြည့်၏။ သိပ်မဆိုးသေးပါ။ ဒီအနံ့လောက်ဆို ရေချိုးလိုက်ပါက အဆင်ပြေသွားနိုင်သည်။

ဖုန်ပေနေသောဆပ်ပြာခြင်းကိုဆွဲပြီး ရေချိုးခန်းထဲဝင်လာသည်။ ဆပ်ပြာခြင်းဆိုသော်ငြား ဘာရပ်ချို၊ ဆပ်ပြာမှုန့်ဘူး၊ အမွှေးတုံးတစ်တုံးသာ ပါသည့်ခြင်း ဖြစ်သည်။

ရေပိုက်ကိုဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရေမလာချေ။

ရေတင်ဖို့ မေ့ခဲ့သည်ထင်ပါရဲ့။

နာရီကိုကြည့်လိုက်သောအခါ ဆယ့်တစ်နာရီထိုးနေပြီ ဖြစ်သည်။ မြန်လိုက်တာ၊ မုန့်ဟင်းခါးတစ်ပွဲစား။ လေ့ကားရင်းမှာ ခဏမှိုင်ရုံနှင့် တစ်နာရီကုန်သွားပြီဖြစ်သည်။

"မဖြစ်ဘူး ... ရေမြန်မြန်ချိုးမှပဲ"

အဝတ်စားနှင့်ပုဆိုးကို ပခုံးပေါ်တင်ကာ အပြင်ဘက်ရေကန်သို့ ထွက်လာခဲ့သည်။

မရှင်းတာကြာပြီမို့ ရေကန်ထဲသစ်ရွက်အချို့ ရောက်နေသည်။ သို့သော် ရေဆိုသောအရာတွင် ဟိုက်ထရိုဂျင်နှင့် အောက်စီဂျင်ပါနေသ၍ သန့်သည်။ ထိုစိတ်နှင့်ပင် ရေတစ်ခွက်ကို နှစ်ကော်ပြီး လောင်းချိုး လိုက်သည်။

ပထမတစ်ခွက်တော့ အရိုးထဲစိမ့်အောင် အေးနေသည်။ သို့သော် ဒုတိယတစ်ခွက်လောင်းလိုက်သောအခါ နေသာထိုင်သာရှိလာသည်။

ခေါင်းလျှော်ရည်မရှိသော်လည်း ကိုယ်တိုက်ဆပ်ပြာမွှေး အားကိုး ဖြင့် ခေါင်းကိုလျှော်လိုက်သည်။

ဆပ်ပြာသည်တစ်ခါတိုက်ရုံနှင့် အမြှုပ်မထွက်ပေ။ ထို့ကြောင့် ဒုတိယအကြိမ်တိုက်လိုက် ရပြန်သည်။ သို့သော် အမြှုပ်က ငုံစိစိဖြစ်နေ သည်။ သူ မကျေနပ်နိုင်ပေ။ ဆပ်ပြာဆိုသည့်အမျိုးသည် အမြှုပ်ထွက်သော ပစ္စည်းဖြစ်သည်။

ထို့ကြောင့် တတိယအကြိမ်တိုက်လိုက် ပြန်သည်။



ခံနိုင်ရိုးမလား၊ အမြှုပ်သည်တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားသည်။ သို့သော် အရေပြားတွင်စပ်ပူစပ်လောင်ဖြစ်လာသလို ခံစားရသည်။

ထို့ကြောင့် ရေကိုတဝေါဝေါလောင်းကာ ပုဆိုးကိုဖြစ်သလိုလဲ တ်ကာ အိမ်ထဲသို့ပြေးဝင်လာသည်။

ဝတ်ရန်တင်ထားခဲ့သောအင်္ကျီကို ဖြန့်လိုက်သောအခါ ချဉ်တူးတူး နံ့ကို ရှူလိုက်မိသည်။

အင်္ကျီမှ ထွက်လာခြင်းဖြစ်၏။ တစ်ခုခုတော့ လွဲနေပါပြီ။ သန့်သောခန္ဓာက ညစ်ပတ်သောအင်္ကျီကို ဝတ်၍ မဖြစ်ပါ။ ထို့ကြောင့် အဝတ်သေတ္တာထဲ မွှေနှောက်ရှာလိုက်သည်။

သေတ္တာဖင်အောက်တွင်ရှိနေသော ရုပ်အင်္ကျီတစ်ထည်။ အပြာနု ရောင်ရုပ်အင်္ကျီကိုတွေ့လိုက်သောအခါ ခေတ္တမျှ ငေးမှိုင်သွားမိသည်။ အဟောင်းတွေက အသစ်ဖြစ်လာသလို ခံစားရ၏။ ဖြစ်နိုင်လျှင် ထိုအင်္ကျီကို သူ မဝတ်ချင်ပါ။

"တူ ... တူ"

ဖုန်းမြည်သံ ထွက်ပေါ်လာ၏။ နာမည်ကိုကြည့်စရာမလိုဘဲ သူ သိလိုက်သည်။ ထုတ်ဝေသူဖြစ်လိမ့်မည်။ လာမည်ဟုပြောပြီး ရောက် သောနိုင်သောကြောင့် ဖုန်းဆက်မေးတာ ဖြစ်နိုင်သည်။

"ဟဲလို"

"ကိုဇေနလား"

"အင်း ... ကိုလွင်မောင်ပြော"

"သာသာယာယာပဲ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဖေးဆေးပဲ"

"ခင်ဗျား ... ဗိုနေ့တိုက်ကိုလာမှာမဟုတ်လား"

"အင်း ... နှစ်နာရီလောက်တော့ ရောက်မယ်ထင်တယ်"

"အတော်ပဲဗျာ ... ခင်ဗျားရဲ့ဝတ္ထုတစ်အုပ်ကို ရုပ်ရှင်ရိုက်ချင်လို့တဲ့ ပုံပမာထုတ်လုပ်ရေးက ကမ်းလှမ်းတယ်"

"အဲဒါ ... ခင်ဗျားရဲ့ဆန္ဒလေး သိချင်လို့"

"ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမှာပေါ့ဗျာ"

"ဒါဆို ... ခင်ဗျားနဲ့တွေ့ဖို့ သူတို့ကိုချိန်းထားလိုက်မယ်နော်"

"တစ်လက်စတည်းဆိုတော့ ကိစ္စပြတ်တာပေါ့။ ဒီကော ... ကျွန်တော် နှစ်နာရီအရောက်လာခဲ့ပါ့မယ်"

ပြောဆိုပြီးသည်နှင့် တစ်ပြိုက်နက် အနီရောင်အဆင့်ပြနေသော ဖုန်းဘက်ထရီကိုဖြည့်သွင်းလိုက်သည်။

ပြီးနောက် ရေးပြီးဖြစ်သောစာမူများကို စုသိမ်းကာ စတာပလာကြီးနှင့် တွဲချုပ်သည်။

ပြီးနောက် လွယ်အိတ်ထဲ စနစ်တကျ ထည့်၏။ ထိုအချိန်ဘာဝတ်သွားရမလဲဆိုတာ တိတိကျကျမဆုံးဖြတ်နိုင်သေးပါ။

သို့သော် အမှတ်တရများသော ရှပ်အင်္ကျီအပြာရောင်ကိုသာ ဂျင်းဘောင်းဘီအစုတ်နှင့် တွဲဖက်ဝတ်ဆင်ဖြစ်သည်။ ပုဆိုးမှ မိုးနှင့်စာလျှင် ညစ်ပတ်နေသော ဂျင်းဘောင်းဘီက ပိုတင့်တယ်ဦးမည်ဟု ယူဆမိ၍ ဖြစ်သည်။ နီကျင်နေသောဆံပင်ကို ညစ်ပတ်နေသောတဘက်ဖြင့် သုတ်ကာ ခေါင်းမဖြီးဘဲ လက်ဖြင့်ဖြစ်သလိုသပ်တင်လိုက်သောအခါ



ရှုံ့ညှားသောရုပ်သွင်က ကြေးမုံပြင်၌ ထင်ထင်ရှားရှားပေါ်လာသည်။

နာရီကိုကြည့်လိုက်သောအခါ ဆယ့်တစ်နာရီခွဲပြီ ဖြစ်၏။ ကားမှတ်တိုင်ကို ဆယ့်ငါးမိနစ်ခန့် လမ်းလျှောက်ရပေဦးမည်။ ပြီးနောက် ကားစောင့်ရဦးမည်။ ဖို့ထက် ကားလမ်းပိတ်မည်။ အချိန်ကိုတွက်ဆရသည်။ ယခုနေချိန်စထွက်မှ နှစ်နာရီလောက်မီတယ်ဆိုရုံ ရောက်နိုင်မည်။

ပြင်ဆင်မှုကို အပြီးသပ်ကာ လွယ်အိတ်ကိုလွယ်ပြီး ထွက်လာခဲ့သော်လည်း ရင်ထဲတစ်ခုခုလိုသလို ခံစားရသည်။ ထို့ကြောင့် လက်ကျန်ဆေးလိပ်တစ်ချိုးထဲမှ တစ်ငုံကို အာစွပ်ရှုံ့သောက်ပြီး သော့လုံးကိုကိုင်ကာ ထွက်လာခဲ့သည်။ ဘာဂျာတံခါးကိုတစ်ဆင့်၊ ကျွန်းတံခါးကိုတစ်ဆင့်၊ တံခါးနှစ်ထပ်ပိတ်ရသည်ကိုလည်း သိပ်စိတ်မရှည်ချင်ပါ။

သို့သော် လက်သမားဆရာ၊ ပန်းရံဆရာတို့ရဲ့ စိတ်ကျေနပ်မှုကို ငဲ့ညှာ၍ ဓုက္ခခံကာ သော့နှစ်ဆင့်ခတ်ရ ပြန်သည်။ ကတ္တီပါဖိနပ်ကို စီးသလို လျှို၍ပြီးထွက်လာခဲ့သည်။ အိမ်ထဲဖုန်းကျန်ထားမှန်း သိလိုက်သော်လည်း သော့နှစ်ချောင်းကိုမကျော်ဖြတ်ချင်တော့၍ ဝင်မယူတော့ပေ။

အိမ်ထဲမှဖုန်းသည် လင်းလိုက်မှောင်လိုက် ဖြစ်နေ၏။ မှန့်ဟင်းခါးဆိုင်ကြောင်းကြီးဘေးတွင် တစ်တုံးတည်းသော တင်ကျန်ရစ်သော အမဲခြောက်ကိုတော့ သူ တွေ့မသွားတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းလာသောစာပေသက်တမ်းတစ်လျှောက်တွင် ဗီနွေသည် အဆင်အပြေဆုံးဟု ဆိုရပေလိမ့်မည်။ လွယ်အိတ်ထဲငွေတွေပြည့်ဖောင်း၍ ပါလာသည်။ ငွေများသည် သူ့အိတ်ထဲ မလုံခြုံမည်စိုး၍ ဘဏ်ထဲထည့်ရသည်။

ပြီးနောက် စင်တာထဲဝင်ကာ လိုအပ်သည်များကို စိတ်ကြိုက် ရွေးဝယ်သည်။ သယ်စရာအထုပ်တွေက တစ်ပိုးတစ်တွဲဖြစ်လာသောအခါ တက္ကစီကိုသာ လေးထောင့်ငါးရာပေးပြီး ငှားဖြစ်သွားသည်။

သူ့အိမ်ပြန်ရောက်သောအခါ ငါးနာရီတောင်ထိုးနေပြီ ဖြစ်သည်။ တက္ကစီပေါ်မှ ပစ္စည်းများချနေဆဲတွင် ကိုချစ်ခင်ကဆိုက်ကားနှင့် ရောက်လာ ပြန်သည်။

"ဟော့ ... ကိုယ့်ဆရာ ... ဘယ်လိုဖြစ်ရတာလဲဗျ။ ကား မှတ်တိုင်မှာ လည်ပင်းရှည်အောင်စောင့်ရတဲ့ တပည့်လေးကိုအားနာဦးမှပေါ့"

သူ့ စိတ်များသည် အထူးကြည်လင်နေသည်။

ကားဆရာကို ငွေငါးထောင်တန်တစ်ရွက် ပေးလိုက်၏။

"ပြန်မအမ်းနဲ့တော့"

"ကျေးဇူးပဲ"

ကားဆရာ၏ အပြုံးသည်သူ့စိတ်ကိုပို၍ ကြည်လင်သွားစေသည်။





"ဆရာ ... ဒါတွေ ... ကျွန်တော်သယ်ဝင်လိုက်ရတော့မလား"

သူခေါင်းညိတ်ပြမိ၏။ ကိုချစ်ခင်က နှစ်ထုပ်၊ သုံးထုပ်ကို သာသာ ယာယာသယ်သွားသော်လည်း သူ့မှာတော့တစ်ထုပ်ကို အနိုင်နိုင်။ သူ ကျန်းမာရေးများ ဆိုးသွားလေပြီလား။ အားကစားလိုက်စားဖို့ လိုနေပြီ ထင်ပါရဲ့။ အသက်အရွယ်ချင်းက ကွာခြားမှုမရှိသော်လည်း ကိုချစ်ခင်လုပ် သလို မလုပ်နိုင်သည့် အခြေအနေကိုတော့ ဘဝင်မကျလှပေ။

"ဆရာ ... များလှချည်လားဗျ။ ငွေရှင်လာပြီနဲ့ တူတယ်"

သော့နှစ်လုံးကို ကျွမ်းကျင်စွာဖွင့်ပြီး အိမ်ထဲဝင်လိုက်ချိန်ထိ ကိုချစ်ခင်၏ မေးခွန်းကို သူပြန်မဖြေသေးပေ။

"ကိုချစ်ခင် ကျွန်တော့်အခန်းက ကြွက်သိုက်နဲ့တူနေပြီထင်တယ်"

"ကိုချစ်ခင်လည်း ... ဒါကိုသိပါတယ် ဆရာရယ်။ အခုပဲ ချစ်ခင်ကရှင်းလင်းပေးမလို့ပါပဲ"

ကိုချစ်ခင်သည် ပြောပြောဆိုဆိုပင် အပုံလိုက်ဖြစ်နေသော ဝတ်စုံတစ်သီတစ်ပုံအကျီနှင့် ပုဆိုးများကိုလိုက်ကောက်ကာ ကြွတ်ကြွတ်အိတ် ထဲ ထည့်နေသည်။

ပြီးနောက် တံမြက်စည်းကိုဆွဲကာ လှည်းကျင်းတော့၏။

"ခါတိုင်း ... ဆရာက စာရေးနေလို့၊ အာရုံနောက်မှာစိုးလို့ ချစ်ခင်နှုတ်ပိတ်နေရတာ။ ဆရာ့အခန်းက အနံ့သက်ဆိုးနေပြီဆရာရဲ့"

ကိုချစ်ခင်သည် ပြောပြောဆိုဆိုပင် လှည်းကျင်းပြီးသော အမှိုက် များကို ဂေါ်ပြင့်ကျုံးကာ အမှိုက်အိတ်ထဲထည့်ပြန်သည်။

ပြီးနောက် မသုံးတာကြာပြီဖြစ်သော ရေမော်တာကိုမောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းကန်တွေ အကုန်ဆေးပြီး ရေချိုးခန်းပါသန့်ရှင်းရေး လုပ်သွားလိုက်မယ်။ ဟဲ ... ဟဲ ... ချစ်ခင်လည်းကိုယ့်ဆရာနဲ့တွေ့တော့မှပဲ ဖုန်းကညာတစ်ပါး လုံးရောကပြားရချည်ရဲ့ဗျာ"

ကိုချစ်ခင်၏ စကားကိုသဘောကျပြီး အသံထွက်အောင်ရယ်မိလိုက်သည်။ ကိုချစ်ခင့်လို လူကတောင်သူ့ရဲ့ သန့်ရှင်းရေးကိုသရော်နေမှတော့ သူက အခြေအနေဆိုးသွားပြီဆိုသော အနေအထားမှာ ရောက်ရှိနေပြီ ဖြစ်သည်။

"ဆရာကိုကြည့်ပြီး ... ချစ်ခင် တရားရပါတယ်ဆရာရယ်၊ ဒါကြောင့် လူက ကိုယ့်ကိုယ်ကို မမြင်ရဘူးလို့ပြောတာပေါ့။ ဒါပေမဲ့ ဆရာ့မျက်နှာမှာတော့ ချစ်ခင်ရုပ်ပေါ်တယ် ဆရာရေ"

"ခင်ဗျားဆေးမှားသောက်လာပြီလား ... ကိုချစ်ခင်။ ကျွန်တော့်မျက်နှာမှာ ပြဇါးသုတ်ထားလို့လားဗျ"

"ပြဇါးလိုပါပဲ ဆရာရယ်။ ချစ်ခင်လက်တွေကို ကြည့်ပါလား။ လက်သည်းကိုမထွက်ရဲတော့တာ ဆရာရယ်။ လက်သည်းမည်းထဲကရောဂါပိုး ဗိုက်ထဲရောက်ရင် သံကောင်ဖြစ်တယ် ဆိုလားဗျ"

ထိုအခါမှ သူ့လက်သည်းများကို သူငုံ့ကြည့်မိသည်။ ဟုတ်ပါ့။ ကိုချစ်ခင် တရားရရင်လည်း ရလောက်ပါပေသည်။ ရှည်နေသောလက်သည်းမှာ ချေးအထပ်ထပ်ပေကျံ၍ နေလေသည်။

ရုတ်တရက်ရှက်မိသလို ခံစားရ၏။ ကိုချစ်ခင်ပြန်သွားမှ လက်သည်းတွေကို ညှပ်ပစ်ရဦးမည်။

"ဖုန်းဆီလေးလိမ်းပြီးမှလည်း ခေါင်းဖြီးတယ်ဗျ။ အရင်ကဆံ



ဘီးကိုင်ရမှာ သေမှာကြောက်ခဲ့တာ ဆရာရေ"

မြတ်စွာဘုရား ... ကိုချစ်ခင်က သူ့ကို ဘရိုင်းကြီးဖွဲ့နေတာပါလား။

"ရေလည်းနေ့တိုင်း ချိုးတယ်ဗျ။ ကိုယ့်ကိုယ်နံ့က သူများကိုဘယ်လောက်ထိ ဒုက္ခပေးသလဲဆိုတာ ချစ်ခင် လက်တွေ့ကျကျ ခံစားလိုက်ရတယ်လေ။ အဲဒါ ... ဆရာ့ကိုကျေးဇူးတင်ရမယ်"

အချွန်နဲ့မတာလား၊ တွန့်ထုဝင်တာလားဆိုတာကို ဝေခွဲမရတော့ပေ။ ငြိမ်၍သာနေရပေမယ့် ခံရတော့ခပ်ခက်ခက်ပင်။

"ပန်းကန်လည်းဆေးတယ်ဗျ။ ညှီတက်နေတဲ့ပန်းကန်က မြင်ရဘယ်လောက်ဆိုးမှန်း ချစ်ခင်သိသွားပါတယ်"

"ကဲ ... ကိုချစ်ခင် ... ခင်ဗျားမြင်လိုက်ရတဲ့ နိမိတ်တွေကိုမှတ်လို့ကုန်ဦးမလား"

"ပြီးပါပြီ ဆရာရဲ့"

ခေါ်တော့ဖြင့် ဆရာ၊ ပြောတော့ဖြင့် မူလတန်းကလေးကိုစာသင်ပေးနေပုံ၊ ဆိုက်ကားနင်းတဲ့ အလုပ်လို့သာပဲ။ သမ္မတများသာဆိုရင် ဩဝါဒနိဒါန်းတွေ ခြွေ၍ ဆုံးနိုင်တော့မည်မဟုတ်ပါ။

"ဟင် ... ဆရာ ... ဒီမှာ အမဲကြော်တစ်တုံး"

ထမင်းစား စားပွဲကိုရှင်းလင်းနေသော ကိုချစ်ခင်က တဖွဲ့တပြြဆိုလာသောအခါ သူပါ ကိုချစ်ခင်နှင့်ရောပြီး ဖွဲ့ဩသွားသည်။ ကိုချစ်ခင်ကိုင်ထားသော အမဲကြော်တစ်တုံးကိုကြည့်ပြီး ဘာပြောလို့ ပြောရမှန်းမသိအောင် ဆွံ့အသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ကိုချစ်ခင်နှင့်သူ ဒေါင်းတောက်အောင်ရှာခဲ့စဉ်အခ
မှာတော့ အမဲကြော်က ပျောက်ခြင်းမလှပျောက်နေပြီး ခုတော့လည်း

သူ ခုတင်ပေါ်ထိုင်နေရာမှ ထရပ်ကာ ကိုချစ်ခင်လက်ထဲ
အမဲကြော်ကိုဆွဲယူလိုက်သည်။

မှန်ပါသည်၊ အမဲကြော်မှ အမဲကြော်အစစ်ဖြစ်၏။

ဘယ်ကဘယ်လိုရောက်နေပါလိမ့်။ သူသေသေချာချာ ရှာခဲ့
လျက်နှင့် ဘာကြောင့်မတွေ့ခဲ့ပါလိမ့်။ တွေ့မှတွေ့တော့လည်း စားပွဲပေါ်မှ
မုန့်ဟင်းခါးစီးကြောင်းအနီးမှာ တစ်ခုခုတော့ လွဲနေပါပြီ။ တစ်ခုခုတော
မှားကိုမှားနေပါပြီ။

ဒီပုံအတိုင်းဆို အမဲကြော်ငါးဆယ်သားလုံး ဒီအိမ်ကြီးရဲ့တစ်နေရ
ရာမှာ ရှိကိုရှိရမည်။ ဘယ်မှာလဲ။

"ဟွန်း ... သေချာပါပြီဆရာရယ်။ ကြောင်ပါ။ ဆရာ စားတာ
မဟုတ်ဘူးဆို ... ကြောင်ဆွဲသွားတာပါဆရာရယ်။ သေချာပါတယ်...
ချစ်ခင်တို့အိမ်မှာဆိုလည်း အဲဒီအတိုင်းပဲ ... ကြောင်တွေ အရမ်း
သောင်းကျန်းတာ"

မဖြစ်နိုင်ပါ၊ ခွေးစားလိုက်တယ်ဆိုလျှင် ယုတ္တိရှိပါသေးသည်
ကြောင်ဆိုသောသတ္တဝါက အမဲသားမကြိုက်ပါ။ ပြီးတော့ အစာကိုတို့
နန်းဆိတ်ကနန်းစားတတ်တဲ့ သတ္တဝါမျိုး။ ငါးဆယ်သားမပြောနှင့် ငါးတုံး
ပင် ကုန်အောင်မျိုနိုင်မည့်အမျိုး မဟုတ်ပေ။

အတွေးနက်သော သူ့ကိုပေါ်လာသော အမဲကြော်တစ်တုံးသည
ကောင်းကောင်းဗုက္ခပေးနေပြန်ပါသည်။ ဒီညတော့ ငါးဆယ်သား သံသ



ဘ လွှတ်နိုင်ပါဦးမလား။

"ကဲ ... ဆရာ ... ပြီးပြီ။ ဒီအဝတ်ထုပ်တော့ အိမ်ကိုပဲ
ယူသွားလိုက်မယ်။ ချစ်ခင်မိန်းမသင်းကလည်း အဝတ်လျှော်တတ်
ပါတယ်ဗျ"

ကိုချစ်ခင်သည် ရုပ်မချောသော်လည်း မနောချောသူဖြစ်သည်။
ထို့ကြောင့် ကိုချစ်ခင်ကို သူသဘောကျသည်။ ယုံကြည်သည်။ ခင်မင်သည်။

"ညမှ ကျွန်တော်အလည်လာခဲ့ဦးမယ်"

"မလာနဲ့တော့ ကိုချစ်ခင်။ ဒီညတော့ ကျွန်တော်ကောင်း
ကောင်း အနားယူတော့မှ ဖြစ်မယ်"

ဝတ္ထုတစ်အုပ်ပြီးသွားပါက စိတ်လွတ်ကိုယ်လွတ် နားပစ်တတ်
သည်က သူ့အကျင့်။ တစ်ပုဒ်ကိုမေ့မှ အခြားတစ်ပုဒ်ကိုဖန်တီး၍ ရသည်မို့
ပြီးခဲ့သော ဇာတ်လမ်းသံသရာထဲ မျောနေသော သူ့စိတ်ကို အိပ်စက်ခြင်း၊
စားသောက်ခြင်းတွေနှင့် ဆေးကြောပစ်ရမည် ဖြစ်သည်။ ဒီလိုလုပ်နိုင်ဖို့က
သူ့အနီးလူတစ်ဦးတစ်ယောက် မရှိမှဖြစ်မည်။

"ကိုယ့်ဆရာ ပင်ပန်းနေရင်လည်း နားပါဗျာ"

"ရော့ ... ကိုချစ်ခင်"

ငွေတစ်သောင်းကို ကိုချစ်ခင်ထံပေးသောအခါ ကိုချစ်ခင်က
သူ့ကိုမျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေသည်။

"ဆရာ မနောက်ပါနဲ့ဗျာ"

"နည်းလို့လား"

"ဗျာ ... ဟာ ... ဘယ်ကနည်းရမှာလဲ ဆရာရယ်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်က ဆရာ့ကို ဘာလုပ်ပေးလို့ ဒီလောက်များများပေးတာလဲ"

ထိုအခါမှ ရင်ထဲကအလုံးကြီး ကျသွားသည်။

လူတစ်ဖက်သားကို လုပ်အားအတွက် ငွေရှင်းခါနီးတွင် သူ စိတ်ရှုပ်ရသည်။ နည်းသွားမှာ စိုးရိမ်သည်။ များသွား၍လည်း မဖြစ်ပါ။ သူ့ဝင်ငွေက ပိန်လိုက်၊ ဖောင်းလိုက်။

"ယူသွားပါဗျာ ... ကျွန်တော်ဒီနေ့ အဆင်ပြေလာလို့ပါ"

ထိုအခါမှ ရှိုးသားသောကိုချစ်ခင်က သူပေးလိုက်သော ငါးထောင် တန်နှစ်ရွက်ကို ရှိုရှိုသေသေယူကာ အကျႌအိတ်ကပ်ထဲထည့်သည်။

"သြော် ... ဆရာ မေ့တော့မလို့။ ဒီနေ့ ... ဆရာအပြင် သွားတုန်း အိမ်ရှင်တွေရောက်လာတယ်"

"ဘာပြောသွားလဲ"

"ဒီအိမ်ပေါ် သူတို့ပြောင်းလာတော့မယ်တဲ့။ အကယ်၍ ဆရာဆက်နေချင်တယ်ဆိုရင် အိမ်မကြီးရဲ့ဘေးက အိမ်ပုလေးကို ငှ ပေးပါတဲ့"

သူက ပိုတောင်သဘောကျပါသေးသည်။ အစတည်းက အဲ ဒီ အိမ်ပုလေးမှာ နေချင်ခဲ့သည်။ အိမ်ပုလေးကို ငှားပါဆိုတုန်းကတော့ အရိုးများတယ်လေ၊ ချေးခါးတယ်လေးနဲ့။

အဆင်ပြေတာပေါ့။ ကျွန်တော် အဲဒီအိမ်ပုလေးကို သဘောကျ ပါတယ်။ အိမ်တစ်လုံးမဝယ်နိုင် မချင်းတော့ ငှားနေရမှာပါပဲ။ အိုကေ ရတယ် ပြဿနာမရှိဘူး။ သူတို့လာတော့ ပြောင်းတာပေါ့။

"သူတို့တိုက်က ပြန်ဆောက်နေလို့ ယာယီပြောင်းရွှေ့နေတာ





ဆိုပဲ။ ခြောက်လလောက်ကြာမယ်လို့ ပြောတယ်"

"ခြောက်လ"

သူ အံ့အားသင့်မိသည်။ သူလည်း ဤအိမ်တွင်ခြောက်လခန့် နေဖို့ ဆုံးဖြတ်ထားခဲ့သည်။

"အိမ်တစ်လုံးဆောက်တာ ဒီလောက်တော့ကြာမှာပေါ့ဆရာရယ်။ အဲ ... ဆရာ ... ဒီတစ်ကြိမ်တော့ တကယ်ကဲပြီ။ အိမ်ကိုချစ်သော ကိုချစ်ခင်က အလုပ်ပြီးသည်နှင့် တစ်ပြိုက်နက် လျှော်စရာအဝတ်ထုပ်ကို ဆွဲကာ ပြန်သွားသည်။

သူက တံခါးလိုက်ပိတ်ပြီးမှ ခုတင်ပေါ်တွင်ပြန်ထိုင်ချ လိုက်သည်။

"ဖုန်း ဘယ်သူတွေများ ခေါ်ထားမလဲ"

အိပ်နေရာမှ လှုးလဲထပြီး အားသွင်းထားသောဖုန်းကိုယူဖို့ ကြံသောအခါ သူ့လက်များသည် လေထဲတွင် ရပ်တန့်သွားသည်။

ဘယ်လိုဖြစ်ရတာလဲ၊ သူမယုံနိုင်ပါ။

မျက်လုံးကို ပွတ်သပ်ပြီး ကြည့်သည်။

ဖုန်းမှ ကြိုးကိုဖြုတ်ပြီး ကြည့်သည်။ အားများပြည့်နေသည်။ သေချာပါသည်။ သူဖုန်းအားကို သွင်းထားခဲ့သည်။

ဒါဆို မီးခလုတ်က ဘယ်လိုပိတ်နေရတာလဲ။

"ကိုချစ်ခင်လား"

မဖြစ်နိုင်ပါ။ ကိုချစ်ခင်ကို သူမျက်စိဒေါက်ထောက်ကြည့်နေခဲ့ သည်။ သန့်ရှင်းရေးသာ သဲမဲလုပ်နေတဲ့ ကိုချစ်ခင်က သူ့ခုတင်အနီးသို့ ကပ်မလာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ... ဒီအိမ်ထဲမှာ သူ့အပြင်တစ်စုံတစ်ယောက် ရှိနေပြီလား"

အတွေးတွေက ဟိုရောက်၊ ဒီရောက်။





ညဆယ့်နှစ်နာရီကျော်သောအခါ အိမ်ပေါ်ထပ်မှ လမ်းလျှောက်သံ ...သဲ့ကို ဝိုးတဝါးကြားလိုက်ရသည်။

သူ အရက်မူးပြီး ထင်ယောင်ထင်မှားတွေ ဖြစ်နေတာလား။ သိစိတ်နှင့် မသိစိတ်ကို ကောင်းစွာဝေဖန်ပိုင်းခြား၍ မရနိုင်ပါ။ ...သော် ပိတ်ထားတဲ့မျက်လုံးကိုတော့ မဖွင့်မိပါ။

"ချပ် ... ရှပ်"

လမ်းလျှောက်သံသည် တဖြည်းဖြည်းလှေကားအနီးသို့ သွား ...နေသော အသံ။

သူနားစွင့်နေဆဲမှာပင် အသံတို့ကို တိတ်ဆိတ်သွားသည်။ ...ခါးဖွင့်နေတာလား။

အပြင်မှ ခတ်ထားသော သော့ကလောက်ကို အတွင်းမှ လူက ...ယ်လိုဖွင့်မလဲ။

သူစိတ်ဝင်စားသွားသည်။ ထို့ကြောင့် အာရုံစိုက်ထားမိသည်။

"ရှပ် ... ရှပ်"

လမ်းလျှောက်သံသည် လှေကားဆီမှ ဖြစ်သည်။

သူအံ့ဩသွား၏။ တံခါးဖွင့်သံကို သူနားစွင့်လျက်သားနဲ့ ဘာ ...ကြောင့် မကြားလိုက်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ခြင်ထောင်ထဲမှနေပြီး လှေကားဆီသို့ လှမ်းကြည့်လိုက်သည်။ မီးခလုတ်နှိတ်ပြီး အိပ်ပျော်ခဲ့သည်မို့ မှောင်မည်းနေသည်။ လမ်းလျှောက်သံကို ကြားနေရပါလျက်ကယ်နှင့် လူကိုတော့ သဲသဲကွဲကွဲမမြင်နိုင်ပေ။

အိပ်ခါနီး အာသာပြေတစ်ခွက်သာ သောက်ခဲ့သည်ကို ကျေးဇူး တင်ရပေဦးမည်။ နို့မဟုတ်ရင် အမဲကြော်သူခိုးကို မိဖို့လမ်းမမြင်ပါ။

ဤအိမ်သို့ရောက်လာသော တစ်လအတွင်း နေ့နှင့်ညများ လောက်အောင် အမူးလွန်ခဲ့သည်။ ထို့ကြောင့် ဒီသူခိုးသူ့လက်ထဲမှ လွတ်နေ ခြင်းဖြစ်မည်။

အရက်ကြောင့် ထင်ယောင်ထင်မှားဖြစ်တတ်သော သူ့စရိုက်ကို အခွင့်အရေးယူပြီး ဤသူခိုးလွတ်မြောက်နေခြင်း ဖြစ်သည်။

"ရှပ် ... ရှပ်"

ခြေသံသည် သူ့ခုတင်အနီးသို့ ရောက်လာသလို ခံစားရသည်။ ကြောက်စိတ်မရှိသော်လည်း ရင်ထဲမသိုးမသန့် ခံစားရသည်။ ဘာလဲ ဘာလုပ်မလို့လဲ။

အိပ်ခန်းကို မကြိုက်သောသူက အောက်ထပ်တစ်ခုလုံးကို ငှားပြီး ခုတင်ကို ဧည့်ခန်းထဲထုတ်ကာ ဆက်တီဝိုင်းနေရာတွင် ခုတင်ကိုထားပြီး ဆက်တီများကို နံရံသို့တိုးကပ်ထားသည်။ ထမင်းစားပွဲသည် ခုတင်နှင့် ဆယ်ပေမျှအကွာတွင်ရှိပြီး ခုတင်ဘေး၌ စာရေးစားပွဲကို ထားသည်။

ခုတင်မှတည့်တည့် အရပ်မျက်နှာစာတွင် လှေကားလှလှကြီးကို ရှင်းရှင်းလင်းလင်းတွေမြင်နိုင်ပေသည်။

သို့သော် လှေကားသည်ရေနံချေးလိမ်းနေအောင် သုတ်ထားသည်





အမှောင်ထဲ မသဲကွဲချေ။

"ရှုတ် ... ရှုတ်"

ခြေသံသည် သူ့ခြေရင်းတွင်ရပ်သွားပြီး သူဝယ်လာသော ကြွပ်ကြွပ်အိတ်များထဲ မွှေနှောက်ရှာဖွေလေတော့သည်။

သူ ဒေါသထွက်သွားသည်။ ပိုင်စိုးပိုင်နင်းရှိလှသော သူခိုးကို ခေါင်းကွဲအောင်ရိုက်ပစ် လိုက်ချင်သည်။ သို့သော် သူစဉ်းစားလိုက်၏။ သူ့ခုတင်အနီးတွင် ဘောပင်နှင့် စာအုပ်မှလွဲ၍ အခြားထုရိုက်စရာ ဘာပစ္စည်းမှ မရှိချေ။

စာအုပ်ကြီးများနှင့် ပစ်ပေါက်ပါက ခေါင်းကွဲ၊ နဖူးပြဲတော့ လာနိုင်သည်။ သို့သော် စာအုပ်များသည် သူ့ဘဝဖြစ်သည်။ သူတန်ဖိုး ထားရသောအရာကို လူယုတ်မာအတွက် အသုံးမပြုနိုင်ပေ။

ဟုတ်ပြီ ... ဖုန်း ... ဖုန်းနဲ့ထုလိုက်ရင်လည်း ပေါက်ပြဲနိုင်သည်။ သို့သော် အနီးမှုန်၊ အဝေးမမြင်သူ့မျက်လုံးသည် သူ့ကိုကောင်းစွာ အကူ ညီပေးလိမ့်မည်။

ပထမဆုံး မီးခလုတ်ကိုဖွင့်မှ ဖြစ်မည်။

အသာအယာလေးထဖွင့်ဖို့ မကြိုးစားသင့်မှန်း သူရိပ်မိ၏။ အိမ် ကြီးပေါ်မှာပင် သူ မရိပ်မိအောင်နေနိုင်သော သူခိုး၏ လျင်မြန်မှုကို သူအထင်မသေးဝံ့ပေ။

ထို့ကြောင့် စိတ်ကိုတည်ငြိမ်အောင် စုစည်းပြီး ခြင်ထောင်ကို ဆွဲခနဲဖွင့်ကာ ခေါင်းရင်းရှိမီးခလုတ်ကို ချောက်ခနဲဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ခုတင်ခြေရင်းကို ဆတ်ခနဲကြည့်ပြီး ပစ်ပေါက်ရန် ဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ကိုင်လိုက်သည်။

သို့သော် မြင်လိုက်ရသောမြင်ကွင်းက သူ့ကိုမှင်တက်သွားစေသည်။

အသက်ပင် ဘယ်လိုရှူမိနေမှန်း မသိတော့ပါ။

ရင်ခုန်သံတွေကလည်း တဒိတ်ဒိတ်နှင့် ပွင့်ထွက်လုမတက် ဆူညံနေသည်။ အတိတ်နှင့် ပစ္စုပ္ပန်ကိုလည်း ဝေခွဲမရတော့။ ညအချိန်လား နေ့အခါလားဆိုတာ အကြိမ်ကြိမ်ပြန်စဉ်းစားမိသည်။

"သူဘာဖြစ်သွားတာလဲ ... ဘာလုပ်နေတာလဲ ... ဘာလုပ်မိသွားတာလဲ"

သူကြားလိုက်ရတဲ့အသံတွေက ဘာလဲ၊ အတုလား။ အစစ်လား သူရူးသွားပြီလား။

လေထဲမြှောက်ကိုင်ထားသော ဖုန်းကိုပြန်ချဖို့ပင် မေ့လျော့၍ နေလေသည်။

လူသူအရိပ်အယောင် စိုးစဉ်းမျှ မရှိပေ။ စင်တာတံဆိပ်နှင့် ကြွပ်ကြွပ်အိတ်များကို သူ မမှိတ်မသုန် စိုက်ကြည့်နေမြစ်၏။ သူကြားလိုက်ရသောအသံသည် ကြွပ်ကြွပ်အိတ်ဆီမှ လာသည်ဆိုတာ ထပ်စဉ်းစားဖို့ မလိုအောင် သေချာလွန်းလှသည်။

တစ်ခဏအတွင်း ချက်ချင်းပျောက်သွားရလောက်အောင် တန်ခိုးရှင်မှသာ စွမ်းဆောင်နိုင်မည့် ကိစ္စ။

လေကားကြီးကို ကြည့်လိုက်ပြန်တော့လည်း တစပြင်အလား ချောက်ချားဖွယ်အတိ။



သူ အရက်ကြောင်ကြောင်သွားတာလား။

မဖြစ်နိုင်ပါ။ သူ အရက်သံသရာထဲ ဝင်ဝဲလာသည်မှာ တစ်နှစ်ပြည့်သေးပေ။ ပြီးတော့ အရက်စွဲစွဲလမ်းလမ်း သောက်နေသည်လည်း မဟုတ်ပါ။ မနေ့ကဆိုလျှင် ပျော်စရာကိစ္စများခဲ့သည်မို့ မနက်တစ်ခွက်၊ ညနေတစ်ခွက် အာသာပြေသာသောက်ပြီး အနားယူဖို့ဆုံးဖြတ်ကာ စာစောအိပ်ရာဝင်ဖြစ်ခဲ့သည်။ ဖတ်လက်စမွေပဒစာအုပ်ကိုပင် လှန်လောကြည့်ခဲ့ပါ။

အရက်ကို အနည်းဆုံး အရက်တစ်ချိုးသောက်နေကျ သူ့အဖို့သူ ခန့်မှန်း၍ရသည်။ တစ်ခွက်ကိုအာသာပြေ သောက်ရုံလောက်နဲ့ သူမမူးပါ။ ကြားလိုက်သောအသံသည် လူတစ်ဦးလမ်းလျှောက်သံမှန်း သူသိနေသည်။

အမျိုးသမီးလမ်းလျှောက်သံ၊ အမျိုးသားလမ်းလျှောက်သံနှင့် ခြေနင်းကွဲသံ၊ ကော်ဘူးကျသံ၊ စတီးခွက်သံတို့ကို အလုပ်အတွက် လိုအပ်၍ လေ့လာခဲ့သည်။ ထို့ကြောင့် သစ်ရွက်လှုပ်၍ မြည်သွားသောအသံကိုပင် ခွဲနေသောသူသည် ဇဝေဇဝါဖြစ်နေဖို့ မလိုတော့ချေ။ လူတစ်ဦးဆိုတာ သေချာလှသည်။ သို့သော် ယောကျ်ား၊ မိန်းမဆိုတာကိုတော့ သူ သဲသဲကွဲကွဲ မသိပေ။

မြှောက်ကိုင်ထားသောဖုန်းကို စာရေးစားပွဲပေါ်တင်ပြီး ငူငူကြီး ထိုင်ချပစ်မိ၏။ အိပ်ချင်စိတ်များ ဘယ်ပျောက်လို့ ပျောက်သွားမှန်းမသိ သည့် ပင်ပန်းမှုတွေလည်း ဘယ်နံ့ကြားကပ်သွားမှန်း မသိတော့။

သူ့အတွေးထဲကြီးစိုးနေတာက ထိုလူဘယ်သူလဲ၊ ဘာကြောင့် ခိုးသောက် လျှင်မြန်ရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကုန် ထမင်းမစားထားသော ဗိုက်က တဂွီဂွီဖြင့် ဆ
ပြလာသည်။ ထို့ကြောင့် ကြွပ်ကြွပ်အိတ်ထုပ်ကို ဆွဲယူမိသည်။

သူ့ဝယ်လာသည့်အထဲတွင် အချိုရည်နှင့် မုန့်များလည်း ပါ
သို့သော် ထူးဆန်းစွာပင် သူချမ်းနေသည်။

နဖူးမှချွေးများ စီးကျနေပါလျက် လက်မောင်းတွေ ဘာကြော
ကြက်သီးထနေ ရပါလိမ့်။

တွေးရင်းပင် ကြွပ်ကြွပ်အိတ်ကို ဖွင့်လိုက်သည်။

အိတ်ထဲမှ အာလူးကြော်ထုပ်နှင့် ဆိတ်သားခြောက်ထုပ်ကို ဖွ
လိုက်၏။

အချိုရည်ဘူးကို စားပွဲပေါ်ချပြီးကာမှ အရက်သမားပီပီ စာ
အောက်မှ အရက်ပုလင်းကို ဆွဲယူလိုက်သည်။

ဆံချည်မျှင်မျှ ဆိတ်သားခြောက်ချောင်းလေးများကို တကွ
ကျွတ်ကိုက်ဆွဲပြီး ဖျူသောအရက်နှင့် မျှောချလိုက်၏။

ထမင်းမဟုတ်သော်လည်း ကာလီစာများငြိမ်ချက်သား ကော
သွားသည်။

ဝမ်းထဲ အရက်တစ်ခွက် ဝင်သွားသောအခါ ပပေါ့ဖြစ်နေသော
ခြေသံကိုစူးစမ်းချင်လာပြန်သည်။

ဆန္ဒနှင့်အတူ နောက်တစ်ခွက်ကို ဆင့်သောက်ပြန်သည်။

အာလူးကြော်ထုပ်ကိုဖောက်ပြီး တကျွတ်ကျွတ်ဝါးစားမိပြန်သည်
သို့သော် စူးစမ်းချင်စိတ်ကို ဖျောက်ဖျက်မရချေ။

ထိုခြေသံပိုင်ရှင်ကိုသာမတွေ့ရလျှင် သူအိပ်ပျော်နိုင်တော့မ





ဟုတ်ပါ။

ထို့ကြောင့် ပုဆိုးကိုပြင်ဝတ်ပြီး မီးခလုတ်မှန်သမျှလိုက်ဖွင့်လိုက်
သည်မှာ အိမ်သာမီးလုံးပင်မကျန် လင်းသွားသည်။

နှစ်ခွက်လောက်သောက်ထားသောအရှိန်နှင့် သွေးကြောများ
ပ်ရှားစပြုနေပြီ ဖြစ်သည်။ မည်းမည်းမြင်ပါက ရိုက်နှက်ဖို့ဝန်လေး
တော့မည် မဟုတ်တော့။

ထို့ကြောင့် လိုရမယ်ရ အရက်ပုလင်းလွတ်တစ်လုံးကို ကြမ်းပြင်
ပေါ်မှ ကောက်ကိုင်လိုက်သည်။

ပြီးနောက် နက်မှောင်နေသော ကျွန်းလှေကားဆီသို့ တရိပ်ရိပ်
းကပ်လာမိသည်။

သို့သော် ပကတိငြိမ်သက်နေသော သော့ကြီးကြောင့် မှုးဝေဝေ
ဖြစ်နေသော ခေါင်းသည်ကြည်စင်သွားသည်။

ဘာတွေလဲဆိုတာကို ဝေခွဲမတတ်တော့ချေ။

ကြီးမားသော သော့အိမ်ကြီးကငြိမ်သက်စွာ သူ့ကိုကြည့်နေ
သည်။ ဒါဆို သူသိခဲ့တဲ့ခြေသံကဘာလဲ။ သူ့ခုတင်အနီး လာရပ်တဲ့
ကာ ဘယ်သူလဲ။ အိမ်အပေါ်ထပ်မှ ခြေသံကိုသူကောင်းစွာ ကြားခဲ့သည်။
လှေကားအတိုင်းဆင်းလာသော ခြေသံကိုလည်း ကြားခဲ့သည်။ ဘာလို့
ခါးကပွင့်မနေရတာလဲ။

"ဘာလဲ"

တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ ရိပ်မိသည်။ သို့သော် တို့အတွေး
ို ရှေ့ဆက်မသယ်ဆောင်ချင်တော့ပါ။ ထို့ကြောင့် ပုလင်းလွတ်ကို

www.burmeseclassic.com



အမှိုက်ပုံးထဲ ပစ်ထည့်လိုက်၏။

"ခွမ်း"

လက်ဆများသွားသည် ထင်သည်။ ပုလင်းသည် ထိမိသံနှင့် အတူ ကွဲရှသံပါ ထွက်ပေါ်လာသည်။

ကြိုက်လှတယ် မဟုတ်သောအရက်ကိုလည်း ပေတေပြီး မသောက်ချင်တော့ပေ။ ထို့ကြောင့် ခြင်ထောင်ကိုဖြစ်သလို ပင့်တင်ပြီး ခုတင်ပေါ်တွင်မှုလအတိုင်း လဲချလိုက်ပြန်သည်။

ဖတ်လက်စဓမ္မပဒစာအုပ်ကို ဆွဲယူပြီး လှန်လောလိုက်သည်။

ဇာတ်ထဲရောက်ဝင်နေလိုက်သည်မှာ မိုးဘယ်အချိန်လင်းသွားမှန်း မသိလိုက်ချေ။

"ဗျို့ ... စာရေးဆရာ"

ကိုချစ်ခင်အသံကြားတော့မှ ပြတင်းပေါက်ကို ဖွင့်လိုက်၏။ ကိုချစ်ခင်သည် ထုံးစံအတိုင်းပင် ကြွပ်ကြွပ်အိတ်တစ်ထုပ် ဆွဲပြီးရောက်လာ သည်။

"တွန်းဖွင့်လိုက်။ ဂျက်မထိုးထားဘူး"

ကိုချစ်ခင်သည် သုံးထစ်မျှလှေကားပေါ်သွားခနဲ ခုန်တက်ပြီး တံခါးကို ကိုယ်နှင့်တိုက်ဖွင့်ကာ ဝင်လာ၏။

"တစ်လတည်းကြာသေးပေမယ့် ဒီအိမ်ကိုကျွန်တော်ကောင်း ကောင်း အလွတ်ရနေပြီ။ ဒါပေမဲ့ ဆရာကပြောင်းရတော့မယ်ဆိုတော့ လည်း အခြားနေရာနဲ့ အသားကျသွားအောင် ချစ်ခင်ကြိုးစားရဦးမှာပေါ့"

"ကိုချစ်ခင်စကားကလည်း ဘာလဲဗျ။ ကျွန်တော်က ဘာလုပ်ဖို့





ဘယ်ကို ပြောင်းရမှာလဲ။ ဒီအိမ်မှာ ကျွန်တော် ခြောက်လ စာချုပ် ချုပ်ထားတယ်။ လမပြည့်မချင်း နေရဦးမှာပါ။ ဆက်နေချင်ရင် ဆက် ချုပ်မယ်။ ခုလမပြည့်ခင်ပြောင်းလို့တော့ ကျွန်တော် အရှုံးပဲ။ ငွေက ...သကားရတာ မဟုတ်ဘူးဗျ။ ပေးရတာနဲ့ တန်အောင်တော့ နေရ ဦးမှာပဲ"

ပြောပြောဆိုဆိုပင် ကိုချစ်ခင်ပြင်ပေးသော မုန့်ဟင်းခါးတစ်ပွဲကို ...မြိန်ရှက်စွာ စားလိုက်သည်။ ဒီကနေ့တော့ ကိုချစ်ခင်က မယိုမဖိတ် ...ည့်ပေးသည်။

"ဆရာပဲ ဟိုအိမ်ကိုသဘောကျတယ်ဆို။ အဲ့ဒီပြောင်းနေချင်လို့ ...ပြောတာပဲ။ အကယ်၍ မနေချင်လည်း ငွေပြန်အမ်းမယ်တဲ့ဗျ"

"အကြောင်းလှချည်လား။ ခင်ဗျားကို ဘယ်သူပြောတာလဲ"

"မနက်ကပဲ ကျွန်တော့်မိန်းမမသင်းနဲ့ အိမ်ကြီးရှင်တို့ ဈေးမှာ ...ခဲ့ကြတယ်တဲ့။ သူပြောလိုက်တာ နေ့လယ်အိမ်သန့်ရှင်းရေး လုပ်ပြီး ...တ်ဖြန့်ပဲ ပြောင်းလာကြမယ်တဲ့"

"မြန်လှချည်လား"

"မြန်ဆို ဆရာရယ် ... ဟိုအိမ်ကို ဖျက်နေပြီလေ။ နေစရာ မရှိတော့တာ။ သမီးသုံးယောက်နဲ့ လုံခြုံတဲ့အိမ်တော့ ရှိရမှာပေါ့"

"ဟိုအိမ်ကိုကြိုက်လို့သာပဲ။ ဒီဆက်ဆံရေးနဲ့တော့ ငါးရက် ...အောင် မနေချင်တော့ဘူး"

"နေပါ ဆရာရယ်။ ချစ်ခင်တို့နဲ့ ရေစက်မပြတ်လိုက်ပါနဲ့။ ...က်တိုင်း ဆရာ့ဂေဟာမှာ အခစားဝင်ရတာ။ ချစ်ခင်က အသားကျ



www.burmeseclassic.com

www.burmeseclassic.com



နေပြီဗျ"

စကားသံကျယ်သော ကိုချစ်ခင်သည် လေယူလေသိမ်းမှန်မှန် ဝါကျအထားအသို မှန်မှန်နှင့် ပြောတတ်သောကြောင့် ကိုချစ်ခင်ကို သူသဘောကျသည်။

"ဆရာ့အိမ်ကို ချစ်ခင်ရှေ့ပေးမလို့ ဆိုက်ကားကို ယူမလာဘူး"

"အုံနာကနောက်နေ့ ခင်ဗျားကို မငှားဘဲနေမှာပေါ့ဗျ"

"ရမလား ... ဆရာရယ်။ ချစ်ခင်လောက် သူတို့စီးပွားရေးအထောက်အကူပြုတဲ့ အလုပ်သမားမျိုး ရှာ ... ရှာစမ်းပါဦး"

ကိုချစ်ခင်က တစ်ခါတစ်ရံ ချစ်အောင်၊ ခင်အောင်ပြောတတ်သလို အချိုစကားလုံးမျိုးကျတော့ အကြွားအဝါလေးပါလာ၍ မုန်းချင်စရာကောင်းနေတတ်ပြန်သည်။

"ကိုချစ်ခင်"

"ဗျာ ... ဆရာ"

"ဒီအိမ်မှာ အရင်ကလူနေဖူးသလား"

"နေဖူးမှာပေါ့ ဆရာရဲ့။ လူမနေဘဲ အိမ်ဆောက်ထားပါ့မလား"

"အခုရော"

"ဟာ ... ဆရာကလည်း ဆရာနေတယ်လေ"

"ငါ့အပြင် အခြားတစ်ယောက်ရှိသေးသလားလို့ပါ"

"ဆရာ့မိန်းမ မဟုတ်ရင် သူခိုးပဲ ဖြစ်မှာပေါ့ဗျ။ ချစ်ခင်ဒီရပ်ကွက်ထဲနေလာတာကြာပြီ။ ဒီမှာ ဆရာကလွဲရင် ဘယ်သူ့ကိုမှ မတွေ့ဖူးဘူး"



ကိုချစ်ခင်စကားကြောင့် သူ့ရင်ထဲ မသိုးမသန့် ဖြစ်သွားသည်။ ထို့ကြောင့် ပန်းကန်ထဲမှမုန့်ဟင်းခါးကိုပင် ကုန်အောင်မစားနိုင်တော့ပေ။

"အိမ်ရှင်တွေရော မလာကြဘူးလား"

"ခတ်ထားသော သော့တွေကိုဆရာတွေ့တဲ့အတိုင်းပဲလေ။ သံချေးလိမ့်လိမ့် တက်နေကုန်ပြီ။ ပြီးတော့ နှစ်နှစ်ဆယ်လောက် ကြာပြီဖြစ်တဲ့ သော့အမျိုးအစားတွေ ခြံထဲက မြက်ပင်တွေလည်း ဆရာမြင်တဲ့ အတိုင်းပဲ။ ဘာ့ထနေပြီ။ ဆရာက ဒီအိမ်ကိုပြောင်းလာခါစက ချစ်ခင် တော်တော် အံ့ဩတာ ဆရာရဲ့"

"ဘာလို့လဲ"

"ဆရာပဲ စဉ်းစားကြည့်လေ။ ဒီလိုပေတူးလန်ပြီး ဘာမှမပြည့်စုံ တဲ့အိမ်ကို ချစ်ခင်တော့ ဈေးကြီးကြီးပေးပြီး မငှားနိုင်ပါ"

"ခရေပင်၊ ပိန္နဲပင်၊ မာလာပင်နဲ့ ဒီလိုခြံနဲ့ မြေနဲ့ ရန်ကုန်မြို့ကြီး ထဲ နားအေးပါးအေး နေရဖို့ကလွယ်တာမှ မဟုတ်တာကွ။ မနက်ပိုင်း ငှက်တွေက သီချင်းဆိုပြီး ထတော့လို့နှိုးသံကို ခင်ဗျားမကြားဖူးသေးလို့ပါဗျာ"

"တော်ပါပြီ ... စာရေးဆရာရယ်။ မမသင်းရဲ့ ငယ်သံပါအောင် အော်တဲ့အသံကပဲ ချစ်ခင်နဲ့ အသားကျနေပါပြီ"

"ခင်ဗျားတို့ လင်မယားအိမ်ထောင်သက် ဘယ်လောက်ရှိပြီလဲဗျ။ ကလေးမယူသေးဘူးလား"

ပြောပြီးပါပကော ဆရာရယ်။ ငါးနှစ်ပါလို့။ ကလေးယူတာ မယူတာက မမသင်းအလုပ်။ ချစ်ခင်ကတော့ သောက်စားပြီး ထက်ကျန်ရသမျှငွေလေး မမသင်းလက်ထဲထည့်လိုက်ရုံပဲ။ ငွေမရောက်တဲ့နေ့ ပါးတီးခံရ

www.burmeseclassic.com



ပြီး၊ ငွေရောက်တဲ့နေ့တော့ အာဘွားနဲ့ ကြိုတယ် ဆရာရေ၊ မိန်းမတွေများ ယောက်ျားထက်ငွေကို ပိုချစ်တယ်"

"ကဲ ... ကဲ ... အာဘွားထပ်ရအောင်လို့ ညနေဆိုက်ကား သိမ်းရင် ဒီကိုဝင်လာဦးဗျ။ ပစ္စည်းတွေ ဟိုအိမ်ပုဆီ ရွှေကြရအောင်"

"အခုပဲ ... ရွှေလိုက်ပါ့မယ် ဆရာရယ်။ ဆိုက်ကားက"

"နေပါဦးဗျာ။ ညနေမှလုပ်ပါ။ နေက ပူတယ်။ ကဲ ... မင်းလည်း သွားစရာရှိတာသွားတော့ ကျွန်တော်လည်း လုပ်စရာရှိတာ လုပ်ရဦးမယ်"

ထုံးစံအတိုင်း စကားကြောရှည်တဲ့ ကိုချစ်ခင်ကို မောင်းထုတ် လိုက်ရပြန်သည်။ မတတ်နိုင်ပါ။ ကိုချစ်ခင်က မောင်းမထုတ်ရင် ပြန်မည့် လူမျိုး မဟုတ်ပေ။

ကိုချစ်ခင်ကိုသာ လုပ်စရာရှိတာလုပ်ရဦးမည်ဟု ဆိုလိုက်သော် လည်း သူ့ထံတွင်လုပ်စရာက များများစားစားမရှိပေ။ စာမဖတ်လျှင် စာရေးရုံသာ ရှိသည်။ အိမ်မှုကိစ္စ၊ ရေချိုး၊ အဝတ်လျှော်၊ သန့်ရှင်းရေးသည် သူလားလားမျှ ဝါသနာမပါသည်၊ အလုပ်မဟုတ်ပါ။ သို့သော် ဒီနေ့တော့ ဝါသနာမပါလည်း လုပ်ရတော့မည်။ ညနေတော့ အိမ်ပြောင်းရတော့မည် မဟုတ်ပါလား။ ပျံ့ကျဲနေသော စာအုပ်များကို လိုက်စုရသည်။

"ဒေါက် ... ဒေါက်"

ကိုချစ်ခင်ပြန်သွားပြီးလို့ နာရီဝက်အကြာတွင်အပေါ်ထပ်မှ အသံ တစ်ခုကိုကြားရပြန်သည်။ မူး၍ ထင်ယောင်ထင်မှားဖြစ်နေတာတော့ မဟုတ်နိုင်ပါ။ ဒီနေ့ တစ်မနက်လုံးတစ်ခွက်မှ မမော့ရသေးပေ။ မသောက်





ရသေးလို့များ ထင်ယောင်ထင်မှား ဖြစ်တာလား။ အရက်သမားတို့ ဘဝ သည်း ကောင်းလှတယ်ရယ်လို့ မရှိပါ။ မူးပြန်လျှင်လည်း အစွန်းရောက် သလို မသောက်ရပြန်လျှင်လည်း အစွန်းရောက်နေတတ်ပြန်သည်။

"ဖုတ်"

တစ်ခုခု လဲကျသံဖြစ်သည်။ လေတိုက်လို့များလား။ သိချင်စိတ် က ပြင်းပြလာသည်။ ထို့ကြောင့် အိမ်အပြင်ဘက်သို့ ထွက်ပြီးကြည့်သည်။ အပေါ်ထပ်တစ်ခုလုံး တံခါးများအလုံပိတ်ထား၏။ ပွင့်သောတံခါးချပ်ရယ်ဟု သည်း မရှိပေ။ ခရေပင်ကြီးကို ကြည့်လိုက်တော့လည်း သစ်ရွက်တွေက ငြိမ်ချက်သား ကောင်းနေသည်။

ဒါဆို သူစောစောကကြားလိုက်ရတာ ဘာသံလဲ။

တစ်ယောက်ယောက်ရှိနေတာလားဆိုသော သံသယက သူ့ရင်ထဲ ကြီးထွားစပြုလာသည်။

ဖတ်လက်စမွေပဒစာအုပ်ကို ဆွဲယူလိုက်သော်လည်း စိတ်တို့က ဗလောင်ကလျား ဖြစ်နေသည်။

အိမ်အပေါ်ထပ်မှ အသံကိုသာနားစွင့် နေမိ၏။ ဘယ်သူလဲ။ ကြွက်တစ်ကောင် ခုန်ပေါက်ပြေးလွှားနေတဲ့ အသံမျိုးမဟုတ်တာ သေချာ သောအခါ မေးခွန်းတွေက သို့လော၊ သို့လောထွက်ပေါ်လာသည်။

ဘယ်သူများလဲ။ မနေ့ညက အတွေ့အကြုံ၊ အမဲသားအငွေ့ အကြံနှင့် ပစ္စုပ္ပန်တွင်ကြားရသော အသံအားလုံးကိုပေါင်းစုတွေးခေါ်ကာ လူတစ်ယောက် ဤအိမ်အပေါ်ထပ်၌ ပုန်းခိုနေတယ်ဆိုတာ သေချာ သလောက်နီးပါး ကောက်ချက်ချ၍ ရနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက်"

ထပ်မံကြားလိုက်ရသောအသံကြောင့် ကြက်သီးမွေးညှင်းများပင် ထောင်းထောင်းထ သွားချင်သည်။

"ဒုန်း ... ဒုန်း"

တံခါးကို ထုရိုက်သောအသံ။ ဒီတစ်ကြိမ်တော့ အိမ်အပေါ်ထပ်ဆီမှ မဟုတ်၍ သက်ပြင်းချလိုက်မိသည်။

"ဒုန်း ... ဒုန်း"

"ဘယ်သူလဲ ... တံခါးဖွင့်ထားတယ်"

လည်ချောင်းကိုရှင်းပြီး အသံပြုလိုက်သည်။

စောစောကအပြင်ကို ပြေးထွက်ပြီးမှ ချက်ချင်းပြန်ဝင်ခဲ့ခြင်းဖြစ်၍ အိမ်တံခါးကို စေ့ရုံသာစေ့ထားလိုက်သည်။ ဂျက်မထိုးခဲ့မိပါ။

"ကျွီ"

ဆီမထည့်တာကြာပြီဖြစ်သော တံခါးပတ္တာများသည် သံချေးတက်စပြုနေပြီ ဖြစ်သည်။

"ဟဲလို"

ဘုရား ... ဘုရား ... ဘယ်သူတွေပါလဲ ... ဘယ်ကဟာလေးတွေပါလား။

တံခါးပွင့်သွားသော ကျွီဆိုသောအသံနှင့် မလိုက်ဖက်စွာပင် တံခါးရွက်နောက်ကွယ်မှ ရောင်စုံမိန်းကလေးသုံးဦး။ တံခါးကြီးက အိုပြီ ဟောင်းနွမ်းနေသလောက် မိန်းကလေးသုံးယောက်က သစ်လွင်တောက်ပြောင်နေသည်။ ဝိရောဓိဖြစ်နေသော်လည်း သမုဟတော့ကျသား။



"မင်းတို့ ဘယ်သူတွေလဲ"

"တိမ်လွှာ"

"စန္ဒာ"

"မို့မို့ ... ပါးမို့မို့ပါ"

မိန်းကလေးသုံးယောက်သည် သွက်လက်စွာပင် သူတို့ကိုယ်သူတို့ မိတ်ဆက်နေကြသည်မှာ ခေတ်သစ်အလှမယ်ပြိုင်ပွဲလားဟုပင် အင်မှားရလောက်ပေသည်။

ထင်ယောင်ထင်မှား ဖြစ်နေတာတော့ မဟုတ်နိုင်ပါ။ သူမြင်နေတာက တကယ့်မိန်းကလေး အစစ်များဖြစ်သည်။

သူ့စိတ်တွေ တုန်လှုပ်ချောက်ချားနေသည်။ မိန်းကလေးသုံးယောက်ရှေ့တွင် ထိုင်ရမလို ထရမလိုဖြစ်နေသောသူက အောင့်တီးအောင့်တောင့် နိုင်လှသည်။

"မင်းတို့ဒီကို ဘာလာလုပ်ကြတာလဲ"

စိတ်ကူးယဉ်သမားပီပီ အချိန်တိုတိုအတွင်း စိတ်ကူးတွေတစ်သီကြီး ယဉ်မိလိုက်သည်။ သူ့ကို စာရေးဆရာမှန်းသိသွားပြီး မိတ်ဆက်ဖို့လာကြတာလား။ မိန်းကလေးတွေက သူ့ဆီမှာပေတောပြီးတွယ်ကပ်နေရင် သူဘယ်လိုဖြေရှင်းရမလဲ။ တွေးရင်းပင်ဇောချွေးများ ပြန်ချင်လာသည်။

"အိမ်သန့်ရှင်းရေး လာလုပ်တာလေ။ မီးတို့က မကြာခင် ဒီအိမ်ကြီးမှာ လာနေတော့မှာ"

ပါးမို့မို့ဆိုသော စကတ်အနီရောင်ဝတ် မိန်းကလေးက ကျောနောက်မှသော့တွဲကို ရှေ့သို့ပြပြီးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုမ်စိတ်များ ဆပ်ပြာပူဖောင်းလိုကြွတက်နေသော သူ့စိတ်သည် လေနှင့်ထိလိုက်သလို ရုတ်ချည်းငြိမ်ကျသွား၏။

"မီးက မို့မို့ကိုဝိုင်းကူမလို့"

စန္ဒာဆိုသောမိန်းကလေးက ကျောနောက်မှတံမြက်စည်းကြမ်းကို ရှေ့သို့ ထုတ်လာပြန်သည်။

"မီးရောပဲ"

ပြီးနောက် တိမ်လွှာဆိုသောမိန်းကလေး။ ထိုမိန်းကလေးကိုင်ထားသည်က ထူးဆန်းလှသည်။ အိမ်သာဆေးသည့် ဘရပ်ရှ်။

ရယ်ချင်စိတ်ကို မနည်းထိန်းထားရ၏။

သန့်ရှင်းရေးလုပ်မည့် လူများသည် စင်မြင့်ရှိုးပွဲဖျော်ဖြေမည့် ဝင်မည့် မင်းသမီးများနှင့်တူသည်။

အတိုအပြတ်ဝတ်စုံများကြောင့် ဖြောင့်စင်းသောပေါင်တံဖွေးဖွေး လေးများသည် မျက်စိပသာဒဖြစ်ဖွယ်ရှိသည်။

"ဦးက ဒီမှာငှားနေတဲ့ စာရေးဆရာလား"

ပါးမို့မို့က ဆရာကြီးလေသံနှင့်ပြောသောအခါ သူကလည်း အလိုက်သင့်ပင် ယုန်သူငယ်တစ်ကောင်လို ခေါင်းတဆတ်ဆတ်ညိတ်မိ ပြန်သည်။

"စာရေးဆရာ ... ဟုတ်လား မို့မို့၊ သူက ... ဟုတ်လား ဘယ်သူလဲဟင် ... စာရေးဆရာဘယ်သူလဲ"

"နှင့်ရဲ့အသည်းပေါ့။ ဇေနံ၊ လေရူးတွေမြူးနေတဲ့ ဇေနံ"

"အိုးမိုင်ဂေါ့"



တိမ်လွှာနှင့်စန္ဒာတို့၏ အာမေဍိတ်သံသည် သူ့နားစည်ကွဲသွားသော့မလားဟု ထင်ရသည်။

လက်ထဲမှ သန့်ရှင်းရေးပစ္စည်းများကို ပစ်ချကာ သူ့ရင်ခွင်ထဲ ဝင်လုမတတ် ပြေးလာသောမိန်းမချောလေးနှစ်ယောက်၏ အန္တရာယ် သူဘယ်လိုရှောင်လို့ ရှောင်ရမှန်းမသိ ဖြစ်သွားသည်။

ဩော် ... ကြက်ဥနှင့်ကျောက်ဆောင်၊ ကျောက်ဆောင်ကပဲ ချင်လည်း ကွဲပါစေတော့ဆိုသည့် အနစ်နာခံတတ်သည့်စိတ်ကို ရင်ဝယ် ပြီး မျက်နှာပြောင်တိုက်ကာနေရာတွင် မလှုပ်မယှက်ရပ်နေမိသည်။

သို့သော် မချောနှစ်ယောက်က သူမျှော်လင့်ထားသလို မဟုတ် ။ သူ့ရှေ့တစ်ပေမျှအကွာတွင် ဘရိတ်ဆောင့်အုပ်လိုက်သလို တွန့်ခနဲ သွားသည်။

ပြီးနောက် အရောင်စုံတို့ဖြင့် လှပနေသောမျက်လုံးလေးများနှင့် ပြုံကြည့်နေလေသည်။ လူပျိုကြီးဇေနံ၏ နှလုံးခုန်သံသည် မချောနှစ် ယောက်ကြား ကုလားဘုရားပွဲ လှည့်နေလေသည်။

"ဆရာဇေနံ ... တကယ်ဆရာဇေနံအစစ်ကြီးလား"

ငါ့ပုံစံက အဲ့ဒီလောက်ပဲအထင်ကြီးစရာ မကောင်းတော့ဘူးလား ။ ငါကဇေနံပါ။ ရေတောင်တစ်စက်မရောတဲ့ ဇေနံပါ။ မှတ်ပုံတင်မှာ ရော၊ မွေးစာရင်းမှာရော၊ ကျောင်းဝင်အမှတ်မှာရော၊ ဘွဲ့လက်မှတ်မှာရော၊ စာရေးဆရာအသင်းဝင် ကတ်မှာပါ ဇေနံပါပဲ။ မယုံရင်စစ်ဆေးကြည့်ပါ လားဟုပင် မေတ္တာရပ်ခံလိုက်ချင်သည်။ အခုတော့ သူ့ကို သဲမဲကြည့်နေ သော မျက်လုံးလေးအောက်တွင် သူ့အသက်ပင် ရဲရဲမရှူရဲတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှထွက်လာသောလေပူကို မိန်းကလေးနှစ်ယောက်ရှူရှိုက်မိမည်အရေး မဝံ့မရဲဖြစ်နေရသည်။

"ကဲ ... စာရေးဆရာကိုကြည့်ချင်ရင် နောက်မှကြည့်။ အခုငါတို့ သန့်ရှင်းရေးဝင်ရဦးမယ်။ အပြင်ကလူတွေ ဝင်လာပါ"

ပါးမို့မို့အသံကြားသောအခါ သူပိုရှိ၍လန့်သွားသည်။ အကြားထင် အမြင်ကပို၍ လန့်စရာကောင်းနေသည်။ တခါးရွက်ကိုကျော်ကြည့်လိုက် သောအခါ သူ့အိမ်ရှေ့တွင် လုပ်သားဆယ်ဦးထက်မနည်း တန်းစီနေသည် ကို တွေ့ရ၏။

သူ သက်ပြင်းချလိုက်မိသည်။

ဒီမိန်းကလေးသုံးယောက်နှင့်တော့ အိုနေသောအိမ်ကိုရှင်းလင်း ဖို့တော့ မဖြစ်နိုင်ဟုထင်ခဲ့သည်။ လတ်စသတ်တော့ ဒီသုံးယောက်က ခေါင်းဆောင်ဖြစ်နေပလားဟု တွေးမိပြန်သည်။ ဘယ်ဆိုးလို့လဲ။ ဒီငယ် လှလှပပ ငယ်ငယ်ရွယ်ရွယ်လေးတွေက စီမံမှုပညာမှာတော့ ပါရမီရှိသား ဟု ချီးကျူးမည် ကြံခိုက်တွင်။

"ဟဲ့ ... ဘာလုပ်နေကြတာလဲ။ အလုပ်သမားငှားတယ်ဆိုတာ လည်း အချိန်တိုင်း ငွေကို မီးရှို့နေတာနဲ့အတူတူပဲ။ ညည်းတို့ကို ရှိုးပြဖို့ လွှတ်လိုက်တယ်များ ထင်နေသလား"

ခေါင်းဆောင်လေသံအပြည့်နှင့် လုံချည်ပင့်ကာဝင်လာသော အမျိုးသမီး။

ထိုအမျိုးသမီးကို သူကောင်းကောင်းသိနေ၏။ အိမ်စာချုပ် ချုပ်စဉ်က ပွဲစားခကို သူ့ဘက်လွှဲချခဲ့တဲ့ အိမ်ကြီးရှင်။ နေပါဦး —





အမည်က ... ဩော် ... ဒေါ်ရွှေမိုး။

နာမည်နှင့်လိုက်အောင်ကို ရွှေကိုမိုးရွာသလို ဝတ်တတ်သူ။ ဆွဲကြိုးကြီးကိုပြိုးပြိုးပြောင်ပြောင် ဆွဲထားရုံမက ရွှေလက်ကောက်ကို အတောင်ဆစ်ထိဝတ်ထားတဲ့ ဝါဝါထိန်ထိန် အမျိုးသမီး။

"စာရေးဆရာရယ် ရှင့်ကိုတော့ အားနာပါတယ်။ ဒါပေမဲ့ ဒီက ညည်း အခက်အခဲအချို့ရှိလို့ပါ။ အကယ်၍ ဟိုအိမ်လုံးမှာသွားမနေချင်ဘူး ဆိုရင်တော့ ဒီအိမ်အောက်ထပ်မှာပဲ အခန်းတစ်ခန်း"

"ရပါတယ် ခင်ဗျ။ ကျွန်တော် ဟိုအိမ်မှာပဲ နားအေးပါးအေး သွားနေပါ့မယ်"

သူက အငေါ်အတူးနှင့်ဆိုသော်လည်း ဒေါ်ရွှေမိုးကတော့ သူ့ စကားကို ဆုံးအောင်နားမထောင်တော့ဘဲ လေကားဆီဦးတည် သွားနေ သည်။ သူ့မှာတော့ စကားပြောတန်းလန်းနှင့် ဘယ်လိုနေလို့ နေရမှန်းမသိ ပေ။ သူ ဟိုဘက်နှစ်ဦးရှေ့မှာမို့ ရှိန်းတိန်း။ ပိန်းတိန်းခံစားလိုက်ရသည်။

"ဆရာ သမီးနဲ့ဓာတ်ပုံတစ်ပုံလောက်"

"သမီးနဲ့ရော ဆရာ။ ဖေ့ဘုတ်တင်မလို့ လိုက်ခ်များများရမှာ သေချာတယ်။ ဆရာပြုံးပြုံးလေးနော်"

ရောင်စုံစတစ်ကာများ ကပ်ထားသောဖုန်းလေးများနှင့် အလှည့် ကျ ဓာတ်ပုံရိုက်နေကြလေရာ သူကအောင့်သက်သက်နှင့် ပြုံးလိုက်ရ ပြန်သည်။

သူ့အပြုံးက အဆင်မှပြေရဲ့လား။ ဖေ့စ်ဘုတ်မှာ သူ့ပုံကိုဘယ်လို commentတွေ ပေးကြလေမလဲဆိုတာ မဆီမဆိုင်စိတ်ပူမိသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ဆီ သမီးတို့မကြာမကြာလာလည်လို့ ရမလား"

သူကတော့ ငါးပါးမှောက်တော့မယ်ထင်ပါရဲ့။ ခွင့်တောင်းတာကိုပင် မကြာမကြာတဲ့။ အောင်မလေး … မရွှေစာလေးတွေ၊ ခင်ဗျားတို့က မကြာမကြာလာလည်ကြမှတော့ ကျုပ်က ဘယ်အချိန်စာဖတ်ပြီး ဘယ်အချိန်စာရေးရမှာလဲ။ မလာကြပါနဲ့ဗျာ။ ကျုပ်ဟာ ကျုပ်လွတ်လွတ်လပ်လပ်သောက်စားပြီးနေပါရစေဗျာ၊ မိန်းကလေးတွေနဲ့ဆို ကျုပ်အနေကျ လွန်းလို့ပါ။

ရင်ထဲမှာသာစကားတွေ တန်းစီပြောမိနေပေမယ့် လက်တွေ့မှာတော့အပြုံးကို မပြုံးချင်ပြုံးချင် ညှစ်ထုတ်ယူရင်း။

"ရပါတယ်။ လာပါ ရပါတယ်"

"အိုး … ဆရာက အရမ်းသဘောကောင်းတာပဲ။ ဆရာ့ရဲ့ ဇာတ်ကောင်တွေထဲကလိုပဲ သိလား။ ဆရာ့ဇာတ်လမ်းတွေက အမြဲတမ်းကွဲပြဲနေတာ ဘာလို့လဲဟင်"

အဲဒါဘဝဟဲ့ … ကလေးမရဲ့ ဘဝကိုရည်ညွှန်းတာ။ ချစ်တိုင်းညားတဲ့လူမျိုး လက်ညှိုးထိုးပြပါ။ လောကမှာ ဘယ်နှစ်ယောက်ရှိသလဲ။ ချစ်သူချင်းညားကြပြီ ထားဦး။ အိမ်ထောင်သည်ဘဝမှာ ပြဿနာမရှိတဲ့ စုံတွဲလက်ညှိုးထိုးပြပါ။ အိမ်ဦးခန်း ပူဇော်ထားချင်လို့။

"ဆရာ ဘာတွေတွေးနေတာလဲ။ မီးပြောတာနဲ့ပဲ အဆက်ပေါင်းကို သတိရသွားပြီလား။ ပစ်လိုက်ပါ ဆရာရယ်။ လန်းတာတွေ အများကြီး မီးရှာပေးနိုင်တယ်။ သမီးတို့အရွယ်လား၊ အန်တီအရွယ်လား၊ မမအရွယ်လား … ဆရာကြိုက်တာပြော"





ဘုရား … ဘုရား … ဒီမိန်းကလေးတွေနဲ့ သူကြာကြာနေလို့ ဖြစ်ပါ့မလား။ သမီးသုံးယောက်ဆိုတာက ဒီသုံးယောက်ကိုပြောတာ လား။ ဘယ်သူကအကြီးလဲ။ ဘယ်သူကအငယ်လဲ။ ဒါမှမဟုတ် ပူးလား။ မဖြစ်နိုင်ပါ။ ရုပ်ချင်းနည်းနည်းမှမဆင်။

"ဝမ်း … တူး … သရီး … စမိုင်းလ်"

ကောင်မလေးတွေက အသောမတတ်နိုင်စွာ ရိုက်ဆဲဖြစ်သည်။ တော့သာတစ်ပုံ … လင်းလိုက်တဲ့ကင်မရာမီးရောင်ဖြင့် လျှပ်စီးလက် အောက်မှေ့ရလောက်သည်။ တိုးတက်တဲ့ခေတ်မို့လို့ ဖလင်နဲ့ဆို အကျတော်တော် များလိမ့်မည်။

ပြုံးဆိုလို့သာ လိုက်ပြုံးလိုက်ရသည်။ ယခုချိန်ထိ သွားမတိုက် တဲ့ ကိုယ့်အဖြစ် ကိုယ့်ကိုယ်သာသိနေ၍ စိတ်တော့သိပ်မလုံချင်ပါ။ ပုတ်စော်များ နံနေလေမလား။ ခက်ပါ၏။ လူတွေကို ရှောင်ပါတယ် တာမှ မိန်းမချောသုံးယောက်နှင့်သူက လေးပါးသွားကရမည်အဖြစ်။

"ဟို … ကောင်မလေးတွေ အခုချိန်ထိတက်မလာကြသေး ဘူးလား" ကယ်တင်ရှင်အသံပြဲလေး ဖြစ်သည်။

ထိုအသံကြားသည်နှင့် တစ်ပြိုက်နက် ဖနောင့်နှင့်တင်ပါး ပြေးတည်း ပြေးသွားသော ကောင်မလေးသုံးယောက်ကြောင့် စိတ်ညစ် မယ့် ပြုံးလိုက် မိပြန်သည်။

အပေါ်ထပ်မှ တံခါးဖွင့်သံတဝုန်းဝုန်းကြောင့် ရင်ထဲကိန်းအောင်း သော ပဟေဠိများကို အဖြေသိချင်လာသည့်စိတ်ကို ထိန်းမနိုင်၊ မရဖြစ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မပြောမဆို မသိမကျွမ်းဘဲအိမ်ပေါ်တက်ကြည့်ဖို့ကျ
လည်း ကြောင်တောင်တောင်နိုင်လှသည်။ လှေကားထိပ်ရောက်ရောက်
တတ်သော သူ့စိတ်တွေကိုမြန်မြန်ဆွဲချနေရသည်က အလုပ်တစ်
"ဆရာ ... ဆရာ"
ဟော ... ကယ်တင်ရှင် ကိုချစ်ခင်။ ကိုချစ်ခင်ကိုတွေ့ရ
အထဲတွင် ဒီနေ့သည်အပျော်ဆုံးဖြစ်လာမလားပင်။
"အတော်ပဲ ကိုချစ်ခင်ရယ်။ ခင်ဗျားရောက်လာတာနဲ့ အတော
"သိနေတယ်လေ ... သိနေတယ်။ အိမ်ကြီးရှင်ကို ကား
ခန်းထဲမှာ ရိုပ်ခနဲတွေ့လိုက်တည်းက ဆရာ့ရဲ့ ကယ်တင်ရှင်လိုအပ်
ဆိုတာ ချစ်ခင်သိလိုက်ပါတယ် ဆရာရယ်'
"ကဲ ... ဆရာရေ ... အချိန်ရှိတုန်းလေး ချစ်ခင်အလုပ်
သိမ်းလိုက်တော့မယ်"
"နေပါဦးဗျာ။ အတော်ပဲဆိုတာ အထုပ်တွေသိမ်းဖို့ မဟုတ်
ကိုချစ်ခင်ကို အပေါ်ထပ်သွားကြည့်ခိုင်းမလို့"
"ဘာဖြစ်လို့လဲ ဆရာ"
"ပြန်မမေးပါနဲ့ သွားကြည့်လိုက်ပါ။ ဘာဖြစ်တယ် ဘာညာဆို
မြင်ခဲ့သမျှအရာအားလုံး ကျွန်တော့်ကို မခြွင်းမချန်ပြောပြ"
"ဘာလို့လဲ ဆရာ"
"သွားကြည့်ပါဗျာ၊ ကြည့်မှာသာကြည့်စမ်းပါ"
"ဆရာက သွားကြည့်ဆိုတော့လည်း ကြည့်ရတာပေါ့ဗျာ"
လူမနေတာ နှစ်နှစ်ဆယ်နီးပါးလောက်ရှိနေတဲ့အိမ်မှာ ဘာ





ထူးခြားတာရှိနေဦးမှာလဲ။ ပင့်ကူနဲ့ ဖုန်ရှိမှာပေါ့"
"နှစ်နှစ်ဆယ် ဟုတ်လား။ ကိုချစ်ခင် ဒါကို ခင်ဗျား ကျွန်တော့်ကို
ဘာလို့မပြောတာလဲ။ ခင်ဗျားကရော ဘယ်လိုသိနေတာလဲ"
"အကြောင်းမတိုက်ဆိုင်လို့ပေါ့ ဆရာရယ်။ သိတာလည်း မကြာ
သေးဘူး။ လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှပါ"
"ကဲ ... ဒီအကြောင်း ခင်ဗျားနဲ့ကျွန်တော်နောက်မှပဲ ဆွေးနွေး
မယ်။ သွားကြည့်ဗျာ။ တံခါးတွေဖွင့်လို့မပြီးသေးခင် မြန်မြန်သွားကြည့်"
"ဟုတ်ကဲ့ ... ဟုတ်ကဲ့"
အိမ်ပေါ်သို့ ပြေးတက်သွားသော ကိုချစ်ခင်ကို စိတ်မချစွာ
နောက်စိတစ်ဆုံးကြည့်နေမိသည်။
ဖြစ်နိုင်လျှင် သူကိုယ်တိုင်တက်ကြည့်လိုက်ချင်သည်။
ဘယ်သူရှိနေတာလဲ။ သူ့ခိုးဆိုလျှင် ပစ္စည်းပျောက်နေလိမ့်မည်။
အိမ်လခမပေးချင်လို့ တိတ်တဆိတ်နေထိုင်တဲ့ လူဆိုပါကအရိပ်အငွေ့များ
ကျန်ရှိနေလိမ့်မည်။ သူ့ရင်ထဲမတင်မကျဖြစ်နေတာများ အားလုံးမကြာခင်
ရှင်းလင်းသွားမည် ဖြစ်သည်။
အိမ်ကြီးရှင်၏စရိုက်အရ ပစ္စည်းများပျောက်ဆုံးနေလျှင် ငယ်သံ
ပါအောင် အော်ညည်းသံကြားရတော့မည်။ သို့သော် တံခါးဖွင့်သံ တဝုန်း
ဝုန်းမှလွဲ၍ အခြားမည်သည့်အသံမှ မကြားရပေ။
ထိုအခါ အိမ်လခမပေးချင်၍ တိတ်တဆိတ်ခိုးနေသူဖြစ်လိမ့်
မည်ဟုသာ တွေးမိတော့သည်။ ထိုအတွေးဝင်လာသည်နှင့် တစ်ပြိုက်နက်
စိုးရိမ်စိတ်တို့ ကြီးစိုးသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်တက်သွားသော လူအင်အားကိုသူမျက်စိနှင့် တပ်အပ်
မြင်ခဲ့သည်။ မိများမိလို့တော့ ချောင်မည့်ကိစ္စတော့ မဟုတ်ပေ။
ဘာလုပ်ရမလဲ၊ ဘယ်လိုကူညီရမလဲ။

တွေးရင်းပင် သူ့ပစ္စည်းများကောက်သိမ်းလိုက်မိရာ သူ့အဝတ်များ
သည် စွန့်ပစ်အမှိုက်များသာသာ အိတ်ထဲနေရာ ယူသွားပေတော့သည်။



"ဘယ်လို ကိုချစ်ခင် ပင့်ကူတွေပဲ အသိုက်ဖွဲ့နေတယ် ဟုတ်
လား"

ကြားရသောစကားကို သူ့နှုးသူ မယုံချင်တော့ပါ။

"တံခါးတွေတော့ တော်တော်ကောင်းတယ် ဆရာရယ်။
များ သံချေးလုံးဝမတက်ဘူး။ အရင်အိမ်ရှင်တွေက ဆီလိမ်းခဲ့ပုံရ
ယ်ဗျ။ အံ့ဩစရာနော်ဆရာ။ ပင့်ကူမျှင်တွေသာ တိုးမပေါက်နိုင်အောင်
သိုက်ဖွဲ့နေပေမယ့် နံရံတွေကခြလုံးဝမတက်ဘူး။ လူနေနေတဲ့အတိုင်းပဲ"

ကိုချစ်ခင်၏စကားစုက တိုတိုရယ်ပါ။ သို့သော် သူ့ထံမေးခွန်း
တွေကတော့ ထကုန်တယ်။ ဘယ်စကားလုံးက စမေးရမှန်းပင် မသိတော့
ချေ။

"လူနေနေတဲ့အတိုင်း ဟုတ်လား။ ကိုချစ်ခင် ခင်ဗျားကလည်း
ဘာလဲဗျ။ လူနေတဲ့အိမ်က ပင့်ကူမျှင်တိုးမပေါက်အောင် ရှိပါ့မလား။
ပြီးတော့ အရင်အိမ်ရှင်ဆိုတာကရော"

"ဒီလို ဆရာရေ"

ကိုချစ်ခင်က စကားကိုမဆက်ဘဲ ရေကိုမော့သောက် နေပြန်
သည်။ ကိုချစ်ခင်၏ပုံကို သူအသည်းယားမိပါ၏။ ကောင်းခန်းကိုမှရွေးပြီး
ဘိုပြောဖြတ်ထည့်သည့် တီဗီဇာတ်လမ်းများကို မုန်းသလိုမုန်းမိသည်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"လာနေတဲ့ လူတွေကဒီအိမ်ပိုင်ရှင်အစစ်တွေ မဟုတ်ဘူး"

ကိုချစ်ခင်က ရေဘူးကိုချပြီး တံမြက်စည်းကိုဆက်လှည်းကာ ပြောသည်။

"ဒီအိမ်ရှင်ပိုင်ရှင်အစစ်က ခွဲစိတ်အထူးကုဆရာဝန်ကြီးတဲ့ဗျ။ အခု ဒီနိုင်ငံမှာ မရှိဘူး။ နိုင်ငံခြားမှာတဲ့ ဒီအိမ်ကိုစောင့်ရှောက်ပေးဖို့ သူ့ညီကို အပ်ထားခဲ့တာတဲ့ အခုလာနေမှာက အဲဒီညီဆိုတဲ့ ပုဂ္ဂိုလ်ပဲ"

အနည်းငယ် ဇာတ်ရည်လည်စပြုလာသည်။ သို့သော် အဓိက ပွိုင့်ကိုတော့ ထိအောင်မပစ်နိုင်သေးပေ။

"ဖုန်တွေကတော့ ဆရာရေ။ မြင်မကောင်းအောင်ပဲ ချစ်ခင်မှာ အပေါ်ရောက်ရောက်ချင်း လန့်တောင်လန့်ပါတယ်။ တကယ် ဆရာရေ ဆက်တီခုံကြီးတွေကို အဝတ်ဖြူနဲ့အုပ်ထားတာ လူသေတွေငုတ်တုတ်ထိုင်နေတဲ့ အတိုင်းပဲဗျာ။

"အသုံးအဆောင်အားလုံးကို အုပ်ထားတာလား"

"ဟုတ်တယ်ဗျ။ မျက်စိနဲ့တိုက်ရိုက်တွေ့ရမှပဲ ကြားထားတာတွေက ကောလာဟလမဟုတ်မှန်း ချစ်ခင် တကယ်အမှန် ယုံကြည်သွားတော့တယ်"

"ခင်ဗျားက ဘာကြားထားလို့လဲ"

"ဒီအိမ်ပိုင်ရှင်နဲ့ အနောက်တိုင်းဆန်မှုပေါ့ဗျာ။ အရင်ကဒီနေရာ လွင်ထီးခေါင်ပြင်ကြီးလို့ ပြောတယ်ဗျ။ အဲ့ဒီဆရာဝန်ကြီးက သုတေသန လုပ်ဖို့အတွက် လူမနီးတဲ့ဒီနေရာမှာ အိမ်ကောင်းကောင်းဆောက်ပြီး နေခဲ့တာတဲ့။ တချို့က အဲ့ဒီဆရာဝန်ကိုဂေါက်လို့ ပြောကြတာပဲ။ ဆရာ



ကြည့်လေဗျာ။ ဒီလောက်ချမ်းသာပြီး အိမ်ကြီးအိမ်ကောင်းမှာ နေနိုင်တဲ့လူက ဒီလိုချောင်ကလောင်မှာ လူမသိ၊ သူမသိနေစရာလားဗျ။ ဒီမှာ ရူးနေတာပဲဖြစ်ရမယ်။ နိုင်ငံခြားရုပ်ရှင်ကားမှာ နေထိုင်ကြသလို တွေ့ရမှာ၊ လူချင်းသာထပ်ပြီး အိပ်ရင်အိပ်လိုက်မယ်။ လူမနီး၊ သူမနီးတော့ နေနိုင်ပါဘူးဗျာ"

ကိုချစ်ခင်က ပေါ့ပေါ့ပါးပါးပြောနေသော်ငြား သူ့ရင်ထဲအတွေး ထဲက ဝရုပျစ်။

သုတေသနဆိုတာကြီးကို သူ့ရင်ထဲသံသယဖြစ်သွားသည်။

ဆရာဝန်က ဘာကိုသုတေသနပြုတာလဲဆိုတာ ရင်ထဲ မသိုး မသန့် ခံစားရသည်။ ဆရာဝန်ဆိုတဲ့အမျိုးက လူသေများနှင့်နီးစပ်သည်။ သေဆုံးသွားသောလူသည် ကိုယ့်ရုပ်အလောင်းကို ကိုယ်စောင့်ရှောက်လေ့ ရှိသည်ဟု ဝိညာဉ်စာအုပ်များထဲတွင် သူဖတ်ဖူးခဲ့သည်။

သူကြားရသောအပေါ်ထပ်မှအသံသည် ဆရာဝန်၏သုတေသန များ ဆက်စပ်နေမလား။

"ဆရာ ... ဘာတွေတွေးနေတာလဲ။ အိမ်ကြီးရှင်တွေကြောင့် စိတ်ရှုပ်သွားသလား။ အိမ်ပြောင်းချင်ရင်လည်း ပြောနော်။ ချစ်ခင်က အိမ်တစ်လုံးထက် ရှာပေးမယ်"

ပြောင်းလိုစိတ်မရှိပါ။ ဒီအိမ်ကြီးကို သူစိတ်ဝင်စားသည်။

အိမ်ထဲမှ မိန်းကလေးသုံးယောက်ကို မဟုတ်ပါ။ ဆရာဝန်ကြီးရဲ့ သူ၏ သုတေသနလုပ်ငန်းများကို ဖြစ်သည်။

စာရေးသူပီပီ အတွေးများကိုဆင့်ကဲတွေးမိသည်။ ကိုယ်ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ဆေးရည်များ တီထွင်ဖန်တီးမိသလားဟုပင် မဟုတ်မဟပ်တွေးမိပါသေး၏

"ခင်ဗျားပြောတဲ့ အိမ်ရှင်ရဲ့သမီးသုံးယောက်ဆိုတာ အဲဒီ မိန်းကလေး တွေလား"

ပြတင်းဝတွင် ပြူတစ်ပြူတစ်ထွက်ရပ်ပြီး အလုပ်လုပ်ချင်ယောင် ဆောင်ကာ ဟန်ရေးပြနေသောသုံးယောက်ကို ဆိုလိုမှန်းကို ကိုချစ်ခင် သိလိမ့်မည်ဟု ထင်သည်။

"လှတယ်နော် ဆရာ။ မျက်စိအရသာရှိတယ်၊ ကော့နေတဲ့တင်း အောက်က ဖြောင့်နေတဲ့ပေါင်နှစ်လုံးကို ဖွေးနေတာပဲ"

ကိုချစ်ခင်ပြောကာမှ သူမျက်လုံးထဲအလုံးလိုက် အတစ်လိုက်ငေး လိုက်ရသလို ခံစားရ၍ ရှက်သလိုလို၊ ဘာလိုလို ယားကျိ ယားကျိဖြစ် မိသား။

"ခင်ဗျားကလည်းဗျာ ကိုယ့်သားသမီးအရွယ်လေးတွေကို"

"ကဲလိုက်တာဗျာ။ ဟိုကလေးမလေးတွေ ဆရာ့ကိုရှိုးနေတယ်ဗျ"

အမယ် ... အလာကြီးပါလား ကိုချစ်ခင်က ရိုးပုံရိုးလှေ့ဆိုသော် လည်း ငကောင်မလေးတွေနဲ့ ဆက်နွှယ်လိုက်တော့ နှုတ်ဖျားကဝန်းစကား လေး ဘာလေးထွက်လာသား"

"မသင်းသိလို့တော့ ခင်ဗျားနော်က်နေ့ကစပြီး ဒီအိမ်ရိပ်ကိုနင်း တော့မယ် မထင်ဘူး"

မသင်းနှင့် သူက သိပ်မရင်းနှီးသော်လည်း ကိုချစ်ခင်က မသင်းကို ကြောက်ရတယ်ဆိုတာတော့ သူရိပ်မိသည်။

"ဩော် ... မသင်းပြောမှသတိရတယ်။ ဆရာ့အဝတ်တွေ





...နှုတ်ကိုက်ပြီးသား ပါလာတယ်ဗျ။ ဆိုက်ကားပေါ်မှာ ကျန်ခဲ့တယ်"

"ခဏနော် ဆရာ"

ကိုချစ်ခင်က အိမ်ပေါ်မှ လှစ်ခနဲ ပြေးဆင်းသွားပြန်သည်။

အိမ်ကြီးရှင်တွေ ရောက်လာပြီဆိုတော့လည်း ပြောထားတဲ့ အတိုင်း သူကဘေးအိမ်ငယ်လေးတွင် စခန်းချရပြန်တယ်။

အိမ်မကြီးထက် ဤအိမ်လေးကို သူပို၍သဘောတွေ့သည်။ အရေပင်ကြီးက အိမ်ကိုအုပ်မိုးထား၍ အိမ်ထဲတွင်အေးသည်။ လေထုသည် ...သူ့ပင် သန့်ရှင်းလတ်ဆတ်သည်။ သို့သော် မိုးရာသီဆိုရင်တော့ ပိုးမွှား ...နွှရာယ်စိုးရိမ်ရသည်။ သို့သော် ပြဿနာမရှိပေ။ မိန်းမပျိုလေးများ ...သောအိမ်တွင် ခြောက်လထက်သူပို၍ မနေနိုင်ပါ။ ထိုမိန်းမပျိုလေးများ ... သူ့ပရိတ်သတ်လည်းပါနေပြီမို့ သူ့အတွက်အနှောင့်အယှက် ဖြစ်တော့ ...မှာ သေချာလှသည်။

ငှားတဲ့နှံကတော့ ဤအိမ်ငယ်လေးကိုမငှားပါဘူးဟု ယတိပြတ် ...ခဲ့ပြီးမှ ယခုမှပြောင်းနေခွင့်ပြုသော အိမ်ရှင်၏စိတ်ကိုလည်း သူနား ...ည်ပေ။

ဘာတတ်နိုင်မလဲ။ အိမ်ငှားများက အိမ်ရှင်တို့၏ ထားရာနေ၊ ...ရာသွားဘဝ။

"ဆရာ"

"အမယ်လေး ... လန့်တာဗျာ၊ ဘာလဲ"

"ဆရာ အဲဒီသုံးယောက်က အိမ်ရှင်ရဲ့သမီးတွေ မဟုတ်ဘူး"

"ဒါဆို ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်တယ်။ တစ်ဝက်မဟုတ်တာကို ပြောတာဆရာ ရဲ့။ တို ... ပါးမို့မို့ဆိုတဲ့ဆံပင်ဝါဝါနဲ့ မိန်းကလေးတစ်ယောက်ပဲ အိမ်ရှင်၊ ဟိုဟာလေးတွေက ပါးမို့မို့ရဲ့ သူငယ်ချင်းတွေတဲ့"

"တော်ပါသေးရဲ့။ ဒါနဲ့ ခင်ဗျားက ဘယ်လိုသိလာတာလဲ"

"သန့်ရှင်းရေး တစ်ယောက်ကိုမေးခဲ့တာ။ အိမ်ရှင်မှာ သမီးသုံး ယောက် ရှိတယ်တဲ့။ နောက်ထပ်အမြွှာသမီးနှစ်ယောက် ရှိသေးတယ်၊ လင်းရောင်ဖျိုးဖျိုးနဲ့ စိမ်းရောင်စိုစိုတဲ့"

"အံမယ် ... နာမည်ကတော့ ကာရန်အပုံစားလေးတွေပါလား"

"ဆရာ ဒါပြီး ဘာထပ်သိချင်သေးလဲ"

ကိုချစ်ခင်က စုံထောက်တစ်ဦးလေသံနှင့် ပြောလာသောအခါ ကျွဲမြီးတိုချင်တဲ့ သူ့စိတ်ကိုပြန်ပြီး ဆွဲဆန့်လို့မရတော့ပေ။

ငါက သူ့စုံစမ်းပေးမှ သိရတော့မှာလားဆိုတဲ့။

"ရော့ ... ငါးထောင်။ ပြန်တော့ ကျွန်တော်စာဖတ်ဦးမယ်"

ကိုချစ်ခင်က ကြောင်စီစီပင် သူပေးသောငွေကို ယူသည်။

"ချစ်ခင် ဘာအမှားလုပ်မိလို့လဲ ဆရာရယ်"

မျက်နှာလေး ဆီးရှုက်လောက် ကျုံ့သွားသော ကိုချစ်ခင်ကို ရုတ်တရက်ကရုဏာ သက်မိသွားပြန်သည်။ သူလွန်များသွားပြီလား။ သူ ထက်ပင် အနည်းငယ်ကြီးပုံရသော ကိုချစ်ခင်ကိုသူက လေးလေးစားစား ဆက်ဆံသင့်သည်။ ကိုယ်ကခိုင်းသော လူဖြစ်သော်ငြား အသက်အားဖြင့် ကြီးမြတ်သူမို့ သူ့ရှိရှိသေသေ ဆက်ဆံသင့်သည်။

ခုတော့ သူ့လေယူလေသိမ်းက အသက်အား၊ ဉာဏ်အား





အားဖြင့် အရာရာသေးနုပ်သူလို ဆက်ဆံမိလိုက်ပြီ ထင်ပါရဲ့။

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်နားချင်လို့ပါ"

"ဒါများ ဆရာရယ် ပစ္စည်းတွေအကုန်နေထားတာကျဖြစ်ပြီးမှ ...လည်း နောက်မကျသေးပါဘူး။ ခဏနေ ... ချစ်ခင် ဆရာနားဖို့ ...ရာစီစဉ်ပေးမယ်"

အားနာရပြန်သည်။ သာမန်အလုပ်အကျွေး ပြုသူဆိုတာထက် ...ချစ်ခင်က သူ့အပေါ်ရှိသေသမှုနှင့် အလုပ်အကျွေးပြုသူဆိုလျှင်ပဲ မှန်လိမ့် ...။ အားနာသော်လည်း သက်သောင့်သက်သာရှိလှတာမို့ သူမငြင်းမိပေ။

ကိုချစ်ခင်သည် သူပေးထားသော ငါးထောင်တန်ကို ပုဆိုးခါးပုံ ...ညှပ်ပြီး သူထိုင်ရန်ပက်လက်ကုလားထိုင်တစ်လုံး ဖြန့်ခင်းပေးသည်။

"ဆရာ စာဖတ်ချင်ရင် ဖတ်လေဗျာ။ ချစ်ခင်က ဆရာနေလို့ရ ...လောက်လေး သန့်ရှင်းရေးလုပ်ပေးပြီးမှ ပြန်မယ်ဗျ"

ဓမ္မပဒကိုဆွဲယူပြီး ကိုချစ်ခင်ဖြန့်ခင်းပေးသော ပက်လက်ကုလား ...ပေါ်တွင် သူထိုင်လိုက်သည်။

"ကိုချစ်ခင်"

"ဗျာ ... ဆရာ"

အိမ်ပြောင်းရွှေ့တယ်ဆိုတာက လွယ်လှတဲ့ကိစ္စတော့ မဟုတ်ပေ။ ...ပါးလာသော သူ့ပစ္စည်းများကို အိမ်မကြီးမှ အိမ်အသေးလေးဆီသို့ ...ကိုက်တာပင် သုံးနာရီကျော်နေပြီ။ ပစ္စည်းများနေရာချလို့ မပြီးနိုင်ပေ။

အုမိုးပါးဆီမှ ပင့်ကူသွယ်တွေကို တံမြက်စည်းရှည်ကြီးဖြင့် ရမ်းပြီး ...ချစ်ခင်က သူ့ကိုလှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာလို့ ကျွန်တော့်အပေါ်ကောင်းတာလဲ"

"ဆရာရော ဘာလို့ ချစ်ခင်အပေါ်ကောင်းတာလဲ"

"ကောင်းတယ်လို့ မခေါ်ပါဘူးဗျာ။ ကျွန်တော့်စိတ်ထဲမတွေ့ရင် မတွေ့သလို ခင်ဗျားကို အော်လွှတ်တတ်သေးတယ်လေ"

"ဆရာ့ရင်ထဲကပါလို့ ချစ်ခင်ကိုအော်တာမဟုတ်မှန်း ချစ်ခင်သိပါတယ်ဆရာ။ ပညာမတတ်ပေမယ့် ချစ်ခင်ကလူအကဲခတ်တော့ မညံ့ပါဘူး"

ကိုချစ်ခင်က တံမြက်စည်းကိုနံရံတွင် ထောင်ရင်းပြောလာသည်။ ကိုချစ်ခင်က ဖူးခေါင်းဆစ်ခန့် ပုဆိုးကိုပေါင်ရင်းထိ ပြန်ပြင်ဝတ်ကာ ဖျာလိပ်ကိုဖြန့်ပြီး ခုတင်ပေါ်တွင်ခင်းလိုက်သည်။

"ဆရာပဲ စဉ်းစားကြည့်ဆရာရယ်။ ဆရာလိုနိုင်ငံသိပညာတတ်ကြီးနဲ့ ချစ်ခင်လို ဆိုက်ကားသမားက ခင်မင်ဖို့ဆိုတာလွယ်တဲ့ကိစ္စမဟုတ်တာ"

ကိုချစ်ခင်က ထိုသို့ပြောလာပြန်တော့လည်း သူ့ခြေထောက်ပေါ်က ကြမ်းခင်းနှင့် ကွာချင်ချင်ဖြစ်လာသည်။

"သာမန်လူတစ်ယောက်ကတောင် ချစ်ခင်လိုအခြေခံလူတန်းစား ကူလီသမားကိုအဖက်လုပ်ပြီး အရေးတစိုက်ပြောချင်တာ မဟုတ်ဘူး ဆရာရဲ့။ ချစ်ခင်တို့က လည်ပင်းမှာအလုပ်သမားပါလို့ စာမကပ်ထားပေမယ့် အလုပ်သမားပါဆရာရယ်။ အလုပ်ရှင်နဲ့ အလုပ်သမားကြားဆက်ဆံရေးမျိုးမှာ ဆရာက အယဉ်ကျေးဆုံးပါပဲဗျာ။ ဆရာ့နားခစားရတဲ့အတွက် ချစ်ခင် ပီတိဖြစ်ရပါတယ်။ ဆရာပြောသမျှ ဇာတ်လမ်းတွေကိုနားထောင်ရတာလည်း ချစ်ခင်ပီတိ ဖြစ်ရပါတယ်။ ဆရာက ငွေပေးတော့လည်း





သူ့တာပေါ့။ မပေးတော့လည်း ဘာအရေးလည်း ဆရာရယ်။ ချစ်ခင်ကို ခင်ခင်မင်မင်ပေး တာနဲ့တင် ချစ်ခင်ကျေဖြစ်ကျိုးနပ်ပါပြီ ဆရာရယ်"

ကိုချစ်ခင်က ကွမ်းမြုံထားသောခံတွင်းနှင့် မြုံစိစိပြောသော်လည်း ၎င်းစကားလုံးများသည် သူ့ရင်ကိုလှုပ်ခတ်သွားစေသည်။

"ကဲ ... ဆရာရေ အိပ်မယ်ဆိုရင်တော့ အိပ်လို့ရပြီဗျ။ ဆရာညအိပ်ပျော်ရဲ့လား။ ဆရာ့ပုံကြည့်ရတာ အိပ်မပျော်သလိုပဲ၊ မျက်ကွင်းတွေ ချောင်ကျနေတယ်"

"ခင်ဗျား ပြောသလိုပဲ။ သိပ်မပျော်ချင်ဘူးဗျ"

"ဘာလို့လဲ ဆရာ"

"အပေါ်ထပ်ကနေ ခြေသံကြားရတယ်"

"ဗျာ"

ကိုချစ်ခင်၏ စကားများကို နားထောင်ရင်း စိတ်လွတ်သွားကာ စကားကိုလွှယ်လွှယ်ပြောချလိုက်မိကာမှ မှားသွားမှန်းသိသွားသည်။ နဂိုကတည်းက စပ်စုတတ်သော ကိုချစ်ခင်က ရပ်ကွက်ထဲ ဖွလိုက်မှဖြင့်ဆိုတာနှင့် စိုးရိမ်စိတ်ဝင်လာသည်။

"ဗျာ ... ဆရာ၊ အပေါ်ထပ်ကနေ ခြေသံကြားရတယ် ဟုတ်လား။ ဒါဆိုရင်တော့ ဟုတ်နေပါပြီ ဆရာရယ်။ ဟုတ်ပါပြီ"

"ဘာကို ဟုတ်တာလဲ"

"ဒီလို ဆရာ။ ဒီအိမ်ကြီးမှာ ဥစ္စာစောင့်ရှိတယ်လို့ ပြောကြတယ်"

"ဗျာ"

ဒီတစ်ကြိမ် အံ့ဩသွားသူက သူဖြစ်သည်။ တစ်ခါတစ်ရံ ကော



www.burmeseclassic.com

www.burmeseclassic.com



လာဟာလတွေကိုလည်း လျစ်လျူရှု၍မရမှန်း သူသိသည်။ ကောလာဟာ ဆိုတာမျိုးက သတိပေးချက်ဟု အဓိပ္ပာယ်ဖွင့်လို့ရသလို ဖြစ်နိုင်ချေဟုလည်း ယူဆတွေးခေါ်နိုင်သည်။

"ဟုတ်တယ် ဆရာ။ ချစ်ခင်တို့ဒီရပ်ကွက်ထဲ ပြောင်းလာခါ ဒီအိမ်ကြီးရဲ့ ဝရန်တာမှ ချစ်ခင် မိန်းကလေးတစ်ယောက်ကို တွေ့ဖူးတယ်"

"နေ့လား၊ ညလား"

"ညပေါ့ဗျာ။ ဆိုက်ကားရပ်ပြီး ခြံရှေ့သေးပေါက်မယ်ကြံ ရှိသေး။ အမယ်လေးဗျာ ... ချစ်ခင်ကိုစိုက်ကြည့်နေတာများ ဆရာ တွေးရင်း ကြက်သီးထပါတယ်"

"ခင်ဗျား ရေချိန်ကိုက်လာလို့ နေမှာပေါ့ဗျာ"

"မဟုတ်ရပါဘူး ဆရာရယ်။ ချစ်ခင်သောက်လာတာက တစ်ခွ တည်းပါ။ တစ်ခွက်မပြောနဲ့ ဆရာရယ်၊ တစ်ချိုးကုန်တောင် ချစ်ခင်တို့ ဆိုက်ကားကို လူ၁၀ယောက်တင်ပြီး နင်းနိုင်ပါတယ်။ အခုက ချစ် တစ်ယောက်တည်းမြင်တာ မဟုတ်ဘူးဗျ။ ချစ်ခင်ရဲ့ရောင်းရင်းအောင်တို့ ရန်အောင်တို့ပါ မြင်တာဗျ။ အဲ ... ဒါပေမဲ့ မမြင်တာကြာပြီ။ ဆရာက ခြေသံကြားရတယ်ဆိုတော့ အိမ်ထဲများပြောင်းသွားတာ မသိဘူး"

နားထောင်ရင်းနှင့် စကားလုံးက အဖျားရှူးသွားသည်။

သို့သော် မြင်ရသောမိန်းကလေးဆိုတာတော့ သူ့ရင်ထဲ ပ ဖြစ် ကျန်ရစ်ခဲ့သည်။

ကိုချစ်ခင်ပြန်သွားချိန်ထိ မိန်းကလေးဆိုသူက သူ့ရင်ထဲစွဲကျ





ဖြစ်သည်။ ဓမ္မပဒကိုပင် ရင်ခွင်ထဲဖိကပ် ထားမိသည်။

"ဘယ်သူလဲ၊ ဥစ္စာစောင့်ဆိုသူကား ဘယ်သူလဲ"

ကိုချစ်ခင်က ပုံပြောတတ်သူမဟုတ်မှန်း သိသည်။ ပြီးနောက် သူကြားခဲ့ရသောခြေသံ။

တစ်ခုခုတော့ တစ်ခုခုပဲဆိုတာကို ခန့်မှန်းမိသည်။ သို့သော် အစ်မြစ်ကိုမသိ၍ စိတ်ကူးယဉ်ဖို့တော့ ခက်ခဲနေသည်။ ခွဲစိတ်ဆရာဝန် ကြီးရဲ့ သုတေသနနဲ့များ ဆက်စပ်နေသလား။ ခွဲစိတ်ဆရာဝန်ကြီးက ဒီအိမ်မှာ ဘာတွေလုပ်သွားသလဲ။ ဘာကြောင့် နှစ်ပေါင်းနှစ်ဆယ်ကြာ အောင် အိမ်ကြီးကို သော့ပိတ်သွားရတာလဲ။

သူ့ခေါင်းထဲအတွေးတွေက သို့လော သို့လောနှင့် အာရုံတွေ ဝေဝါးကုန်သည်။

ထိုအာရုံများကိုရှင်းရန်အတွက် လက်ကျန်အရက်ကိုခွက်ထဲ ငှဲ့လိုက်သည်။ ဆိတ်သားခြောက်ကြော်ကလည်း တစ်ချောင်းတလေတောင် ကျန်တော့သည်မို့ ရေတ်သီးစပ်သော အာလူးကြော်ထုပ်ကိုသာဖောက်ပြီး အရက်နှစ်ခွက်နှင့် မြည်းလိုက်သည်။

ဗိုက်ထဲ အရက်လေးဝင်သွားကာမှ သွေးလေတွေလှုပ်ရှားလာ သလားဟု ထင်ရသည်။

လေထုကလည်း အထူးပင်သင်းပျံ့နေသည်။ ထို့ကြောင့် ရီဝေဝေ ချက်လုံးကို အနားပေးရန်ကုလားထိုင်ပေါ် မှီချလိုက်ပြန်သည်။

သို့သော် နှလုံးသားက လွမ်းလို့ ကောင်းနေလေ၏။

ညှို့ပြာရောင်။



www.burmeseclassic.com

www.burmeseclassic.com



သူမှုးသောအချိန်တိုင်း သူ့အတွေးထဲအလည်လာတတ်သူက သူ့ရှင်မကြီး ညိုပြာရောင်။ သစ္စာတရားကို ရင်နှင့်သားကိုမွေ့ချီထားပါ့မယ်ဆိုကတိတွေ အထပ်ထပ်ပေးပြီးကာမှ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်၏ ဇနီးလုပ်သွားသူ၊ ချစ်လှစွာသော သူ၏အချစ်ဦး။ ညိုပြာရောင်၊ နီရဲသော ကတ္တီပါခင်းပြင်ပေါ် တစ်ပါးသူလက်ကိုခိုတွဲပြီး ခပ်ပြုံးပြုံးလေးသူ့ကို ကျောခိုင်းသွားနိုင်သူ။

သူ့ရင်ထဲ နာကျင်သည်။ သို့သော် ချစ်သည်။

သူကတော့ ချစ်လိုက်ရတာ၊ ညိုပြာရောင်ကတော့ သူ့အသည်းကို ခွဲရက်နိုင်လေခြင်း။ မေ့လိုက်တော့တဲ့၊ စကားလုံးလေးသုံးလုံးနဲ့ သူ့ရင်ဘတ်ကို အစိမ်းလိုက်ခွဲသွားသူ၊ အိမ်ကသဘောတူသူနဲ့ လက်ထပ်တော့မယ်တဲ့ ခပ်ဟောင်းဟောင်း သီချင်းလေးတစ်ပုဒ် နားထောင်ရသလိုပါပဲ။ သတိမရချင်တော့ပါ၊ မလွမ်းချင်တော့ပါ၊ သို့သော် သူ့ရင်ထဲကဝေဒနာသည် ယခုတိုင် ဆိုးဆိုးဝါးဝါး ခံစားနေရဆဲဖြစ်၏။ ဆယ်နှစ်ကျော်ကြာသွားပြီဖြစ်ပေမယ့် အသည်းကွဲခဲ့သည်က မနေ့တစ်နေ့ကလိုလို။ ရင်ဘတ်တွေက နာလို့ကောင်းဆဲဖြစ်၏။ ထို့ကြောင့် နာကျင်မှုကိုကုစားရန် ပုလင်းထဲမှ အရက်လက်ကျန်ကို ဖန်ခွက်ထဲငှဲ့လိုက်ပြန်သည်။ ယခုတော့ သုံးခွက်မြောက်၊ ပူခနဲလည်ချောင်းထဲ ဆင်းသွားခြင်းနှင့်အတူ အမြင်တွေက ဝေဝါးစပြုလာသည်။ ဖတ်လက်စမှုပဒကို ဆွဲယူနေသော်လည်း ခုံကိုသာ စမ်းမိနေသည်။ ဘာကြောင့် ဒီလောက်တောင် မူးသွားရပါလိမ့်။ ခါတိုင်း အရက်တစ်ချိုးသောက်ရင်တောင် ဘယ်လိုမှမနေဘဲနဲ့ အခုတော့သုံးခွက်လောက်နှင့် ကောင်းကင်နှင့်မြေကြီးကို သဲသဲကွဲကွဲမမြင်နိုင်တော့ပေ။





…နေပြီထင်ပါရဲ့။ ပြတင်းများဖွင့်ထားသောကြောင့် လေကအခန်းထဲသို့ …တိုးဝင်လာသည်။ တိုက်ခတ်လာသော ထိုလေထုထဲမှ ခရေရနံ့ကို …ကိုက်မိသည်။ ခရေပန်းတွေပွင့်နေပြီထင်ပါရဲ့ ခရေရနံ့လေး ရှူမိတော့ …ကို သတိလေးရမိသား။

တစ်ချိန်ကသူနှင့် ညိုပြာရောင်တို့ခရေပင်လမ်းထဲ လက်ချင်းတွဲ… သွားလာဖူးကြသည်။ ထိုအချိန် ညိုပြာရောင်နှုတ်မှ ဖွဖွပြောခဲ့သည်။

"မောင့်ကို ချစ်တယ်" တဲ့၊ ရှူးလောက်အောင် ကြည်နူးခဲ့တဲ့ …ကားစုပေါ့၊ နောက်တော့ မေ့လိုက်တော့ဆိုတဲ့ စကားစုအောက်တွင် …ပြာရောင်အချစ်တွေကို ဘယ်မှာသွားရှာလို့ ရှာရမှန်းပင် မသိတော့ပေ။

ညိုပြာရောင်ကတော့ တစ်ပါးသူရင်ခွင်ထဲဘဝသစ်နှင့် ပျော်နေ…ောက်မှာ မှန်သော်လည်း သူကတော့ အရက်သံသရာထဲ နေ့မှန်းမသိ …မှန်းမသိ။ ညိုပြာရောင်သာ ကလေးယူခဲ့မယ်ဆို ယခုချိန်တွင် ကလေးက …နှယ်ရောက်လောက်ရောပေါ့။ ထိုအတွေးက အရက်တစ်ခွက် …ည်ချောင်းထဲ ဝင်သွားစေပြန်သည်။

"နှီ …နှီ … နှီ"

လေသံနှင့်အတူ လေချွန်သံအချို့ကိုပါ ကြားလိုက်ရသည်။

ဘယ်သူလဲ၊ ကိုချစ်ခင်လား။ မဖြစ်နိုင်ပါ။ မသင်းက ဒီလို …ချုပ်ချုပ် အချိန်တွင် ကိုချစ်ခင်ကိုအပြင်လွှတ်ထော့မည့် မိန်းမမျိုး …တ်ပေ။

ဘယ်အချိန် ရှိနေပြီလဲ၊ စားပွဲတင်နာရီကို မြူးမြူးကြည့်လိုက် …သော်လည်း လက်တံအတိုအရှည်ကို ကွဲကွဲပြားပြား မမြင်ရချေ။



www.burmeseclassic.com

www.burmeseclassic.com



သူကုလားထိုင်ပေါ် အိပ်ပျော်သွားခဲ့သည်ထင်ပါရဲ့၊ ပတ်ဝန်း
တစ်ခုလုံး ပိန်းပိတ်အောင်မှောင်နေပြီ ဖြစ်သည်။

အိမ်မကြီးဆီမှ သန့်ရှင်းရေးအဖွဲ့က ဘယ်အချိန်ပြန်သွားမှန်း
သူမသိလိုက်ပါချေ။ နံရံမှ မီးခလုတ်ကို စမ်းသပ် ကထိလိုက်သည်
သို့သော် မလင်းချေ။ ဟုတ်သားပဲ၊ ကိုချစ်ခင်ကို မီးခလုတ်မှ မစစ်ခိုင်းလိုက်
မိတာ။

"ရပါတယ်၊ တစ်ညတစ်လေလည်း ဖြိုးသလစ် ဖြစ်သလိုပေ

ထိုင်ရာမှ ထရပ်လိုက်သော်လည်း ပုခက်လွှဲလိုက်သလို ယိမ်း
ထိုးသွားပြန်သည်၊ အမူးရှိန် မသေသေးပေ။

သို့သော် သိစိတ်ကကပ်နေသောကြောင့် ပေါက်တော
ဝင်မှုဖြစ်ပေလိမ့်မည်။ အိပ်ရာထဲစီးသွားပါက ကိုချစ်ခင်ရှေ့အရှက်ရ
မည်။

လမိုက်ညဖြစ်သောကြောင့် အလင်းရောင်ဆို မြူတစ်မှုန်မျှ
ထို့ကြောင့် ဖုန်းကိုစမ်းသည်။ သို့သော် တစ်နေကုန်အားသွင်းမထား
ကြောင့် ဘက်ထရီကအနီရောင်ပြနေသည်။ သို့သော် မချွတာနိုင်
ဖုန်းမီးကိုအားပြုရင်း အိမ်အပေါ်ထပ်မှဆင်းလာသည်။

"ရှပ် … ရှပ်လွှတ်"

သစ်ရွက်ခြောက်များကို နင်းခြေလိုက်သောအသံတစ်ခု၊
ငြိမ်သက်စွာ ရပ်ပြီးနားထောင်သည်။

"ရှပ်"

ခြေသံသည် ထပ်ထွက်မလာတော့ချေ။





ခြေသံကိုအာရုံပြုနားထောင်ရင်း အရက်သုံးခွက်က ဘယ်နှံကြား
ည့်သွားမှန်း မသိတော့ပေ။ အာရုံတွေကအတူးကြည်လင် လန်းဆန်းသွား
သည်။

"ဟီး … အီး … အီး"

ထပ်ပြီးကြားလိုက်ရတာ ညည်းသံတစ်ခု၊ ဝေဒနာပြင်းပြင်းကို
ခံစားနေရသောကြောင့် မချိမဆန့်ညည်းညူသံ။

"အသံက ဘယ်ကလာတာလဲ"

"အီး … ဟီး … ဟီး"

ခရေပင်ကြီးအောက်မှ ဖြစ်သည်။ သူ့ထံတွင်စဉ်းစားချိန်များ
ရှိပေ။ ပဟေဠိကို အဖြေရှာရလိမ့်မည်။

ထို့ကြောင့် သုံးလက်စပျဉ်ချောင်းတစ်ချောင်းကို ဆွဲယူပြီးငါးထစ်
နှသော လှေကားထစ်ကို ခမ်းဖွဖွခြေလှမ်းများနှင့် လျှောဆင်းသည်။

"ဘယ်သူလဲ"

သူက အသံပြုလိုက်သောအခါ ညည်းသံသည်တိတ်ဆိတ်သွား
သည်။ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။

ဘယ်သူလဲ သူကြားရသောအသံက လူတစ်ဦးဦးရဲ့ အစောင့်
တစ်ဦးဦးရဲ့အသံလား။ ဒါမှမဟုတ် ကိုချစ်ခင်ပြောသွားသလို ဥစ္စာစောင့်
တစ်ဦးဦးရဲ့ အသံလား။ မဖြစ်နိုင်ပါ၊ စာရေးသူများ၏ စိတ်ကူးယဉ်ဇာတ်
လမ်းများကို တကယ်ရှိပါတယ်ဟု မယုံသင့်ပေ။ သရဲဆိုတာကို သူ
အယုံအကြည် မရှိချေ။ စာရေးဆရာများသည် ဘယာနကရသကို
ဖော်ဆောင်လိုခြင်းအလို့ငှာ သရဲနှင့်စုန်း ဇာတ်ရုပ်များကို ဖန်တီးရေးသား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်ဆိုတာ သူ့အသိဖြစ်သည်။ သရဲဝတ္ထုရေးသော သူ့မိတ်ဆွေစာရေးဆရာများကိုပင် သရဲစတိုင်လ်အတွက် အကြံအဉာဏ်များ သူကိုယ်တိုင်ပေးခဲ့ဖူးသည်။ ထို့ကြောင့် ဥစ္စာစောင့်ဆိုတာကို သူလုံးဝအယုံအကြည်မရှိချေ။

"အီး ... ဟီး ... ဟီး"

အသံသည်သူနှင့်ပို၍ နီးကပ်လာပြီဖြစ်သည်။ နီးကပ်လာသည်နှင့်အမျှ ဝေဝေဝါးဝါးကြားနေရသောအသံသည် ပီပီပြင်ပြင်ဖြစ်လာသည်။

နာကျင်၍အော်ညည်းသံမျိုး မဟုတ်ပေ။ ငိုသံဖြစ်သည်၊ ပို၍တိတိကျကျပြောရပါလျှင် မိန်းကလေးတစ်ယောက် ငိုနေသောအသံ။

ခြေသံမကြားရအောင် ခပ်ဖွဖွနင်းပြီးခရေပင်ကြီးအနီးသို့ တိုးကပ်လာသည်။

အသံနှင့်နီးကပ်လာလေ၊ စိတ်တွေက ကတုန်ကယင်ဖြစ်လာလေသူ့ခြေလှမ်းများပင်မှ မမှန်ချင်တော့ပေ။ ဘာဖြစ်လို့များ အဲဒီလောက်ငိုကြွေးနေရတာလဲ။ ဘာဒုက္ခတွေဖြစ်နေလို့လဲ။

ဖုန်းမီးကို ပိတ်လိုက်သည်။

"အီး ... ဟီး ... ဟီး"

အသံသည် ခရေပင်နောက်ကွယ်မှ ဖြစ်၏။ အသံပိုင်ရှင်နှင့်မျက်နှာချင်းဆိုင်ရပ်မိသောအခါမှ ဖုန်းမီးကိုဖွင့်လိုက်ပါက အသံပိုင်ရှင်ထွက် မပြေးနိုင်လောက်တော့ဘူးဟု ထင်သည်။

ဒီမိန်းကလေးပဲ ဖြစ်ရမည်။ သူကြားကြားနေရတဲ့ အသံပိုင်ရှင်အပေါ်ထပ်မှ ပုဂ္ဂိုလ်သည် ဒီမိန်းကလေးပဲ ဖြစ်ရမည်ဆိုတာ သူတစ်ထစ်ချ



ကြည့်မိသည်။

ရုန်သူက မိန်းကလေးဆိုသော်ငြား သူယောကျ်ားဖြစ်ပါလျက်နှင့်ရင်ဆိုင်ရန် မဝံ့မရဲဖြစ်ရပြန်သည်။ လေအဝှေ့၌ ဖျန်းဖျန်းထသွားသောကြက်သီးမွေးညင်းများက သူ့စိတ်ကိုချောက်ချားစေ၏။ သို့သော် ယောကျ်ားမာန်ကို အရင်းပြုကာ ရှိရှိသောသတ္တိတို့စုပြီး အသံရှင်ရှေ့မှားမားမတ်မတ်ရပ်ကာ ဖုန်းမီးကိုဘွားခနဲ ဖွင့်လိုက်သည်။

"ဟင်"

အံ့အားသင့်သွားသည်။ ကြားရသောအသံများက ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားသည်။ လူဟုထင်ထားပါလျက်နှင့် သစ်ပင်လုံးကြီးသော ဖုန်းမီးအလင်းရောင် ကျရောက်နေသည်။ ဘယ်ရောက်သွားပါလိမ့်။ ငိုလိုက်တဲ့မိန်းကလေး လေအဟုန်လိုမြန်နေသောလူကို အသက်သုံးဆယ်ကျော်ဆိုသော သက်တမ်းတစ်လျှောက် သူမကြုံဖူးပါချေ။

"ဘယ်ရောက်သွားပါလိမ့်"

ဖုန်းမီးကိုအားပြုပြီး ပတ်ဝန်းကျင်သို့တောင်စဉ်မရေရာ လှမ်းကြည့်သောအခါ မြူမြူအရိပ်သဏ္ဌာန်တစ်ခု။

"ဟင် ... ဟိုမှာ"

ဒီတစ်ခါတော့ သူ အလျှော့မပေးချင်တော့ပါ။ အရိပ်ပြရင်အကောင်မြင်တတ်သည့် သူ့ဗီဇအရ မိန်းကလေးဆိုတာ တပ်အပ်သိနေသည်။ သို့သော် ရုပ်ရည်ကိုမြင်ဖို့အတွက်တော့ ညသည် မှောင်လွန်းနေသည်ဟု ထင်သည်။

"ဟေ့ ... ဟေ့ ... မင်းဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်မကြီးဆီသို့ အားသွန်ပြေးနေသော မိန်းကလေးနောက်သို့ သူအားရှိ အားကုန်ပြေးလိုက်မိသည်။

"ဟေ့ ... ဟေ့"

သူအော်လိုက်သောအခါ မိန်းကလေးကရပ်သွားသည်။ ပြီးနောက် သူ့ထံလှည့်ကြည့်၏။

"ဟင်"

သူမှင်တက်သွားသည်။ ထို့ကြောင့် ပြေးလက်စခြေလှမ်းများက အမှားမှားအယွင်းယွင်း ဖြစ်သွားကာ၊

"အမယ်လေး"

အုတ်နီခဲကို မမြင်နိုင်တော့ပါပဲ။ ဟပ်ထိုးလဲသွား၏။ သူ့စိတ်များ ပျံ့လွင့်နေသည်၊ မြေပြင်သို့ကျရန် စက္ကန့်ပိုင်းမျှသာ ကြာမည်ဆိုသော်လည်း ယခုတော့ အမြင့်မှပြုတ်ကျသွားသလို ခံစားရသည်။ ရင်ထဲယားခံ ဖြစ်သွားပြီး တစ်ခုခုကိုဖမ်းဆုပ်မိသည်။ သို့သော် သူ့လက်များက ဖင်အား ချည့်နဲ့နေ၏။ သူပြုတ်ကျတော့မည်။ သူသည် အမြင့်မှ ပြုတ်ကျတော့မည် ဖြစ်သည်။

"ဆရာ ... ဆရာ"

ကိုချစ်ခင်၏ အသံ။

"ဆရာ ... ဆရာ"

ခေါ်သံကို ပီပီသသကြားလိုက်ရ၏။ သူတစ်ခုခုကို ဖမ်းဆုပ်လိုက် မိသည်။ ဖတ်လက်စမေ့ပဒေသာအုပ်။

"ဆရာ ... ဆရာ ဘာတွေပြောနေတာလဲ"



"အဲ ... အင်း"

အိပ်မှုန်စုန်ဝါးနှင့် ကိုချစ်ခင်ကိုသာ ပြူးကြောင်ကြောင် ကြည့်နေ သည်။ ကိုချစ်ခင်၏ မေးခွန်းကိုမဖြေခင်မှာပင် မြင်လိုက်ရသောမျက်နှာ ကို အာရုံထဲပုံဖော်နေမိသည်။

"ဆရာ ဘာဖြစ်လို့လဲ။ ဘာလို့ချစ်ခင်ကို ပေတေပြီးကြည့်နေရ တာလဲ"

သူ မဖြေပေ။ ကုလားထိုင်မှထပြီး ဘောပင်နှင့်စာရွက်ကို ဆွဲလိုက်သည်။ ပြီးနောက် အိပ်မက်ထဲမှအကြောင်းအရာများကို တစ်လုံး ကျန် ချရေးသည်။ ချမရေး၍လည်း မဖြစ်ပေ။ အိပ်မက်သည် ထူးဆန်း သည် ဆိုသော်ငြား မှတ်ဉာဏ်ထဲ ကြာကြာစွဲလေ့မရှိပေ။ မသိစိတ်မှ မြင်လိုက်သည်များကို သိစိတ်နှင့် ပေါင်းကူးပေးချင်လှသည်။

"ဆရာ မနေ့က အဲဒီမှာအိပ်ပျော်သွားတယ် ထင်တာယ်။ ဂုတ်တွေ နာနေပါဦးမယ် ဆရာရယ်။ အဲဒီလိုဖြစ်သလိုတော့ မနေပါနဲ့။ ချစ်ခင်တို့ သေသွားရင် ကမ္ဘာကြီးက ဝန်ထုပ်ဝန်ပိုးလျော့ပေမယ့် ဆရာသေသွားရင် တော့ လောကကြီးအတွက် နစ်နာတယ်ဗျ။ အနေအထိုင်ဆင်ခြင်မှပေါ့ဗျာ"

ကိုချစ်ခင်က ထုံးစံအတိုင်းပင် မုန့်ဟင်းခါးကိုကြွပ်ကြွပ်အိတ်ထဲမှ ပန်းကန်ထဲသို့ ပြောင်းထည့်ရင်း ဆိုသည်။

"ဆရာ့မှာ မိဘတွေ ဘာတွေရော မရှိဘူးလား"

ကိုချစ်ခင်က မဝံ့မရဲပြောပြီး သူ့ရှေ့သို့မုန့်ဟင်းခါး ပန်းကန်ချပေး သည်။

အမှန်က သူကိုယ်ရေးကိုယ်တာ ကိစ္စများကို အခြားသူအား



www.burmeseclassic.com

ဖွင့်ပြောပြဖို့ သူဝါသနာမပါချေ။ သို့သော် ကိုချစ်ခင်သည် ရိုးသားမှု သူ့နှလုံးသား သိနေ၏။ ပြီးနောက်ခင်မင်တာကြာပြီး သံယောဇဉ်ဖြစ် တော့မှ မဝှံမရဲမေးရှာသူ။

ထိုမေးခွန်းအတွက် သူဥပက္ခာမပြုနိုင်ပေ။

"အမေတော့ ရှိတယ်"

"ဆရာ့အမေတော့ ဆရာ့ကိုစိတ်ပူနေမှာပဲ"

"အမေက တရားရိပ်သာမှာပါ"

ကိုချစ်ခင်ထံမှ အသံတိတ်တိတ်ဆိတ်သွားသည်။ ကိုချစ်ခင်ထံတွင် မေးခွန်းတွေတစ်ပုံကြီးရှိနေမှန်း သူသိ၏။ သို့သော် ဆက်ပြောချင်စိတ် သောကြောင့် မသိချင်ယောင်ဆောင်နေမိသည်။ ကိုချစ်ခင်ကလည်း အလိုက်တသိမေးမလာတော့ပေ။ သို့သော် တစ်နေ့နေ့တော့ မေးခွန်း စက်သေနတ်ပစ်သလို ရောက်လာဦးမည်မို့ ရှောင်လွှဲရန်ကြိုတင်စဉ်း ထားရပေလိမ့်မည်။

"ရေတ်ကောင်း မုန့်ဟင်းခါးပဲ။ ကောင်းတယ် ဘယ်ကအလှူခံ တာလဲ"

"အလှူမဟုတ်ပါဘူးဗျာ။ ချစ်ခင်မိန်းမ မမသင်းကိုယ်တိုင်ချက် လက်ရာပါဗျာ"

"ခင်ဗျား မိန်းမကိုမုန့်ဟင်းခါး ချက်ရောင်းခိုင်းပါလား။ လက်ရာ နာမည်ရနိုင်တယ်ဗျ"

"တော်ပါပြီ ဆရာရယ်။ ချစ်ခင်ခါးရိုးကျိုးရင် ကျိုးပါစေ၊ မမသင် ကိုတော့ မခိုင်းပါဘူး"





ကိုချစ်ခင်ကို လေးစားစိတ်များဖြစ်ပေါ်လာမိသည်။ ထို့ကြောင့်ပင် လက်စမုန့်ဟင်းခါးကို အပြီးသတ်လိုက်၏။

"ခင်ဗျားနဲ့ မမသင်းက ချစ်ကြိုက်လို့ လက်ထပ်ခဲ့ကြတာလား"

"မဟုတ်ပါဘူး ဆရာရယ်၊ ဖူးစာဗျ။ ချစ်ခင်တို့အကြောင်း ပြောရေးရင် တစ်ပုဒ်ရလိမ့်မယ် ဆရာရယ်။ ဖြစ်ပုံက ဒီလိုဗျ"

စာရေးဆရာနှင့်တွေ့ပါက အိတ်သွန်ဖာမှောက် ပြောပြလေ့ရှိ သော ဘဝဇာတ်ကြောင်းကို မရိုးနိုင်အောင် နားထောင်ပေးရပြန်သည်။ ခြားလူတွေလို ကိုချစ်ခင်ကလည်း ဘဝဇာတ်ကြောင်းကိုဟုတ်တာရော၊ ဟုတ်တာရော နားထောင်ကောင်းအောင် ပြောလေတော့၏။

ဇာတ်လမ်းက ခပ်ရိုးရိုးပင်။ သူငယ်ချင်း၏ ချစ်သူမသင်းကို သူငယ်ချင်းနှင့် ချိတ်ပေးရင်း အောင်သွယ်မတော်၍ အောင်သွယ်လျော်ရ သည့်အဖြစ်။

"ကိုချစ်ခင်မှာရော ချစ်ရမယ့်လူလေး ဘာလေး မရှိဘူးလား"

"အို ... ဆရာရယ်။ ရှိတာပေါ့။ မမသင်းကိုတော့ ပြန်မပြောရ ဘူးနော် ဆရာ"

နဂိုကမှပြောချင်ပါတယ်ဆိုတဲ့လူကို စကားလမ်းကြောင်း ဖွင့်ပေး လိုက်မိသည်။ ကိုချစ်ခင်သည် ပါးစပ်ထဲမှမြုံလက်စကွမ်းယာကို ထွေးထုတ် ကာ သူ့ရှေ့ငုတ်တုတ်ထိုင်ပြီး အပြောခန်းစတင်လေတော့၏။

ကိုချစ်ခင်၏ ဇာတ်လမ်းလေးသည် အနည်းငယ်ရိုးမန့်ဆန်သည်။ သူတစ်ဖက်သတ်စိတ်ဝင်စားခဲ့သော မိန်းကလေး၏နာမည်ကိုလည်းမသိ၊ ဘယ်ကလာလို့ ဘယ်သွားရမှန်းလည်းမသိတဲ့ မြူမြူစင်စင်လေး ငန်းကြော

www.burmeseclassic.com



ထမိခြင်းသာ ဖြစ်သည်။

မနက်တိုင်းရုံးတက်ဖို့အသွားကို ချစ်ခင်တို့ဆိုက်ကားဂိတ်မှ ဖြတ်ပြီး ညနေတိုင်း ငါးနာရီဆိုပြန်လာလေ့ရှိသည်။ ရုံးစာရေးမလေးနေမထိသော အသားအရေမှာ ဖြူဝင်းနေလိမ့်မည်ဟု စိတ်ထဲမှန်းကြည့်သည်။ ကိုချစ်ခင်က သိမ်ငယ်ရှာလေမပေါ့။ မိမိကအလုပ်ကြမ်းသမားကိုး

"နောင်တရမိပါတယ် ဆရာရယ်။ ကျွန်တော့်အဖြစ်က စင်ရောက်ခင် မြားကျန်နေတဲ့စစ်သူကြီးတစ်ယောက်ရဲ့ အဖြစ်မျိုးဗျ။ သူနာမည်လေး သိခဲ့ရင်လည်း၊ နေညိုလို့ တစ်ခွက် တစ်ဖလားလေးသောက်မိရင်လွမ်းစရာလေးရှိသား။ ခုတော့ လွမ်းစရာရည်းစားလေးတောင်မရှိ"

"ခင်ဗျား စကားကအဆန်းပါလား ကိုချစ်ခင်ရ။ ရည်းစားဦးဆိုတာ လွမ်းဖို့ပဲ ထားကြသလိုလိုနဲ့"

"ကိုယ့်ဆရာရယ် ချစ်တိုင်းမညား၊ ညားတိုင်းလည်းမချစ်ဆိုတဲ့မြန်မာဆိုရိုးရှိသား ဆရာရယ်၊ ညားတိုင်းမချစ်ကြပေမယ့် သံယောဇဉ်ရှေ့အထပ်ထပ်နှောင်ကြတော့ အချစ်ထက်ပိုနိုင်မှာသွားကြတာပေါ့။ ချစ်ခင်ဘောဒါကြီးအောင်တိုးပြောတတ်တဲ့ စကားတစ်ခွန်းရှိပါတယ် ဆရာရယ်၊ ရည်းစားဦးဆိုတာ လက်ထပ်ဖို့ မဟုတ်ဘူး။ လွမ်းနေဖို့တဲ့"

ကိုချစ်ခင်၏စကားလုံးသည် သူ့အတွက် တွေးစရာဖြစ်သွားသည်။ သူလည်းအသည်းကွဲ ဝေဒနာနဲ့သူကိုး။ ထိုစကားစုကို လက်ခံသင့်လျှင်လက်ခံရပေလိမ့်မည်။

"ဆိုစမ်းပါဦးဗျ"

"ပြောပြန်ရင်လည်း ဆိုက်ကားသမားချစ်ခင်က လေကြီး





...ကျယ် ဖြစ်ရောကျဦးမယ်။ ဒါပေမဲ့ ဆရာရယ် ဆိုက်ကားသမားလည်း ...သည်းနဲ့ပါ။ ကျားထိုးတဲ့ဆိုက်ကားသမားရှိသလို ဖဲရိုက်တဲ့ဆိုက်ကားသမား ...ည်း ရှိတယ်။ ဒါပေမဲ့ ချစ်ခင်တော့ စာဖတ်တဲ့ ဆိုက်ကားသမား ...ပဲ့ ဆရာရေ။ နည်းနည်းတော့ လေကျယ်သွားမလား မသိဘူး"

ကိုချစ်ခင်က ကိုယ်ရည်သွေးကာ ပြောခြင်းဖြစ်သော်လည်း ...ချစ်ခင်မပြောခင်တည်းက သူက ကိုချစ်ခင်အကြောင်းကို သိပြီးသားပါ။ ...က်ကားဂိတ်ရှေ့သူဖြတ်လာရင် ကိုချစ်ခင်က ဂျာနယ်တစ်စောင်ရှေ့ ...င်းငိုက်နေတတ်သူ ဖြစ်သည်။

"ဒီလို ဆရာရယ် လူဆိုတာအချစ်၊ အမုန်း၊ အလွမ်း၊ ကလဲ့စား၊ ...ာ်ရည်၊ အပြုံး စသဖြင့်ပေါ့ဆရာရယ်။ ရသစုံခံစားပါမှ လူပီသတယ်လို့ ...နိုင်တယ်ဗျ။ ချစ်၊ ရွှင်၊ သနား၊ အံ့သြ၊ ကြမ်း၊ စက်ဆုပ်၊ ကြောက်ရွံ့ ...ငုံ အံ့ဩဆိုတဲ့ ရသကိုးပါးလုံးကို ခံစားတတ်တဲ့ နှလုံးသားရှိရမယ်ဗျ။ ...ဒါတွေကို ဘယ်ကရမလဲ။ ခန္ဓာကပဲ ရတာပဲလေ။ မုန်းစရာရှိလည်း ...မ်းချုပ်မနေနဲ့မုန်း။ ချစ်စရာရှိလည်း စောင့်စည်းမနေနဲ့ချစ်ပစ်။ နောင်တ ...တာနောက်မှရတဲ့ သဘောရှိပေမယ့်၊ နောင်တမရအောင်အဆုံးစွန် ...ကြိုးစားရင် ခံစားရသက်သာတာပေါ့ ဆရာရယ်"

ကိုချစ်ခင်စကားက သူ့ကို ငေါင်စင်းသွားစေသည်။

ယခုမှ သူကိုယ်သူမေးမိတော့သည်။ သူနောင်တရနေတာများ ...ား၊ ညိုပြာက ထွက်ပြေးကြဖို့ပြောစဉ်က ယောကျ်ားပီသချင်ဇောဖြင့် ...ငြင်းခဲ့မိသည်ကို သူ နောင်တရနေတာများလား။

နောင်တကြောင့်များ ငါးနှစ်နီးပါးကြာသွားသော်လည်း အသည်း



www.burmeseclassic.com

www.burmeseclassic.com



ကွဲ ဝေဖနာကမနေ့တစ်နေ့ကလို ခံစားနေရတာလား။

ကိုချစ်ခင်ပြောသလိုပဲ အားမနာပါးမနာနဲ့ မုန်းပစ်လိုက်ရ[illegible] မလား။ မဖြစ်နိုင်ပါ။ သူက ညီပြာကို မုန်းမှမမုန်းပဲလေ။ မမုန်းတဲ့လူ[illegible] အတင်းကြီး မုန်းပစ်လိုက်လို့လည်း သူ့စိတ်ဒဏ်ရာများ သက်သာလိမ့်[illegible] မထင်ပါ။

"ဆရာ"

"အမယ်လေး"

အတွေးထဲမြင်ချင်ရာ မြင်နေသောသူက သံပြိုင်အော်သံကြောင့် ကြက်သီးမွေးညင်းပင် ထောင်ထသွားသည်။

"မီး ... တို့လေ ဆရာ"

လှည့်ကြည့်စရာ မလိုပေ။ နှင်းဆီရနံ့ရေမွှေးများကို သူကောင်းကောင်း မှတ်မိနေသည်။ သို့သော် လှည့်ကြည့်စရာမလို၍ လှည့်မကြည့်[illegible] က ရိုင်းရာကျသွားမည်မို့ လှည့်ကြည့်လိုက်ရသည်။

"မြတ်စွာဘုရား"

ကောင်မလေးငါးယောက်။ ပိုပြီးတိတိကျကျပြောရပါလျှင် အ[illegible] အရွယ်မိန်းကလေးသုံးယောက်နှင့် အသက်ဆယ်နှစ်ခန့်အရွယ်ရှိ မိန်းကလေး နှစ်ယောက်။ သေချာပါပြီ။ အဲဒီမိန်းကလေးနှစ်ယောက်က စိမ်းရောင်စိုစို[illegible] လင်းရောင်ပျိုပျို ဖြစ်ရမည်။ ရုပ်ချင်းကလည်းခွဲမရအောင် တူနေသေး[illegible] သို့သော် ပုံစံများကတော့နာမည်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဗိုလ်ကပြ[illegible] မလေးတွေလို အပြာရောင်မျက်လုံးအဝါရောင် ဆံပင်လိမ်ကောက်ကောက် တို့နှင့် ဖြစ်သည်။ သို့သော် ထိုကလေးမနှစ်ယောက်ကို ရင်ထဲမှအလိုး[illegible]





[illegible]နိုးမိသလို ခံစားရ၏။

"ဆရာ့ကို မီးတို့ မုန့်လာပို့တာ"

အပျိုမလေးသုံးယောက်က သူ့ထံအထုပ်တစ်ထုပ်စီ လှမ်းပေး[illegible]သောအခါ ထိုအထုပ်များသည် လမ်းတစ်ဝက်၌အလုခံလိုက်ရသည်။

စိမ်းရောင်စိုစိုနှင့် လင်းရောင်ပျိုပျို၏ လက်ချက်။

လှမ်းယူနေသော သူ့လက်ပင် လမ်းခုလတ်၌ ခလုတ်တိုက်ခံ[illegible]ကိုရသေး၏။ ရှက်လိုက်တာ။ သို့သော် လူကြီးရှက်တော့ထုံးစံအတိုင်း [illegible]ဟဲဟဲနှင့် ရင်ထဲမှာတော့ လိပ်ခဲတင်းလင်း။

အရုပ်မလေးနှစ်ယောက်က မုန့်ကိုဆွဲလုရုံမက အားမနာ၊ လျှာ[illegible] ဖောက်စားပြနေသေးသည်။ မုန့်သည် ဆန်းဆန်းပြားပြားတော့ [illegible]တ်ပါချေ။ ဝေဖာချောင်းနှင့် ချောကလက်များ။

"ပျိုပျို ဘယ်လိုလုပ်လိုက်တာလဲ။ ဆရာ့ကို ပြန်ပေးလိုက်စမ်း"

"ပေးဘူး။ သမီးတောင်းတုန်းကတော့ မပေးဘဲနဲ့။ ပေးဘူး"

ပါးလေးတွေက ရဲရဲစိုစိုလေးတွေဆိုသော်ငြား ရိုက်ချင်စရာ [illegible]ကောင်းနေတာတော့ အမှန်ပါ။

"ပေးစမ်း ... ပေးစမ်း။ ဒါက နင့်ကိုပေးတာ မဟုတ်ဘူး။ [illegible] ပေးစမ်း"

ပါးမို့မို့ဆိုသောမိန်းကလေးသည် တစ်ယောက်တည်းဟုထင်ရသော [illegible]လေးနှစ်ယောက်နှင့် ဝိုင်းဖူးပတ်ပတ် ဇွဝေဝေဖြစ်နေလေသည်။ သူ[illegible] [illegible]င်းမူးချင်လာ၏။

အေးအေးဆေးဆေးနေချင်လို့ မြို့စွန်ကိုအိမ်ငှားနေပါမှ ပျားအိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တက်ထိုင်မိသလို ဖြစ်နေသည်။

"နေပါစေ၊ စားပါစေ။ ဦးလည်း အဲဒီချောကလက်တွေ မကြိုက်ပါဘူး"

သူ့အသံသည် ဝေးလေးဝါးလားလုပ်နေသော ဗိုလ်ကလေးနှင့် အသံကို မကျော်နိုင်ပေ။

"ဆရာ ... ဆရာ အခုဘာတွေရေးနေသလဲ"

အော်သံများကြားမှ ထိုးဖောက်လာသော အသံ။

မိတ်ဆက်နေတာနှင့်မတူဘဲ ညှိစာရင်းစစ်နေပုံနှင့် မေးသော အခါ ပြန်မဖြေလို့မဖြစ်တော့တဲ့ အခြေအနေ။

"အခုလတ်တလောတော့ ဦး ... စာမရေးဖြစ်ပါဘူး။ စာအုပ် ဖတ်နေတာပဲ"

"ဘာစာအုပ်လဲ"

"ဓမ္မပဒပါ"

"ဓမ္မပဒဟုတ်လား။ မီးတို့ကိုလည်း ပြောပြပါလား။ စာရေးဆ တွေက အပြောအဟောကောင်းတယ်ဆိုတော့ ဆရာပြောတာ မီးတို့ ထောင်ချင်တယ်"

ကလေးတွေနှင့် ပြိုင်မဖြစ်ချင်၍ လည်ပင်းဝ၌ရောက်လာသော ဒေါသကို တံတွေးဖြင့် မျိုချလိုက်ရပြန်သည်။

ဓမ္မပဒစာအုပ်ကို လက်လွှဲထည့်ပေးကာ ဒီလောက်သိချင်နေ ဖတ်ပေါ့ဟဲ့။ မင်းတို့စာမဖတ်ဘူးလားဆိုပြီး သူငယ်ရန်တွေပြောပ လှသည်။ ဆွေးနွေးရအောင်လို့ ပြောတာလည်းမဟုတ်ပဲနဲ့ အခု





သူ့ကိုဘိုးအေတစ်ယောက်ကို ပုံပြောပြနိုင်းသောနည်းဖြင့် အဆိုတင်သွင်း သသည်။ ဖြစ်နိုင်လျှင် ထိုကလေးမများနှင့် ဝိုင်းဖွဲ့ပြီးစကားမပြောချင်ပါ နေကျဉ်းမြောင်းလှသည်။

"ဆရာ ချစ်ခင်ပြန်ရတော့မလား"

"နေပါဦး။ အိမ်မှာလုပ်စရာတွေ အများကြီးရှိသေးတယ်။ နေဦး။ ချစ်ခင် ခင်ဗျားဒီနေ့ ဆိုက်ကားမထွက်နဲ့တော့ဗျာ"

အလိုက်မသိသော ကိုချစ်ခင်ကို စကားပိတ်ပြောလိုက်မိသည်။ တတ်နိုင်ပါ။ ထိုသို့မပြောလည်း ကိုချစ်ခင်ဆိုတဲ့ လူကတစ်လွဲ ဆံပင် ကောင်း။ မဟုတ်တဲ့ နေရာမှာပါးရည်နပ်ရည်ရှိသော်လည်း ယခုလိုအခြေ နေမျိုး၌ သူ့အရိပ်အကဲကိုမကြည့်တတ်၍သာ ပြန်တော့မည်ဟု စကားဆို ခြင်းဖြစ်သည်။

"ဆရာ မီးတို့အိမ်ပေါ်တက်လာမယ်လေ"

ခွင့်တောင်းနေသော်လည်း သူ့ကိုတွန်းဖယ်ကာ အိမ်ပေါ်သို့ ရောက်နှင့်ပြီး ဖြစ်နေသည်။

တိမ်လွှာနှင့် စန္ဒာဆိုသောကောင်းကင်ယံမှ မိန်းကလေးနှစ် ယောက်က သူ့အိမ်ပေါ်ရောက်နေသော်လည်း သူ့အိမ်သည်ကောင်းကင်ကြီး သွားသည်ဟု မခံစားရပေ။ ရှေးခေတ်သိုင်းဝတ္ထုများထဲကလို နှစ်ငါးဆယ် ပိတ်ခံထားရသည့် သိုင်းသမားတစ်ဦး၏ အကျဉ်းထောင်ဟု ခံစားရ သည်။

ဩော် ... ပါးမို့မို့တို့ညီအစ်မနှစ်ယောက်တော့ လွတ်ပေးလိုက် ခရေပင်ကြီးအောက် ချောကလက်လုလို့ မပြီးနိုင်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုညီအစ်မသုံးယောက်ကို သူ့ရင်ထဲ အဖွဲ့နှာမည်ပေးမိ၏၊ မျောက်မူးလဲလေးများ ဖြစ်သည်။

"ဆရာက ဒီမှာအကြာကြီးနေမှာလားဟင်။ မီးတို့ နေ့တိုင်းလာလည်မယ်နော်"

"ဆရာက စာရေးရင်လက်နဲ့ရေးတာလား"

အမယ်လေး ... အမိလေးရယ်။ ကျုပ်က လက်နဲ့မရေးလို့ ခြေထောက်နဲ့ ရေးရမှာလား။ ဒီမှာ ကျုပ်ရဲ့လက်နှစ်ဖက်ကို မမြင်ဘူးလား။ မိမွေးတိုင်း ဖမွေးတိုင်းပါပဲ။ စကားကြောရှည်လိုက်တာဟုသာ ရင်ထဲရှိတဲ့အတိုင်းပြောပစ်ချင်သော်လည်း ရန်စကားမြည်ပေတော့မို့ ဖုံးကြိတ်နေလိုက်ရသည်။

အောင့်သက်သက်ဖြစ်နေသော သူ့ပုံကိုကြည့်ပြီးပြုံးစိစိဖြစ်နေသော ကိုချစ်ခင်ကို မဆီမဆိုင်ဒေါသဖြစ်မိပါသေးသည်။ ဒီလိုမျိုးကျတော့လည်း ကိုချစ်ခင်က အကင်းပါးပြန်သေး၏။

"ဆရာ လေရှူးမြူးတဲ့ညလို ဇာတ်လမ်းလေးထပ်မရေးတော့ဘူးလား။ မီးတော့ အဲ့ဒီဇာတ်လမ်းလေးကို ကြိုက်တယ်"

"မီးတော့ မကြိုက်ပါဘူး။ အဲဒီထဲက ကောင်းလေးက မပွင့်တပွင့်နဲ့။ ကောင်မလေးကိုပဲ သနားတယ်"

"ဆရာ မီးတို့ကိုတစ်ခုခုပြန်ပြောပါဦးလား"

ကောင်မလေးနှစ်ယောက်သည် စားပွဲပေါ်မှသူ့စာအုပ်များကို ဟိုကိုင်ဒီကိုင်ဖြင့် အလုပ်ရှုပ်နေလေသည်။

မှန်တာပြောရလျှင် သူ့ပစ္စည်းများတခြားလူကိုင်တာကို သူ





ကြိုက်ပေ။ အခုနေချိန် တစ်ခုခုပြောပါဟုဆိုလာသောအခါ ဟော့... ဟာ တွေချထားဟုပင် တုံးတိတိပြောချပစ်လိုက်ချင်သည်။ သို့သော် ယ့်ထက် အသက်ထက်ဝက်ချိုး ငယ်နေသည်။ အပျိုဖျန်းလေးတွေ တ်ပါလား။ ပြီးတော့ ကိုယ့်ပရိတ်သတ်။ ဆရာဟုနှုတ်မှ ဖွဖွခေါ်နေပြီး ားတွေ တရင်းတနှီးပြောလာသူလေးတွေကို သူဘာပြောရမှန်း မသိ ။ သူ့ကိုယ်သူ ဘယ်လိုနာမ်စားသုံးပြီး ပြောရမလဲဆိုတာ ဝေခွဲမရချေ။ က်လူနှင့် လိုက်လျောညီထွေဖြစ်စွာ သူ့ကိုယ်သူဆရာဟု သုံးနှုန်း င်လည်း မဖြစ်ပေ။ ဦးဆိုတာမျိုးကလည်း သူသုံးနေကျနာမ်စားမဟုတ် ါးစပ်ဖျားတွင် ထောက်နေသည်။

ကျွန်တော်ဆိုတာမျိုးကလည်း ဒီအရွယ်နှင့် ဒီအရွယ်မသင့်တော် ငါဟုပြောပြန်လျှင်လည်း ပရိသတ်ဆိုသူကို မလေးမစားဖြစ်ရာ ်မယ်။ အလွန့် အလွန့်ကိုဝကျလွန်းလှပါသည်။ ပရိသတ်ဆိုသူကို းပါသည်။ ထို့ကြောင့်လည်း ပို၍အနေကျပ်သည်။ မိမိအပြုအမူတစ်ခု ြောင့် ပရိသတ်စိတ်ကွက်သွားတာမျိုးကို စိုးရိမ်သည်။ ထိုစိုးရိမ်စိတ် ြောင့် အကျဉ်းထောင်သည်ပို၍ ကျဉ်းမြောင်းလာသလို ခံစားရသည်။

ထို့ကြောင့် ခတ်ရွှေရွှေတိုက်ခတ်လာသော လေထုထဲအောက်စီ ကို အပြေးအလွှားရှူနေမိသည်။

"ဟင်"

စိတ်ရှုပ်စွာအဝေးသို့ အမှတ်တမဲ့ကြည့်လိုက်သောအခါ အိမ်မကြီး အရိပ်သဏ္ဌာန်တစ်ခုကို ဖျတ်ခနဲတွေ့လိုက်ရသည်။

အကွာအဝေးကြောင့် မျက်နှာကိုသဲသဲကွဲကွဲ မမြင်ရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူမဆိုတာ သေချာလှ၏။

သူရုတ်တရက်ဆိုသလိုပင် ပြတင်းပေါက်နားတိုးရပ်ပြီး အိမ်
ကို မျှော်ကြည့်မိသည်။

"ဘယ်ရောက်သွားပါလိမ့်"

သူကြည့်နေရင်းမှာပင် ထိုအရိပ်ဘယ်ပျောက်သွားမှန်း မသိ

"ဝါး"

"အမယ်လေး"

သူကြည့်နေသောပြတင်းပေါက်ဝ၌ ဘွားခနဲပေါ်လာသော
မျက်နှာကြောင့် လိပ်ပြာလွင့်လုမတတ် တုန်လှုပ်သွားရသည်။ နှလုံးခုန်
သည် တဒိတ်ဒိတ်ရင်ပွင့်လုမတတ် ဆူညံနေသည်။

"ဆောရီး ... ဆောရီး မို့က အဲဒီလောက်ထိ ဆရာလန့်
လိမ့်မယ်မထင်လို့ပါ။ ဆော်ရီးနော်ဆရာ"

"မို့ ... နင်ဟာလေ လုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ။ ဆရာ
နှလုံးရောဂါရှိရင် ဘယ်လိုလုပ်မလဲ"

"ရှော့ခ်သွားမှာပေါ့"

"ဆရာ နေသာရဲ့လား။ မီး ဘာကူညီပေးရမလဲ။ စာရေးဆ
တွေမှာ နှလုံးရောဂါရှိတတ်တယ်တဲ့။ မို့ နင်ဆေးရုံကားခေါ်မှ ဖြစ်မယ်
တယ်"

လန့်တာလေးပင် အားပါးတရလန့်ချိန်မရလိုက်ပေ။ မျက်လုံး
မျက်ဆန်ပြူးဖြစ်သွားပြီး နှလုံးခုန်သံများ ငြိမ်ကျသွားသည်။

"နေကြပါဦး ... နေကြပါဦး။ ငါ ... အဲ ... ဦးဘာမှမဖြ

•———ရွှေဒေသ———•



ဘူး။ မခေါ်ပါနဲ့။ ရောလည်းမရောဘူး၊ နှလုံးရောဂါလည်း မရှိပါဘူး၊
သူကောင်းပါ လူကောင်း"

သူကပြာပြာသလဲဆိုသောအခါ သူ့ကိုမယုံသင်္ကာကြည့်လာကြ
သော မျက်လုံးခြောက်လုံးကို ထပ်မံရင်ဆိုင်ရပြန်သည်။

"ဟုတ်ပါတယ်၊ ဟုတ်တယ်၊ ဘာမှမဖြစ်ဘူး။ မဖြစ်ဘူး"

"ဆရာ တကယ်ပြောတာနော်"

"ဘုရားစူးပါဗျာ။ ခင်ဗျားလေးတို့ကို မညာရဲပါဘူး"

"ဟူး ... တော်ပါသေးရဲ့။ တစ်ခါလေးစမိပါတယ်။ မို့တော့
ထောင်ထဲရောက်တော့မလားဆိုပြီး စိတ်ပူသွားတာပဲ"

ကြားလို့မှကောင်းကြသေးသလား အရပ်ကတို့ရေ ... လတ်စ
သတ်တော့ အမိကလေးက ကျုပ်ကို သေပြီထင်နေတာကိုး။ ကျုပ်
သေသွားမှာစိုးလို့တော့ဟုတ်ပုံမရပါ။ သူထောင်ထဲရောက်သွားမှာ စိုးလို့
သာ စိုးရိမ်မှန်း သိလိုက်ရပါပြီ။ ဝယ်သေးသော်လည်း လူသိပ်ပီသနေသော
ငါးမို့မို့ကို ခပ်ဆတ်ဆတ်လေး ရိုက်ချင်မိသည်။

"ဟို ... မျောက်နှစ်ကောင် ဘယ်ရောက်သွားပြီလဲ"

"အိမ်ထဲဝင်သွားပြီနေမှာပေါ့။ ချောကလက်နှစ်ချောင်းကြောင့်
နားတော်တော်ညည်းသွားတယ်။ ဆရာ့ကို အားနာပါတယ်။ ညနေဘက်
ဈေးဝယ်ထွက်မှ ဆရာ့ဖို့ပြန်ဝယ်လာခဲ့မယ်"

"တော်ပါပြီဗျာ ဝယ်မလာပါနဲ့။ ကျေးဇူးတင်ပါတယ်၊ ဦးလည်း
အဲဒါမျိုးမစားပါဘူး"

"ဒါပေမဲ့ ဆရာကသောက်တတ်ပုံရတယ်။ ဟဲ ... ဟဲ"

•———ရွှေဒေသ———•

www.burmeseclassic.com

www.burmeseclassic.com



တိမ်လွှာဆိုသာမိန်းကလေးက ကြမ်းခင်းပေါ်မှအရက်ပုလင်းလွတ်ကို ကောက်ယူပြီးဆိုတယ်။

ရှက်လိုက်တာ၊ နောက်ဆိုလွတ်လွတ်လပ်လပ်နေလို့ မရတော့မှာ တဖြည်းဖြည်း သူသဘောပေါက်လာသည်။

အရက်ကုန်ပါက ပုလင်းကိုအမှိုက်ပုံးထဲ ထည့်ရမည်၊ အရက်ရှိသောပုလင်းကို လုံခြုံသောနေရာတွင် သိမ်းဆည်းရမည်ဟု သူ့ခေါင်းထဲ အချက်ပေးမိသည်။

"သောက်တတ်မှာပေါ့။ သောက်တာကစာရေးဆရာတွေရဲ့ စတိုင်လ်ပဲလေ။ ဟုတ်တယ် ... ဟုတ်"

"ကဲ ... ကဲ နင်တို့ဒီလောက်ဆို တော်လောက်ပြီ။ သွားမယ်၊ တော်ကြာ ဘွားတော်ရိပ်မိသွားမှ တံခါးပိတ်ခံရဦးမယ်"

"အေး ... ဟုတ်တယ်"

"ဟုတ်တယ်။ နောက်နေ့လည်းတွေ့ရဦးမှာပဲ။ ဆရာ ... ဘိုင်ဘိုင်"

"ဟေ့ ... နေဦး"

သူ့ကိုယ်သူ မသိလိုက်သေးခင်မှာပဲ ဟန့်တားပြီးဖြစ်သွားသည်၊ ဟန့်တားပြီးပြီမို့ မထူးတော့ပါ။ မထူးဇာတ်မှာ သူက မင်းသားနဲ့ ဆက်ကရတော့မည်။

"မင်းတို့ ဒီကိုပြောင်းလာပြီလား"

"ဆရာ စောစောကမကြားလိုက်ဘူးလား။ ပစ္စည်းတွေချနေတာ ဆူညံနေတာပဲလေ"

•——ဈေးပဒေသာ——•



သူ မကြားလိုက်တာ အမှန်ပါ။ ကိုချစ်ခင်သာရောက်မလာပါက သူဘယ်လောက်ထိအိပ်ပျော်နေလိမ့်မလဲ မသိပါ။

"မင်းတို့ မိသားစုဘယ်နယောက် ပြောင်းလာတာလဲ"

"ငါး ... အဲ ... ခြောက်ယောက် ဘာလို့လဲဆရာ"

"အမျိုးသမီးကြီးပဲလား"

"ဖေဖေပါတယ်"

"ဪ"

ကျေနပ်စရာကောင်းသောအဖြေကို ရလိုက်ပါပြီ။ သုံးယောက်က အမွှာနဲ့ ပါးမို့မို့ ကျန်တစ်ယောက်က ခပ်စွာစွာအမျိုးသမီးကြီး။ ကျန်တစ်ယောက်က သူမြင်လိုက်ရတဲ့မိန်းကလေးပေါ့။ အခုမှပဲ ရင်ထဲ နေသာထိုင်သာရှိသွားတော့သည်။ ဒါနဲ့ အဲဒီမိန်းကလေးက ဘာလို့ငိုနေတာပါလိမ့်။ အဲ ... ငိုတာကအိပ်မက်ထဲ၌ ဖြစ်သည်။ ထူးဆန်းလှသည်။

သူက ဘယ်တုန်းကမှမသိဖူးသော အမျိုးသမီးကို အိပ်မက်ထဲ ကြည့်မက်လိုက်မိသည်။

"မို့မို့၊ စိုးစိုး၊ ဖျိုးဖျိုး ဘယ်ရောက်နေသလဲ။ လာကြစမ်း"

"ဆရာ သွားပြီနော်"

ပြေးထွက်သွားသော မိန်းကလေးသုံးယောက်ကို သူငေးနေမိသည်။

ထိုစဉ် သူမြင်ကွင်းထဲအမျိုးသမီးကြီးတစ်ဦးက ဝင်လာသည်။ အမျိုးသမီးကြီးသည် ပါးမို့မို့ကိုတစ်ခုခုပြောနေပုံရသည်။

"ဘယ်သူလဲ။ ထိုအမျိုးသမီးက ပါးမို့မို့နဲ့ဘာတော်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူတို့အမေရဲ့ညီမပေါ့။ အပျိုကြီးလေ၊ ခုတွက်သိပ်ကောင်းတာ မသင်းနဲ့ဈေးမှာတွေ့တိုင်း တစ်လုံးပိုင်ပေးတတ်တယ်တဲ့။

"ဘယ်လို ညီမဟုတ်လား"

"ဟုတ်တယ်လေ။ ဒေါ်ရွှေမိုးရဲ့ ညီမဒေါ်ငွေမိုးတဲ့။ သူတို့က မိသားစု ခြောက်ယောက်လေ။ ခြောက်ဂဏန်းမကြိုက်ဘူးဆိုလို့ ဆရာက အိမ်ငှားတင်ထားတာ။ ဆရာနဲ့ပေါင်းခုနစ်ယောက်၊ လက်ကီးဆယ်ဗင်းပဲလေ"

ကိုချစ်ခင်က သူ့ကိုရွတ်နောက်နောက်ပြောသော်လည်း သူ့နားထဲ မိုးခြိမ်းသံသမျှ ကျယ်လောင်သွားသည်။ သူမြင်လိုက်ရတာ မိန်းကလေး တစ်ယောက် ဖြစ်သည်။ ထိုမိန်းကလေးကလည်း ခပ်ငယ်ငယ်၊ ဒါဆို ဘယ်သူလဲ။ သူတွေးနေဆဲမှာပင် သူ့ခေါင်းပေါ်မှ မီးလုံးလေးလင်းသွား၏။ မီးခလုတ်သည် ကောင်းနေသည်။

"ချစ်ခင်က မီးသီးတောင်အပိုဝယ်လာသေးတယ် ဆရာရယ်။ ဒါပေမဲ့ မူရင်းမီးသီးက ချစ်ခင်ဝယ်လာတာထက် ပိုလင်းနေတယ်။ တော်တော်စနစ်တကျ ဆောက်ထားတဲ့အိမ်ပဲဗျ။ ဒီလောက်ကြာတာတောင် မပျက်စီးဘူး"

ကိုချစ်ခင်ကပြောပြောဆိုဆို မီးခလုတ်ကိုဖွင့်ချည်ပိတ်ချည် ဆော့ကစားနေသည်။

သူ့ခေါင်းတွေ ချာချာလည်ချင်လာ၏။

ဘယ်ဟာကမှားပြီး ဘယ်ဟာကမှန်နေမှန်း မသိပေ။ အိပ်မက်ဖြစ်နေသော်လည်း ထိုမိန်းကလေးနှင့်ဆုံခဲ့ပုံမှာ အိပ်မက်ဟု သူ့ရင်ထဲ



…စားရပါ။

ပြီးနောက် ချာတိတ်မလေးများနှင့်စကားပြောနေရင်း မိန်းမလှလေးကို သူမြင်လိုက်ရသည်။

မိန်းမလှလေးက ပြတင်းဝ၌ရပ်ပြီး သူတို့ကိုငေးကြည့်နေခဲ့သည်။ ဒါ သူ့ရဲ့မျက်မြင်။

သို့သော် အိမ်သားကခြောက်ယောက်တဲ့။

အိမ်ပြောင်းရွှေ့လာရင်းပါလာသော ဝန်ထမ်းတွေထဲက တစ်ယောက်လား။ မိန်းကလေး၏ရုပ်သွင်မှာ ဝန်ထမ်းမဖြစ်နိုင်သော်လည်း ဝန်ထမ်းပါဟုသာ မိမိစိတ်ကိုမိမိအတင်းယုံနိုင်း လိုက်မိတော့သည်။

ပြီးသော

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မင်းဒီမှာဘာလုပ်နေတာလဲ"

ဒီတစ်ကြိမ်တော့ လက်လွှတ်မခံနိုင်တော့ပေ။ ထို့ကြောင့် သူမ၏ လက်ကိုနိုင်နိုင်မြဲအောင် ဆုပ်ကိုင်ထားလိုက်သည်။ သူမလေးသည် သူ၏ ဖုန်းမီးရောင်အောက်တွင် မလှုပ်မယှက်လေးသူ့ကို စိုက်ကြည့်နေလေ၏။

သူ့ရင်ထဲ တစ်မျိုးကြီးခံစားလိုက်ရသည်။ မျက်ရည်အမှုန်အမွှားငယ် ကပ်ညှိနေသောမျက်ဝန်းလေးက သူ၏စိတ်ကိုနူးညံ့သိမ်မွေ့သွားစေသည်။ အကြည့်ချင်းဆုံမိတဲ့ ထိုခဏလေးအတွင်းမှာပင် သူမနှုတ်မှစကားသံမလိုဘဲ သူမကိုယုံကြည်သွားမိသည်။

"မင်း ငိုနေတာလား။ ဘာလို့ ငိုနေရတာလဲ၊ ဘာလို့လဲ"

သူစိုးရိမ်တကြီး မေးမိသည်။ သို့သော် သူ့မေးခွန်းကိုမိန်းကလေးကမဖြေဘဲ ခေါင်းကိုသာသွင်သွင် ခါရမ်းနေသည်။

"မင်းမှာ ဘာအခက်ခဲရှိလို့လဲ၊ ငါ့ကို ပြောပါ။ ငါကူညီလို့ရရင် ကူညီချင်ပါတယ်"

သူကစိတ်ရင်းစေတနာအမှန်နှင့် ဆိုသော်ငြားလည်း သူမမျက်ဝန်းတွေကို ဖတ်ကြည့်ပုံအရ သူ့ကိုယုံကြည်ပုံမရချေ။

ထိုအချက်ကို သူ မခံစားနိုင်ပါ။ ခံစားဖို့လည်း ခက်သည်။ မိန်းကလေး၏ လက်ကိုသူကဆွဲထားသော်ငြားလည်း မိန်းကလေးသည်





သူ့လက်တွင်းမှ ရုန်းထွက်နေသည်။

"မင်းရဲ့ လက်တွေအေးစက်နေတယ်။ မင်းချမ်းနေသလား"

သူက နူးညံ့စွာမေးသောအခါ ရုန်းထွက်နေသောမိန်းကလေး၏ ...ပ်ရှားမှုမှာငြိမ်ကျသွားသည်။

"မင်းဘယ်မှာနေသလဲ"

သူကမေးသောအခါမိန်းကလေးသည် အိမ်မကြီးဆီသို့ ကြည့် ...သည်။ အိမ်ကြီးသည် မီးရောင်များနှင့်ထိန်လင်း၍ နေသည်။

"အရမ်း မိုးချုပ်နေပြီလေ။ မင်း အိမ်ထဲမဝင်ဘူးလား"

မိန်းကလေးက ခေါင်းခါပြပြန်သည်။

"မင်းကသူတို့နဲ့ ဘာတော်သလဲ။ သူတို့အိမ်သား မဟုတ်ဘူးလား"

မိန်းကလေးသည် ခေါင်းလည်း မခါ၊ ခေါင်းလည်းမညိတ်ဘဲ ...ကိုသာ စိုက်ကြည့်ပြီး မျက်ရည်များစီးကျလာသည်။ အိမ်အကူများလား၊ ...အကူမို့ အိပ်ခန်းမပေးတာလား။ ခုတစ်လောသတင်းများတွင် ...အကူကိုနှိပ်စက်သော အိမ်ကြီးရှင်သတင်းများက ဟစ်ဖြစ်နေ၏။

သို့သော် အိမ်ကြီးရှင်အမျိုးသမီးသည် အသံကျယ်သော်လည်း ...ရင်းဆိုးပုံတော့ မပေါ်ပေ။ လူတစ်ယောက်ကိုအမြင်နှင့် မဆုံးဖြတ်သင့် ...တော့ သိသည်။ ပါးစပ်ကျယ်သောလူက စိတ်ထားနူးညံ့တတ်သည် ...သော ရှေးလူကြီးများ၏စကားကိုတော့ လျစ်လျူရှု၍ မရပေ။

"မင်းအတွက် သူတို့က အိပ်ခန်းမပေးလို့လား"

ထိုမေးခွန်းအဆုံးမှာတော့ မိန်းကလေး၏မျက်ရည်များ စီသွား ...သည်။ ခေါင်းမညိတ်၊ ခေါင်းမခါဘဲ သူ့ကို ပြူးကြောင်ကြောင်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူ့မေးခွန်းများသည်မိန်းကလေး၏ ခံစားချက်နှင့်နီးစပ်လိုက်ပြီ ဆိုတာ သူရိပ်မိလိုက်၏။

"မင်းမှာ နေစရာမရှိဘူးလား။ လာလေ"

သူက စေတနာဖြင့်ခေါ်သော်လည်း မိန်းကလေးသည် သူ့ လက်တွင်းမှ ရုန်းထွက်နေသည်။

ထိုအခါမှ သူ့ကိုယ်သူ သတိထားမိလိုက်သည်၊ ဟုတ်သားပဲ အေးစက်သောမိန်းကလေး၏လက်ကို ခုချိန်ထိသူမလွှတ်မိသေးပါ။ သူ အားနာ၊ ပါးနာပင်မိန်းကလေး၏လက်ကို လွှတ်ပေးလိုက်သည်။

"မင်း ဒီမှာဘာလို့ငိုနေတာလဲ။ မင်းကိုဘယ်သူကများ ဘာလုပ် လိုက်လို့လဲ"

မေးခွန်းတွေသာတရစပ် မေးနေသော်ငြား ဖြေသံကိုတစ်ခွန်း မကြားရသေးပါ။ မိန်းကလေး၏ မျက်ရည်များကြောင့် စိတ်မကောင်းဖြ နေသော်လည်း မထုံတက်သေးဖြစ်နေသောပုံကြောင့်တော့ ရင်ထဲမချင့်မ ဖြစ်လာသည်။ ဘာကြောင့်မှန်းမသိ ထိုမိန်းကလေး၏မျက်ရည်သည် သူ့ ကို နာကျင်စေသည်။

"တစ်ခွန်းတစ်လေတော့ အားနာ၊ ပါးနာပြန်ဖြေပါကွာ"

"ဘာလဲ၊ စကားမပြောတတ်ဘူးလား"

မိန်းကလေးသည်မြေပြင်ပေါ် တင်ပါးကိုလျှောတိုက်ပြီး တရွေ့ နောက်ဆုတ်နေသည်။ မိန်းကလေး၏မျက်ဝန်းထဲတွင် တုန်လှုပ်ကြောက်ရွံ့ တွေအပြည့်။ မသိလျှင်သူကပဲ လူယုတ်မာနှင့်တူနေတော့သည်။

"ကိုယ် မင်းကိုဘာမှမလုပ်ပါဘူး။ မင်းကို အန္တရာယ်ပြုမယ့်သူ





ည်း မဟုတ်ဘူး။ ပြောပါ မင်းရဲ့အခက်အခဲကိုပြောမှ ကိုယ်က ကူညီ နိုင်မှာပေါ့ ပြောပါ"

သို့သော် မိန်းကလေးသည်ပို၍သာ နောက်ဆုတ်သွားသည်။ စိတ်မရှည်ချင်လာတော့ပါ။ ထို့ကြောင့် မိုက်ရူးရဲဆန်စွာရှေ့ကို တိုးလိုက် ထိုစဉ် သူလုံးဝထင်မထားသော လုပ်ရပ်တစ်ခုကို မိန်းကလေးက လိုက်သည်။

ရုတ်တရက်ထရပ်ပြီး ခေါင်းနှင့်သူ့ကိုတိုက်လွှတ်လိုက်သည်။ နဖူး သမ်းဆက်ဖြစ်သွားသောကြောင့် ခေါင်းတစ်ခုလုံးပူခနဲ ခံစားလိုက်ရပြီး တစ်ကိုယ်လုံးကလည်း လေဟာနယ်ထဲရောက်သွားသလို ခံစားရသည်။

သူဘယ်ကို ပြုတ်ကျနေတာလဲ။ ဘယ်ကိုကျနေတာလဲ။ ဆွဲစရာ ဖွေနေသော်လည်း ကောက်ရိုးတစ်မျှင်ကိုပင် မတွေ့ပင်။

"အီး ... အီး"

ညည်းသံ၊ ထိုညည်းသံသည် သူနှင့်ယှဉ်ပါးနေ၏။

ညည်းသံတစ်ခု၊ ထိုအသံသည် သူ၏အသံ။

လေဟာနယ်ထဲရောက်နေသော သူ့ခန္ဓာသည်မြေပြင်ပေါ်သို့ မကျ သေးပါ။

ဟွတ်ဆိုသောအသက်ရှူသံနှင့်အတူ အိပ်ရာပေါ်မှ ဆတ်ခနဲ ထိုင်မိသည်။

သူ့လည်ချောင်းတွေ ခြောက်သွေ့နေသည်။

မက်ပြန်ပြီ ဒီအိပ်မက်၊ ထူးဆန်းနေပါပြီ၊ ဘယ်သူလဲ၊ အဲ့ဒီ ကလေးကဘယ်သူလဲ။ နွတ်ခမ်းပါးလေးများပြာနှမ်းနေအောင် တုန်ယင်



www.burmeseclassic.com

www.burmeseclassic.com



နေ ရှာသော မိန်းမလှလေး၊ မျက်ဝန်းလေးတွေက အရာရာ
အားငယ်ကြောက်ရွံ့နေပုံမျိုး သူ့ရင်ထဲတစ်မျိုးကြီး ခံစားနေရသည်
ရင်ထဲနာကျင်သလိုလို ဖြစ်ပြီး မျက်ရည်ကျလုလုဖြစ်လာသည်။

"ငါ ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့လဲ"

မိမိကိုယ်မိမိ အဖြေရှာ၍မရနိုင်ပါ။

ခုတင်ပေါ်မှ သူထရပ်ပြီး ရေသန့်ဘူးထဲမှရေကို ဘူးလိုက်မော့
တဂွတ်ဂွတ်မြည်အောင် မျိုချမိသည်။ ပတ်ဝန်းကျင်သည် ယခုချိန်
မှောင်နေဆဲဖြစ်သည်။ ထို့ကြောင့် နံရံမှမီးခလုတ်ကိုစမ်းကာ နှိပ်လိုက်
တစ်ခဏအတွင်းမှာပင် သူ့အခန်းကအမှောင်မှ အလင်းဆီသို့ ရုတ်ချည်း
ပြောင်းလဲသွားသည်။ နာရီကိုကြည့်လိုက်တော့ မနက်လေးနာရီတိတိ

ခုတင်ပေါ်ပြန်ထိုင်လိုက်သော်လည်း အိပ်ချင်စိတ်က လုံးဝ
ပျောက်နေပြီ ဖြစ်သည်။

စာအုပ်ကိုဆွဲယူသော်လည်း စာဖတ်ဖို့အာရုံမရပေ။ ထို့ကြောင့်
ပြတင်းဝ၌ရပ်ပြီး အပြင်သို့ငေးကြည့်မိသည်။ မီးရောင်များဖြင့် ထိန်လင်းနေ
သောအိမ်ကြီးသည် သူ့အိပ်မက်ထဲမှမြင်ကွင်းနှင့် တစ်ထပ်တည်းတူညီနေ
ပေသည်။

ထိုတူညီမှုကို သူ့ရင်ထဲဘဝင်မကျလှပေ။ ဘာလို့တူရမှာလဲ
အိပ်မက်ဆိုတာ မသိစိတ်က စွဲလမ်းနေတဲ့အရာမျိုးကို တကယ်လက်တွေ့
အဖြစ်နေထိုင်ကြည့်ခြင်းဖြစ်သည်ဟု သူလက်ခံထားသည်။ ထိုအိမ်ကြီး
သူ့မသိစိတ်က စွဲလမ်းနေလေရော့သလား။ မဖြစ်နိုင်ပါ။ ဖြစ်ခဲ့သည်ဆိုဦး
သူလက်မခံနိုင်ပါ။ သူ့ဘဝတွင်အိမ်ဆိုတာကို ဘယ်တုန်းကမှမစွဲလမ်း





...။ မိမိအိမ်ကိုပင် မစွဲလမ်းသောသူက သူတစ်ပါးအိမ်ကိုစွဲလမ်းဖို့ဆို
... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ သူစွဲလမ်းရလောက်အောင်လည်း အိမ်ကြီး
... ခမ်းနားထည်ဝါလှသည် မဟုတ်ပါ။

သူနှစ်သက်သည်က နှစ်ရှည်ပင်များရှိသော ခြံကျယ်ကြီးဖြစ်တဲ့
...နေအထားကိုသာ။ ထိုအိမ်ကြီးပေါ်နေချင်စိတ်မရှိလို့တောင် တဲအိမ်သာ
... အိမ်ငယ်လေးသို့ အလွယ်တကူရွှေ့ပြောင်းခဲ့သည်မှာ နှစ်ရက်ပင်မပြည့်
...သေး။

"ငါ ဘာဖြစ်နေတာလဲ"

မိမိကိုယ်မိမိ အကြိမ်ကြိမ်မေးခွန်းထုတ်မိသော်လည်း မြင်ခဲ့ရသော
...မိန်းဝါလေးကိုပင် အာရုံထဲ၌ မဖျောက်ဖျက်နိုင်ပါ။ ဖျောက်ဖျက်ချင်စိတ်
...ည်း မရှိပါ။

ထပ်ပြီး အိပ်ပျော်ချင်စိတ်သာ ဖြစ်လာသည်။ အိပ်မက်ကို
...မက်ချင်သည်။ အိပ်မက်ထဲမှမိန်းကလေးနှင့် ထပ်ဆုံချင်သည်။

"အိပ်မက်မှ ဟုတ်ရဲ့လား"

တစ်ဆက်တည်းမှာ သံသယတို့ကခိုကပ်ပါလာ ပြန်သည်။ သူ
...ရာပေါက် ထိုမိန်းကလေးကိုအိမ်ကြီးပေါ်၌ မြင်လိုက်ရသည်။ ထိုအချိန်
... သူ့အနီး၌ ကိုချစ်ခင်ရော၊ ချာတိတ်မလေးတွေပါ ရှိနေသည်။
...လဲ အိပ်မက်လား။ မဖြစ်နိုင်ပါ၊ ထိုအဖြစ်အပျက်သည် အိပ်မက်မဟုတ်
... သူသိ၏။ အိပ်မက်ဆိုပါက ဒီလောက်ထိမှတ်မိနိုင်စရာ အကြောင်း
...ချ။

"မထူးပါဘူးကွာ။ တွေးနေမယ့်အစား ပြေးကြည့်တာကပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှင်းပါတယ်"

သူရုတ်တရက်ပင် လျှပ်စစ်အားသွင်းဓာတ်မီးကို ဆွဲယူလိုက်သည်

"ဖုန်း ငါ့ဖုန်းဘယ်ရောက်သွားသလဲ"

မနေ့ညက အရက်မူးမူးနှင့် အိပ်ပျော်သွားခဲ့သည်။ ဖုန်း ဘယ်နားထားမိမှန်း မသိပေ။ ခေါင်းအုံးအောက်လား။ ခေါင်းအုံးကို ကာရှာသည် မတွေ့ပေ။ ခုတင်အောက်ကို ငုံ့ကြည့်သည်မတွေ့ မတွေ့သောပစ္စည်းကိုထပ်မရှာချင်တော့ပေ။ တစ်စုံတစ်ယောက်ဖုန်းခေါ် က သေချာပေါက်ဖုန်းကို တွေ့လိမ့်မည်မှန်းသိနေ၍ ဓာတ်မီးကိုဆွဲယူ အိမ်ပေါ်မှ ဆင်းလာသည်။

မလှည်းကျင်းထား၍ သစ်ရွက်ခြောက်များသည် နှစ်ချို့နေလေ အလင်းရောင်မလာသေးသောအချိန်မို့ မြွေပါး၊ ကင်းပါးသတိပြုရပါ သည်။

"မဖြစ်ပါဘူး။ ကိုချစ်ခင်ကို ရှင်းခိုင်းဦးမှပဲ"

ပုဆိုးကိုခြေသလုံးထိပြင်ဝတ်ကာ ခရေပင်ကြီးနားသို့ တရွေ့ ကပ်လာခဲ့သည်။ လင်းအရှက်ကိုအရသာခံသော လေနုအေးသည်တစ် တစ်ချက် ဝှေ့လိုက်လျှင် ကြက်သီးဖြန်းဖြန်း ထသွားသည်။ ဖယောင်းတိုင် မဟုတ်သောကြောင့် မီးငြိမ်းမှာမစိုးရိမ်ရ၍ အလုပ်ရှုပ်တော့သက်သာ ပင်၊ အားသွင်းဓာတ်မီး၏ အလင်းရောင်ဖြူဖြူအောက်တွင် မြင်ကွင်း ထင်ထင်ရှားရှား။

ခရေပင်အိုကြီးမှာ အမျိုးစင်အဘွားအိုလေး ဇုတ်တုတ်ထိုင် သလို ကုန်းကွေ့ရရ ရှိနေလေသည်။ လေထုနှင့်အတူလွင့်လာ





ခရေရနံ့က သူ့စိတ်ကို လန်းဆန်းစေတာ မှန်သော်လည်း ပတ်ဝန်းကျင်၏ အာရုံထဲ သူ မနစ်မျောနိုင်ပေ။ ယခု သူသိချင်နေတာက မျက်ဝန်းဝါဝါ သနှင့် မိန်းကလေး။

"ရှပ် ... ရှပ်"

လူတစ်စုံတစ်ဦးက သစ်ရွက်ခြောက်များကို နင်းမိသောအသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည်။

ဘယ်သူလဲ၊ ဗီအနီးတဝိုက်တွင် သူ့အပြင်ဘယ်သူရှိသေးလို့လဲ၊ မိန်းကလေးလား။

ကားနေသောခြေလှမ်းကို လေထဲ၌ရပ်တန့်ထားရင်း အသံကို နားစွင့်လိုက်သည်။ သို့သော် အသံကထပ်မံ၍တိတ်ဆိတ်သွားပြန်သည်။

သူနားကြားများလွဲနေရော့သလား။

ခြေလှမ်းကို ရှေ့ဆက်မိသည်။

တကယ်အိပ်မက်မဟုတ်ပါဘဲ တကယ်ဆုံခဲ့ရိုးမှန်လျှင် သက်သေ အထောက်အထားရှိလိမ့်မည်ဟု ယုံကြည်၏။ ထို့ကြောင့်ပင် ခရေပင်ခြေရင်း သို့ သူလျှောက်လာခြင်းဖြစ်သည်။

ခြေလှမ်း၊ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း။

"ဟင်"

သူ့ဖို့အားသင့်သွား၏။ သစ်ရွက်ခြောက်များသည် အကြောင်း ကိုက်ကလေး ပြောင်ရှင်းနေသည်။

သူမှင်တက်စွာပင် ရပ်ကြည့်နေမိ၏။ ဤနေရာ၊ ဤနေရာ၌ပင် လွန်ခဲ့သောမိနစ်အနည်းငယ်ခန့်က သူမနှင့် သူ့အိပ်မက်ထဲ၌ ဆုံဆည်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက အိပ်မက်ဟု ထင်နေတာလား။ မဟုတ်ပါ။ ယခုမျက်မြင်နှင့် သက်သေပြပါက စောစောကမိန်းကလေးနှင့်ဆုံခဲ့ခြင်းသည် အိပ်မက် မဖြစ်နိုင်ပါ။ သစ်ရွက်ခြောက်များက အကြောင်းလိုက်ဖြစ်ပြီး မြေသားများ ပေါ်နေခြင်းသည် သူမက သူ့ကိုကြောက်ပြီး တင်ပါးနှင့်မြေပြင်ကို အားပြုကာနောက် ဆုတ်နေခြင်း ဖြစ်သည်။

မှန်ပါသည်။ သူမနှင့်သူ တကယ်ပဲ ဆုံခဲ့ပါသည်။

သူမက ဘယ်သူလဲ၊ ဘယ်ကလဲ။

"မဟုတ်သေးပါဘူး။ ဒါလေပွေတိုက်သွားတာရော မဖြစ်နိုင်ဘူး လား"

သူတစ်ယောက်တည်းက စိတ်နှစ်မျိုးဖြင့် တွေးခေါ်မိသည်။ သို့သော် လေပွေမဟုတ်ဘူးဆိုတာ သိစိတ်ရော၊ မသိစိတ်ကပါ လက်ခံ ထားသည့်အရာ။ ထို့ကြောင့် ဦးနှောက်ကလက်မခံချင်၍ မရတော့ပါ။

"ဟင်"

ပိုမိုသေချာသွားသည်ကဖုန်း သစ်ရွက်ခြောက်များကြားတွင် သူ့ ကို လှောင်ပြောင်နေခဲ့သော သူ၏ဖုန်း။

ဖုန်းသည် အားကုန်လုကုန်ချင်ဖြစ်နေသောကြောင့် အရောင်မှိန် မှိန်သာ အချက်ပြနိုင်တော့၏။

ဖုန်းကို သူချက်ချင်းမကောက်ယူနိုင်တော့ဘဲ သရဲတစ်ကောင်ကို တွေ့သလိုမှင်တက်သွားမိ၏။

သူ့ရင်ထဲမှာတော့ ဒွိဟများစွာ အိပ်မက်များလား၊ တကယ်လား





"ချလွမ်၊ ချလွမ်၊ ချလွမ်"

အုန်းလက်တံမြက်စည်းက မြေပြင်ကိုပွတ်တိုက်သံသည်။ ဒယ်အိုး တစ်ခုကို ဝါးခြမ်းပြားနဲ့ရိုက်နေသလို သူ့နားထဲကြားနေမိသည်။

တံမြက်စည်းလှည်းနေသည်ဟုတော့ သိလိုက်သည်။ ဘယ်သူ သယ်တာဖြစ်မယ်ဆိုတာကို သူ မခန့်မှန်းနိုင်ပါ။ တံမြက်စည်းလှည်းသံအပြင် ဗြိုင်းဘာသံများကြားရဦးမလဲဟု နားစွင့်မိသည်။ ငှက်သံကို ကြား သည်။ ခရေပင်ပေါ်မှ စာဝတီးတွေဘယ်ရောက်ကုန်ပါလိမ့်၊ သူမျက်လုံး ဖွင့်လိုက်၏။

နာရီလက်တံအတိုသည် ရှစ်ကိုပြနေသည်။

ယခုမှ သဘောပေါက်သွားတော့၏။ တစ်ညလုံးကွေးနေရ၍ မတော့ တီးတွေလည်း ဒီအချိန်ဆိုအတောင်ဆန်းလောက်ရောပေါ့။

"ဗျို့ … ဆရာ၊ နိုးပြီးလား"

ပြတင်းဝတွင်ရပ်လိုက်သဲ့ည်နှင့် တစ်ပြိုင်နက် ကိုချစ်ခင်၏အသံ ဟဟကို စတင်ကြားရတော့သည်။

"ဟာ … ကိုချစ်ခင်၊ ဘာလုပ်နေတာလဲ"

"အမှိုက်လှည်းနေတာလေ။ ဆရာ့အိမ်မြေတက်လာမှာစိုးလို့"

ကိုချစ်ခင်ကို သူ ခင်သည့်အထဲတွင် အဲဒီလို အလိုက် သိ

www.burmeseclassic.com



တတ်မှုများ ထိပ်ဆုံးကပါလိမ့်မည် ထင်တယ်။

"ကိုချစ်ခင် ခင်ဗျားဗိုက်ထဲပုဏ္ဏားလေးများ ရှိနေသလား

"မရှိပါဘူး ဆရာရယ်။ ရှိလို့တော့ရပ်ကွက်ထဲ ဂဏန်းလှည့် နေတာနဲ့ ချစ်ခင်သူဌေးဖြစ်လောက်ရောပေါ့ ဆရာရယ်"

"သူဌေးမဖြစ်ဘဲ ဖက်ပြတ်နေရင် ဘယ့်နှယ်လုပ်မလဲဗျ"

"ကောင်းတာလုပ်တာပဲ ဆရာရယ်။ ဘယ်သူကဖက်ပြတ်ပ

"မှန်လွှန်းရင်ရွာပြင်ထုတ်ခံရတယ်ဆိုတဲ့ ဆိုရိုးစကားကိုမေ့ လားဗျ"

"ဒီမိုကရေစီခေတ်ကြီးပါ ဆရာရယ်"

ကိုချစ်ခင်ကိုသဘောကျတဲ့အထဲတွင် ဖွဲ့ဒီအချက်လည်းပါ ကိုချစ်ခင်က ဆင်းရဲသော်ငြား ရိုးသားသည်။ အတန်းပညာမရှိသော တွေးခေါ်တတ်သည်။ တစ်ခါတစ်ရံထုံအသော်ငြား တစ်ခါတစ်ရံအ ပါးနေတတ်ပြန်သည်။ ကိုချစ်ခင်သည် လူပီသသူဟု သူ့စိတ်ထဲလက်ခံ သည်။

"ရှင်းစမ်းပါဦးဗျာ နားမလည်လို့"

"လွတ်လပ်တဲ့ခေတ်ကြီးမှာ လူ့အခွင့်အရေးဆိုတာရှိတ မျှတတဲ့တရားဥပဒေအောက်မှာ ချစ်ခင်က မှန်နေရင် တရားဥပ ချစ်ခင်ကို ကာကွယ်ပါလိမ့်မယ် ဆရာရယ်"

"ဥပဒေကမကာကွယ်ပေးရင် ခင်ဗျားဘယ်လိုလုပ်မလဲ"

"အထက်ကိုတိုင်မှာပေါ့ဗျ။ လာဘ်စားမှုပပျောက်ရေးတွေ ပြီဗျာ"



"ဘာဆိုင်လို့လဲဗျ"

"မဆိုင်ရှိသလား ဆရာရယ်၊ မှန်တဲ့ဘက်ကို ကာကွယ်မပေးမှ ဘာ့ လာဘ်စားထားလို့ပေါ့ဗျ"

တစ်ခါတစ်ရံလူရိုးတစ်ယောက်စကားသည် တခြားလူကို ပြုံးစေ သည်။ သူလည်း ပြုံးမိပြန်သည်။ ဒီနေ့တော့ သူ၏နေ့သစ်သည် ကိုချစ်ခင် ကြောင့်ကြည်လင်၍ နေလေသည်။ ထိုစဉ် ...

"အား"

အိမ်မကြီးဆီမှအော်သံတစ်ခုသည် ပျံ့လွင့်လာသည်။ ကိုချစ်ခင် ရော သူပါလန့်သွားသည်။ နှစ်ယောက်သားတိုင်ပင်မထားပါဘဲ အိမ်မကြီး ဆီသို့ ပြေးလာမိသည်။

"ဘာဖြစ်တာလဲ ... ဘာ"

ဘာဖြစ်တာလဲဆိုတာကိုပင် နှစ်လုံးဆက်တိုက်မမေးနိုင်တော့ပါ ဘဲ မြင်ကွင်းကသူ့ကိုရော၊ ကိုချစ်ခင်ကိုပါ မှင်တက်သွားစေသည်။

ကိုချစ်ခင်သည်ခြေတစ်လှမ်းပင် နောက်ဆုတ်လာသည်။ သွေးစီး ကြောင်းကြီးကို မမှိတ်မသုန်စိုက်ကြည့်နေသော ပါးမို့မို့သည်အသက်မှရှိသေး ရဲ့လားမသိ။

"ဟော့ ,... ဟော့ ... ဟော့"

ချာတိတ်မလေးဆိုသော်လည်း အပျိုပေါက်အရွယ်လေးမို့ သူလို သူမျိုးက အသားချင်းမထိရဲပါချေ။ ထို့ကြောင့် အကျီစွန်းကိုထိရုံကိုင်ပြီး သုပ်လိုက်မိသည်။ သို့သော် တုံ့ပြန်မှုမကြားရပေ။

"ဟော့ ... ပါးမို့မို့ ... ပါးမို့မို့"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှသွေးစီးကြောင်းထက် ပါးမို့မို့ကို ပိုပြီးစိုးရိမ်လာသည် ဆယ်ကျော်သက်များသည် ပိုပြီးစိတ်လှုပ်ရှားလွယ်သည်။ ထိရှလွယ်သည် ခံစားလွယ်သည်။ အကြောက်လွန်ပြီးမတော်လို့များ သူ့ရှေ့ဆက်ပြီးမစဉ်း ရဲတော့ချေ။ မဖြစ်သင့်တာမဖြစ်ရလေအောင် သူ စည်းတစ်ခုကိုစနစ်တ ကျော်ဖြတ်ရပေလိမ့်မည်။

"ဟော့ ... ဟော့ ... ပါးမို့မို့"

လက်မောင်းနှစ်ဖက်ကိုကိုင်ကာ ဆွဲလှည့်လိုက်သည်။ ထိုအ မျက်လုံးကြီးပြူးနေသော ပါးမို့မို့သည်အသက်မရှူမှန်းကို သူရိပ်မိလိုက် ထို့ကြောင့် ပါးကိုခပ်ဆတ်ဆတ်ရိုက်ကာ ကိုယ်ခန္ဓာကိုကိုင်လှုပ်လိုက်သည်

"ဟော့ ... ဟော့ ... သတိထားဦးလေ။ ပါးမို့မို့ ဟော့ဟေ့"

သုံးလေးချက်မျှလှုပ်ခါလိုက်တော့မှ ဟော့ခနဲမြည်သောအသ ရှူသံကို ကြားလိုက်ရသည်။

"သွေး ... သွေး ... သွေး"

အသက်ရှူလာသည်နှင့်တစ်ပြိုက်နက် ဝိညာဉ်မကပ်သလို သွေး တာ အထပ်ထပ်ပြောပြီး ညွတ်ခွေလဲကျသွားလေသည်။

"ဟော့ ... ဟော့ ... ကိုချစ်ခင်။ ခင်ဗျားဘာရပ်ကြည့်နေတာ သူ့ကိုလာချီထားဦး"

ထိုအခါမှ ကြက်သေ သေနေသောကိုချစ်ခင်က သတိဝင် ကာ သူ့လက်ထဲမှ ပါးမို့မို့ကိုလှုပ်ကိုင်သည်။

"ဟင် ... ဆရာ၊ သူ ... သူ"

"မသေပါဘူး။ အကြောက်လွန်ပြီးသတိလစ်သွားတာ။ သူ





ချီထားပါ။ လုပ်စမ်းပါ။ သူကစိုးရိမ်စရာမရှိတော့ဘူး။ ဟိုကလေး ယောက်ရော၊ ဟော့ ... စို့စို့၊ မို့မို့"

သူက ထိုသို့အော်လိုက်သောအခါ ရေခဲသေတ္တာအကွယ်မှ လေးနှစ်ယောက်သည် လှို့လှို့ထွက်လာကြသည်။ ထိုအခါမှ သူစိတ်အေး ာ့သည်။ အသက်ပင်ထရှူမည်ပင်မကြံရသေးခင် ကလေးနှစ်ယောက် ည် အိမ်ရှေ့သို့ လှစ်ခနဲပြေးထွက်သွားသည်။ သက်ရှိများကို ရင်ဆိုင်ပြီး ည့်အခါ စားပွဲပေါ်မှသွေးစီးကြောင်းရှိရာ သက်မဲ့ကို သူရင်ဆိုင်ရပေလိမ့် ည်။ သတ္တိနည်းတာမဟုတ်သော်လည်း ထိုအုပ်ဆောင်းကိုသူမလှန်ရဲချေ။

"အိမ်မှာကလေးတွေအပြင် ဘယ်သူမှမရှိဘူးလား"

"မရှိဘူးဆရာ၊ လူကြီးသုံးယောက်လုံး ကားနဲ့ထွက်သွားတာ နံတော်တွေ့လိုက်တယ်"

ဘုရား ... ဘုရား။ ဒါဆို ဒီစားပွဲပေါ်မှသွေးစီးကြောင်းသည် မဟုတ်တာတော့သေချာလှသည်။ အုပ်ဆောင်းကို လှန်မည်ကြံခိုက်တွင် ဆဲမဝံ့မရဲဖြစ်ရသည်။ ဤမိသားစုခြောက်ယောက်အပြင် သူသိနေသော ကလေးတစ်ယောက်ရှိသည်။ ဖွဲ့ဒီမိန်းကလေးများလား။ ထိုသို့ တွေးမိ သောအခါ သူ့ရင်ထဲဝမ်းနည်းသလိုလို ခံစားရသည်။

"ဝို ... ဝို ... ဝို"

ယင်ကောင်များသည် အုပ်စုဖွဲ့ပြီးရောက်လာကြသည်။ ညှီနံ့ကို သက်သောယင်ကောင်များက သွေးညှီနံ့ကိုအနံ့ခံမိ၍ ဖြစ်မည်။

ဒါဆို၊ ဒါ၊ ဒါ၊ ဒီသွေးတွေက လူတစ်ယောက်ရဲ့ ဘုရား ရား မဖြစ်ပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တိုးနေရသော သူ့ခြေလှမ်းများသည် သိပ်မခိုင်ချင်တော့ပါ။ ဒူးကွေးသည် တဆတ်ဆတ်တုန်နေသည်။ ဟန်ဆောင်ထိန်းချုပ်၍ပင် မရနိုင်တော့ပေ။

စားပွဲခုံပေါ်မှတစ်ဆင့်ကြမ်းခင်းပေါ်သို့ တတောက်တောက်စီးကျနေသော သွေးစီးကြောင်းများကိုကြည့်ပြီး မျက်လုံးများပင်ပြာချင်လာသည်။ သို့သော် အားတင်းထားရသည်။ အုပ်ဆောင်းကိုဖွင့်ရန် လက်ရွယ်လိုက်သော်လည်း တွန့်ဆုတ်သွားပြန်သည်။ အကယ်၍ အုပ်ဆောင်းထဲမှလူသေသည် သူသိသောမိန်းကလေးဆိုပါက။

မဖြစ်နိုင်ပါ။ မိန်းကလေးသည် အုပ်ဆောင်းထဲ၊ အတွေးကိုဆက်၍ မတွေးရဲတော့ချေ။

လွန်ခဲ့သော နှစ်ပတ်ခန့်က ဂျာနယ်တစ်ခုတွင် လူသားစားသော ဖိလစ်ပိုင်သူတစ်ဦးအကြောင်း ရေးထားသည်။ သတင်းဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရပြီး ဖြစ်သည်။ လူ့ခန္ဓာကိုယ်ကိုအပိုင်းလိုက် စနစ်တကျဖြတ်တောက်ပြီး ရေခဲသေတ္တာထဲထည့်ထားသည့် မြင်ကွင်းမှာသူ့မျက်လုံးထဲမှ မထွက်တော့ပေ။

"ဗို ... ဗို"

ယင်ကောင်များသည် အုပ်ဆောင်းဖုံးဝန်းကျင်၌ ပျားပမာပျံသန်းနေကြသည်။ သံသယစိတ်ကြောင့်လား။ လေတိုက်လာ၍ပဲလား မသိ ပုပ်နံ့ကိုရှူရှိုက်မိသလို ခံစားရ၏။ မိမိကိုယ်ကိုအားဖြစ်စေရန် ကိုချစ်ခင်ထံသို့ အားကိုးတကြီး ကြည့်လိုက်ပါသော်လည်း ကိုချစ်ခင်က သူ့ထက်ပို၍ သွေးပျက်နေလေသည်။

ရှုမဝ



မျက်နှာကြီးနီပြီးမှုန်မှုန်ရွှေများသည် မိန်းမကလေး၏ မျက်နှာဆီသို့ ...က်စပြုနေလေသည်။ သူမျက်လုံးမှိတ်ပြီး အသက်မှန်မှန်ရှူလိုက်သည်။

ဘယ်သူလဲ၊ ဘယ်သူ့လက်ချက်လဲဆိုသည့်မေးခွန်းတွေက ထပ် ...လာ၏။

'ဤအိမ်ကြီးတွင်နေမိတာ မှားများသွားပြီလား'။

ဝီအချိန်ရောက်လာမှတော့ နောင်တရနေလည်း မထူးတော့ပါ ... ရှိသမျှသတ္တိကို ခြစ်ချုပ်စုဆောင်းပြီးအစိမ်းရောင်အုပ်ဆောင်းဖုံးကို ...ရှိ အားကုန်ဆွဲမပစ်လိုက်သည်။

"ဟင်"

တင်းနေသောဘောလုံးကို ဓားချွန်ချွန်ဖြင့်တစ်ချက်တည်း ...ဖောက်ပစ်လိုက်သလို ခံစားရသည်။ မှန်ပါ၏။ ဇီးဖျော်ရည်ပုလင်းသည် ...ဆောင်းဖုံးနှင့်မဆန့်၍ မှောက်ကျနေသည်။ ပြီးနောက် မနေ့ညက ...ခဲ့သော စားကြွင်းစားကျန်များသည် စားပွဲပေါ်၌မြင်မကောင်းအောင် ...နေသည်။ ပြီးနောက် ဂျော့ပုစွန်အစိတ်သားခန့်က ကြွပ်ကြွပ်အိတ်ထဲမှ ...ထိမဖွင့်ရသေးပေ။

"ဟား ... ဟား ... ဟား"

ကျောဘက်မှ ကိုချစ်ခင်၏ရယ်သံကြားလိုက်ရသောအခါ နံကြား ...နေသောဒေါသက အချောင်းလိုက်ထွက်လာသည်။

ဘယ်သူ့လက်ချက်လဲ။ မနက်စောစောစီးစီး ဗီအမင်္ဂလာမြင်ကွင်း ... ဘယ်သူလုပ်ထားတာလဲ။

"အင်း ... အင်း"

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်ခင်ချီပွေ့ထားသော ပါးမို့မို့ထံမှအသံကြားရသည်။ ကိုချစ်ခင်၏ ရယ်သံကြောင့်လား။ လစ်မစ်ပြည့်သွားလို့ပဲလားမသိ။ မရှေ့စာ အိပ်ရာမှနိုးလာသည်။

"ဆရာ ... ဆရာ သွေး"

"ဘာသွေးမှမဟုတ်ဘူး။ အဲဒါဖျော်ရည်တွေ"

"ရှင် ... ဖျော်ရည်ဟုတ်လား"

"သမီးတို့ ဗိုက်ဆာလို့ဖျော်သောက်မလို့"

ကြောက်ကြောက်လန့်လန့်ပြေးထွက်သွားကြသော ကလေးနှစ်ယောက်က လှေကားပေါ်မှဆင်းလာကြပြန်သည်။ သူဘယ်လို ဒေါသ ထွက်ရတော့မှာတဲ့လဲ။ ထွက်လုလုဒေါသက အကြောင်းအရင်း မရှိချေ ထို့ကြောင့် သိမ်းဆည်းထားလိုက်ရ၏။ ဘာလို့ဒေါသထွက်မှာလဲ။ ကိုယ်က အထင်အမြင်မှားနေတဲ့ကိစ္စကို ရှက်ရမ်းရမ်းပြီးကလေးတွေကို မာန်မဲမိလိုက်လား။

"ဘာ ... မင်းတို့ဖျော်သောက်မလို့ ဟုတ်လား"

လဲကျနေသောပါးမို့မို့သည် ဝေါက်ခနဲထထိုင်ကာ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး ကလေးနှစ်ဦးထံသို့ တစ်ဟုန်ထိုး ပြေးသွားသည်။ လက်နှေးသောသူက ဆွဲချိန်ပင်မရလိုက်ချေ။

"သောက်ချင်ဦး ... သောက်ချင်ဦး"

ပါးမို့မို့သည် ဘယ်လောက်တောင် ဒေါသထွက်သွားသလဲဆို မသိပေ။ ခေါင်းနှစ်လုံးမှဆံပင်များကို လက်ဖဝါးကြီးနှင့်ဆုပ်ကိုင် ခေါင်းနှစ်လုံးကို တဂွပ်ဂွပ်တိုက်နေတော့သည်။

•——ရွှေသော——•



"ဟော့ ... ဟော့ ... ဟော့"

သူ့ရဲ့တားမြစ်သံသည် ကလေးနှစ်ဦး သံပြိုင်ငိုသံအောက်၌ ောက်လိုက် ပေါ်လိုက် ဖြစ်နေသည်။

"ဟော့ ... လွှန်ကုန်မယ်။ လွှတ်ပါ"

လူကိုကြည့်တော့ငါးဖောင်ရိုးခြောက် ဒေါက်ဖိနပ်စီးထားသော ်နှင့် သန်လိုက်တဲ့အား။ လက်တစ်ဖက်ချင်းစီက ဆုတ်ကိုင်ထားသော ံပင်များကို သူနှင့်ကိုချစ်ခင် မနည်းဖြေယူလိုက်ရသည်။

မျောက်လောင်းသာသာ ကလေးနှစ်ယောက်သည် ကြမ်းခင်းပေါ် ိုဆင်းပြီး ပြိုင်တူငိုနေကြလေ၏။ မျောက်လောင်းလေးများနှင့်အတူ ံအပျိုဖျန်းလေးသည်လည်း ရောယောင်ငိုနေသေးရာ။ ဘယ်သူ့ကိုချော ို့ ချော့ရမှန်း မသိကုန်တော့ပါ။

မထူးတော့သည့်အဆုံး အားရအောင်ငိုကြပါစေတော့ဆိုပြီး ာ်ပိုက်ကြည့်နေဖြစ်သည်။

"ကိုချစ်ခင် လမ်းထိပ်မှာ မုန့်ဟင်းခါးသုံးပွဲ သွားဝယ်လိုက်ပါ ာ့ဗျာ"

"သမီးက ပဲကြော်နဲ့"

"သမီးက ငါးဖယ်နဲ့"

"ငရုတ်သီးမထည့်နဲ့နော်"

အံ့ဩရပြန်သည်။ ငိုနေရင်းတန်းလမ်းပင် အမှာတော်ဖွင့်ကြ ာသည်။ အဲဒီမုန့်ဟင်းခါးသုံးပွဲက သူတို့ကို ကျွေးဖို့လို့လည်း ပါးစပ်က ်းပြောလိုက်ရပါဘဲ ကိုယ်တိုင်တံဆိပ်ထနိုပ်ကြလေသည်။

•——ရွှေသော——•

www.burmeseclassic.com

www.burmeseclassic.com



ဩော် … မိန်းမ၊ မိန်းမ။ မိန်းမ၊ မိန်းကိုမနေရသလိုပါပဲ လားနော်။ အချိန်မရွေး တတ်လိုက်နိုင်တဲ့သတ္တဝါလေးတွေ။

အသက်ကြီးတော့လည်း ကြီးလို့၊ တောကြီးမြေပြောက် ငယ်ပြန်လျှင်လည်း ငယ်လို့၊ နွယ်ပင်မြေစိမ်း ဘုရား၊ ဘုရား။

ကြီးကြီး၊ ငယ်ငယ် မိန်းဆိုတဲ့မက အန္တရာယ်များလှပါသည်။

“လူကြီးတွေ ဘယ်သွားကြသလဲ”

ကိုချစ်ခင်ထွက်သွားပြီးသည့်အခါ အငိုစဲစပြုလာသော ပါးမို့မို့ကို မေးခွန်းထုတ်လိုက်သည်။

“အဘွား နေမကောင်းဖြစ်လို့သွားတယ်”

“မြို့ထဲလား”

“အဘွားကပဲခူးမှာနေတာ တရားရိပ်သာဝင်သွားတာ ငါးနှစ်ရှိပြီ”

ဘုရား … ဘုရား။ ဒါဆို ဒီနေ့ပြန်ရောက်ချင်မှ ရောက်မယ်ဆိုတဲ့ သဘောပေါ့။

“မင်းတို့ အဖေါ်ရောပါသွားတာလား”

“ဖေါ်လေးက မေမေ့ထက်ပိုသွားချင်နေတာ”

“မင်းတို့ကို ဘာမှာသွားသေးလဲ”

“မသိဘူး။ မို့အိပ်နေတာနဲ့ ဖေါ်လေးဘာပြောသွားသလဲဆိုတာ သေသေချာချာမကြားလိုက်ဘူး”

“မမက အိပ်ပုပ်ကြီးနေတာ ဆရာဦးလေးရဲ့”

စိုစိုဆိုသောကလေးမလေးက ပါးချိုင့်လေးပေါ်အောင် ပြောလေသည်။ ဒီကလေးမ အလွန်ဆုံးရှိလှ ငါးတန်း၊ ခြောက်တန်းပေါ့။





“ဖေါ်လေး ပြောတယ်။ ဗိုက်ဆာရင် မမကိုလုပ်ခိုင်းတဲ့။ ရေခဲသေတ္တာထဲမှာ ကြက်ဥရှိတယ်။ ပေါင်မုန့်နဲ့ ကြက်ဥ၊ နွားနို့ စားကြတဲ့”

“အဲဒါကို နင်တို့ကဘာရှည်ပြီးမှ ငါ့ကိုမပြောဘဲ ဖျော်ရည်သောက်နေရတာလဲ။ ဖေါ်လေးက ဖျော်ရည်သောက်ဖို့ မှာသွားလို့လား”

“မမှာပါဘူး။ ချောင်းဆိုးမယ်ဆိုပြီး ဘယ်တုန်းကသောက်ခိုင်း သဲ။ ဖေါ်လေးမရှိတုန်း ခိုးသောက်တာပဲ။ ဘာဖြစ်လဲ မမလည်း မေမေမသိအောင် စကော်တိုတွေခိုးဝတ်တာပဲ”

“အေးလေ။ မမကိုဗိုက်ဆာလို့ နိုးတာပဲ။ မမမှမထတာ”

“ငါက မင်းတို့ရဲ့အလုပ်သမားလား။ ကျောင်းပိတ်တဲ့နေ့လေးပဲ အိပ်ရတာ။ ခုချိန်ထိအစောကြီးပဲ ရှိသေးတယ်”

“ဖေဖေ ပြန်လာရင်တော့ မမညကျရင်ရည်းစားနဲ့ ဖုန်းခိုးပြောတဲ့အကြောင်း တိုင်မယ်”

“တိုင်လိုက်ပေါ့။ နင်တို့စောစောက ဘာပြဿနာရှာထားလဲ၊ ဆေးပဲ။ ငါက နင်တို့ထက်တောင် ပိုပြီးတိုင်တတ်သေးတယ်။ ရော ဖေဖေ့ကို ကြောက်နေမယ်များ ထင်သလား”

ကလေးမလေးသုံးယောက် အပြန်အလှန်ပြောနေတဲ့စကားများကို ထောင်ရင်း သူတဖြည်းဖြည်း ဇာတ်ရည်လည်စပြုလာသည်။ ပါးမို့မို့နှင့် ပျို့ပျို့တို့သည် ရန်ဖက်များဖြစ်ကြသည်။ ပါးမို့မို့က ရည်းစားထားသည် စိုစိုနှင့်ပျို့ပျို့က သိသည်။ လူကြီးတွေမသိအောင် ရည်းစားခိုးထားမိ ကိစ္စက ပါးမို့မို့၏အပြစ်ကြီးတစ်ခုအဖြစ် စိုစိုနှင့်ပျို့ပျို့ အမြဲ[illegible]ယှက် ကိုင်နေရ၍ စိုစိုနှင့်ပျို့ပျို့ကို ပါးမို့မို့ကမုန်းနေမည်။ စိုစိုနှင့်ပျို့ပျို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါးမို့မို့အပေါ်အမြင်ကြည်လင်ပုံမပေါ်ချေ။

"နေကြစမ်းပါဦး။ ဒီပြဿနာတွေက ဘယ်ကဘယ်လိုဖြစ်လာကြတာလဲ။ အဲ့ဒီ စားဖိုးစားခွက်အကျန်တွေကို မင်းတို့ဒေါ်လေးက မသိမ်းသွားဘူးလား"

"မမပေါ့ ဆရာဦးလေးရဲ့။ မမ ညကဆင်းစားထားတာ သိမ်းမြင်တယ်"

"သမီးလည်း မြင်တယ်။ မုန့်ပြောရင်းစားနေတာ ဒေါ်လေးစစ်ဆေးနေရင် အဲဒါသမီးတို့ဆိုပြီး ပြီးချဦးမှာ"

ရန်ပွဲကသေးလှတယ်တော့ မဟုတ်ချေ။ ထိုရန်ပွဲသည် သမိုင်းရှိခဲ့ပုံရသည်။

"ငါစားတာ ကိတ်မုန့်နဲ့သွားနို့ပဲ၊ အဲဒီပုစွန်နဲ့ဖျော်ရည်မပါဘူး"

"နေကြစမ်းပါဦး။ နေကြပါဦး။ အဲ့ဒီပုစွန်အစိမ်းတွေက ဘယ်ဘယ်လိုလုပ်ပြီး စားပွဲပေါ်ရောက်နေရတာလဲ"

သူ့မေးခွန်းအဆုံးတွင် ပါးမို့မို့၏မျက်လုံးသည် စိုစိုနှင့်ပျို့ပျို့ဖိုင်းခနဲကျရောက်သွားသည်။

စိုစိုနှင့်ပျို့ပျို့၏မျက်နှာများသည် ပြေးနေသောလိပ်ကလေး လူတွေ့၍ ခေါင်းလျှိုသွားသလို ဖက်ကလေးပုဝင်သွားသည်။

သူသဘောပေါက်လိုက်ပါပြီ။ စိုစိုနှင့်ပျို့ပျို့၏ လက်ချက်။

"မင်းတို့ခါတိုင်းရော ဒီလိုလုပ်နေကျလား"

"အခုအိမ်ဆောက်ရတာလည်း သူတို့နှစ်ယောက်ရဲ့လက်ချက်လေ။ ဆီဖိုးတည်ပြီး ဝက်သားကြော်စားလို့ ပိုင်ယာရှော့ဖြစ်ကုန်တာ





အမေ ရှိလို့ပေါ့။ မဟုတ်ရင် တစ်အိမ်လုံးမီးကျွမ်းပြီ"

ဘုရား ... ဘုရား။ အာဂလေးတွေပါလားနော်။ ဓာတ်ကြိုးလေးထဲတွင် သူက မီးဆိုတဲ့အရာကိုအကြောက်ဆုံး။ မီးဆိုတဲ့အရာကမျိုးပါက သူ့စာအုပ်တွေပြာဖြစ်ကုန်လိမ့်မည်။ အခုတော့ မီးဆော့တဲ့ကလေးတွေပါလား။ ဘုရား၊ ဘုရား သူ့အမြန်ဆုံးပြောင်းပြေးတာကမှကံကောင်းကျမည်ထင်ပါရဲ့။

"ဆရာရေ ... ဗျို့ ... ဆရာ"

ကိုချစ်ခင်က ဆိုက်ကားနင်းပြီးပြေးခဲ့သည် ထင်ပါရဲ့ အချိန်ဘယ်လောက်မှ မကြာလိုက်ပါဘဲ အထုပ်များနှင့်ပြန်ရောက်လာသည်။ သို့သော် သူဝယ်ခိုင်းလိုက်တဲ့ မုန့်ဟင်းခါးတော့မဟုတ်၊ လက်ဖက်ရည်နှင့်ကြာကွေး။

"ဒါက"

"ခြော် ... ဆရာရယ်။ အချိန်လည်းကြည့်ပါဦး။ ဆယ်နာရီကျော်နေပြီဗျ။ မုန့်ဟင်းခါးကုန်ပြီတဲ့ အဲ့ဒါနဲ့ချစ်ခင်လည်း ငါးမရရေချိုးပြန်ဆိုတဲ့အတိုင်း မုန့်ဟင်းခါးမရတော့ ဒါတွေ ဝယ်လာတယ်။ ဒါစားလည်းဗိုက်ပြည့်ပါတယ်ဗျာ"

"သမီးကြိုက်တယ်"

"သမီးလည်း ကြိုက်တယ်"

အမြွှာနှစ်ယောက်ခပ်စွာစွာပင်။

ကလေးတွေကို မချစ်သော်လည်း အခြေအနေအရ အောင့်ကာနေရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ်ခင်ရေ ... စားပွဲရှေ့ရောက်ထည့်ပြီး ကျွေးလိုက်ပါ
အဲ ... စားပြီးရင်တော့ ကျောင်းသွားကြတော့"

"ဟာ ... ဆရာဦးလေးကလည်း ဒီနေ့ကျောင်းပိတ်တယ်
စာမေးပွဲဖြေခါနီး ကျောင်းရက်ရှည်ပိတ်တတ်တာကို မသိဘူးလား"

အဲ့မယ်၊ ငါလည်းဘွဲ့ရပါကွ၊ ကျောင်းနေဖူးပါတယ်။ ဒါကြော
မင်းတို့အစ်မ မင်းတို့ကိုမေတ္တာမရှိတာဟု သူငယ်ရန်တွေပြောပစ်ချင်ပေ
မချိသွားဖြတဟဲဟဲ ရယ်နေရပြန်သည်။

"ဆရာ"

မျက်နှာချိုသွေးနေသော ပါးမို့မို့မျက်နှာကြောင့် သူမကြာ
ဖုက္ခရောက်တော့မှာပါလားဟု သိလိုက်သည်။

"သမီးအပြင်သွားချင်လို့"

"သွားချင်သွားပေါ့ကွ။ ငါကမင်းရဲ့ အုပ်ထိန်းသူမှမဟုတ်
သူ့စကားကနည်းနည်းတော့ ဘုကလန့်နိုင်သည်။

သို့သော် ပါးမို့မို့ကနည်းနည်းမှ စိတ်ဆိုးပုံမရချေ။

ကိုချစ်ခင်နောက်လိုက်သွားသော ကလေးမနှစ်ယောက်
မျက်လုံးဖွေကြည့်ပြီး သူ့နားတိုးကာခပ်တိုးတိုးဆို၏။

"သူတို့နှစ်ယောက်ကို ဆရာကြည့်ထားပေးပါလား"

မြတ်စွာဘုရား။ မဆီမဆိုင်၊ အိပ်မက်ပင်မမက်ဖူးတဲ့ ကလေ
အလုပ်ကိုသူ့ထံ ပရိသတ်ဆိုသူကအားမနာ လွှာမကျိုးအပ်နှံနေပါ
ဘုရား၊ ဘုရား။

ပါးမို့မို့တို့ညီအစ်မသုံးယောက်နဲ့ဆုံတော့မှတော့ သူက က





ရမှာလား၊ ငရဲကျမှာလားမသိတော့ပေ။ မကြာခဏ မြတ်စွာဘုရားကို
သာ တမ်းတနေမိတော့သည်။

"ဒီအလိုက်လေး ကြည့်ထားပေးရုံပဲ။ အဲ့ဒီနှစ်ယောက်ကို သာမန်
ဆို ဆရာနိုင်မှာ မဟုတ်ဘူး။ မို့မို့က သူတို့သောက်မယ့်ဖျော်ရည်ထဲ
အိပ်ဆေးခတ်ထားလိုက်မယ်"

ဘုရား၊ ဘုရား။ ဘယ်လိုဟာလေးတွေလဲ နားထောင်နေတာ
အကောင်းမှတ်နေတယ်၊ အခြေအနေကပိုပြီး ဆိုးလာပါလား၊ အိပ်ဆေး
သာ အခတ်လွန်ရင် သူကနေရင်းထိုင်ရင်း တရားခံဖြစ်ရဦးမယ်၊

"ဟေ့ ... အဲဒီလိုမလုပ်နဲ့။ ညီအစ်မအချင်းချင်း မလုပ်ကောင်း
ဘူး"

"ဟာ ... ရပါတယ်ဆရာရဲ့၊ အေးဆေးပါ၊ ခါတိုင်း မို့မို့အပြင်
သွက်ချင်ရင် အဲ့ဒီလိုပဲသူတို့ကို လုပ်နေကျ"

နားထောင်နေရင်း အမှုက ပိုပိုပြီးကြီးလာသည်။

လုပ်နေကျဆိုပါလား။ ရဲတင်းလိုက်တာ၊ ဒီလိုလက်မှိုးကို သူပင်
ကြောက်မိပါသည်။ မဖြစ်ဘူး၊ အမြန်ဆုံးပြောင်းပြေးတော့မှပဲ။

"ဆရာ ခဏနေဉ်"

ဘောင်းဘီအိတ်ထဲမှအထုပ်လေးကို နှိုက်ယူနေသော ပါးမို့မို့ကို
ကြည့်ရသည်မှာ အသည်းတထိတ်ထိတ်ရှိလှသည်။ ဆယ်နှစ်သမီးအရွယ်
ကန်းက ဝတ်ခဲ့တဲ့အင်္ကျီလားတော့မသိပါ။ ပါးမို့မို့၏အင်္ကျီသည် ပါးမို့နှင့်
အတော်လေးသေးနေသည်။ သိမ်ပင်မလုံခြုံချင်တော့ပါ။ လက်ကြောက်လိုက်
ခိုင်း သူ့ကိုထွက်ထွက်ကြည့်တတ်သော မိုက်သားလေးများကြောင့် သူက



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲထားရသည်။

အငယ်မလေးနှစ်ယောက်နှင့်အတူ ကိုချစ်ခင်ဝင်သွားရာ မီးဖို ချောင်ဘက်သို့ တန်းနေအောင်ဝင်သွားသည်။ ပြီးနောက် ခဏအကြာတွင် ပါးမို့မို့ကအောင်နိုင်သူ အပြုံးနှင့်ထွက်လာခဲ့၏။

ကိစ္စပြီးပြီပေါ့။ ရဲတင်းလိုက်တာ၊ ဒါဆိုအရင်တစ်ခါ သူ့ဆီ ချောကလက်ပေးတုန်းကရော ဆေးမခတ်ထားဘူးလား။ သိပ်ယုံကြည်၍ တော့ မရပေ။ ခတ်ချင်ရင်လည်း ခတ်ထားလိမ့်မည်။ ချောကလက်ကို စို့စို့ကလုပြေးပြီး ကိုက်စားနေသည်ကို သူတွေ့သည်။ ပြီးနောက် အိမ်ကြီး ဆီမှ စို့စို့နှင့်ပျို့ပျို့၏အသံကို ထပ်မကြားရတော့ပေ။ သတိထား ဖြစ်လိမ့်မည်ဟု မိမိကိုယ်မိမိ သတိပေးနေမိပြန်သည်။

"ဆရာ ခဏနော်။ မို့ အကျီသွားလဲလိုက်ဦးမယ်"

ဟုဆိုကာ လှေကားပေါ်တက်သွားသော ပါးမို့မို့ကို သူ တ တသြ ငေးကြည့်နေမိပြန်သည်။

သူက အေးပါ။ သွား။ စောင့်ပေးမည်ဟုပင်မပြောလိုက်ပါ သူ့အပေါ်တာဝန်တွေ အပုံလိုက် အပ်သွားသောပါးမို့မို့ကို သူ မအံ့ဩ မနေနိုင်ပါ။ ရဲလည်း ရဲတင်းလှသည်။ အပြောင်းအလဲလည်း မြန်လှသည် လွန်ခဲ့တဲ့မိနစ်ပိုင်းလောက်ကမှ သတိလစ်မေ့မျောသွားသေးသည်။ ယ တော့ သူမဟုတ်သည့်အတိုင်း ခေါင်းမူး၊ ခေါင်းကိုက်ဖြစ်ပြီး ရင်တုန် သည့် အရိပ်အယောင်ကိုစိုးစဉ်းမျှ မတွေ့ရချေ။ ဟန်ဆောင်ပြီးများ မေ့လဲသွားတာလား။

ဒါလည်း မဖြစ်နိုင်ပါ။ ပါးမို့မို့တကယ်မေ့သွားတယ်ဆိုတာ



နှက်လုံးဖြင့် အတည်ပြုပြီးဖြစ်သည်။ ခေတ်မိန်းကလေးတွေကို သူနားမလည် နိုင်တော့ပါ။

"ဆရာ သူတို့ကိုကျွေးထားပြီဗျ။ မီးဖိုထဲက ပုစွန်တွေလည်း ချခဲ့သေတ္တာထဲ ပြန်ထည့်ထားလိုက်တယ်။ ချစ်ခင်လည်း နောက်ကျ နေပြီ။ သွားတော့မယ် ဆရာရေ။ ဆရာ့ဖို့ နေ့လယ်စာဝယ်ပို့ပေးရဦး မလား။ ဆရာ့ဟာ ဆရာပဲထွက်စားမလား"

"ရပါတယ်ဗျာ။ လုပ်မနေပါနဲ့တော့ ထမင်းတစ်နပ်မစားလို့ ညလည်း သေမသွားပါဘူး။ ကဲ ... သွားတော့၊ ကျွန်တော့်ဒုက္ခ ငါးများဆီ ထပ်မဆင့်ချင်ပါဘူး။ သွားတော့"

သွားတော့ဟု အမိန့်ကျသည်နှင့်တစ်ပြိုက်နက် ကိုချစ်ခင်သည် ခြေသလုံးနှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးတော့သည်။

ကိုချစ်ခင်လည်း စီးပွားရေးရှိနေသေးသည်လေ။ လုပ်ကိုင်ရှာဖွေရ သေးပေါ့။

"ဆရာဦးလေး"

နှုတ်ခမ်းဝမှ လက်ဖက်ရည်စွန်းများ ပေကျံနေသောနှုတ်ခမ်းဖြင့် ငွေးခေါ်သံဖြစ်သည်။ သူလှမ်းကြည့်လိုက်သောအခါ သူ့ကိုမျက်ဝန်း လေးများနှင့် ကြည့်နေကြသောအမြွှာနှစ်ယောက်။ ရယ်လည်း ရယ်ချင် ။ စိတ်လည်း ညစ်သည်။ အစ်မလုပ်သူကလည်း ညီမလေးတွေကို တာ အိပ်ဆေးခတ်သည်။ ညီမများကလည်း အစ်မအပေါ်နည်းနည်း လေးစားမှုမရှိကြပေ။

"ဘုန်း ... ဘုန်း ... ဘုန်း"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှ ပြေးဆင်းလာသောအသံ။ ထိုအသံကိုကြားရ... အခါ အမည်မသိမိန်းကလေးကို သတိရမိသည်။ ထိုမိန်းကလေး၏... လျှောက်ပုံမှာ ပါးမို့မို့နှင့် ကွာခြားလွန်းလှ၏။ ညင်သာသည်။ သိမ်မွေ့သ... သူကြားရသောအပေါ်ထပ်မှခြေသံသည် သူ သိနေသောမိန်းကလေး... ဟုတ်ရဲ့လား။ သံသယကဆင့်ပွားလျက်။

"ဆရာ မို့သွားပြီနော်"

အမယ်လေး ... ဘုရား။ ဘုရား။ ဘယ်လိုဖြစ်ရတာ... ဝတ်ထားသောပုဆိုးကိုချွတ်ကာ ပါးမို့မို့ကိုယ်ပေါ်၌ လွှမ်းခြုံပေးလိုက်... သည်။ ပါးမို့မို့သာ သူ့သမီးလေးဆိုပါက ကြိမ်လုံးဖြင့် ခပ်ဆတ်ဆတ်... ကာ ဆုံးမမိမည်မှာ မလွဲပင်။ အခုတော့ ပရိသတ်ဟု မိတ်ဆ... သွေးမတော် သားမစပ်။

"ဟွန်း ... ခက်ပါရဲ့"

"မမ ဘယ်သွားမလို့လဲ"

စိုစိုနှင့်ပို့ပို့သည် စကားကိုပီပီသသမပြောနိုင်တော့ပါဘဲ သူ... ရှိ ဆက်တီပေါ်လဲကျသွားသည်။ ပြီးနောက် ဆက်တီခုံကျဉ်းကျဉ်းလေး... နှစ်ယောက်ထဲပူးကပ်ကာ အိပ်နေကြလေသည်။

"သူတို့မနိုးခင် မို့ပြန်လာမှာပါ"

ပါးမို့မို့သည်ပြောပြောဆိုဆိုပင် ကြိုးများဖြင့်ရှုပ်နေသောဖိနပ်... ကုန်းကောက်လိုက်သည်။ သည်တွင် ကြိုးတစ်ချောင်းအကျီကြားမှ အသ... စိုင်များ သူမလွဲသာမရှောင်သာ မြင်လိုက်ရ၏။ မျက်နှာကို ရှားမ... ပက်လိုက်သလို ပူခနဲခံစားလိုက်ရသည်။ ချက်ချင်းဆိုသလိုပင် မျက်နှာ...



...သည်။ ထပ်ပြီးလှည့်မကြည့်ပုံတော့ပေ။ ပေါင်ရင်းခန့်ရှိသော စကတ် ...သည့် ပါးမို့မို့ကုန်းလိုက်ပုံမိုးနှင့်ဆိုလျှင် ... ၏ နောက်ဆက်တွဲအကြောင်း ...များသည် သူ့ရင်ကိုစည်တီးသလို တုန်ခါသွားစေသည်။

"ပါး မို့ မို့"

"ရှင် ဆရာ။ မို့ကိုဘာပြောမလို့လဲ၊ ပြောလေ"

အားပါးတရပြောချင်ဇောဖြင့် ပါးမို့မို့ဘက်သို့လှည့်လိုက်သော ... အောက်စလွတ်နေသော စကတ်တို။ မျက်စိကိုမှိတ်ပစ်မည်ကြံခိုက် ... ထိုစကတ်အောက်မှ အနက်ရောင်စတော်ကင်ကိုပေါင်ရင်းခန့် ...ဝတ်ထားသည်ကို တွေ့လိုက်ရ၏။

"မင်း ဘယ်သွားမလို့လဲ"

"တင်းနစ်ရိုက်မယ်၊ ရေကူးမယ်၊ ခဏပါပဲဆရာရယ်။ အဲ့ဒီကို ...သွားရတာကြာပြီ။ တိမ်လွှာနဲ့စန္ဒာတို့ စောင့်နေကြတော့မှာ"

"တိမ်လွှာနဲ့စန္ဒာပဲလား"

"အင်း ... တခြားလူလည်း ပါချင်ပါမှာပေါ့၊ ဟဲဟဲ"

စာရေးဆရာပီပီ ဒီလိုစကားလုံးကို သူကောင်းကောင်းသိပါ၏။ ...ချာပါတယ်၊ ပါးမို့မို့မှာ ရည်းစားရှိနေပါတယ်။

"မင်း ဒီ့ထက်ကြီးတဲ့အကျီကို ဝတ်လို့မရတော့ဘူးလား"

"ဆရာကလည်း ရိုးလိုက်တာ။ အကျီအကြီးကြီးကိုဝတ်မှတော့ ...ောက်ကြောင်းကဘယ်ပေါ်တော့မလဲ။ sexy ကျဖို့ဆို ဒါမျိုးလေးဝတ် ...တယ်။ လုံခြုံလွန်းရင်မလှတဲ့အရာတွေကို ဖုံးကွယ်နေတယ်ဆိုပြီး အပြော ...နေတယ်။ ပြီးတော့ ဆွဲဆောင်မှုလည်း သိပ်မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်စကားလုံးပေါတဲ့ စာရေးဆရာဖြစ်နေသော်ငြား ဒီ စကားလုံးကိုထုချေဖို့ စကားလုံးများသူ့ထံပျောက်ဆုံးကုန်တော့သည်။

ဘာပြန်ပြောရမှာလဲ။ ခေတ်ကိုပဲ အပြစ်တင်ရမှာလား မိန်းကလေးကိုပဲ ဆုံးမရတော့မှာလား။ ဒီ့ထက်ပိုပြီးသူ့မှာပြောပိုင်ခွင့် မရှိ ပြောလည်းမပြောသင့်ပေ။ သို့သော် စိတ်ပျက်မိတာတော့ အမှန်ပဲဖြစ် မရင်းနှီးသောယောကျ်ားတစ်ယောက်ကို သွေးသားရင်းပမာအကြော အလန့်မရှိ ရင်းနှီးခင်မင်သည်။ ပြီးနောက် ငယ်ရွယ်သောညီမ နှစ်ယောက်ကို အိပ်ဆေးတိုက်ပြီး အပ်နှံထားသည်။ ဦးနှောက်ပဲ နည်း လား။ အတွေးအခေါ်ပဲ မရှိတာလား။ သံယောဇဉ်ပဲ ကင်းမဲ့လွန်းတာလ ရေရေရာရာမသိပေမဲ့ ပါးမို့မို့၏ပုံသည် အနောက်တိုင်း ဆန်လွန်းနေ တော့ အမှန်ဖြစ်သည်။

"သွားပြီနော်။ အဲ ... ဆရာ၊ မေမေတို့ကို တိုင်မပြောရဘူးနော ဖုန်းဆက်ရင်လည်း မကိုင်နဲ့။ အိုကေ"

သူ့ကို မယုံသင်္ကာတစ်ချက်ကြည့်ပြီး ငှက်မလေးလိုအိမ်ထဲ ရှောခနဲထွက်သွားသော ပါးမို့မို့ကြောင့်သူပြုံးမိလိုက်တာ အမှန်ပါ။ သို့သေ ဘာကြောင့်ပြုံးမိလိုက်မှန်းကိုတော့ အဖြေရှာမရပေ။

အိပ်ပျော်နေသော ကလေးမနှစ်ဦးဘေးရှိ ဆက်တီတွင်ထိုင်ပြီ အိမ်၏အခြေအနေကို အကဲခတ်နေမိသည်။ အိမ်ကြီးသည်ရက်ပိုင်းအတွင် အတော်တောက်ပြောင်သွားခဲ့ပြီ ဖြစ်သည်။ သူနေခဲ့သော အိမ်မည်းကြီး လားလားမျှမသက်ဆိုင်တော့ပေ။

"ငွေ ... ငွေ ... ငွေက တယ်လည်းတန်ခိုးကြီးတာကိုး"





ကြမ်းခင်းများတွင်ကြွေပြားတွေနေရာယူနေပြီး ဆေးကွာကျနေ သောအုတ်နံရံများသည် အထူးပင်တောက်ပြောင်နေသည်။ မျက်နှာကြက် ဝင့်ကူမျှင်တွေ ဘယ်ရောက်သွားပါလိမ့်။ သူနေခဲ့စဉ်ကတိုက်ပျက်ကြီး တစ်လုံးပမာ ကြည့်မြင်ရဆိုးနေသော်လည်း ယခုအိမ်ရှင်လက်ထက်မှာ တော့ အိမ်၏ အပြင်အဆင်သည် ဥရောပဆန်နေသည်။ ဆိုဖာဆက်တီနှင့် ကော်ဇောများ၊ သုတ်ဆေးများ၊ ကြွေပြားများက အိမ်ကြီးကို ကောင်း ကောင်းပြောင်းလဲပစ်လိုက်ပြီ ဖြစ်သည်။

"ဘုန်း ... ဘုန်း"

အိမ်အပေါ်ထပ်ဆီမှအသံတစ်သံကို ကြားလိုက်ရသည်။ ချက်ချင်း ဆိုသလို ရင်ထဲထိတ်ခနဲဖြစ်သွား၏။ ကျောဘက်သို့လှည့်ကြည့်လိုက်သော အခါ ကလေးမနှစ်ဦးသည် ရှူးရှူးရှဲရှဲ အိပ်ပျော်နေကြလေသည်။

ဖိုးဖိုးက အအိပ်ကြမ်းသည်။ ဖိုးဖိုးကရှန်းနေ၍ ခုံပေါ်မှပြုတ်ကျ သလိုဖြစ်နေသော ဗိုဗိုကိုပွေ့ချီကာ အခြားခုံတစ်လုံးပေါ်သို့ တင်ပေးလိုက် သည်။

"ဒုတ် ... ဒုတ်"

ခုံတစ်လုံးနှင့်တစ်လုံးပွတ်တိုက်သံသည် ဆက်၍ထွက်ပေါ်လာ နေသည်။ သူသိထားတာကအိမ်မှာ မည်သူမှမရှိကြဘူးဟု ဖြစ်သည်။ သို့သော် သူကြားနေရသောအသံသည် တစ်စုံတစ်ဦး၏လှုပ်ရှားနေသော အသံ။

"သူခိုးလား"

သံသယက ဆင့်ကာဆင့်ကဲဆိုသော်ငြား ရင်ထဲမချင့်မရဲဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခါတိုင်းလဲထိုအသံမျိုး သူကြားခဲ့ဖူးသည်။ အခုလည်း ထပ်မံ၍ ကြားရပြန် သည်။ မရိုးသားတာတော့ အမှန်ပါ။

တက်ကြည့်ရမလား၊ တက်ကြည့်လို့ရောကောင်းပါ့မလား။

ဒွိဟစိတ်ကြောင့်သူ့ခြေလှမ်းများသည် ရှေ့တိုးနောက်ငင်ဖြစ်နေ ရပြန်သည်။ သို့သော် နောက်ဆုံးတွင်အိမ်၏လုံခြုံမှုဟု ခေါင်းစဉ်တပ် လိုက်တော့၏။ ထိုအခါ သူခိုးဆိုပါကမထွက်ပြေးနိုင်စေရန် အိမ်အော ထပ်ရှိတံခါးများ အားလုံးကိုပိတ်လိုက်သည်။ ပြီးနောက် အပေါ်ထပ်ဆီ တစ်လှမ်းချင်းတက်လာသည်။ လက်ထဲ၌လည်း ရေတက်ကျည်ပွေ့တစ်ချော ကို အဆင်သင့်ကိုင်ထားသေး၏။ လှေကားထစ်များကို ကျော်လွန်ပြီးသော အခါ ကျယ်ဝန်းသောလျှောက်လမ်းက သူ့အားဆီးကြိုနေသည်။

အပေါ်ထပ်၌ စုစုပေါင်း အခန်းလေးခန်း။

ဘုရားခန်းကိုတော့ ပဝါပါးလေးဖြင့်ကာထား၍ အတိုင်းသာ မြင်နေရသည်။ ဗုဒ္ဓဘာသာမှန်းသိစေရန် ဘုရားဆင်းတုတော်ကို မှန်အိ ထဲ ထည့်ပြီး စင်မြင့်ပေါ်တင်ထားသော်လည်း ဘုရားပန်းအိုးသုံးလုံးတွင် ပန်းများ ခြောက်နေသည်ကို တွေ့လိုက်ရသည်။

“ရှပ် ... ရှပ်”

နားစွင့်ထားသောကြောင့် လမ်းလျှောက်သံကို ကြားလိုက် သည်။ ခပ်ဖွဖွလျှောက်နေသော်လည်း အရက်မသောက်ထားသော အာရုံသည် ပါးပါးလေးဆတ်နေသည်။

ဘယ်ကလာတဲ့အသံလဲ။ သူ့အာရုံကိုထပ်ပြီးစိုက်သည်။ သို့သော် အသံသည် တရွေ့တစ်ကောင်နှယ် ပျောက်ကွယ်သွားပြန်သည်။ သိချင်စိတ်



ကို ထိန်းမရတော့ပေ။ သူများအိမ်မှန်းသိသော်လည်း တံခါးတွေကိုဖွင့်ကြည့် ချင်စိတ်က ရင်ထဲကတစိမ့်စိမ့်ပေါက်ဖွားနေသည်။ ဒီအိမ်ကြီးထဲတွင် သူနှင့်ကလေးနှစ်ယောက်ကလွဲပြီး အခြားလူမရှိမှန်းသိသည်။ အကယ်၍ သူခိုးသာအိမ်ထဲဝင်နေလျှင် သူ့တာဝန်။ သူခိုးမရှိဘူးထားဦး၊ ကြားကြား နေရတဲ့ခြေသံကို သူစိတ်ဝင်စားသည်။ ဒါ့ထက်ပိုပြီးရှည်ရှည်ဝေးဝေး မစဉ်းစားချင်တော့ပေ။ ထို့ကြောင့် ပိတ်ထားသောတံခါးမှန်သမျှ တစ်ချပ်ပြီး တစ်ချပ်ဖွင့်ကြည့်လိုက်သည်။

ပြီးနောက် ခုတင်အောက်၊ ရေချိုးခန်း၊ ဗီရိုနောက်တွင်ပင်မကျန် ကြည့်သည်။ ဗီရိုများကိုသော့ခတ်ထား၍ ဗီရိုထဲတော့မပုန်းနိုင်လောက်ဘူး ဟု ထင်သည်။ သို့သော် သူခိုးမပြောနှင့် သူ့စိမ်းအနံ့ပင် မရှုမိချေ။ နောက်ဆုံးတစ်ခန်းသာ ကျန်တော့သည်။

“ဘုရားခန်း”

ထို့ကြောင့် ဘုရားခန်းထဲသို့ရေတက်ကျည်ပွေ့ကြီးကိုင်ပြီး ကုတ် ချောင်း ချောင်းဝင်လာပြန်သည်။ သို့သော် သူညံ့သွားမိသည်။ ဘုရားခန်း ကို ကျော်ဖြတ်ပါက အခြားအခန်းတစ်ခန်းရှိဦးမည်ဟု မထင်မှတ်ထားခြင်း ဖြစ်သည်။ သေချာပါသည်။ ဤအခန်းထဲခြေသံပိုင်ရှင် စကန်ရှိလိမ့်မည်။ သစ်သားဖြင့် လုပ်ထားသောတစ်ပေမျှအရှည်ရှိ ရေတက်ကျည်ပွေ့ကို မြှောက်ကိုင်လိုက်သည်။ ပြီးနောက် တံခါးဘုကိုဖြည်းဖြည်းချင်းလှည့်ကာ တံခါးကိုဝုန်းခနဲဖွင့်လိုက်၏။ သူမျှော်လင့်ထားသည်က တံခါးနောက်ကွယ် တွင်လူတစ်ဦး သေချာပေါက် ရှိလိမ့်မည်။ ထိုလူကသူ့ကိုအန္တရာယ်မပြုခင် သူကလက်ဦးမှုကို ရယူမည်ပေါ့။ သို့သော် အထင်နှင့်အမြင်လုံးဝ ကွဲလွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ လေထဲမှရုပ်ကျည်ပွေ့ကိုတော့ မေ့သွားလေသည်။

"ဘာတွေလဲ၊ ဘာကြီးလဲ"

ဖျံ့အားသင့်သွားသည်။ ဖျံ့အားသင့်သည်ဆိုတာထက် ကြောင်လန့်နေသည်ဆိုလျှင် ပိုမှန်လိမ့်မည်။

"မြတ်စွာဘုရား၊ ဒါဘာတွေလဲ"

မတ်တတ်ရပ်ထားသောလူများကို ပိတ်ဖြူဖြင့်ခေါင်းမြီးခြုံထားသလို ငြိမ်သက်စွာရှိနေသူများ။

"ဘယ်သူလဲ"

ရှေ့ဆက်တိုးနေသောခြေလှမ်းများက ရဲရဲတင်းတင်းမရှိလှပေ။ အပေါ်ထပ်မှပစ္စည်းတွေကို ပိတ်ဖြူစနှင့်အုပ်ထားသည်ဟုတော့ တစ်ခါက ကိုချစ်ခင်ပြောခဲ့ဖူးသည်။

"ဒါဆို၊ ဒါတွေကပစ္စည်းတွေလား"

"ပစ္စည်းတွေပဲဖြစ်မှာပါ။ ဘာတွေလဲ"

ပစ္စည်းတွေဟု စိတ်ထဲလက်ခံလိုက်ပြန်သောအခါ ရဲစိတ်ကနလုံးသားထဲထိဝင်သွားသည်။ တစ်ဆက်တည်းမှာသိချင်စိတ်လည်း ဆင့်ပွားလာပြန်သည်။ ထို့ကြောင့် ပိတ်ဖြူအနားစွန်းကိုအားနှင့် ဆွဲချလိုက်သည်။ နှစ်ချို့ဖုန်များသည် မြူများပမာဖျာခနဲလွှံ့ထွက်လာ၏။

"အဟွတ် ... အဟွတ် ... ဟပ်ချိုး"

ချက်ချင်းဆိုသလိုအကျီလက်ဖြတ်စနှင့် နှာခေါင်းကိုပိတ်လိုက်သော်လည်း အချိန်မမီတော့ပေ။ သို့သော် ထိုဖုန်များရှင်းသွားသည့်အခါ။

"အမယ်လေး"





ရပ်နေသောသူ့ခြေနှစ်ချောင်းမှ တစ်ချောင်းနှင့်တစ်ချောင်း တိုက်...သွားပြီး ဖင်ထိုင်လျက်သားလဲကျသွားသည်။ သူ့ကိုစိမ်းစိမ်းကြီးစိုက်...ကြည့်နေသောလူတစ်ဦး။ မျက်တောင်လည်းမခတ်၊ ပြုံးလည်းမပြုံး၊ အသက်...ည်းမရှူ။ သူက သက်ရှိမဟုတ်ပေ။ ကော်ရုပ်တစ်ရုပ်။

နှလုံးခုန်သံမပြယ်သေးသော်လည်း ရယ်ချင်သွားသည်။ ဖြစ်...ည်း ဖြစ်တတ်သည်။ သူဘာကို ကြောက်နေတာလဲ။ ဘာကြောင့်...ကြောက်နေတာလဲ။

လဲနေရာမှ ထရပ်လိုက်ပြီး အရုပ်ကြီးကိုကိုင်လိုက်မိသည်။ လူ...သ်ခန္ဓာ၏ကလီစာများကို ဖော်ညွှန်းပြသနေသော အရုပ်ကြီးဖြစ်သည်။ ... အသည်း၊ ကျောက်ကပ်၊ နှလုံး၊ အစာအိမ်အရုပ်ကိုကြည့်ရင်း သူ့ဗိုက်...သူပွတ်လိုက်မိသည်။ တော်တော်ကြပ်ညှပ်နေတဲ့ဗိုက်ကြီးပဲ။ တစ်နေရာ... နေရာလွတ်မရှိချေ။ ဓားနဲ့ထိုးမယ်ဆိုရင်တောင် ထိုးစရာနေရာ...တွေ့ပေ။

ပလပ်စတစ်ရုပ်ဆိုသော်ငြား လူပုံနှင့်တော်တော်တူလှသည်။ ...ချန်တဲ့ပိတ်ဖြူအုပ်တွေရော လူတွေပဲလား။ သိချင်စိတ်ဖြင့် တစ်ခုပြီး...တစ်ခုပိတ်ဖြူစများကို လှန်လိုက်သည်။ အားလုံးနီးပါး ဒီအရုပ်များသာ...သည်။ သုတေသနပြုသောဆရာဝန်ကြီး ပီသလှသည်။ အခန်းထဲမှ ...ဘ်ခွဲခန်းသုံးပစ္စည်းများကိုလည်း တွေ့ရသည်။ နေရင်းထိုင်ရင်းပင် ...ဝန်ဆိုသောထိုပုဂ္ဂိုလ်ကို စိတ်ဝင်စားလာသည်။ ဘယ်လိုလူမျိုးပါ။

ခုတင်တစ်လုံးပေါ်တွင် ထိုင်လိုက်သည်။ ဒီခုတင်ကဆရာဝန်ကြီး ...တဲ့ခုတင်လား။ တောင်တွေး မြောက်တွေး တွေးမိကာ ခုတင်ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ခန်ဆင်းဖြစ်သည်။ ဓာတ်ခွဲခန်းထဲတွင် ဆရာဝန်သည် အိပ်စရာအကြောင်း မရှိချေ။ ထို့ကြောင့် ဤခုတင်သည်လူသေ၊ သို့မဟုတ် လူနာကိုတင်သော ခုတင်သာဖြစ်ရမည်။ ဒီလိုအိမ်အပေါ်ထပ်ကြီးတွင် လူနာတော့မဖြစ်နိုင်။ လူသေများလား။ ဒါလည်းမဖြစ်နိုင်ပါ။ ဘုရားခန်းကိုတော့ အားနာရမည် ဖြစ်သည်။

"ဟင် ... ဒီမှာလည်း အပေါက်တစ်ပေါက်"

တံခါးမကြီးတစ်ခုဖြစ်၏။ ဘုတံခါးမဟုတ်ပေ။ မင်းတုန်းထိ သည့် တံခါးဖြစ်သည်။ အပြင်မှလူသည် ဖွင့်မရသည့်တံခါးချပ်။ မင်းတုန် ချလပ်ခနဲဖြုတ်လိုက်သောအခါ အလွန်မြင့်သောကြောင်လိမ်လှေကား ဆီးကြိုနေလေသည်။

ဘာကြီးလဲ၊ ဒီအိမ်မှာကြောင်လိမ်လှေကားရှိလိမ့်မည်ဟု သူမ တားဖူးချေ။ ဘယ်ကိုသွားတဲ့ လှေကားလဲ။ လှေကားပေါ်ဆင်းရန်ကြံသော် လည်း သူများပိုင်နက်ထဲမစပ်စုသင့်ဘူးဟု ယူဆမိသည်။ ထို့ကြောင့် တံခါးကိုပြန်ပိတ်ပြီး ဓာတ်ခွဲခန်းထဲသာ ဟိုဟိုဒီဒီလျှောက်ကြည့်နေမိသည်။ ဒီရိုတစ်လုံးရှေ့သို့အရောက်တွင် ပိတ်ဖြူအုပ်ထားသော ပျော့စိစိအရာတစ် ကို ကိုင်လိုက်မိသည်။ လူတစ်ယောက်၏ လက်မောင်းသားဖြစ်သည် ရင်ထဲထုံခနဲကျင်သွားသည်။

'ဘယ်သူလဲ၊ သေချာပါပြီ သူနိုး။

လက်ထဲတွင် ငရုပ်ကျည်ပွေ့လည်း မရှိတော့ပေ။ ခုတင်ပေါ်ထ ရင်းမှ ချထားမိခဲ့သည်။ နောင်တရလိုက်သည်ဖြစ်ချင်း။ သို့သော် တိုက်ခိုက် ရန်အဆင်သင့်ပြင်ထားမိသည်။ စိတ်ကိုတည်ငြိမ်အောင်စုစည်းပြီး ထိုပိတ်



ကို လှန်လိုက်သောအခါ။

"ဟင်"

ဆီလီကွန်အရုပ်ကြီး ဖြစ်သည်။ လူပုံသဏ္ဌာန်ဖွဲ့စည်းထားသည်။

"ဒီပုဂ္ဂိုလ် ဆရာဝန်လုပ်ဖို့မကောင်းဘူး။ ပြဇာတ်ကဖို့ကောင်း တယ်"

ပြောပြောဆိုဆိုပင် နောက်ဆုံးလက်ကျန် ပိတ်ဖြူစကို လှန်လိုက် သည်။ သူမျှော်လင့်ထားသည်က အရုပ်တစ်ရုပ်ရှိနေလိမ့်မည်ဟု ထင်သည်။ သို့သော် ဘာမှရှိမနေ၍ထိတ်လန့်သွားသည်။

"ဘာဖြစ်တာလဲ၊ ဘာလို့ဘာမှမရှိရတာလဲ"

သူမြင်လိုက်သည်က ခပ်ဖောင်းဖောင်းဖြစ်သည်။ ဘာလို့ဘာမှမရှိ ရတာလဲ။ သူ့အမြင်မှားတာလား။ မဟုတ်နိုင်ပါ။ ထင်ယောင်ထင်မှားဖြစ် စရာလည်း အကြောင်းမရှိပါ။ မနက်တည်းက သူ့အရက်တစ်ခွက်မျှ မသောက်ရသေးပေ။ အရက်မသောက်ရသေးလို့လား။ မဟုတ်ပါ။ သူ့လက် များသည် တဆတ်ဆတ်တုန်ယင်မနေပေ။ စိတ်ကလည်း ပုံမှန်ပဲဖြစ်သည်။

ဤပိတ်ဖြူကိုသူ မဆွဲလှန်စဉ်က ပိတ်ဖြူအောက်တွင် တကယ်ပဲ တစ်စုံတစ်ခုရှိနေသည်။ ဘယ်ရောက်သွားတာလဲ။ ပိတ်ဖြူထဲများပါသွား တာလား။ မဟုတ်ပါ။ ပိတ်ဖြူစကိုအပြန်ပြန်အလှန်လှန်ကြည့်သော်လည်း ဘာမှမတွေ့ရချေ။

"ရှပ် ... ရှပ်"

သူ့နောက်ကျောမှ လမ်းလျှောက်သံတစ်ခုကို ကြားလိုက်ရ၏။ တစ်ဆက်တည်းမှာပင် သူ့လက်မောင်းတွင် ကြက်သီးဖျန်းဖျန်းထသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကြားရသောလမ်းလျှောက်သံသည် သူ၏အနီးတစ်ဝိုက်မှဖြစ်သည်။ ဆတ်ခနဲအနောက်သို့ လှည့်ကြည့်၏။ ပလပ်စတစ်ရုပ်များမှလွဲ၍ အခြားသက်ရှိဆို၍ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှမတွေ့ချေ။

ဘာဖြစ်တာလဲ၊ ငါရူးသွားပြီလား။ သူရူးတာမဟုတ်မှန်းလဲ သိနေ၏။ လူတစ်ဦးဆိုတာသေချာလှသည်။ ဘာကြောင့် အဲဒီလူကိုသူမ်းအောင် မဖမ်းနိုင်ရတာလဲ။

"မင်းဘယ်သူလဲ၊ သတ္တိရှိရင်ထွက်ခဲ့ကွာ"

သူများကိုသာ စိန်ခေါ်နေရပေမဲ့ ဖူးတွေကတဆတ်ဆတ်တုန်နေသည်။ လူမဟုတ်ရင် ဘယ်လိုလုပ်မလဲ။ လူပဲဖြစ်မှာပါ။ သရဲ တစ္ဆေဆိုတာ လောကတွင်တကယ်ရှိသောအရာများ မဟုတ်ပေ။ သေဆုံးသွားသောလူသည် တစ္ဆေဖြစ်ရတယ်ဆိုတာ စိတ်ကူးယဉ်ဇာတ်လမ်းရေးသူများ၏ လက်ချက်သာဖြစ်သည်။ သေပြီးသားဝိညာဉ်သည် စိတ်ဆောင်သည့်အတိုင်း လွင့်ချင်ရာလွင့်နေတတ်သည်ဟု ယူဆသည်။ ဒီလိုလွင့်နေသော ဝိညာဉ်က ဘာကြောင့် ဒီလိုဖုန်ထူသော အခန်းထဲပုန်းခိုနေရမှာလဲ။

"မင်းဘယ်သူလဲ။ ထွက်လာပါ။ ဘာကြောင့် ဒီအခန်းထဲဝင်ပုန်းရတာလဲ။ ငါကောင်းကောင်းပြောနေတုန်း ထွက်လာနော်"

ပြောသာပြောနေရသော်လည်း လူဆိုပါကအခန်းထဲတွင်ရှိနေသော အရိပ်အယောင်မျှမရှိတော့ချေ။ အသက်အောင့်ပြီးအခြားလူ၏ အသက်ရှူသံကိုနားစွင့်သော်လည်း မကြားရပေ။ အခန်းထဲတောင်စဉ်ရေမရ ကြည့်မိသောအခါ ပြတင်းပေါက်တစ်ခုကိုတွေ့လိုက်ရသည်။ ထိုပြတင်းပေါက်ကို သူတွန်းဖွင့်လိုက်သောအခါ အရင်ဆုံးမြင်ရသည်ကာခရေပင်ကြီး



ပြီးနောက် သူနေထိုင်သည့်အိမ်ငယ်လေး။

"ဟင်"

လက်မောင်းသားတွေ ကြက်သီးထသွားသည်။ သူမြင်ခဲ့သည့်မိန်းကလေး။ ထိုမိန်းကလေးသည် ယခု သူရပ်နေသောပြတင်းပေါက်၌ရပ်ပြီး သူ့ကိုကြည့်ခဲ့သည်။ ဟင် ... ဒါ၊ ဒါဆို။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ publisher ကိုလွင်မောင်၏ အကူအညီဖြင့် လူသားနှင့် ဝိညာဉ်ဆက်စပ်မှုစာအုပ်များကို အပုံလိုက်ရရှိသည်။ အချို့လည်း ရှေးခေတ် မြန်မာစာရေးဆရာကြီးများ ရေးသားသလို၊ အချို့လည်းဘာသာပြန်များ ဖြစ်သည်။ အချို့လည်းအင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သောစာအုပ်များ ဖြစ်သည်။ သိချင်စိတ်ဖြစ်လာလျှင် အချိန်မဆိုင်းတတ်သောသူ့အကျင့် အရ စာအုပ်ပုံကြီးကိုတစ်ထိုင်တည်း ရှာဖွေလှန်လှောမိသည်မှာ အရက်ရော ထမင်းရော၊ မုန့်ရောအကုန်မေ့သွားတော့သည်။

"ဝိညာဉ်များသည် သန္ဓာကျင်နာမှုရှိသူများထံမှ အကူအညီ တောင်းခံလေ့ရှိသည်"။ ထိုစာကြောင်းကို သူနှစ်သက်သည်။ ထို့ကြောင့် ဆက်ဖတ်ဖြစ်သည်။

"ဝိညာဉ်များနဲ့တွေ့ဆုံပါက သင်မထိတ်လန့်ပါနှင့်။ ဝိညာဉ်သည် လူတို့ကိုကြောက်သည်။ အရဲစွန့်ပြီးလူတို့နှင့်တွေ့ဆုံကာ ဆန္ဒကိုဖော်ထုတ် ပြောလေ့ရှိသည်"။ ပိုပြီးစိတ်ဝင်စားလာသည်။ ထို့ကြောင့် အကြောင်းအရာ များကို ဆက်ဖတ်ဖြစ်သည်။

"ဝိညာဉ်သည် အမိန့်ကိုနာခံတတ်ကြသူများဖြစ်ပြီး အစွဲအလမ်း ကြီးတတ်ကြတယ်။ သင်သာဝိညာဉ်များနှင့်ဆုံပါက ဝိညာဉ်များကိုစာနာ နားလည်ပေးရလိမ့်မည်။ သင်သည် တစ်နေ့ ကောန်ဝိညာဉ်ဖြစ်လာရဦးမည် ဖြစ်သည်။ သင်ကဝိညာဉ်ကိုကယ်ပါက သင်ဝိညာဉ်ဖြစ်သောအချိန်တွင်





သင့်ကိုဝိညာဉ်များက နွေးထွေးစွာကူညီကြလိမ့်မည်"

ထိုစကားစုသည်သူ့ကို စဉ်းစားစရာပေးလိုက်သည်။ တစ်နေ့ သေရမယ်ဆိုတာသိသော်လည်း ထိုကိစ္စကို မကြာခဏမေ့လျော့ခဲ့ဖူးသည်။ ခုလည်း မေ့လျော့နေသည်။ သို့သော် ငါလည်း ဝိညာဉ်ဖြစ်မှာပဲဆိုတာ ကိုမှ တစ်ခါတစ်ရံမျှမစဉ်းစားခဲ့ပေ။ ဖြစ်တန်စွမ်းကို တွေးခေါ်သောအခါတွင် ကိုယ်၌သိစိတ်နှင့်မသိစိတ်ရှိတာ သူသာမကပညာရှိများကပင် လက်ခံ ထားပြီး ဖြစ်သည်။ မသိစိတ်ကိုဝိညာဉ်လို့ ခေါ်တာများလား။ အိပ်ပျော် နေချိန်၌ အိပ်မက်သည် မသိစိတ်မှစွဲလမ်းနေသည်များကို ဖြည့်ဆည်းခြင်း ဖြစ်သည်ဟုလည်း စာအုပ်များတွင် သူဖတ်ခဲ့ဖူးသည်။ ပြီးနောက် လူသည် ကိုယ်ခန္ဓာထဲမှကလီစာတစ်ခုခုဖြစ်သောအခါ နာကျင်မှုကိုမလွန်ဆန်နိုင်ပါ က ဝိညာဉ်များသည် ခန္ဓာကိုယ်မှ ထွက်ပြေးကြသည်ဟုလည်း ဖတ်ခဲ့ဖူး သည်။ ဘယ်ဟာကအမှန်လဲ၊ မသိစိတ်လား။ မသိစိတ်ကိုဝိညာဉ်ဟု ခေါ်တာလား။ စိတ်သည်ဖမ်းဆုပ်ကိုင်တွယ်၍ မရသောအရာဖြစ်သည်။

ဤသို့ဆိုလျှင် သူ့အိမ်ပေါ်၌တွေ့ခဲ့သော ဖိတ်ဖြူကဘာလဲ။ ဖိတ်ဖြူ အောက်တွင်တစ်စုံတစ်ခုရှိနေမည်ဆိုတာ သေချာသိနေပါလျက်နဲ့ ဖိတ်ဖြူ ကို ဆွဲလှန်သောအခါ ဘာလို့ဘာမှမရှိရတာလဲ။ တွေးရင်းပင် ခေါင်းများ ရှုပ်လာသည်ချင်လာသည်။ မဟုတ်ဘူးဟု လက်ခံထားသောအရာကို ဟုတ်ပါတယ်ဟု သက်သေပြနေသလို ဖြစ်နေ၏။

"ဂလု ... ဂလု"

မုန့်ဟင်းခါးတစ်ပွဲသာဝင်ခဲ့သော ဗိုက်က အချက်ပြလာသည်။ သို့သော် သူ့အိမ်တွင်ဘာမှစားစရာ မရှိချေ။ ထို့ကြောင့် အလကားရသော



www.burmeseclassic.com

www.burmeseclassic.com



ရေကိုသာတစ်ခွက်ပြီးတစ်ခွက် တဂွပ်ဂွပ်မော့သောက်ဖြစ်တော့သည်။

"ဟိုကလေးမလေးတွေ ဘာလုပ်နေကြသလဲမသိဘူး"

ပြတင်းတံခါးကိုဖွင့်ပြီး အိမ်မကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ မီးများထိန်လင်းနေသည်မှလွဲ၍ အခြားထူးထူးခြားခြား ဘာမှမတွေ့ရချေ။

"ဒီကောင်မလေးတွေ ဗိုက်မဆာကြဘူးလား"

မိမိကဗိုက်ဆာနေသောကြောင့် ကိုယ်ချင်းစာလိုက်မိခြင်းဖြစ်သည်။ သို့သော် ထိုကလေးမတွေတော့ ဗိုက်မဆာလောက်မှန်း သူရိပ်မိသည်။ ပါးမို့မို့ကသူထင်ထားသလောက် သံယောဇဉ်ကင်းမဲ့သူ မဟုတ်ပေ။ ကတ်အတိုင်း မို့မို့နှင့်ပို့ပို့မုန့်ခင်ပြန်လာခဲ့သည်။ ပါးမို့မို့ပြောသည်က အိပ်ဆေးအရှိန်ကိုကောင်းကောင်းတွက်တတ်နေပြီဟု ဆိုသည်။

လိမ္မာပါးနပ်သောပါးမို့မို့ကအပြင်မှ ပီဇာနှင့်ကိတ်မုန့်၊ နို့များဝယ်ပြီးပြန်လာ၏။ ခုနေချိန်ဆို စားသောက်ပြီး အိပ်နေကြလောက်ပေါ့။ ပါးမို့မို့ကသူ့ကိုမုန့်ကျွေးသော်လည်း သူကမစားဝံ့ချေ။ ထို့ကြောင့် ငြင်းခဲ့သည်။ စိတ်ဆိုးချင်တာလည်းပါ၏။ ယခုတော့ နောင်တရချင်ချင်ဖြစ်လာသည်။

"ဒီကလေးမကလည်း အလိုက်မှမသိတာ"

အမုန်ကသူငြင်းရုံနှင့် မပေးတော့ဘဲနေစရာအကြောင်းမရှိချေ။ သူဘာမှမစားရသေးဘူးဆိုတာ ပါးမို့မို့ကအလိုက်သိသင့်သည်။ အခုတော့ အရိပ်သုံးပါးနားမလည်တဲ့ ကလေးမကြောင့်ရေဆက်သောက်ရုံပေါ့။ ရေကိုသာ အရသာမခံဘဲ တဂွတ်ဂွတ်မြည်အောင် သောက်ပြန်သည်။

"ဒေါက်၊ ဒေါက်"



တံခါးခေါက်သံတစ်သံကို ကြားလိုက်သည်။ သူပြုံးလိုက်မိသည်။ ပါးမို့မို့ထင်ပါရဲ့။ ဒီကလေးမ ဘယ်ဆိုးလို့လဲ။

"ဝေါ၊ ဝေါ"

ဆင့်ကဲထွက်ပေါ်လာသောအသံက မိုးနှောလာသည့်လေသံ။ အချိန်အခါမဟုတ် မိုးရွာတော့မည့် ထင်သည်။

"ဝေါ၊ ဘုန်း၊ ဗုန်း"

လေအရှိန်ကြောင့် သစ်သားပြတင်းပေါက်များသည် ဖွင့်လိုက်ပိတ်လိုက်ဖြင့် ဆူညံ၍နေလေသည်။

"ဗုန်း၊ ဗုန်း"

တံခါးခေါက်သံသည်ဆင့်၍ ထွက်ပေါ်လာသည်။ ဘယ်သူကများလောက်တောင်ထုရိုက်နေတာလဲ၊ ပါးမို့မို့လား၊ အခန်းထဲတွင်လေတွေတိုက်၍များ မအိပ်ရဲတာလား။ သူကသွားအိပ်ကူရမှာလား၊ မဖြစ်သင့်ပေ။ မို့နှင့်ပို့ပို့က ကလေးမို့ထားတော့ ပါးမို့မို့သည်အပျိုဖျန်းလေး ဖြစ်နေသည်။ အသက်အရွယ်ကွာတယ်ဆိုသော်ငြား မသင့်တော်လှပေ။ ရိုးသားတယ်ဆိုသော်ငြား လူကြား၍မကောင်းလှပေ။ ယခုတောင် ညဥ့်နက်လှပါပြီ။

"ဘယ်သူလဲ"

မို့မို့၊ စို့စို့၊ ပို့ပို့ ဒီသုံးယောက်ထဲမှတစ်ယောက်ဖြစ်မည်ဟု သေအချာသိသော်လည်း ပိုပြီးသေချာအောင်အသံပြုလိုက်သည်။ အပြင်ဘက်ဆီမှပြန်ထူးသံကို နားစွင့်သော်လည်းမကြားရသောအခါ အိမ်၏အပြင်ဘက်တံခါးလုံးကိုဖွင့်ပြီး အားသွင်းမီးအိမ်တစ်လုံးကို ဆွဲယူသည်။

"ဂလောက်"

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းကိုဆွဲပြီး တံခါးကို ဖွင့်လိုက်သည်နှင့်တစ်ပြိုက်နက် လေပွေတွေက သူ့အိမ်ထဲအလုအယက်ဝင်ရောက် ကုန်တော့သည်။ တိုက်လေကြောင့် ကျိန်းစပ်စပ်ဖြစ်နေသော မျက်ဝန်းနှစ်ဖက်ကိုအားယူပြီး ဖွင့်ကြည့်လိုက်သောအခါ။

"ဟင်"

မည်းမည်း၊ မည်းမည်းနှင့်ဖြတ်သွားသောအရိပ် တစ်ခုကိုအထင်အရှားတွေ့လိုက်ရသည်။

"ဘယ်သူလဲ"

ထိုအရိပ်သည်အိမ်မကြီးဆီသို့ ဦးတည်သွားနေသည်။ ထိုအရိပ်ကို သူမသင်္ကာပါ။ ထို့ကြောင့် မီးအိမ်ကိုပိတ်ပြီး ထိုအရိပ်နောက်သို့ထပ်ချပ်မကွာ လိုက်သည်။ သူခိုး၊ သေချာပါပြီ သူခိုးဖြစ်သည်။ မြေပြင်ပေါ်မှတွေ့ကာ တုတ်တစ်ချောင်းကိုကောက်ယူပြီး အရိပ်မည်းနောက်သို့ ထက်ကြပ် မကွာလိုက်ခဲ့သောအခါ မီးဖိုချောင်နောက်ဖေးပေါက်သို့ ရောက်လာသည်။

အရိပ်မည်းကို မျက်ခြေပြတ်သွား၏။ သို့သော် ခပ်ဟဟပွင့်နေသော မီးဖိုခန်းကို သတိပြုမိလိုက်သည်။ ဒီတစ်ကြိမ်တော့ လက်ရ လက်ကြပ်မိတော့မည် ဖြစ်သည်။ မီးဖိုချောင်တံခါးကိုဆွဲဖွင့်ပြီး မီးဖွင့်လိုက် ပါက ထိုသူခိုးပြေးပေါက်မရှိတော့ချေ။ သို့သော် ချောင်ပိတ်မိသွားပါက သူ့ကိုအန္တရာယ်ပြုလာမည်မှာ စေကန်ဖြစ်၏။ တိုက်ခိုက်မှုအဆင်သင့်ဖြစ်ထား ရမည်ဖြစ်သည်။ သို့သော် မဖြစ်သေးတာကို တွေးပူထိတ်လန့်နေမည့် အစား ရင်ဆိုင်ဖြေရှင်းဖို့ကိုသာ သူ ရွေးချယ်မိ၏။ ထို့ကြောင့် တံခါး ဝုန်းခနဲ ဆွဲဖွင့်ပြီး အလွတ်ရနေသောမီးခလုတ်ကို ချောက်ခနဲဖွင့်လိုက်၏။





"ဟင်"

မယုံနိုင်စရာကောင်းလှသော မြင်ကွင်းတစ်ခုဖြစ်သည်။ ပါးမို့မို့နှင့်ကောင်လေးတစ်ယောက်တို့ ရှိုက်ကြီးတငင်နမ်းရှိုက်နေကြလေသည်။

ဘုရား၊ ဘုရား။ ကလေးတွေဘာတွေများ ဖြစ်ကုန်ကြတာလဲ။

"ဆ ... ဆရာ"

ပါးမို့မို့သည်မျက်နှာရဲရဲဖြင့် သူ့အားလှမ်းကြည့်သည်။ ကောင်လေးသည် ပါးမို့မို့နှင့်သူ့ကိုတစ်လှည့်စီ ကြည့်နေလေသည်။

"မင်းတို့"

"တောင်းပန်ပါတယ် ဆရာရယ်၊ မေမေတို့ကို ပြန်မပြောပါနဲ့"

ပါးမို့မို့သာသူ့သမီးလေးဆိုလျှင် ကရုဏာဒေါသဖြင့်နှစ်ချက်၊ သုံးချက်မျှဆင့်ရိုက်ပစ်လေမလား မသိပါ။ အခုတော့ သွေးမတော် သားမစပ် သူ့ပရိသတ်ဟုဆိုထားသူ။

"သူက ဘယ်သူလဲ မို့မို့"

အံမယ် ... သူခိုးကလူပြန်ဟစ်လို့ နရင်းရိုက်ပစ်ရင်ဖြင့် သုံးရက်လောက်ခေါ်ရဲ့ တက်ရတော့မည်။

"စာရေးဆရာ၊ ဆရာဇေနှ"

"ဩော် ... အိမ်ငှားနေတယ်ဆိုတဲ့လူလား"

ကောင်လေးရဲ့ပုံက ပမာမခန့်ရှိလှသည်။ ထိုမျက်နှာပေးက သူ့ဒေါသကို ဆွပေးနေသလိုဖြစ်၏။

"မင်း ဒီအချိန်ကြီး ဒီအိမ်ထဲဘာလာလုပ်တာလဲ"

"ခင်ဗျားကရော ဘာလာလုပ်တာလဲ။ လူကြီးတွေမရှိဘူးဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား"

"ခွေးစကားပြောတဲ့ကောင် ပြောချင်ဦးကွာ၊ ပြောဦး"

ထိုကောင်လေးကို နှစ်ချက်ဆင့်ထိုးပစ်လိုက်၏။

"ဆရာ ... ဆရာ ဘာလုပ်တာလဲ"

"ငါ ဘာလုပ်တာလဲ မင်းမတွေ့ဘူးလား။ ခွေးကျင့်၊ ခွေးငြိ ကြံတဲ့ကောင်"

"ဆရာ သူ့ကိုအဲဒီလို မပြောပါနဲ့။ သူကမို့ချစ်သူ၊ မို့ခေါ်ထားလို့ လာတာ"

"ဘာ မင်းကဟုတ်လား။ မင်းကသူ့ကိုခေါ်ထားတယ် ဟုတ်လား"

ကောင်လေးရှေ့တွင်ကာရပ်ကာ ကူပြောနေသောပါးမို့မို့ကို စိတ်ရှိလက်ရှိ ဆွဲတီးလိုက်ချင်လှသည်။

"ဒီကောင်ယုတ်မာရင် မင်းဘဝဘာဖြစ်သွားမယ်ထင်လဲ ပါးမို့ ဟမ်"

"ဘယ်သူကယုတ်မာလို့လဲ။ မို့မို့တို့ကရည်းစားတွေလေ၊ ဆရာ ရည်းစားမထားဖူးဘူးလား"

"ရည်းစားချင်းနမ်းတာက ဆန်းလို့လား"

"တောက် ... မင်းကွာ ... မင်း"

"ကဲ ... တူနာ၊ နင်လည်းပြန်တော့၊ ဒီနေ့အခြေအနေကတော့ နင်မြင်တဲ့အတိုင်းပဲ"

ပါးမို့မို့ကပြန်ခိုင်းသောအခါမှ တူနာဆိုသောဖောင့်ရှိုးခြောက် လေးသည် သူ့အားပေမိုတ်မိုတ်စောင်းကြည့်ကာ ထွက်သွားလေသည်။



"မမ"

တူနာထွက်သွားသည်နှင့်တစ်ပြိုက်နက် အမြွာနှစ်ဦးသည်ပါးမို့မို့ နောက်မှ ထွက်လာကြသည်။ သူ့ဝမ်းသာသွား၏။ သူကသူ့စိမ်းပြင်ပြင် ဖြစ်သည်။ ယခုချိန်မှာပါးမို့မို့အပေါ် အမြင်မကြည်သော စိုးစိုးနှင့်ဖျိုးဖျိုးတို့ သည် သူ့အတွက်စစ်ကူဖြစ်လာနိုင်သည်။ ကလေးဆိုသော်ငြား ဒီနေရာ၌ အသုံးဝင်လာသည်။

"နင်တို့မအိပ်သေးဘူးလား"

"မမကို မေမေနဲ့တိုင်မယ်"

"သမီးလည်း တိုင်မယ်။ မမရည်းစားနဲ့ ချိန်းတွေ့တယ်"

အမှားရှိသောပါးမို့မို့သည် စိုးစိုးနှင့်ဖျိုးဖျိုးကို ခွန်းတုံ့မပြန်နိုင်ချေ။ ငိုလိုက်ချတော့လည်း ကိုယ့်အမှားကို ကိုယ်သိနေသားပဲ။

"ဆရာဦးလေးက အမှန်ပြောနေတာကို မမက ရန်တွေ့တယ်လို့ မေမေ့ကိုတိုင်မယ်"

"ဟုတ်တယ်။ အဲဒါမှမမကို အပြင်မထွက်ရဆိုပြီး မေမေကအမိန့် ထုတ်မှာ မေမေတို့ပြန်လာရင် တိုင်ပြောမယ်"

"နင်တို့သွားမအိပ်ကြသေးဘူးလား"

"အိပ်ဘူး။ မမသာတစ်ခုခုဖြစ်သွားရင် မေမေကသမီးတို့ကို ဆူမှာ။ မအိပ်ဘူး"

"ညဥ့်အရမ်းနက်နေပြီ။ စိုးစိုးနှင့်ဖျိုးဖျိုးသွားအိပ်တော့သွား။ ဦးလေး ရှိတယ်။ မင်းတို့မမဘာမှမဖြစ်စေရဘူး။ သွားအိပ်ကြတော့နော်"

"ဆရာဦးလေးကြီးက ဒီမှာအိပ်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့။ သွားအိပ်ကြတော့နော်။ ဦးစောင့်ရှောက်မှာမို့ ဘာမှမပူနဲ့တော့ ဟုတ်လား"

သူဝင်ပြောလိုက်သောအခါမှ အမြွှာနှစ်ယောက်ကပါးမို့မို့ ပေကပ်ကပ်ကြည့်ပြီး ထွက်သွားကြသည်။

"မင်းအသက်ဘယ်နှနှစ်လဲ ပါးမို့မို့"

"ဆယ့်ခုနစ်နှစ်ပါ"

"စိုးစိုးနှင့်ပျိုပျိုတို့ကရော"

"ဆယ့်တစ်နှစ်ပါ"

"လူကြီးတွေမရှိတဲ့အချိန်မှာ မင်းက သူတို့ကိုစောင့်ရှောက်ရ မဟုတ်ဘူးလား"

သူ့မေးခွန်းကိုပါးမို့မို့က ပြန်လည်ဖြေကြားခြင်း မရှိပေ။ သို့သေ ခေါင်းငုံ့ပြီးနားထောင်နေပုံအရ လက်ခံသည့်သဘောဆောင်သည်ဟု သ အဓိပ္ပာယ်ကောက်မိသည်။

"မင်းကသူတို့ကိုအိပ်ဆေးခတ်ပြီး အပြင်သွားခဲ့ပေမယ့် သူတို့ တော့ မင်းရဲ့လုံခြုံရေးကို စိတ်ပူနေကြတယ်။ ညဆယ့်တစ်နာရီဆိုတ အသက်ဆယ့်တစ်နှစ်အရွယ်ကလေးတွေရဲ့ အိပ်လို့အကောင်းဆုံးအချိန်ပ ဖါပေမဲ့ လူကြီးတွေမရှိတော့ သူတို့လည်းကောင်းကောင်းအိပ်မပျော်ကြဘူ "အစ်မကြီး အမိရာ"တဲ့ အဲ့ဒီစကားပုံကို မင်းကြားဖူးတယ် မဟုတ်လာ သမီးအကြီးဆုံး၊ သားအကြီးဆုံးဆိုတာ အိမ်ရဲ့ဦးအိမ်တစ်လုံးပဲ။ မောင်နှ တွေရဲ့ လမ်းပြကြယ်ဆိုလည်း ဟုတ်တယ်။ ရှေ့ကနွားလား ဖြောင့်ဖြော သွားမှ နောက်နွားတစ်သိုက်ဖြောင့်ဖြောင့်လိုက်တယ်တဲ့။ ပါးမို့မို့သမီးက



ဦးဆောင်သူနွားလားဥသဘဖပါ။ သမီးခြေလှမ်းတွေကို ကောင်းကောင်းနဲ့ မှန်မှန်သွားဖို့လိုတယ်။ သမီးသာ လမ်းမှားသွားမယ်ဆိုရင် အလိုလိုနေရင်း ဘဲ့ ... ငါ့လိုနေဆိုပြီးလမ်းပြသလို ဖြစ်သွားလိမ့်မယ်။ စိုးစိုးနှင့်ပျိုပျိုကို လူဆိုးတွေဖြစ်သွားစေချင်လို့လား"

"မဖြစ်စေချင်ပါဘူး"

"အေး ... သူတို့လည်း သူတို့ရဲ့အစ်မကြီးကိုလူဆိုးဖြစ်စေချင်မှာ မဟုတ်ဘူး။ အမှားကင်းတဲ့လူဆိုလို့ လောကမှာမရှိဘူး။ သမီးရယ်၊ မှားတာ ကပြဿနာမရှိပေမဲ့ မမိုက်ဖို့အရေးကြီးတယ်။ သမီးမှားမှန်းသိရင် အမှား ကို အမှန်အဖြစ်ပြောင်းလဲနိုင်တဲ့လူက လူတော်ပဲ"

ငုံ့နေသောပါးမို့မို့၏မျက်နှာသည် တဖြည်းဖြည်းမော့လာသည်။

"တစ်ချိန်ချိန် စိုးစိုးနှင့်ပျိုပျို သမီးအရွယ်ရောက်လာကြရင် သမီး နေရာမှာ သူတို့ဖြစ်ပြီး ဦးနေရာမှာသမီးဖြစ်လာခဲ့ရင် သမီး သူတို့ကို ဘာလုပ်မလဲ"

သူ့ကိုမော့ကြည့်နေသောပါးမို့မို့၏ မျက်လုံးများထဲတွင် မျက်ရည် ကြည်အချို့တို့ ရစ်သိုင်းလာသည်။

"သမီးက သေချာပေါက်သူတို့ကို ဆုံးမရမှာပေါ့"

"သူတို့က မို့မို့ရဲ့စကားကိုနားထောင်မှာ မဟုတ်ဘူး"

"အဲဒီလို သမီးကထင်နေတာပါ။ တကယ်တော့စိုးစိုးနှင့်ပျိုပျို လူဆိုးလေးတွေမဟုတ်ကြပါဘူး။ အကျိုးနဲ့အကြောင်းရှင်းပြရင် နားထောင် မှာပါ။ ဘယ်သူမပြုမိမိမှုတဲ့ သူတို့က သမီးကိုမလေးစားဘူးဆိုတာ သမီးက လေးစားအောင်မနေလို့ပေါ့။ သူတို့လေးစားအောင်နေရင် သူတို့က သမီးကို



www.burmeseclassic.com

www.burmeseclassic.com



လေးစားကြမှာပါ။ အကယ်၍ ဦးသာ တူနာကိုဒေါသအလျှော် ရိုက်နက်ဆုံးမခဲ့မယ် ဆိုရင် သမီးနဲ့ဦး အခုလိုအေးအေးဆေးဆေး စကား ပြောနေဖြစ်တော့မယ် မထင်ဘူး။ သမီးက ဦးကိုခုလောက်ဆို မုန်းလောက် ရောပေါ့"

ပါးမို့မို့၏ဖောင်းအိသောပါးပြင်ပေါ်သို့ မျက်ရည်လုံးများသည် အရှိန်အဟုန်ဖြင့် စီးကျကုန်သည်။

"သမီးက ဉာဏ်ကောင်းတဲ့လူဖြစ်မယ်လို့ ဦးယုံကြည်တယ်။ ဦး အဲ့ဒီလောက်ပြောရင်ပဲ သမီးနားလည်မယ်လို့ ဦးထင်တယ်။ ကဲ … ကဲ … သွား … ညဉ့်နက်နေပြီ၊ သွားအိပ်တော့"

"ဆရာသာ ဖေဖေဆိုရင် အရမ်းကောင်းမှာပဲ"

ဒီတစ်ခါစိတ်ထိခိုက်သွားသူမှာ သူကိုယ်တိုင်ပင်ဖြစ်သည်။ ဘာ လဲ၊ ပါးမို့မို့ကဘာလို့ ဒီစကားမျိုးပြောတာလဲ။

"မို့မို့ကို ဦးလောက် ဘယ်သူကမှ မယုံကြည်ဘူး။ နားလည် မလည်ပေးကြဘူး။ မို့မို့အပြင်သွားတိုင်း ဖိုးဖိုးနှင့်ဖွားဖွားက ဖေဖေ့ကိုတိုင်တယ်။ မို့မို့လည်းသူတို့ကို အဲ့ဒီလိုဆေးမခတ်ချင်ပါဘူး။ ဒါပေမဲ့ မို့မို့မုန်းကျပ်တယ်"

သြော် … ဒါကြောင့်ပါးမို့မို့ပုံက ဂျစ်ကန်ကန်နိုင်ခဲ့သည်ကိုး။ တွေ့စကသိပ်ဘဝင်မကျလှပေမဲ့ ခုတော့လည်းနားလည်သလို ဖြစ်လာသည်။

"အချိန်ပြည့်စာပဲ လုပ်ခိုင်းနေတယ်။ ဘဘကြီးလိုဆရာဝန်ဖြစ် ရမယ်ပဲ ပြောတယ်။ မို့မှဆရာဝန်မလုပ်ချင်တာ၊ မို့ဘာဖြစ်ချင်သလဲ ဆိုတာမျိုး ဖေဖေက တစ်ခါမှမမေးဖူးဘူး။ အိမ်ထဲမှာနေ၊ ကျူးတာစား ခိုင်းတာလုပ်၊ မို့မို့က ငှက်လား၊ အိမ်အဲကူလား။ မေမေဆိုလည်း



…ချိန်ပြည့်သူ့ရဲ့ နှစ်လုံး၊ သုံးလုံး အဲ့ဒီဂဏန်းတွေကလွဲရင် မို့တို့ကို …င်းစားပြီးပြီလားလို့တောင် တစ်ချက်မှမေးတာမဟုတ်ဘူး။ ဒေါ်လေးက …မင်းခူးကျွေးတယ် ဆိုပေမဲ့ ဒေါ်လေးက အမေမှမဟုတ်တာ။ မိသားစု …က် တူနာက မို့အပေါ် ပိုကောင်းတယ်"

သြော် … ကလေးမရယ်၊ ဘာကြောင့်တလွဲကြီး စဉ်းစားရ …လဲ။

"ခုလည်းကြည့်လေ။ ဘွားဘွားက နေမကောင်းဘူးဆိုရုံနဲ့ …ယောက်လုံးထွက်သွားကြတာ။ မို့တို့သုံးယောက်တည်း ဒီအိမ်ကြီးမှာ …ခဲ့စရာလား။ ပြီးတော့ ဒီအိမ်ကြီးက သရဲခြောက်မှန်း မသိတာ …ည်း မဟုတ်ဘဲနဲ့"

"ဘယ်လို … မို့မို့ ဘယ်လို"

"ဟုတ်တယ်။ ဒီအိမ်ကြီးမှာသရဲရှိတယ်။ ညတိုင်းလမ်းလျှောက် …ံ ကြားရတယ်။ သူတို့က အိပ်နေကြပေမယ့် မို့ကစာကျက်နေရင် …ကြားရတယ်။ မို့ပြောရင်လည်း ဘယ်သူမှမယုံပေးကြဘူး။ ကြာတော့ …မို့ အရူးဖြစ်တယ်။ ဒါကြောင့် တူနာကိုနေကူဖို့ ခေါ်တာမို့ မှားသလား။ …နာကမို့ပြောစကားဆို သံသယမရှိဘဲ ယုံပေးတယ်"

သြော် … ကလေးရယ်၊ ဖြစ်မှဖြစ်ရလေ။

"ဘာမှမစိုးရိမ်ပါနဲ့ မို့မို့ရယ်။ သရဲဆိုတာမျိုးက လူထက်ဘုန်းကံ …နိမ့်တယ်။ သူတို့က လူကိုတောင် ကြောက်နေရတာပါ။ ဒါကြောင့် သမီး ဘာမှမကြောက်နဲ့ အိပ်လိုက်။ အကယ်၍ သမီးစိတ်မချဘူးဆိုရင် …က ဒီအောက်ကစည့်ခန်းမှာ အိပ်ပေးမယ်"

www.burmeseclassic.com



"ဆရာ တကယ်ပြောတာလား"

သူခေါင်းညိတ်ပြလိုက်သည်။

ထိုအခါမှကလေးမသည် အိမ်အပေါ်ထပ်သို့တက်သွားလေေ
သည်။

"ကဲ ... ကတိပေးလိုက်ပြီဆိုတော့လည်း အိပ်ရုံပေါ့"

"ဆရာ ဦးလေးကြီး"

ခေါ်သံကြောင့်လှည့်ကြည့်လိုက်သောအခါ စိုစို့နှင့်ပျို့ပျို့ ဖြစ်ေ
သည်။

"ဘာလို့လဲ သမီးတို့"

"ဗိုက်ဆာတယ်"

ကလေးနှစ်ယောက်ကို ကရုဏာသက်မိသည်။ ဗိုက်ဆာေ
ကလေးတွေက ကောင်းကောင်း အိပ်ပျော်နိုင်ပါတော့မလား။ ကလေးေ
သာမက သူလည်း ဗိုက်ဆာသည်။ ထို့ကြောင့် သူ့ကိုမျက်နှာငယ်လေး
ကြည့်နေသော ကလေးနှစ်ယောက်ကိုခေါ်ကာ မီးဖိုချောင်ထဲသို့ဝင်သွ
သည်။ ပြီးနောက် ရေခဲသေတ္တာကိုဖွင့်ကြည့်သည်။ ကြက်ဥငါးလုံး
တွေ့ရသည်။ ပြီးနောက် ကြောင်အိမ်ထဲမှပေါင်မုန့်၊ နှစ်ခုပေါင်းက
ပေါင်မုန့်ကြက်ဥကြော်အဖြစ် ပြုပြင်ပြောင်းလဲလိုက်၏။ ကလေးနှစ်ယော
သည် ပေါင်မုန့်ကြက်ဥကြော်ကို အားပါးတရစားကြသည်။ တစ်ယောက်
နှစ်ချက်မျှကုန်သွားသည်။ တော်ပါသေးရဲ့ သူ့အတွက်တစ်ချပ်ကျန်ပေ

"ဆရာဦးလေး goodnight သမီးတို့သွားအိပ်တော့မယ်"

ကလေးနှစ်ယောက်က သူ့ကိုအသိအမှတ်ပြုသွားပြီဆိုတာ သ





သဘောပေါက်လိုက်၏။ ကလေးနှစ်ယောက်၏ အသိအမှတ်ပြုမှုဆိုသော်
သည်း ရင်ထဲကြည်လင်သွားသည်။ ပီတိဖြစ်နေတာများလား။

"ဆရာဦးလေး ဒီမှာအိပ်မှာလား"

"အင်း"

"စောင်ယူပါလား။ မိုးရွာရင်ချမ်းတယ်၊ အပြင်မှာမိုးရွာနေတယ်"

ကလေးနှစ်ယောက်က သူ့အတွက် ပုပန်ပေးကြသောအခါ
မျက်ဝန်းထဲမျက်ရည်ပင်ဥသွားသည်။

မိုးရွာနေသည်ကတစ်ကြောင်း၊ ကလေးတွေကိုစိတ်ချမ်းသာစေချင်
သည်ကတစ်ကြောင်း ပေါင်းလိုက်သောအခါ နှစ်ကြောင်းဖြစ်သွား၍
အလိုက်သင့်ပင် အပေါ်ထပ်သို့လိုက်ပြီး ယူလိုက်သည်။

အခန်းထဲမှ ပါးမို့မို့၏စာအံသံကိုကြားရသောအခါ သူပြုံးမိပြန်
သည်။ ကလေးနှစ်ဦးအိပ်ပျော်သွားသည်ကို ကြည့်ပြီးမှ စောင်ခေါက်ကို
ရင်ခွင်ထဲပိုက်ကာ အောက်ထပ်သို့ဆင်းလာခဲ့၏။

ယခုတော့ ထူးဆန်းစွာပင် ဝဋ်ကြွေးဟု မခံစားရတော့ပေ။
တူမလေးကိုစောင့်ရှောက်ပေးနေသော ဦးလေးတစ်ယောက်လိုခံစားနေရ၏။
ဖြစ်ပေါ်လာသောပီတိကြောင့် စိတ်သည်အလွန်ပင် သန့်ရှင်းလတ်ဆတ်
နေသည်။

"ဟင်"

ကြည်နေသောမိုးသားကို လေဆင်နှာမောင်းဇွေ့လိုက်သလို
ခံစားရသည်။

"ဘယ်ရောက်သွားတာလဲ။ ဒါကဘယ်ရောက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်တင်ထားခဲ့သော ကြက်ဥပေါင်မုန့်ကြော်တစ်ချပ် ဘယ်ရောက်သွားတာလဲ။

အပေါ်ထပ်၌ ဆယ်မိနစ်တောင်မကြာလိုက်ပါဘဲ ဒီကြက်ဥပေါင်မုန့်ကြော်က ဘယ်ရောက်သွားတာလဲ။

အတွေးတွေက သူ့ခေါင်းထဲချာချာလည်၍။



"ဟော့ ... မိုးရွာနေတယ်လေ။ အိမ်ထဲမဝင်ဘူးလား"

ခရေပင်ကြီးအောက် တရှုံ့ရှုံ့ငိုနေသူလေးကို သူ ကရုဏာသက်စွာမေးမိသည်။ သိမ်ငယ်နေသောမျက်ဝန်းများတွင် မျက်ရည်ဥကြီးများ ဘွဲ့ရှိုနေသည်မှာ မြင်ရက်စရာမရှိပေ။ ဘာကြောင့်များ အဲ့ဒီလောက်တောင် သိမ်နည်းနေရတာလဲ၊ မိန်းကလေးရယ်၊ မင်းမှာဘာအခက်ခဲများရှိလို့လဲ။

"မင်းဒီမှာဘာလုပ်နေတာလဲ၊ ဘယ်ကလာတာလဲ၊ မင်းဒီအိမ်ကြီးက မဟုတ်ဘူး မဟုတ်လား။ မင်းကိုငါရှာနေတာလည်း နှံ့နေပြီ မတွေ့ဘူး။ ဒီမှာဘာလုပ်နေတာလဲ၊ မင်းဒီအိမ်ထဲမှာ ပုန်းနေတာမှတ်လား"

မေးခွန်းတွေအများကြီးမေးလိုက်သောအခါ သူမက ခေါင်းလေးတစ်ချက်ညိတ်ပြလာသည်။ ဘယ်မေးခွန်းကို ခေါင်းညိတ်ပြသလဲဆိုတာတော့ သူမသိပေ။ သို့သော် အဓိကကျသောမေးခွန်းကို ဆက်မေးဖြစ်၏။

"ဘယ်နေရာမှာ ပုန်းနေတာလဲ"

ဆက်မေးသောအခါ သူမကအိမ်ကြီးကို လက်ညှိုးထိုးပြသည်။ သူအံ့သြသွား၏။ အိမ်ကြီးထဲပုန်းနေတယ် ဆိုပါလား။ မဖြစ်နိုင်ပါ။ သူရှာဖွေတာလည်း နှံ့နေပါပြီ။ ဘာအရိပ်အယောင်မှ မတွေ့ခဲ့ပါ။

"ဘယ်ကတည်းက ပုန်းနေတာလဲ"

သူမသည် ခေါင်းခါပြသည်။ သူစိတ်မရှည်တော့ပါ။

www.burmeseclassic.com



"မင်းစကားမပြောတတ်ဘူးလား"

ခေါင်းညိတ်ပြ၏။ ပို၍ဒေါသထွက်လာသည်။

"ပြောတတ်ရင် ပြောလေကွာ။ မင်းပြောပြမှငါက မင်းရဲ့အခက်အခဲကိုသိမှာပေါ့။ မိန်းကလေးတစ်ယောက်က ခုလိုပုန်းခိုနေတယ်ဆိုတာဟာ သိပ်အဓိပ္ပာယ်မရှိသေးဘူး။ မင်းမှာနေစရာအခက်အခဲရှိလို့လား"

သူမက ခေါင်းညိတ်ပြသည်။ သူဒေါသဖြစ်နေ၏။ သို့သော် ဒေါသထွက်ပြပါက ကြောက်နေသောသူမပုံလေးသည် ခိုက်ခိုက်တုန်သွားလိမ့်မည်။ သူမသာ စကားပြောတတ်ရိုးမှန်လျှင် ဖြေနိုင်မည့်စကားကို စမေးရမည်။ မောင်ပေါက်ကျိုင်းထုံးနှလုံးမူရတော့မည့် အခြေအနေကို သူသဘောပေါက်စ ပြုလာသည်။ ဘယ်တတ်နိုင်မလဲ၊ မေးဖန်များတော့ စကားရလေမပေါ့။

"မင်းနာမည်ဘာခေါ်သလဲ"

"ဒေါင်းဖန်ဝါ"

အသံသည် ရှပ်လေးနှင့်မလိုက်ဖက်အောင် ဩရှရှဖြစ်နေသည်။ လည်ချောင်းများ နာနေရှာသလား။

"ဒေါင်းဖန်ဝါ ဟုတ်လား"

သူမက ခေါင်းညိတ်ပြ၏။

"မင်းဒီအိမ်ကို ဘယ်လိုရောက်လာတာလဲ"

"ကျွန်မနောက်မှာ လူတွေလိုက်နေတယ်။ ကျွန်မပြေးတယ်၊ နောက်တော့ ဒီနေရာရောက်လာတယ်။ ဒီအိမ်ကလုံခြုံတော့ ဒီမှာနေတယ်"

"အိမ်ရှင်တွေကိုရော ခွင့်တောင်းရဲ့လား"



ခေါင်းခါပြသည်။

"မင်းတော့ တရားစွဲခံရတော့မှာပဲ။ ဒါကပြစ်မှုကွ၊ ပိုင်နက်ကျူးလွန်မှု။ ဒါ့ထက်တောင်ပုဒ်မပိုကြီးနိုင်သေးတယ်။ ရတယ် ကိစ္စမရှိဘူး။ သူတို့ မသိခင် မင်းထွက်သွားတော့"

"ကျွန်မကို နေခွင့်ပြုပါ ဆရာ။ ကျွန်မဒီအိမ်မှာနေမှ ဖြစ်မှာမို့ပါ"

"ဆရာ ဟုတ်လား"

"ဟုတ်တယ်လေ။ အားလုံးက ဆရာလို့ခေါ်နေကြတာပဲ"

"မင်းက ငါ့ကိုသိလို့လား"

ခေါင်းညိတ်ပြပြန်သည်။

အင်းပေါ့လေ။ အမှောင်ထဲကလူက အလင်းထဲကလူကို သိနေဘာတော့ မဆန်းလှပေ။

"ဒါတွေ ထားပါတော့။ မင်းအကြောင်းပဲ ဆက်ပြောတာကောင်းမယ်။ မင်းဒီကို ငါ ရောက်ပြီးမှရောက်တာလား"

ခေါင်းခါပြ၏။

"မြတ်စွာဘုရား။ ဒါဆို ငါမရောက်ခင်တည်းကရှိနေတာပေါ့ ဟုတ်လား။ သိပြီ ... သိပြီ၊ ငါ့ရဲ့အမဲကြော်တွေခိုးစားတာ မင်း ဟုတ်လား"

ခေါင်းညိတ်ပြနေ၏။

မတင်မကျဖြစ်နေသော စိတ်များ ရှင်းသွားသည်။ တရားခံဘာ ဒီမှာဖြစ်၏။ ဒါဆို မင်းအိမ်အပေါ်ထပ်မှာ ခိုးနေတာပေါ့ ဟုတ်လား။

ခေါင်းညိတ်ပြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်နေသောစိတ်များသည် ရှင်းသွားလေတော့သည်။ ဒါနဲ့များကွာ မင်းလူတွေကိုသက်သက် ဒုက္ခပေးတယ်။ ငါတို့မှာ ယုံထင်ကြောင်ထင်နဲ့ ဒုက္ခကိုဖြစ်ရော။ ဟိုကလေးမလေးဆို သရဲခြောက်တယ်ဆိုပြီး ကြောက်နေရှာတယ်။

"ကျွန်မလည်း သူတို့ကိုကြောက်တယ်"

"ကလေးတွေပဲကွာ။ ဘာကြောက်စရာရှိလို့လဲ။ အဲ ... တစ်ခု တော့ ရှိတာပေါ့။ မင်းကမဟုတ်တာလုပ်ထားတဲ့ လူပဲ။ ကြောက်ရမှာပေါ့။ ဒါပေမဲ့ သူတို့ကစိတ်ရင်းကောင်းကြပါတယ်"

"ကျွန်မကြောက်တာက အမြွှာနှစ်ယောက်ကိုပါ ဆရာ။

သူတို့က ကျွန်မကို မကြာခဏ ဒုက္ခပေးတယ်။ ကျွန်မနေစရာ နေရာမရှိအောင်ကို ဒေါင်းတောက်အောင်ဆော့ကြတယ်"

"ကလေးပဲလေ။ သူတို့သဘာဝကိုမှ ဆော့တဲ့အမျိုးပဲ။ ဒါ့ထက် မင်းကိုဒုက္ခပေးလို့လား"

"သူတို့ ကျွန်မကိုမောင်းထုတ်ကြတော့မယ် ဆရာ"

"မင်းရှိတာ သူတို့ကသိလို့လား"

"သိသွားပြီ။ သူတို့ကျွန်မကိုမောင်းထုတ်ကြတော့မယ်။ ကူညီပါ ဆရာရယ်"

"ဒါကသူတို့အိမ်လေ။ ငါကငှားနေတဲ့အိမ်ငှား။ ဒီကိစ္စကိုတော့ ငါလည်း တတ်နိုင်မယ် မထင်ဘူး။ မင်းလည်း ဆက်နေချင်ရင် လခပေးပြီး ငှါးလိုပဲ စပေါ်တင်နေပေါ့"

"ဒါပေမဲ့ သူတို့လက်ခံမှာမဟုတ်ဘူး"

—— ❁❁❁ ——



"ဘာလို့လက်မခံရမှာလဲ။ မဖြစ်နိုင်တာ"

"သူတို့ကို ကျွန်မဒီအပင်ကြီးအောက်မှာပဲ ပုန်းနေတာ။ သူတို့ကို ကျွန်မကြောက်တယ်။ ကျွန်မကိုနေခွင့်ပေးပါ ဆရာ ရယ်"

"ငါကအိမ်ငှားလေ။ ငါခွင့်ပြုလို့ရော ဖြစ်သလား"

"ဖြစ်ပါတယ်။ ဆရာခွင့်ပြုလို့ ဖြစ်ပါတယ်"

"အေးပါ။ ဒုက္ခဖြစ်နေတဲ့လူကို ကူညီကောင်းပါတယ်။ ငါခွင့်ပြုလို့ မယ်ဆိုရင်တော့ ခွင့်ပြုပါတယ်။ မင်းစိတ်ကြိုက်သာနေပါကွာ"

"ကျေးဇူးတင်ပါတယ် ဆရာရယ်။ ဆရာ့ကျေးဇူးကို ကျွန်မ မမေ့ပါဘူး။ ကျေးဇူးတင်ပါတယ် ဆရာရယ်"

"ဟေ့ ... ဟေ့ ... ဒေါင်းဖန်ဝါ၊ ဒေါင်းဖန်ဝါ"

ဒေါင်းဖန်ဝါ ပြေးသွားသည်ဟု သူထင်သည်။

သို့သော် ဒေါင်းဖန်ဝါက မပြေးပေ။ ခရေပင်ကြီးအောက်၌ ရှိနေသည်။ ပြေးနေတာက သူ။ သူကသာ ခရေပင်ကြီးနှင့် တစ်စထက် တစ်စ ဝေးနေသည်။

"ဒေါင်းဖန်ဝါ"

လက်ယမ်းပြနေသော ဒေါင်းဖန်ဝါသည် ပြုံးပြနေလေသည်။ သို့သော် သူ့လက်မောင်းကို ဆုပ်ကိုင်နေသော လက်တစ်စုံ။

"ဆရာဦးလေးကြီး ... ဆရာဦးလေးကြီး"

သူ့ကိုယ်ခန္ဓာသည်တစ်စုံတစ်ခုနှင့် တိုက်မိသလိုတွန့်ခနဲ ဖြစ်သွား ရသည်။

"ဒေါင်းဖန်ဝါ"

—— ❁❁❁ ——

www.burmeseclassic.com

www.burmeseclassic.com



ဖိုင်နေရာမှဝုန်းခနဲထထိုင်ဖြစ်သည်ထိ သူမ၏မျက်ဝန်းဝါလေးက အာရုံထဲမှ ပျောက်မသွားသေးပေ။

"ဆရာဦးလေးကြီး ဘာတွေဖော်နေတာလဲ"

"ဗြဲ"

ကျောပိုးအိတ်တစ်ယောက်တစ်လုံးကိုင်ကာ ရပ်နေသောမှိုမှိုနှင့် ပျိုပျိုကို အားတုံ့အားနာကြည့်လိုက်သည်။

"မင်းတို့ဘယ်သွားကြမလို့လဲ"

"ကျူရှင်သွားရမယ်လေ။ ဒီနေ့ကျူရှင်တက်ရမယ်"

"ဪ ... ဟုတ်လား။ အင်း ... အင်း ... သွား သွားကြလေ"

"သမီးတို့ မသွားတတ်ဘူး"

"ဟင်"

စောင်ခေါက်သိမ်းရန်ကြံရွယ်နေသော သူ့လက်များသည် စောင် ကိုပင် မဖြန့်လိုက်နိုင်ဘဲ လမ်းတစ်ဝက်တွင်ရပ်တန့်သွားသည်။ ပြီးနောက် မှိုမှိုနှင့်ပျိုပျိုကို မမြင်ဖူးသူများလိုငေးကြည့်နေဖြစ်သည်။

"ပါးမို့မို့ရော"

"ကျူရှင်သွားပြီ။ ဘယ်တုန်းကသွားလိုက်တာလဲ။ ဦးလည်း မသိလိုက်ပါလား"

"စောစောကလေးတင်ပဲ သွားလိုက်တယ်"

"မင်းတို့ ဘာစားပြီးပြီလဲ"

"မာမီးခေါက်ဆွဲ စားပြီးပြီ။ မမြုတ်ကျွေးတယ်"

●———●



ရင်ထဲ ကျေနပ်မိသလိုလို ခံစားရသည်။ ဘာပဲဖြစ်ဖြစ် ပါးမို့မို့က ဆုံးမရလွယ်တဲ့ကလေးဖြစ်နေတာက ဦးရွှေရောင်အတွက် ကံကောင်းနေ သေးသည်။ ဒီလိုလိမ္မာတဲ့ကလေးကို ကောင်းကောင်း မသွန်သင်နိုင်တဲ့ ခံင်ကို သူဖွဲ့ဩမိသည်။ ကလေးတွေက လိမ္မာချင်ပါလျက်နှင့် အဆုံးအမ ညံ့သောလူကြီးများကြောင့် ကလေးတွေရဲ့အနာဂတ်မှာ ပျက်စီးရတော့မည် ဖြစ်သည်။ လက်မတင်လေး။ ညက သူသာအချိန်မီရောက်မလာခဲ့လျှင် ဤအိမ်ကြီးတွင်ဝိုသံတွေ ပွက်လောရိုက်ကုန်လိမ့်မည်။

သူက ဘာလို့ အချိန်ကိုက်ရောက်လာမိပါရဲ့။ သူ့တံခါးကို ထုခဲ့ သည်။ တံခါးထုသူသည် တူနှာမဟုတ်မှန်းသူသိသည်။ ဒါဆို ဘယ်သူလဲ၊ ဒေါင်းဖန်ဝါလား။ သူတာတွေတွေးနေပါလိမ့်။ ဒေါင်းဖန်ဝါဆိုတာ အိပ်မက် ထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

"ဆရာဦးလေး ဘာတွေစဉ်းစားနေတာလဲ။ မီးတို့ကျူရှင်နောက် ကျတော့မယ်"

"နောက်ကျလည်း ဘယ်တတ်နိုင်မလဲ။ ဦးမှ မင်းတို့ကျူရှင်ကို မသိတာ"

"ဆရာဦးလေးနားမှာနေတဲ့ ဟိုဆိုက်ကားနင်းတဲ့ဦးလေးကြီး သိတယ်လေ"

"ကိုချစ်ခင် ... ကိုချစ်ခင်၊ ဒီအချိန် ကိုချစ်ခင်ဘယ်မှာရှိနိုင်မလဲ"

"ဆရာ ... ဗျို့ ... ဆရာ"

အသက်ရှည်ဦးမည့် အသံ၊ သူထွက်ကြည့်လိုက်သောအခါ ကိုချစ်ခင်က ဆိုက်ကားကို ဟန်ကျပန်ကျနင်းပြီး အိမ်ထဲဝင်လာသည်။

●———●

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာလည်း မုန့်ဟင်းခါးတစ်ထုပ်။

"ဟာ ... ဆရာ၊ ဒီနေ့အစောကြီးနိုးနေပါလား။ ကိုချစ်ခင်အလား များ စောနေသလား ဆရာရယ်"

"မစောပါဘူးဗျာ၊ အချိန်ကိုက်ပါပဲ။ ကဲ ... ကိုချစ်ခင် ဒီက မိဖုရားနှစ်ပါးကို ကျောင်းရှင်တဲ့။ လိုက်ပို့လိုက်ပါဦးဗျာ"

"ဗျာ ဆရာ။ သူတို့မိဘတွေ ခုထိပြန်မလာကြသေးဘူးလား"

"ပြန်လာမှတော့ ခင်ဗျားကို ကျွန်တော်အခုလို အကူအညီ တောင်းနေမလားဗျ"

"ဟုတ်တော့ မဟုတ်သေးဘူး ဆရာ။ ဟုတ်ကိုမဟုတ်သေးဘူး"

"ဘာကိုလဲဗျ"

"ကလေးတွေချည်း အိမ်ထဲမှာ ညအိပ်ညနေပစ်ထားတာတော့ လွန်ပါတယ်ဗျာ။ ချမ်းသာတဲ့လူတွေများ တယ်လည်းသံယောဇဉ်မဲ့ကြ တာကိုး"

ကိုချစ်ခင်က ရှေ့နောက်မကြည့်ဘဲ ရင်ထဲရှိသည့်အတိုင်းစကား ပွင့်ပွင့်ကြီးပြောချလိုက်သောအခါ စိုးစိုးနှင့်ပို့ပို့တို့၏ဖက်ကလေးများ ပုဝင် သွားကြသည်။ ဒါကိုရိပ်မိသောသူက ကိုချစ်ခင်ကို မျက်နှာရိပ်မျက်နှာ ပြကာ ဟန့်တားလိုက်ရသည်။

"ကဲ ... ကဲ ... စိုးစိုးနှင့်ပို့ပို့ လိုက်သွားကြတော့ မင်းတို့ ဦးချစ်ခင်ကကျောင်းရှင်ရောက်တဲ့ထိ လိုက်ပို့လိမ့်မယ်"

စိုးစိုးနှင့်ပို့ပို့သည်မျက်နှာငယ်လေးနှင့် ကိုချစ်ခင်၏ဆိုက်ကားပေါ် တက်သွားကြသည်။



"ကဲ ... မိုးကဲ့ရွာမလားမသိဘူး။ ကိုချစ်ခင်မြန်မြန်သာ ပို့လိုက် တော့၊ အပြန်ရောစောင့်ခေါ်လာခဲ့ ဆိုက်ကားခကို ကျွန်တော်ရှင်းပေးမယ်"

"ရပါတယ် ဆရာရယ်။ ဆရာ့လိုပုဂ္ဂိုလ်တောင် ဒါနပြုနေမှတော့ ချစ်ခင်လည်း ပါရမီဖြည့်ရတော့မှာပေါ့။ စိတ်ချ။ ချစ်ခင်စောင့်ခေါ်လာခဲ့ မယ်။ ချစ်ခင်က ဆိုက်ကားနင်းပေမဲ့ ပရဟိတစိတ်ဓာတ်အပြည့် ရှိပါတယ် ဆရာရဲ့။ နိဗ္ဗာန်မရောက်ခင်စပ်ကြား ဗိုက်ပြည့်ရုံလုပ်ရှားရုန်းကန်ပြီး စောင့်ကြရတာပဲ ဆရာရယ်။ မချမ်းသာရင်နေပါ။ နောင်ဘဝမှာ လူဖြစ်ခွင့် ရရင်ပဲ ကျေနပ်ပါပြီ။ နတ်လည်း မဖြစ်ချင်ပါဘူး ဆရာရယ်။ နတ်သား ဖြစ်ရတာ ငါးပါးသီလ မလုံပါဘူး။ ရိုးရိုးလူပဲဖြစ်ပါရစေ၊ ကဲ ... ကလေးတွေ နင်းပြီဟေ့"

ကိုချစ်ခင်သည် ကျွမ်းကျင်လုပ်သားပီပီ ဆိုက်ကားကို ညင်သာ စွာ နင်းပြီး ခြံဝင်းကျယ်ကြီးထဲမှ ထွက်သွား၏။ ကိုချစ်ခင်၏ပုံသည် ပေါ့ပါးပြီး ကြည်ရွှင်ရှင်းသန့်သည်။ ကိုချစ်ခင်နှင့်ပြောဆိုရသည်ကို သူ နှစ်သက်၏။ စကားကို ဟိုရောက်ဒီရောက် ပြောတတ်သော်လည်း အမှန်ကိုသာပြောတတ်သူကြီးဖြစ်သည်။

ဆောင်း၏လက်ကျန်လေများသည် တရှိုက်ရှိုက်တိုက်ခတ်နေလေ၏။ ညကမိုးရွာထားလို့နှင့်တူသည်။ ရာသီဥတုသည် ဖျံ့ဆိုင်းဆိုင်းဖြစ်နေသည်။ နှင်းများကျလေရော့သလား။ လေထုထဲမှရေရနံ့ကို ရှူရှိုက်လိုက်မိသည်။ စိတ်သည် အထူးကြည်လင်လန်းဆန်းသွား၏။ အချိန်ကြာကြာလေညှင်းခံ ချင်သေးသော်လည်းသူများ နယ်နိမိတ်မှာမို့ အိမ်ရှင်တွေမရှိခဲ့ ကြာကြာ ရပ်နေဖို့မသင့်ပေ။ ထို့ကြောင့် အိမ်ကြီး၏တံခါးမှန်သွားကို စနစ်တကျ

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပြီး သူနေထိုင်ရာအိမ်လေးသို့ ကူးလာခဲ့သည်။

ကိုချစ်ခင်ပေးသွားသော မုန့်ဟင်းခါးကိုပန်းကန်ထဲပြောင်းထည့်လိုက်၏။ ညက ဘာမှမစားထား၍ အဆာလွန်နေသောဗိုက်မှာ ဘာကိုမှ စားချင်စိတ် မဖြစ်ပေါ်မိပေ။ သို့သော် အစာအိမ်နာလာမည်စိုး၍ မုန့်ဟင်းခါးကိုနှစ်စွန်းမျှ ခတ်စားလိုက်သည်။ စားပြန်တော့လည်း ဆာသလိုတော့ ရှိလာသား။ ပန်းကန်တစ်ဝက်မျှစားသောက်ပြီးနောက် မုန့်ဟင်းခါးကို ဆက်၍ မစားလိုတော့ပေ။ ထို့ကြောင့် ဘေစင်တွင်တင်ထားလိုက်၏။

ညက လေတိုက်ထားသောကြောင့် သစ်ရွက်ခြောက်များ သူ့အခန်းထဲ နေရာယူလာသည်။ ထို့ကြောင့် သစ်ရွက်ခြောက်များကို ရှင်းလင်းရန် နောက်ဖေးအခန်းငယ်ထဲရှိ တံမြက်စည်းနှင့် ဂေါ်ကိုယူရန်လက်လှမ်းလိုက်သည်။ ဤတွင်တစ်စုံတစ်ခု၏ အထိအတွေ့ကြောင့် ကိုယ်ခန္ဓာတစ်ခုလုံး ကျင်စက်နှင့်အတို့ခံလိုက်ရသလို တဆတ်ဆတ်တုန်သွား၏။

ဘာလဲ၊ သူဘာကိုထိမိလိုက်တာလဲ။ မှန်တာပြောရလျှင် မှောင်နေသော ထိုအခန်းထဲ သူတစ်ခါမျှ မဝင်ဖူးပေ။ ထိုအခန်းထဲ၌ အမှိုက်ပုံးနှင့် တံမြက်စည်း၊ အမှိုက်ဂေါ်တို့သာထားသည်။ ထို့ကြောင့် ထိုအခန်းနှင့် ရင်းနှီးသူသည် ကိုချစ်ခင်တစ်ယောက်သာ ရှိ၏။ အခန်းထဲဝင်ကြည့်ချင်သော်လည်း တစ်ခုခုကိုတွေ့မည့်အရေး စိုးရိမ်မိနေသည်။ ဘာကို စိုးရိမ်လို့ စိုးရိမ်မိမှန်းလည်း မသိပါ။ ထိတ်ထိတ်လန့်လန့်ဖြင့် နောက်ဆုတ် နောက်ဆုတ် လာနေမိရာ နောက်ဆုံး၌ဘေစင်သို့ ရောက်လာပြန်၏။

"ခလွမ်"

သွားပြီ။ မုန့်ဟင်းခါးပန်းကန်ကျကွဲသွားပြီ၊ သူဘာတွေဖြစ်နေ





တာလဲ"

ပန်းကန်ထဲတွင်မုန့်ဟင်းခါးသည် တစ်ဝက်တိတိကျန်နေသည်။ ကျကွဲပါက အရက်သမားအန်ဖတ်သာသာ ဖြစ်နေမည်ကိုသိသည်။ ရှုံ၏။ သူသည် အရက်သောက်တတ်သော်လည်း ဘယ်သောအခါမျှမအန်ဖူးချေ။ ထို့ကြောင့် အန်ဖတ်ဆိုအော့နလုံးနာလှသည်။ ညစ်ပတ်သော်လည်း ရှုံရှာတတ်သည်။

"ဟင်"

အံ့ဩစရာထပ်ကောင်းနေပြန်သည်။ ဘယ်လိုဖြစ်တာလဲ။ သူစားပြီး၍ ကျန်သောမုန့်ဟင်းခါးတွေ ဘယ်ရောက်သွားတာလဲ။

ဒေါင်းဖန်ဝါ ... ဟုတ်တယ်။ ဒေါင်းဖန်ဝါ သူက အိပ်မက်မဟုတ်ဘူး။ တကယ်ပဲရှိနေတာ၊ ဒေါင်းဖန်ဝါ။

ရင်ထဲမှစကားလုံးများကို နှုတ်မှအားမှခပ်ဖွဖွရွတ်ဆိုမိသည်။

"ဖုန်း၊ ဂလွမ်"

ထိုသို့ပြောလိုက်သည်နှင့် တစ်ပြိုက်နက်မှောင်နေသော အခန်းဆီမှ အသံမျိုးစုံတို့ကို ကြားရပြန်သည်။ သူ ဘာကိုမှစိုးကြောက်မနေနိုင်တော့ပေ။ အခန်းရှေ့ရှိမီးခလုတ်ကိုဖွင့်ပြီး အခန်းထဲသို့မိုက်ရူးရဲဆန်စွာ တိုးဝင်လိုက်သည်။

"ဟင် ... မင်း ... မင်း ဒေါင်းဖန်ဝါ"

ကျောပြင်လေး မြင်ရတယ်ဆိုသော်လည်း ဒေါင်းဖန်ဝါဆိုသာ သေချာလှသည်။ ဒေါင်းဖန်ဝါသည် သူ့အား ကျောပေးပြီး ထောင့်ကြားထဲ တိုးဝင်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … ဟော့ … မင်း။ မင်း ဒီမှာ ဘယ်လိုလုပ်"

သူသည်ဒေါင်းဖန်ဝါ၏ ကိုယ်လေးကိုဆွဲလှည့်လိုက်သည်။

"ဟင့်အင်း … ဟင့်အင်း ပူတယ်၊ မီးပိတ်ပေးပါ၊ ပူတယ် ပူတယ်"

နဖူးမှ ချွေးစေးများစီးကျနေသော ဒေါင်းဖန်ဝါသည် မျက်ကွင်းညိုလေးများကို တင်းကျပ်စွာပိတ်ထားလေသည်။

"မင်း ဒီကိုဘယ်လိုလုပ်ရောက်နေတာလဲ"

"မီးပိတ်ပေးပါ ဆရာရယ်။ ကျွန်မကိုသနားရင် မီးပိတ်ပေးပါ ပိတ်ပေးပါ"

ဖြူရော်သောအသားများသည် ကိုင်ရက်စရာမရှိပေ။ ဖွေးဖွေးဖြူနေသော ဒေါင်းဖန်ဝါ၏နှုတ်ခမ်းများသည် သွေးရောင်တစ်စက်မျှမရှိချေ။ အားအရမ်းနည်းနေပြီ ထင်ပါရဲ့။ သူ့ရင်ထဲကရုဏာတို့တိုးဝင်လာသောအခါ ဒေါင်းဖန်ဝါ၏အမိန့်ကိုနာခံပြီး ဖြစ်နေလေသည်။ သို့သော် လင်းရာမှ ရုတ်တရက်မှောင်သွားသောအခါ အမှောင်နှင့်ကျင့်သားမရသော သူ့မျက်လုံးကဘာကိုမှမမြင်ရတော့ပေ။ နဂိုတည်းက မကောင်းသောမျက်လုံးများက ပိုဆိုးသွားပြီထင်ပါရဲ့။ လူရိပ်ကိုပင်မနည်း အာရုံထားနေရသည်။ သို့သော် မီးမပိတ်ခင်ကအခန်းထဲတွင် ပြတင်းပေါက်ရှိနေမှန်း သူသိလိုက်သည်။

ထို့ကြောင့် ပြတင်းပေါက်တံခါးရှိရာသို့ မှန်းဆကာ စမ်းတဝါးဝါးဖြင့် ဖွင့်ဟန်အပြင်တွင် သူ့လက်ကိုအုပ်မိုး ဆုပ်ကိုင်လိုက်သောလက်တစ်စုံကြောင့် အကြောအချဉ်များပင် စိမ့်အောင်အေးသွားသည်။

"မင်းရဲ့လက်တွေက အေးလှချည်လား ဒေါင်းဖန်ဝါ"





"ပြတင်းပေါက်ကိုမဖွင့်လိုက်ပါနဲ့ ဆရာရယ်"

"ဘာလို့လဲ။ မှောင်နေတော့ ငါလည်း မင်းကိုကောင်းကောင်းမမြင်ရဘူးလေ။ လေကောင်းလေသန့်လည်း ရတာပေါ့။ နို့မဟုတ်ရင် အခန်းထဲကစိမ်းရွှင်ရွှင် အနံ့ရတယ်"

"ကျွန်မအတွက် အလင်းရောင်ရော၊ လေကောင်းလေသန့်ရော မလိုပါဘူး ဆရာ။ ကျွန်မကို မမြင်ရရင်လည်း မကြည့်ပါနဲ့။ ကျွန်မလည်း ဆရာ့ကိုမကြည့်နေပါဘူး။ ကျောခိုင်းထားပါတယ်"

"မင်းက ဒီမှာပုန်းနေတာလား။ ဒီအိမ်မှာနေတာ ငါတစ်ပတ်ပြည့်တော့မယ် မင်းရှိနေမှန်းမသိခဲ့ဘူး"

"ကျွန်မ မနေ့ညကမှပြောင်းလာတာပါ ဆရာ။ ဆရာပဲ ကျွန်မကို နေခွင့်ပြုလိုက်တယ်လေ"

"ငါ ဘာကိုမှ နားမလည်တော့ဘူး ဒေါင်းဖန်ဝါ။ ငါရူးသွားပြီ ထင်တယ်။ အခု ငါအိပ်မက်မက်နေတာလား"

"အိပ်မက်မဟုတ်မှန်း ဆရာ့ကိုယ်ဆရာသိပါတယ်"

မှန်ပါသည်။ သူ့ပါးသူရိုက်မိပြီးသား ဖြစ်သည်။ နာ၏။ ဗိုက်သားကို လိမ်ဆွဲလိုက်သော်လည်း နာ၏။ သို့သော် ဒေါင်းဖန်ဝါနှင့် ယခုလို ဆုံရခြင်းကို မယုံနိုင်သေးပါ။ လူတစ်ယောက် အိမ်ထဲခိုအောင်းနေမှန်း မသိတဲ့အဖြစ်ကိုလည်း ယခုထိမယုံနိုင်သေးပါ။

"ဒါပေမဲ့ ခါတိုင်းမင်းနဲ့တွေ့ခဲ့တာက အိပ်မက်တွေလေ။ ငါမင်းကို နေခွင့်ပြုခိုင်းတာလည်း အိပ်မက်ထဲမှာပဲ"

"ကျွန်မကို မောင်းမထုတ်ပါနဲ့ ဆရာရယ်၊ ကျွန်မကိုနေခွင့်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာသာ ကျွန်မကိုနေခွင့်မပြုရင် ကျွန်မဒုက္ခရောက်ရတော့မယ်"

"မင်းက ဘာလို့ ဒုက္ခရောက်ရမှာလဲ၊ မဟုတ်တာ"

"ဦးရွှေရောင်တို့လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်တယ် ဆရာ"

"ဘာ ... ဘယ်လို"

"အဲ့ဒီအချိန်က သူတို့နဲ့အတူ ဥဒါန်းပါသွားတယ်"

"ဥဒါန်း ဟုတ်လား။ ဥဒါန်းက ဘာပြောတာလဲ။ ဘယ်သူလဲ။ မင်းနဲ့အတူနေတဲ့ မင်းသူငယ်ချင်းလား။ ဘုရား ... ဘုရား။ နှစ်ယောက်ကြီးပုန်းနေတာတောင် မသိလိုက်ပါလား။ ငါတော်တော် ညံ့တာပဲ"

"ဥဒါန်းက ဒီအိမ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးလို့ ကျွန်မကိုပြောသွားတယ် ဆရာ။ ဒါပေမဲ့ ဥဒါန်းအစား ဒေါ်ငွေမိုးရောက်လာတော့မယ်"

"ဒေါ်ငွေမိုး ဟုတ်လား။ မင်းဘာတွေပြောနေတာလဲ ဒေါင်းဖန်ဝါ။ ဒေါ်ငွေမိုးက ဒေါ်ရွှေမိုးရဲ့ညီမ အဲ့ဒီအိမ်ရဲ့ပိုင်ရှင်လေ"

"ဒါကြောင့် ဒီနေရာမှာနေခွင့်တောင်းတာပေါ့ ဆရာရယ်"

"ဘာတွေလဲဟာ ... ဘာတွေလဲ။ မင်းပြောတာ ငါဘာတစ်ခုမှ နားမလည်တော့ဘူး။ ဘာတွေလဲ"

"ဆရာ ... ဆရာ ... ဆရာ"

ဒေါင်းဖန်ဝါ ငိုနေတယ်ဆိုတာ သူသိ၏။ ထို့ကြောင့်အကြောင်းအရင်းကို မေးမည်ကြံခိုက်တွင် အိမ်ရှေ့ဘက်ဆီမှ ပါးမို့မို့၏ခေါ်သံကြောင့် စကားစပြတ်သွားသည်။

"ခဏနေဦး ... ငါပြန်လာခဲ့မယ်"





သူ့အိမ်ထဲ ဒေါင်းဖန်ဝါရှိနေသည်ဆိုတာ ပါးမို့မို့ကိုမသိစေချင်ပါ။ ထို့ကြောင့် ပါးမို့မို့က အိမ်ပေါ်သို့ ဖွတ်တရွတ်မတက်လာခင်မှာပင် သူက အိမ်ပေါ်မှဦးအောင်ဆင်းနိုင်ရလိမ့်မည်။

"ဆရာ ... ဆရာ"

ပါးမို့မို့၏အသံသည် ရေးကြီးသုတ်ပြာနိုင်လှသည်။ ထို့ကြောင့် သူ့ရင်ထဲတထိတ်ထိတ်တုန်သွား၏။ ပါးမို့မို့ကအန္တရာယ်နှင့် ကြုံလာလို့လား။ ဒါမှမဟုတ် စိုစိုနှင့်ဖိုးဖိုးများတစ်ခုခုဖြစ်လို့လား။

"ဆရာ ... ဆရာ"

"ဘာဖြစ်လာတာလဲ ပါးမို့မို့။ ဘာဖြစ်လို့လဲ"

"ဆရာ၊ မေမေတို့ကားအက်ဆီးဒင့် ဖြစ်လို့တဲ့"

"ဘာ"

နောက်ပြန်လှည့်ကာ အမှောင်ခန်းဆီသို့လှမ်းကြည့်သော်လည်း အမှောင်ခန်းသည် ပကတိငြိမ်သက်နေလေသည်။

"မို့မို့ ဘာလုပ်ရမလဲဆရာ။ ဖေဖေက ခုချိန်ထိဆေးရုံမှာ သတိရသေးဘူးတဲ့။ မို့မို့ ဘာလုပ်ရမလဲ"

"လိုက်သွားရမှာပေါ့။ ကဲ ... ပါ။ ဦးတို့အခုပဲ လိုက်သွားကြမယ်။ ဘယ်ဆေးရုံမှာတဲ့လဲ"

လိုက်သွားကြမယ်သာပြောနေသော်လည်း ထကယ်တမ်းသူသွားချင်တာက အမှောင်ခန်းထဲသို့ ဖြစ်သည်။

"ဒေါင်းဖန်ဝါ ... ဒေါင်းဖန်ဝါက ဘယ်သူလဲ"

"ဘာဖြစ်လို့ ကားအက်ဆီးဒင့်ဖြစ်မှာကို ကြိုသိနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲသံသယကရှင်းမသွားဘဲ ပိုပိုပြီးရှုပ်လာရ၏။

"ခဏနေဦး မို့မို့။ ဦးဖုန်းနဲ့ပိုက်ဆံအိတ် သွားယူလိုက်ဦးမယ်"

တကယ်လည်း ဖုန်းနဲ့ပိုက်ဆံအိတ် ယူမလို့ပါပဲ။ သို့သော် မငြေ ရှယ်ထားပါဘဲ အမှောင်ခန်းမှ မီးကိုဖွင့်ပြီး အခန်းထဲသို့ဝင်လာသည် ဒေါင်းဖန်ဝါရှိနေမည်ဟု ထင်သော်လည်း မရှိတော့ချေ။ သူ့အံ့ဩသွား၏ ပြတင်းတံခါးကလည်း ပိတ်လျက်သားပင် ပုံမပျက်ရှိနေသည်။

ဘယ်ရောက်သွားတာလဲ။ ဒေါင်းဖန်ဝါ ဘယ်ပျောက်သွားတာလဲ





ဒေါ်ငွေမိုး၏ ရက်လည်ဆွမ်းသွတ်ပြီးသောအခါ အိမ်ကြီးသည် သုသာန်တစပြင်အလား ဆိတ်ငြိမ်သွားသည်။ ဆေးရုံမှဦးရွှေရောင်သည် ဘစ်ပတ်ကြာသည်ထိ သတိပြန်လည်မလာသေး၍ အရေးပေါ်ခန်းထဲစောင့် ကြည့်ဆဲ အခြေအနေဖြစ်သည်။ ဒေါ်ရွှေမိုးကတော့ ထိခိုက်ဒဏ်ရာအနည်း ဆုံး ရရှိသူဖြစ်သည်။ လက်ကျိုးသွား၍ ကျောက်ပတ်တီးကိုင်ထားရသည်။ သွားလာလှုပ်ရှားနိုင်ပြီမို့ ဆရာဝန်ကြီးက ဆေးရုံမှဆင်းခွင့်ပြု၍ အိမ်မကြီး ၌ သမီးသုံးယောက်နှင့် အတူနေထိုင်သည်။ သို့သော် မျက်နှာက အားမရှိ သလို ဖြူရော်၍ နေသည်။ စိတ်ဆင်းရဲလွန်း၍ ထင်သည်။ နားထင်စပ်များ သည်ချောင်ကျသွားပြီး မျက်ကွင်းများညိုမည်းနေလေသည်။ ဆင်းရဲရှာမပေ့။ ဘစ်ဦးတည်းသောညီမဖြစ်သူက ဆုံးပြီ အားကိုးရာခင်ပွန်းသည်ကလည်း စောင့်ကြည့်လူနာစာရင်းဝင်နေသည်။

ဒေါ်ရွှေမိုးပြောပုံအရကားသည် မှောက်စရာအကြောင်းမရှိဘဲ မှောက်သွားခြင်း ဖြစ်သည်။ မိခင်ကိုတွေ့ပြီးအပြန် အမြန်လမ်းမကြီး၌ ကားအက်ဆီးဒင့်ဖြစ်ခဲ့သည်ဟု ဆိုသည်။ မိခင် အသည်းအသန်ဖြစ်တယ် ဆိုသောသတင်းကြောင့် သုံးယောက်လုံး ပဲခူးသို့ သွားခဲ့သော်လည်း မိခင်သည် ချောင်းဆိုး၊ နာဖေးရုံမှလွဲ၍အခြားထွေထွေထူးထူး နေမကောင်း ဘာမျိုး မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးသုံးယောက်ကိုစိတ်မချ၍ နေ့ချင်းပင်ပြန်ခဲ့သည်။ တစ်ဓ ကုန် ကားမောင်းနေရ၍ ဦးခေါင်းရောင်ကပင်ပန်းနေပြီဖြစ်သောကြောင့် ဒေါ်ရွှေမိုးက တစ်လမ်းလုံးစကားပြောလာခဲ့သည်ဟု ဆိုသည်။ သို့သေ ရန်ကုန်သို့အဝင်တွင် ကားရှေ့မှာဖြတ်သွားသောအရိပ်မည်းကြောင့် ကာ ဘရိတ်ဆောင့်နင်းမိရာမှ စလစ်ဖြစ်သွားသည်ဟု ဆိုသည်။

ထိုအရိပ်သည် နွားလည်းမဟုတ်သလို၊ လူလည်းမဟုတ် ကားလည်း မဟုတ်ဟု ဆိုသည်။ ဒေါ်ရွှေမိုး၊ အမြင်မှားတာဖြစ်မှာပါဟ အားလုံးကယူဆကြသော်လည်း သူတော့ထိုသို့မတွေးပေ။ ဒေါ်ခင်းစန်ဝါ၏ သူငယ်ချင်း ဥဇါနီးသည် ဒေါ်ရွှေမိုးတို့ကားနှင့်ပါသွားသည်ဟု ဆိုခဲ့သည် ထို့ကြောင့် ဒေါ်ခင်းဖန်ဝါနှင့် တွေ့ရန်လိုအပ်သည်။ သို့သော် ထူးဆန်းစွာပ ဒေါ်ခင်းဖန်ဝါကို မတွေ့နိုင်ဖြစ်ရပြန်သည်။

ဘယ်ရောက်သွားတာလဲ။ ဒီအမှောင်ခန်းထဲမှာ နေခွင့်ပေ တောင်းဆိုခဲ့ပြီးမှ အမှောင်ခန်းထဲမရှိဘဲ ဘယ်ရောက်သွားတာလဲ။ မီးလု ကိုဖွင့်ပြီး အခန်း၏အနေအထားကို ကြည့်သည်။ သို့သော် လူနေထိုင် သောအရိပ်အယောင်ကို မတွေ့ရချေ။ အဝတ်အစားပိုနှင့် ခေါင်းအုံ စောင်၊ ခြင်ထောင်များ ဘာဆိုဘာမှမရှိ။ ထွက်သွားပြီလား။ ကျွန် ဒီမှာ နေမှဖြစ်မှာပါလို့ လူကြားကောင်းအောင်ပြောပြီး ထွက်သွားပြီလာ ဘယ်ကို ထွက်သွားတာလဲ။

ဒေါ်ခင်းဖန်ဝါနှင့်ပတ်သက်သော နားမလည်နိုင်သည့်ကိစ္စများစွ သူ့ထံတွင်ရှိသည်။ ဒေါ်ခင်းဖန်ဝါကို တိုက်ရိုက်မေးပြီးမှ ပြေလည်နိုင်သည့် ကိစ္စမျိုးတွေ ဖြစ်၏။ မဟုတ်ပါက ပဟေဠိများစွာဖြင့် သူ့စိတ်တွေရှုပ်ထွေ





ရှုပ်ကျပ်နေလိမ့်မည်။

"ဒေါ်ခင်းဖန်ဝါ ... ဒေါ်ခင်းဖန်ဝါ"

သူခေါ်လိုက်သော်လည်း ထူးသံထွက်မလာပေ။

သွားပြီလား။ နှုတ်မဆက်ဘဲထွက်သွားလေပြီလား။

"ဒေါ်ခင်းဖန်ဝါ"

"ဆရာ ဘယ်သူ့ကိုခေါ်နေတာလဲ"

ကျောဘက်မှ ကိုချစ်ခင်၏အသံကိုကြားရသောအခါ ကျောရိုး တစ်လျှောက် ကျင်ခနဲထုံသွားသည်။

"လန့်တာများ၊ တက်လာရင်လည်း အသံလေး၊ ဘာလေး ပေးပါဦးလားဗျ။ ခင်များဟာက မဟုတ်သေးပါဘူး"

"ဆရာ့ကို ချစ်ခင်ရပ်ကြည့်နေတာ ကြာပါပြီဆရာရယ်။ ဒီအခန်း ထဲ ဆရာ ဘာရှာနေတာလဲ။ ဒီအခန်းထဲ တံမြက်စည်းကလွဲလို့ ချစ်ခင် ဘာမှ မထားပါဘူး။ ဒေါ်ခင်းဖန်ဝါဆိုတာက ဘယ်သူလဲဆရာ"

ကိုချစ်ခင်၏မေးခွန်းကို ဘယ်လိုဖြေလို့ ဖြေရကောင်းမှန်းမသိပေ။ သူ့အဖြေကလိုအပ်သွားပါက ကိုချစ်ခင်ကသူ့ကအပေါ် အထင်လွဲသွားမည် ကိုလည်း စိုးရိမ်သည်။

"ဘာခေါ်လို့လဲ၊ ဒေါ်ခင်းဖန်ဝါဟုတ်လား။ ဘယ်သူလဲ"

စိတ်မကောင်းပေါ့ မသက်သာတော့၍ အကြောင်းရိုက်လိုက်ရ သည်။ သူ့မေးခွန်းကို မေးခွန်းဖြင့် တုံ့ပြန်လိုက်သောအခါ နဂိုတည်းက နဝေဖိန်တောင်ဖြစ်နေသော ကိုချစ်ခင်က ဇူရှာချာဖြစ်သွားတော့သည်။

"သိဘူးလေ၊ ဆရာပဲ စောစောက ဖဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အိပ်ရေးပျက်တာတွေ တော်တော်များနေပြီထင်တယ်၊ မသင်းက ခင်ဗျားကို တော်တော်နိုင်းစားတာပဲ"

"ဟာ ... မဟုတ်ပါဘူး ဆရာရယ်။ ဆရာပဲ"

"ကဲ ... ထားပါတော့၊ လက်ထဲကချိုင့်က ထမင်းမဟုတ်လား ပြင်တော့ကွာ ဗိုက်ဆာပြီ၊ စားမယ်"

ကိုချစ်ခင်က နီကြောင်ကြောင်ဖြစ်နေသော ဆံပင်ကို ထိုး၍ ကုတ်ခြစ်လိုက်သောအခါ နဂိုဖွာသောဆံပင်မို့ ကောက်ရိုးပုံ နွားဆွဲ... လိုက်သလို ဖြုတ်စဖျင်းတောင်း ဖြစ်သွားသည်။

"ခင်ဗျားရဲ့ လက်ကိုဆပ်ပြာနဲ့ဆေးလိုက်ဦးနော်"

သူ့ကိုယ်၌က တစ်ကိုယ်ရည်သန့်ရှင်းမှု အားနည်းသော်လည်း သူတစ်ပါးကိုတော့ ရှိတတ်သေး၏။

"ပြီးရင် ဒီမှာပိုက်ဆံယူသွား။ ခင်ဗျားကိုလည်း ကျွန်တော် ဒုက္ခပေးတာများနေပြီ"

သူက ငွေငါးသောင်းကိုစာအိတ်ထဲထည့်ပြီး စားပွဲပေါ်ပစ်တင် လိုက်၏။ ကိုချစ်ခင်ကချိုင့်ထဲမှထမင်းကို ပန်းကန်ပြားထဲထည့်ကာ ... စားရန် ထမင်းပွဲပြင်ပေးသည်။ ဒီလိုကျတော့လည်း ကိုချစ်ခင်သည် ယောကျ်ားကြီးတန်မဲ့ သူ့အိမ်ရှင်မဖြစ်မှန်းမသိ ဖြစ်လာရပြန်သည်။ အနေအထားက ရယ်စရာတော့ အကောင်းသားပင်။

"ဟုတ်ဘူး ဆရာ။ ဆရာ စောစောကဒေါင်းဖန်ဝါ... ခေါ်လိုက်သံကို ကျွန်တော် သေသေချာချာကြားလိုက်တယ်"

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့။ ကျွန်တော်က ဇာတ်ကော...

●——မွေးသော——●



...မည်တွေကို ဒီလိုပဲရှုတ်နေကျလေ"

"ဪ ... ဒီလိုလား။ စောစောကဒီလိုရှင်းအောင်ပြောပါလား ...ရာရယ်။ ကိုယ့်ဆရာနယ် လူကို ရူးအောင်လည်း တတ်နိုင်ပါပေ့"

ကိုချစ်ခင်သည် ဝေထိကျသွားပုံဖြင့် နီရဲသောပါးစပ်ကိုပြဲအောင် ...ယ်နေလေသည်။ သူများရယ်တာမြင်ရပြန်တော့လည်း ပျော်သလိုလိုတော့ ...သားပင်။

"ဆရာ"

"အင်း ... ပြော"

ကိုချစ်ခင် လှမ်းပေးသောပန်းကန်ပြားကိုယူပြီး ထမင်းတစ်လုတ် ... အားရပါးရစားမိသည်။ မသင်း၏လက်ရာ ချဉ်ပေါင်ကြော်သည် ...င်မှ ကြက်သားဆီလည်ရေလည်တစ်ခွက်နှင့် မလဲနိုင်ပေ။ ချဉ်ပေါင် ... အရိုးအရွက် ပုံမပျက်ကြော်ထားသည်။ မသင်း၏ဟင်းချက်လက်ရာကို ... မချီးကျူးဘဲ မနေနိုင်ပါ။

"ရပ်ကွက်ထဲမှာ ကောလာဟလတွေပြန့်နေတယ် ဆရာ"

"ဘာဖြစ်လို့လဲ"

"ဒီအိမ်ကြီးကခိုက်တယ်တဲ့။ အိမ်ခိုက်လို့ ခုလိုဖြစ်ရတာတဲ့"

"ခုကဘာဖြစ်နေလို့လဲဗျ"

ငါးဖယ်သုပ်ကို ဇွန်းဖြင့် နှိုက်စားရင်းမေးလိုက်သည်။ ငါးဖယ်သုပ် ... ရေပ်သီးစပ်သောကြောင့် မှန့်ညှင်းဟင်းချိုကို ခတ်သောက်လိုက်ပြန်၏။ ...နံ့က နှာခေါင်းထဲ ရှူးခနဲဝင်သွားသည်။ အရသာက ခါးသက်သက်လေး ...သည်။

●——မွေးသော——●

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကြီးပေါ် ပြောင်းလာတော့ ဦးရွှေရောင်က ဆေးရုံမှာ ပက်လက်။ ဒေါ်ရွှေမိုးက ကျိုးတယ်၊ ဒေါ်ငွေမိုးက သေတယ်လေ"

"အိမ်ခိုက်တာနဲ့ အဲဒါကဘာဆိုင်လို့လဲ။ ခိုက်စရှိ ကားပဲ ခိုက်လိမ့်မယ်၊ အိမ်ပြိုတာမဟုတ်ဘူးဗျ။ ကားမှောက်တာ ကား ... ကား"

"ဟာ ... ဆရာကလည်း ရပ်ကွက်ထဲမှာ ပြောနေကြတာဗျ ဦးရွှေရောင်တို့ ဟိုဘက်ရပ်ကွက်ထဲက သူတို့အိမ်မှာနေစဉ်ကဆို စီးပွားတက် ထောင်းထောင်းတက် ဒီအိမ်ပြောင်းလာမှ"

"မဆိုင်ပါဘူးဗျာ။ ကျွန်တော့်ကိုတော့ အိမ်ကမခိုက်ဘဲ သူတို့ ရွှေးခိုက်စရာလိုလို့လားဗျ။ မယုံစမ်းပါနဲ့။ ဥပါဒ်ဇာတ်ကြောင့် ဥပါဒ်ရောက်ပါတယ်"

"ဟာ ... ဆရာကလည်း ဟုတ်ပါတယ်ဆို။ ခုဒီအိမ်ကြီးက ခိုက်ပါတယ်ဆိုနေမှ ဒီအိမ်ပိုင်ရှင်အစစ် ဦးဘုန်းရောင်တုန်းကလည်း အဲဒီ အတိုင်းပဲတဲ့ဗျ။ ဦးဘုန်းရောင်တို့ ဒီအိမ်ကိုပြောင်းလာပြီး တစ်လအကြာမှာ ဦးဘုန်းရောင်ရဲ့သမီး ဥဒါန်းခင်က ဆုံးသွားတယ်ဗျ"

"ဘာ ... ဥဒါန်းခင် ဟုတ်လား"

စားလိုက်သော ထမင်းပင် ဘယ်နံကြားကပ်သွားမှန်း မသိပေ။ ဥဒါန်းခင်ဆိုပါလား။ ဥဒါန်းခင်တဲ့။

"လန့်လိုက်တာ ဆရာရယ်။ ဖြည်းဖြည်းပြောပါ"

"ဥဒါန်းခင်က ဦးဘုန်းရောင်ရဲ့ သမီးဟုတ်လား"

"ဟုတ်တယ်တဲ့။ ရပ်ကွက်ထဲမှာ သတင်းတွေကတော့ တစ်ခွန်း တစ်စပဲ။ ဥဒါန်းခင်က မကျွတ်ဘူးလို့လည်း ပြောနေကြတယ်။ ဒေါ်ငွေမိုး





ရောပဲ။ မနေ့ညကမြို့ထဲကပြန်လာတဲ့ လူတွေအခြောက်ခံရတယ်တဲ့"

"ဘာ"

ကြက်သီးမွေးညှင်းတွေပင် ထချင်ချင်ဖြစ်လာသည်။ ယုံရမလား၊ မယုံရဘူးလားဆိုတာ ဝေခွဲမရတော့ပေ။ ယုံတာ၊ မယုံတာထက်ကြားရသော အကြောင်းအရာများက သူ့အတွက်ထူးဆန်း၍နေသည်။ရှင်းမလိုလိုနှင့် ပိုပိုပြီးရှုပ်လာသည်။

"ဒါဆို ဒေါင်းဖန်ဝါကရော"

"ဆရာပဲပြောတော့ ဆရာ့ရဲ့ဇာတ်ကောင်အမည်ဆို"

ထိုအခါမှသူ့စကားသည် ရှေ့နောက်မညီဖြစ်သွားမှန်း သတိထားမိလိုက်သည်။

"အဲ ... ဟုတ်သားပဲ။ ဒီလိုပါ၊ ဒီနာမည်မျိုး ခင်ဗျားများကြားဖူးလားလို့ မေးကြည့်တာပါ။ နာမည်လေးတွေက ခပ်ဆန်းဆန်းလေးတွေ မဟုတ်လား"

"မကြားဖူးပါဘူး ဆရာရယ်။ ဆရာပြောမှ အဲ့ဒီနာမည်ကို ထမဆုံး ကြားဖူးတာပါ"

သေချာသည်။ ကိုချစ်ခင်သည် ဒေါင်းဖန်ဝါကို မသိပေ။ ဒါဆို ဒေါင်းဖန်ဝါက ဘယ်သူလဲ။ ဘာကြောင့် ဥဒါန်းခင်ကို သိနေရတာလဲ။ မကျွတ်လွတ်ဘူးဟု နာမည်ကြီးနေသော ဥဒါန်းခင်ကဘာလို့ ဒေါင်းဖန်ဝါရဲ့ သူငယ်ချင်းဖြစ်နေရတာလဲ။ ဒေါင်းဖန်ဝါက ဘယ်လိုလူမျိုးလဲ။

ဘယ်သူလဲ၊ နာနာဘာဝများလား။ မဖြစ်နိုင်ပါ။ ဒေါင်းဖန်ဝါနှင့် ဘာကယ်ပဲစကားပြောခဲ့ရသည်။ မျက်နှာချင်းဆိုင်တွေ့ခဲ့ရသည်။ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... စားလေ ဘာလို့လဲ၊ ခံတွင်းမတွေ့လို့လား"

"ကိုချစ်ခင်"

"ခင်ဗျာ"

"ဝိညာဉ်နဲ့နာနာဘာဝဆိုတာ ခင်ဗျားယုံလား"

သူ့မေးခွန်းက တိုတိုလေးဆိုသော်လည်း ကိုချစ်ခင်က သူ့ကို အရှည်ကြီး စိုက်ကြည့်နေလေသည်။ ကိုချစ်ခင်မျက်လုံးထဲ၌ မေးခွန်းများစွာရှိနေခဲ့သော်လည်း သူညံ့ပါသည်။ ကိုချစ်ခင်၏စကားလုံးများကို သူ ကောင်းစွာ မဖတ်တတ်ချေ။

"ကျွန်တော် နည်းနည်းကြောင်နေပြီ ထင်တယ်၊ ဆောရီး ကျွန်တော်ခင်ဗျားကို ဘာတွေမေးနေမိမှန်း မသိဘူး"

"ဆရာ မကြောင်ဘူး ဆရာ၊ ကျွန်တော်ကကြောင်သွားတာပါ"

ဒီတစ်ကြိမ်မှာတော့ သူ့မျက်လုံးက မေးခွန်းများစွာ ဖြစ်သွားသည်။ သူက ကိုချစ်ခင်၏မျက်ဝန်းမှမေးခွန်းကို မဖတ်တတ်ခဲ့သော်လည်း ကိုချစ်ခင်ကတော့ သူ့မျက်ဝန်းကို ကောင်းစွာဖတ်တတ်သွားသည် ထင်သည်။

"ကျွန်တော်က ဗုဒ္ဓဘာသာပါဆရာ။ မိရိုးဖလာကို ယုံတယ်၊ နောင်ဘဝဆိုတာကိုလည်း ယုံတယ်၊ နောင်ဘဝကိုယုံမှတော့ မကျွတ်မလွတ်ရှိနေတဲ့ မြင်အပ်မမြင်အပ် သတ္တဝါတွေကိုလည်းယုံတယ် ဆရာ"

ကိုချစ်ခင်သည် ပကတိတည်ငြိမ်စွာ ဆို၏။

"ဒေါ်ငွေမိုးနဲ့ဥဒါန်းခင်အကြောင်း ကျွန်တော်ပြောတာကို ဆရာ မယုံဘူး ထင်တယ်"

သူပြန်မပြောချေ။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းမည်





သည်ကို ကိုချစ်ခင်ကကောင်းစွာ သဘောပေါက်လိမ့်မည်ဟု ထင်သည်။

"ဆရာကသာ မယုံတာ၊ ဒီအကြောင်းကို တစ်ရပ်ကွက်လုံးက ယုံကြတယ်။ ဒီကြားထဲ ဒါတွေ ဆရာ့ကိုမပြောဖြစ်တာဟာ ဆရာ့စိတ်ထဲ တစ်မျိုးဖြစ်သွားမှာစိုးလို့ပါ။ ဆရာပဲ စဉ်းစားကြည့်လေ။ အမဲကြော်က အလကားနေရင်း ပျောက်စရာအကြောင်းမှ မရှိတာ"

ကိုချစ်ခင်က ဒေါင်းဖန်ဝါအကြောင်း မသိသေး၍ဖြစ်သည်။ ထိုအမဲကြော်ကို ဒေါင်းဖန်ဝါခိုးစားခဲ့သည်ဆိုတာ သူသိနှင့်ပြီးသားဖြစ်၏။

"အဲဒီနေ့က ဦးရွှေရောင်တို့ကားပေါ်မှာ မိန်းကလေးတစ်ယောက် ပါသွားတယ်ဆိုပြီးလည်း ပြောနေကြတယ်"

ဝေခွဲမရဖြစ်ခြင်းက ပို၍ ကြီးထွားလာသည်။ ဒေါင်းဖန်ဝါ ပြောတော့ ဥဒါန်းခင်ပါသွားသည်တဲ့။ ကိုချစ်ခင်ပြောတော့ ဥဒါန်းခင်က သေဆုံးခဲ့ပြီတဲ့။

"ကိုချစ်ခင် ခင်ဗျားပြောတော့ ဥဒါန်းခင်ကသေဆုံးသွားပြီနော်"

"ဟုတ်တယ်လေ ဆရာ"

"သူ့တို့ကားပေါ်ပါးသွားတာက ဥဒါန်းခင်လား"

"ဗျာ ... ဆရာ ဘယ်လိုလုပ်သိတာလဲ"

ကိုချစ်ခင်ထံမှ ဤသို့မေးခွန်းမျိုးကို သူ မမျှော်လင့်ခဲ့ပါ။ မေးခွန်းသည် ဟုတ်တယ်ဟု ပြောနေသယောင်ရှိသည်။ မဖြစ်စေချင်ပါ။ မဟုတ်စေချင်ပါ။ ဒေါင်းဖန်ဝါကိုလူတစ်ဦးအဖြစ်သာ သူအသိအမှတ်ပြုချင်သည်။

"အိမ်မှာနေရတာ ပျင်းလို့ဆိုပြီး ဆိုက်ကားဂိတ်မှာလာထိုင်တဲ့ အဘမောင်နီကို ဆရာ သိတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြလိုက်၏။ ဆံပင်ဖြူပြီး သွားငါးချောင်းသာရှိတော့သည့် အဘိုးအိုဖြစ်သည်။ ရုံဖန်ရံခါလူငယ်များနှင့်အတူ ကျားထိုးနေတတ်သေးသည်ကို သူသတိပြုမိသည်။ သို့သော် ဥဒါန်းခင်အကြောင်းပြောနေရင်း အဘမောင်နီထံရောက်သွားသည့် ဆက်စပ်မှုကိုတော့ မချိန်ဆတတ်ပေ။

“အဲ့ဒီအချိန်က အဘဒီရပ်ကွက်ထဲ ပြောင်းလာကာစတဲ့။ ဆရာဦးဘုန်းရောင်ရဲ့သမီးဥဒါန်းခင်က ဘယ်လောက်ထိချောကြောင်း၊ ကြောင်းကို တမ်းတမ်းတတပြောတတ်တဲ့အဘပေါ့။ အဘကဥဒါန်းခင်ကောင်းကောင်းသိတယ်။ အဲ့ဒီနေ့ကလည်း ဥဒါန်းခင်ကို အဘပဲ တွေ့လိုက်တာတဲ့”

“ကိုချစ်ခင် ... ကျွန်တော် အဲဒီအဘနဲ့ တွေ့ချင်တယ်။ ကျွန်တော့်ကို ခေါ်သွားပါလား”

“ခေါ်လို့တော့ ရတယ်ဗျ။ ဒါပေမဲ့ အဘက နေမကောင်းဘူး။ ဥဒါန်းခင်ကိုမြင်ပြီးတဲ့နေ့ကစလို့ ပြောချင်ရာတွေ စွတ်စက်ပြီးပြောနေတာပဲ”

“အဲ့ဒီအဘအိမ်ကို ခင်ဗျားသိလား”

“ဟာ ... ဆရာရယ် မသိရှိမလားဗျ။ သိတာပေါ့။ အဘနဲ့ချစ်ခင်က အိမ်နီးချင်းတွေဗျ”

“ကဲ ... ကိုချစ်ခင်၊ ကျွန်တော်တို့ ခုပဲသွားကြရအောင် မကြာခင် မှောင်တော့မယ်”

“ဟုတ်ကဲ့ ဆရာ။ ဆရာ ... ဆရာစားလို့ဝပြီလား”



“ရတယ်ဗျာ။ ထားလိုက်တော့ ပြန်လာမှပဲစားတော့မယ်”

“ကဲ ... သွားစို့”

ဖုန်းကိုကောက်ယူပြီး ပိုက်ဆံအိတ်ကို ခါးကြားထိုးလိုက်သည်။ ပြီးနောက် အိမ်တံခါးကို အာမခံသော့ဖြင့် ခတ်လိုက်သည်။ ကိုချစ်ခင်၏ ဆိုက်ကားပေါ်တက်လိုက်သောအခါ ကျောမလုံ၍နောက်ကျောပြန်ကြည့်လိုက်သည်။

“ဘာကျန်ခဲ့လို့လဲ ဆရာ”

“မကျန်ပါဘူး”

တကယ်လည်း ဘာမှမကျန်ပါ။ သူ့ကိုတစ်စုံတစ်ယောက်က ဘာကြည့်နေတယ်ဟုခံစားရ၍သာ လှည့်ကြည့်မိခြင်းဖြစ်သည်။

“ကိုချစ်ခင် ခင်ဗျားစိတ်ထဲ ခင်ဗျားကိုတစ်ယောက်ယောက်ကြည့်နေတယ်လို့ မခံစားရဘူးလား”

“မခံစားရပါဘူး။ တစ်ယောက်ယောက်ကြည့်နေတဲ့ ခံစားချက်မျိုးရှိနေတယ်ဆိုတာတောင် အခုမှကြားဖူးတာ”

ကိုချစ်ခင်ကပြောပြောဆိုဆိုပင် ဆိုက်ကားပေါ်တက်ပြီး စတက်နင်းသည်။ တိတ်ဆိတ်နေသော အိမ်မကြီးရှေ့မှအဖြတ်တွင် အိမ်မကြီးဆီသို့ မော့ကြည့်မိသည်။ အိမ်ကြီးသည်ခြောက်ကပ်ရုံမက တိတ်ဆိတ်၍နေသည်။ ကလေးတွေအဆင်မှ ပြေကြရဲ့လား။

စာမေးပွဲနီးနေတဲ့ကလေးတွေက လူကြီးတွေရဲ့ကိစ္စကြောင့် စာမှန်မှန်လုပ်ဖြစ်ရဲ့လား။ သူစိမ်းပြင်ပြင်ဆိုသော်ငြား မိုမို၊ စိုစို၊ ပျိုပျိုတို့က ချစ်စရာကောင်းသူများဖြစ်၍ တူမလေးတွေလိုသူ့ရင်ထဲသဘောထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းသူကိုအားပေးပါလျှင် ငိုအောင်ပို၍တွန်းအားပေးမိသလို ဖြစ်သွားမည်စိုးရိမ်၍ နှုတ်ဆိတ်နေရသော်လည်း အကူအညီလိုအပ်ပါကပေးမည့် အဆင်သင့်ရှိနေ၏။

"အိမ်ကလည်းနေ့ဘ် ဆရာ။ ခြောက်ကပ်နေသလိုမခံစားရဘူးလား။ ဆရာမို့သာပဲ ချစ်ခင်သာဆို၊ တစ်လကိုငါးသောင်း အလိုက်ပေးမယ်ဆိုရင်တောင် ဒီလိုအိမ်မျိုးမှာမနေရဲဘူး"

ဘာကြောင့်မှန်းမသိပေမဲ့ ကိုချစ်ခင်စကားကို ဘဝင်မကျသေးသို့သော် ကိုချစ်ခင်ကိုတော့ ခွန်းတုံ့မပြန်ဖြစ်ပါ။ အဘနှင့်တွေ့လျှင်မေးမည့် မေးခွန်းတွေကိုသူ့ခေါင်းထဲ အစီအစဉ်တကျချရေးနေမိတော့သည်။





"အဲ့ဒီအချိန်က ဒီနေရာဟာ လူသူအသွားအလာနည်းတဲ့ မြို့စွန်မြို့ဖျားပေါ့"

အဘမောင်နီက အိပ်နေရာမှထထိုင်သည်။ ကိုချစ်ခင်က အဘကို နာနာဘာဝမြင်ပြီး သွေးလန့်သွားသည်ဟု တစ်လမ်းလုံး သူ့ကိုပြောဆိုခဲ့သော်လည်း သူမယုံပါ။ အဘကို မြင်ရသောအခါပို၍ သေချာသွားသည်။ အဘသည် အစားအသောက်ပုံမမှန်၍ အားနည်းသောပုံမျိုးဖြစ်၏။ ထို့ကြောင့် ငွေပေးကာ နို့ဆီ၊ ကြက်ဥနှင့် မုန့်အချို့ကိုလမ်းထိပ်၌ အဝယ်လွှတ်လိုက်သည်။ အဘကိုကန့်တော့ချင်သော စေတနာရှိသော်လည်း အဘနှင့် အေးအေးဆေးဆေးစကားပြောချင်၍ ကိုချစ်ခင်ကို ပထုတ်လိုက်ခြင်းလည်း ဖြစ်သည်။ တစ်ချက်ခုတ်သုံးချက်ပြတ် သဘောမျိုး လုပ်လိုက်ခြင်းဖြစ်သည်။

"ဒီနေရာဝန်းကျင်မှာ ကျူးကျော်တွေ တဲထိုးပြီးနေကြတာကွဲ့။ ပိုင်ရှင်အစစ်တွေ ရောက်လာတော့ ပြောင်းပြေးကြရတယ်၊ ငွေနည်းနည်းတတ်နိုင်တဲ့လူအနည်းစုသာ ကျန်ထားတယ်ဆိုပါတော့"

အဘက · လည်ချောင်းခြောက်၍ ထင်သည်။ မတ်ခွက်ထဲက ရေကို တစ်ငုံမျှသောက်လိုက်သည်။

"အဲဒီအိမ်ကြီး ဆောက်စကဆို တစ်ရပ်ကွက်လုံး မျောက်ပွဲကြည့်



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ ကြည့်ကြရတယ်။ ကြည့်မှာပေါ့ကွ။ မြေအောက်ခန်းပါဆောက်တာကိုး"

"မြေအောက်ခန်း။ ဟုတ်လား အဘ"

"ဘယ်လိုလူမျိုးတွေ နေမလဲဆိုပြီး စိတ်ဝင်တစားစောင့်ကြည့်တဲ့အထဲမှာ အဘက ထိပ်ဆုံးကပဲ။ ဒါပေမဲ့ မြေအောက်ခန်းဆောက်တာတော့ ပန်းရံအဖွဲ့နဲ့ အဘလွဲလို့ ရပ်ကွက်လူတွေ မသိလိုက်ပါဘူး။ အဘက အဲဒီအချိန်က ပန်းရံနေ့စားလုပ်လို့ ဒါတွေသိနေတာပဲ။ တစ်ရက်ကိုနှစ်ရာ ရတယ်လေ။ အဲဒီခေတ်က နှစ်ရာဆိုလည်း မနည်းဘူး။ ငွေကတော်တော်အသုံးခံတာကိုးကွ"

"မြေအောက်ခန်းက ဘယ်နေရာမှာလဲ။ အဘ"

"အေး ... ကြာခဲ့ပြီဆိုတော့ ကောင်းကောင်းမမှတ်မိတော့ပါဘူးကွာ။ မှတ်မိသလောက်တော့ ကြောင်လိမ်လှေကားကနေတစ်ဆင့် တည့်တည့် ဆင်းရတာပဲ"

"ကြောင်လိမ်လှေကား"

သူတွေ့ခဲ့သည့်မြင်ကွင်းများကို အာရုံထဲတန်းစီနေမိသည်။

"တိုက်ကြီးပြီးလို့ ငါးရက်အကြာမှာ ဆရာဝန်ကြီးဦးဘုန်းရောင်နဲ့ သူ့သမီးပြောင်းလာကြတော့တာပဲ"

လိုရင်းကတဖြည်းဖြည်း နီးစပ်စပြု လာသည်။

"ဥဒါန်းခင်တဲ့ လှတော့ တစ်ရပ်ကွက်လုံးငန်းရတော့တာပေါ့။ ရှည်တဲ့ဆံပင်ကြီးဆိုလည်း ကျက်သရေရှိလိုက်တာ"

အဘမောင်နီက ထိုသို့ပြောသောအခါ ဆံပင်ရှည်လေးနှင့်



ဒေါင်းဖန်ဝါကို သတိရမိသေးသည်။ ဒေါင်းဖန်ဝါသည် အဖြူရောင်ပိုးသားသက်ရှည်ကိုလုံချည်ဖြူလေးနှင့် မြန်မာဆန်ဆန်ဝတ်တတ်သည်။ ကျက်သရေရှိရှိ လှပသည့်မိန်းကလေးဖြစ်၏။

"ဒါပေမဲ့ သေခြင်းတရားဆိုတာ ကြီးသည်၊ ငယ်သည် မခွဲခြားဘူး။ ဥဒါန်းခင်မတော်တဆဖြစ်ပြီး ဆေးရုံတင်ရတယ်တဲ့။ ဒါပေမဲ့ အခြေအနေမကောင်းလို့ အိမ်ပြန်ခေါ်လာကြရာက အိမ်ရောက်တာနဲ့ တစ်ပြိုင်နက် ဆုံးတော့တာပဲ"

"ဆရာကြီးခမျာ ယောကျ်ားကြီးတန်မဲ့ရင်ဘတ်ကို ထုပြီး ငိုနေတာ ခုထိမျက်စိထဲကမထွက်ဘူး"

"ဒါဆို ဥဒါန်းခင်ကတကယ်ပဲ သေဆုံးခဲ့တဲ့လူပေါ့"

"သမီးဆုံးပြီးတာနဲ့တစ်ပြိုင်နက် ဆရာကြီးကအိမ်ထဲက မထွက်တော့ဘူး။ ခါတိုင်းရပ်ကွက်ထဲလှည့်လည်ပြီး ရပ်ကွက်သူ၊ ရပ်ကွက်သားတွေရဲ့ ကျန်းမာရေးကိုစောင့်ရှောက်ပေးတတ်ပေမယ့် သမီးလည်း ဆုံးပြီးရော၊ ရပ်ကွက် လူတွေနေမကောင်းလို့ လိုက်ပင့်ရင်တောင် မလိုက်တော့ဘူး"

ကြားရသောစကားကို သူကိုယ်တိုင်လည်း စိတ်မကောင်းပေ။ အဘဦးမောင်နီပြောသောစကားအရဆိုလျှင် ဥဒါန်းခင်က တစ်ဦးတည်းသော သမီးဖြစ်လိမ့်မည်။ ဆရာကြီးကသမီးကို သိပ်ချစ်ခဲ့မှာပဲဆိုတာတွေးကြည့်ရုံနဲ့သိနိုင်ပါသည်။

"ဥဒါန်းခင်မှာ သူငယ်ချင်းလေး ဘာလေးမရှိဘူးလား အဘ"

"အေး ... ဒါတော့ အဘလည်းမသိဘူးကွဲ့။ ရှိရင်ရှိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာတွေမေးနေမိတာလဲ။ ဥဒါန်းခင်မှာ သူငယ်ချင်းရှိတယ် ထားဦး။ ဒေါင်းဖန်ဝါနှင့် ဘာဆိုင်လို့လဲ။

ဒေါင်းဖန်ဝါ၏အသက်က အလွန်ဆုံးရှိလှနှစ်ဆယ့်ငါး၊ နှစ်ဆယ် ခြောက်ပေါ့။ အဘပြောစကားအရ ဥဒါန်းခင်သေဆုံးခဲ့သည်မှာ နှစ်နှစ် ဆယ်ခန့်ရှိခဲ့ပြီဖြစ်၏။

"ကိုချစ်ခင်ပြောတော့ ဦးရွှေရောင်တို့ကားပေါ်မှာ ဥဒါန်းခင်ပါသွား တယ်ဆို"

"အဘလည်း ကိုယ့်မျက်လုံးကိုယ် မယုံနိုင်အောင်ပါပဲကွယ်၊ ဒီမျက်နှာကို အဘမေ့စရာဘာအကြောင်းမှကို မရှိတာပါ။ ဥဒါန်းခင်ပဲ အင်း ... ပြောကြဆိုကြတဲ့ စကားတွေမှန်သွားတာပေါ့"

"ဘာတွေပြောကြလို့လဲ အဘ"

"ဒီလိုပဲ ရပ်ကွက်ထဲမှာပြောကြတာပဲ။ အဲ့ဒီအိမ်ကြီးမှာ မိန်းကလေး တစ်ယောက်ကိုတွေ့ကြတယ်တို့၊ ဘာတို့ပေါ့။ စာရေးဆရာက အဲဒီအိမ် မှာနေတာ တစ်ခါမှမတွေ့ဖူးဘူးလား"

တစ်ခုခုတော့ လွဲနေပါပြီ။ သူတွေ့ခဲ့တဲ့ဥဒါန်းခင်လို့ ဆိုရအောင် လည်း ဥဒါန်းခင်သည် သေဆုံးပြီးသော လူဖြစ်သည်။ ပြီးတော့ သူသိသော မိန်းကလေးက သူ့ကိုယ်သူ ဒေါင်းဖန်ဝါဟု မိတ်ဆက်သည်။ ပြီးတော့ ဥဒါန်းခင်က ဦးရွှေရောင်တို့ နောက်ပါသွားသည်ဟု ဆိုသည်။ အဘမောင်နီ ကလည်း ဦးရွှေရောင်တို့ ကားပေါ်တွင် ဥဒါန်းခင်ကိုတွေ့လိုက်သည်တဲ့။ စကားတွေကရှေ့နောက် ကိုက်ညီသော်လည်း သူလက်မခံချင်ပါ။

"ဆရာဦးဘုန်းရောင်ကနိုင်ငံခြားကို ဘာကြောင့်ထွက်သွားတာလဲ"





"အဲဒါတော့ အဘထက် သူ့ညီကိုရွှေရောင်က ပိုပြီးဖြေတတ် မယ် ထင်တယ်။ အဲတစ်ခုတော့ရှိတယ်"

"ဘာလဲ ... အဘ"

"အဲ့ဒီအဖြစ်အပျက်နဲ့များ ဆက်စပ်နေမလားဆိုပြီး တွေးမိတာ သေးပါ"

"ဘာအဖြစ်အပျက်လဲ အဘ"

"ဥဒါန်းခင်သေပြီး တစ်လလောက်အကြာမှာ အဘတို့ရပ်ကွက်ထဲ ဆူဆူညံညံဖြစ်သွားခဲ့တယ်"

"ဗျာ ... ဟုတ်လား။ ဘယ်လိုဆူဆူညံညံလဲ"

"အဲ့ဒီနေ့က မိုးတွေကတဝုန်းဝုန်းသည်းနေတော့ အဘတို့လည်း သေသေချာချာ မကြားလိုက်ပါဘူးကွယ်။ မီးလန့်တာလား၊ သူခိုးလား ဆိုပြီး ပြတင်းပေါက်ဖွင့်ကြည့်တယ်။ လျှပ်ရောင်ကြောင့်မို့ လူအုပ်ကြီးကိုတွေ့ သေမယ့် အဲ့ဒီလူအုပ်ကို ဘာကိုလိုက်လို့ လိုက်နေမှန်းမသိပါဘူး။ မနက် သင်းလာတော့မှ ကောလာဟလပြောနေကြတာက မိန်းကလေးတစ် ယောက် နောက်ကို လိုက်နေကြတာတဲ့။ ဒါလည်း သေချာတဲ့သတင်း မဟုတ်ပါဘူးကွယ်။ ပိုပြီး မသေချာတာက အဲ့ဒီမိန်းကလေးက ဆရာဝန် ကြီးအိမ်ထဲဝင်ပြေးသွားတယ် ဆိုတာပါပဲ"

အဘမောင်နီသည် မှတ်ဉာဏ်အတော်ကောင်းသည်ဟု ချီးကျူး ပေးလိုက်မည်။ အသက်ကြီးသော်လည်း အမှတ်တမဲ့ဖြစ်လောက်သည့် သူများအကြောင်းကို စေ့စေ့စပ်စပ်မှတ်သားထားသည်။ နှုတ်ကြောင်းတွေ ဘွန်နေသည်ထိ စဉ်းစားရင်းတစ်လုံးချင်းပြောနေသည်ကို သူအငြိုးတိုင်းမှတ်



www.burmeseclassic.com

www.burmeseclassic.com



သွားနေမိသည်။ စိတ်ဝင်စားစရာလည်း ကောင်းလှသည်။ သို့သော် ထိုတစ်စွန်းတစ်စများကို ဆက်စပ်၍မရပါ။

"အေး ... သတ္တဝါတစ်ခု ကံတစ်ခုပဲပေါ့။ အချိန်တန်တော့လည်း ကျွတ်လွတ်ချိန်တန်တော့ ကျွတ်လွတ်ရတာပေါ့။ လူလဲတာမဖြစ်ပါစေနဲ့ လို့ ဆုတောင်းခဲ့ပေမယ့် အဘရဲ့ဆုတောင်းမပြည့်ခဲ့ဘူးကွယ်"

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မယုံချင်သောကိစ္စကို ယုံနေ တော့မည့်အနေအထား ဖြစ်လာသည်။ အကယ်၍သာ ဥဒါန်းခင်ကိစ္စကို သူယုံလိုက်ပါလျှင် ဒေါင်းဖန်ဝါသည် သာမန်လူတစ်ယောက်မဟုတ်တော့ ဘူးဆိုတာ သူလက်ခံရပေလိမ့်မည်။ သူ့စိတ်တွေရှုပ်ထွေးမွန်းကျပ်နေ၏။

ဒေါင်းဖန်ဝါက ဘယ်ရောက်သွားတာလဲ။

ဒေါင်းဖန်ဝါနဲ့ တွေ့မှဖြစ်မည်။ တွေ့ကိုတွေ့ရလိမ့်မည်။

ဘယ်ရောက်နေတာလဲ၊ ဘယ်သွားနေတာလဲ။

"ဆရာ ... ဆရာ"

ကိုချစ်ခင်သည် လူကို အရင်မမြင်ရသေးသော်လည်း အသံကို တော့ အရင်ကြားရ၏။

"ညနေစောင်းတော့ ဆိုင်တွေကပိတ်နေပြီ ဆရာရေ။ တော်တော် လေးသွားလိုက်ရတယ်။ ဆရာပြန်သွားပြီလို့တောင် ထင်နေတာ။ ဆရာက အဘနဲ့စကားကောင်းနေတယ် ထင်တယ်။ အဘနဲ့တွေ့ရင် ငြိမ်းအေး ကျွေးလိုက်သလိုပဲဗျာ။ အဘကပုံပြောလည်း အင်မတန်ကောင်းတယ် ဆရာရဲ့"

"ကောင်းဆို ငါ ငယ်ငယ်ကစာရှူး၊ ပေရှူးဖြစ်ခဲ့သေးတာကိုးကွ

ဒါကြောင့် ဒီကစာရေးဆရာလေးကို လေးစားအားကျမိပါရဲ့။ ကဲ ... ဆရာလေးရေ ကြုံရင်ကြုံသလို အိမ်ကိုဝင်ပါ၊ ထွက်ပါ။ ဆရာလေးနဲ့ စကားပြောရတာ သိပ်ကောင်းတာကွ"

"အဘရယ် ဆရာ့ကိုတော့ ချမ်းသာပေးလိုက်ပါဗျာ။ ဆရာက ရေး၊ ဖတ်၊ တွေး၊ ခေါ်ရနဲ့ အားတယ်လို့ မရှိဘူးဗျ။ ဆရာ ... ဆရာ ဒီမှာဆရာမှာတဲ့ ပစ္စည်းအကုန်ရလာတယ်။ ဒါကပိုတဲ့ငွေ"

ကိုချစ်ခင်ကရိုးသားသူပီပီ ပိုငွေကို အကုန်အပ်နှံသည်။

"ပိုငွေက ကိုချစ်ခင်ပဲယူလိုက်ပါတော့ဗျာ"

"ဟာ ... ဆရာကလည်း မဟုတ်တာ။ ဟိုနေ့ကမှ ဆရာပဲ ချစ်ခင်ကို ပေးထားသေးတယ်လေဗျ။ မယူပါရစေနဲ့ဗျ။ ငွေပိုရစရှိရင် အချောင်ခိုချင်တယ်ဗျ"

ကိုချစ်ခင်ကို သဘောကျသည့်အထဲတွင် အဲဒီလိုမှန်ကန်စွာ နေတတ်သည့် နည်းလမ်းလည်းပါ၏။ ကိုချစ်ခင် မယူသော ငွေပိုကို အိတ်ကပ်ထဲထည့်ကာ အဘအား ငွေတစ်သောင်းနှင့် ကိုချစ်ခင်ဝယ်လာ သောပစ္စည်းများဖြင့် ကန်တော့လိုက်သည်။ ပတ်ဝန်းကျင်က မှောင်နေပြီ ဖြစ်၍ ကိုချစ်ခင်က လိုက်ပို့မည်ဟုပြောသော်လည်း သူကငြင်းလိုက်၏။

ကိုချစ်ခင်က ကာယလုပ်သားမဟုတ်လား။ တစ်နေကုန်ပင်ပန်း လာမှတော့ နားချင်ရှာမပေါ့။ ကိုချစ်ခင်ကို သူကိုယ်ချင်းစာမိပါသည်။ ထို့ကြောင့် အညောင်းအညာပြေလမ်းလျှောက်မည်ဟု အကြောင်းပြကာ သူတစ်ယောက်တည်းသာ ပြန်လာဖြစ်၏။

တစ်ယောက်တည်းမို့ တွေးချင်ရာ တွေးပြီးလျှောက်လာခဲ့ရာ







www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ရောက်မှန်းမသိ ရောက်လာခဲ့ပြန်သည်။ ညမှောင်စရိပ်ျုးနေပြီး ခြံတံခါးမကိုသော့ခတ်ထားပြီ ဖြစ်သည်။ သို့သော် သူ့ကိုပေးထားသော သော့ပိုဖြင့် ဖွင့်ပြီးဝင်လိုက်သည်။ အိမ်မကြီးဆီသို့ မော့ကြည့်လိုက်သောအခါ ဝရန်တာ၌ စိုးစိုးနှင့်ပျိုးပျိုးကိုတွေ့ရသည်။

ကလေးဆိုတော့လည်း လူကြီးတွေရဲ့ဒုက္ခကို ဘယ်သိရှာမလဲဟု တွေးမိပြန်၏။ စိုးစိုးနှင့်ပျိုးပျိုးသည် သူ့ကိုမြင်သွားပြီးလက်ပြနှုတ်ဆက်နေလေသည်။ သူကပျိုးပျိုးတို့ကို ပြုံးပြနှုတ်ဆက်ပြီး သူ၏ အိမ်ငယ်လေးဆီသို့ တန်းတန်းမတ်မတ်လျှောက်လာ ဖြစ်၏။

"ခလွမ် ... ဂွမ်"

ခတ်ထားသောသော့ကိုဖွင့်ရန် လက်ဟန်ပြင်လိုက်စဉ်မှာပင် အခန်းထဲမှကြားရသော ဆူညံသံကြောင့် အသက်ရှူများချင်ချင်ဖြစ်သွား၏။

ဘာတွေကျကွဲနေတာလဲ။ ကျကွဲစရာဘာပစ္စည်းများ ရှိနေလို့လဲ။

သော့ကိုမြန်မြန်ဖွင့်ကာ တံခါးကို ဝုန်းခနဲတွန်းဖွင့်လိုက်သည်။ မြင်ရသောမြင်ကွင်းကြောင့် သူမှင်တက်သွားသည်။ အသွားတုန်းကချိုင့်ကိုဆင့်ပြီး သေသေချာချာပိတ်ထားခဲ့ပါလျက်နှင့် ဘယ်လိုဖြစ်ရတာလဲ။ ထမင်းတွေရော၊ ဟင်းတွေပါစားပွဲခုံအောက်မှာ ပွစာကျဲနေသည်။ ချိုင့်များလည်း ဟိုတစ်လုံး၊ ဒီတစ်လုံးဘယ်လိုဖြစ်ရတာလဲ။

ဒေါင်းဖန်ဝါများလား၊ ခါတိုင်း ဒေါင်းဖန်ဝါသည်သူ၏ အစားအစာများကို ခိုးစားနေကျဖြစ်သည်။

ဒေါင်းဖန်ဝါလား၊ ဒေါင်းဖန်ဝါ သူ့အိမ်မှာရှိနေတာလား။

"ဒေါင်းဖန်ဝါ ... ဒေါင်းဖန်ဝါ"





ပြန့်ကျဲနေသောပစ္စည်းများကို မသိမ်းဘဲမှောင်နေသော အခန်းထဲသို့ ဝင်လိုက်သည်။

"ဆရာ ... မီးပိတ်လိုက်ပါ"

ဒေါင်းဖန်ဝါ၏ အသံဖြစ်သည်။ လူကိုမမြင်ရသေးသော်လည်း အသံကိုကြားရုံမျှဖြင့် ရင်ထဲရှင်းသွားသလိုခံစားရသည်။ တစ်စုံတစ်ယောက်၏ အသံကြားရ၍ကျေနပ်သွားသည်ဆိုသော ခံစားမှုမျိုးကို ပထမဆုံးခံစားဖူးခြင်း ဖြစ်၏။

"မီးပိတ်လိုက်ရင် ငါ မင်းကိုမမြင်ရဘူး"

"မီးဖွင့်ထားရင် ကျွန်မက ဆရာ့ကိုမြင်ဖို့ ခက်တယ်"

သူအလျှော့ပေးလိုက်သည်။ ထို့ကြောင့် အခန်းပြင်မှမီးခလုတ်ကို ပိတ်လိုက်သည်။ ဖုန်း၏အလင်းရောင်နှင့်ဆိုသော်လည်း ဒေါင်းဖန်ဝါကို ခိုပ်ဖမ်းသီဖမ်းတွေ့မြင်ခွင့်ရသည်။

"ငါ မင်းကိုရှာနေသေးတယ်။ မင်းဘယ်သွားနေတာလဲ"

"ကျွန်မက ဘာလဲဆိုတာ ရှင်သိပြီးသားပဲ။ ဘာလို့ အဲဒီလိုမေးခွန်းမျိုးမေးတာလဲ"

သူအံ့အားသင့်သွားသည်။ သူလက်မခံချင်သည့်ကိစ္စကို ဒေါင်းဖန်ဝါက ဘာလို့လက်ခံနိုင်းနေရတာလဲ။ ဒေါင်းဖန်ဝါက သူ့ကိုမျက်လှည့်များပြနေရော့သလား။

"ငါမယုံဘူး ဒေါင်းဖန်ဝါ။ မင်းက လူသားတစ်ယောက်။ အခု ငါမင်းကိုမြင်နေရတယ်၊ မင်းက လူတစ်ယောက်"

"ရှင် လက်ခံပေးပါ။ အဖြစ်မှန်ကို ရှင်လက်မခံဘဲ ကျွန်မလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ဆီက ဘာအကူအညီမှတောင်းလို့ ရမှာမဟုတ်ဘူး"

ရင်ထဲဝမ်းနည်းသလို ခံစားရသည်။ ရင်ဘတ်တစ်ခုလုံး ဟာတာတာဖြစ်သွားသလို ခံစားရသည်။ ဒီအတိုင်းပဲ အိမ်မှာနိုးပြီးနေထိုင်တဲ့ မိန်းကလေးပဲဖြစ်လိုက်ပါတော့လား။ ဒေါ်ငင်းဖန်ဝါရယ်။

"ရှင့်အိမ် အခုလိုအခြေအနေဖြစ်သွားတာကို ကျွန်မ စိတ်မကောင်းပါဘူး"

"မင်းဗိုက်ဆာလို့လား"

"ဒေါ်ငွေမိုးရောက်လာတယ်"

"ဘယ်လို"

"သူက ဒီအိမ်ကနေ ကျွန်မကို ထွက်သွားဖို့ပြောတယ်။ ဒါပေမဲ့ ကျွန်မက ဒီအိမ်ပိုင်ရှင် ဆရာက ကျွန်မကို နေခွင့်ပြုထားပါတယ်လို့ ပြန်ပြောလိုက်တယ်။ ဒါပေမဲ့ သူမကျေနပ်ဘူး၊ သောင်းကျန်းသွားတယ်"

တကယ့်အဖြစ်မှန်လား၊ အိပ်မက်လားဆိုတာ ဝေခွဲမရပေ။ အိပ်မက်သာဖြစ်လိုက်ချင်သည်။ အိပ်မက်ဆိုတာမျိုးက အိပ်ရာကနိုးလျှင် အလိုလို ပယ်ပျောက်ပြီးသားဖြစ်နေမှာလေ။

"ကျွန်မ ဒီအိမ်ကထွက်သွားလို့ မဖြစ်ဘူး။ ကျွန်မကို ကူညီပါ ဆရာ"

"ငါ့နာမည် ဇေနေပါ။ ဇေနေလို့ပဲခေါ်ပါ ဒေါ်ငင်းဖန်ဝါ"

ပြောပြောဆိုဆိုပင် ကြမ်းပြင်ပေါ်သို့ စိတ်ပျက်လက်ပျက်ထိုင်ချသည်။

"မင်းကို ငါလက်ခံဖို့ ခက်နေတယ် ဒေါ်ငင်းဖန်ဝါ။ အဖြစ်မှန်ပဲဆိ





ဘာ ရိပ်မိနေပေမယ့် ငါလက်မခံနိုင်ဘူး။ ယုံလည်း မယုံဘူး။ မင်းက ညာဉ်ပဲ ထားပါတော့ ငါကလူတစ်ယောက်လေ။ မင်းနဲ့ခုလိုကြုံဆုံနေရော အကြောင်းမှမရှိတာ။ ဒါမှမဟုတ် ငါသေသွားခဲ့တာလား"

"ဟင့်အင်း ဇေနေ။ ရှင် မသေပါဘူး"

"ဒါ .... ဒါဆို ... မင်း ... မင်းက"

"ရှင်မူးနေတဲ့အချိန်တိုင်း ကျွန်မတွေ့တယ်။ ရှင့်ကိုဥဒါန်းခင်က ောင်းထုတ်ဖို့ပြောပေမယ့် ကျွန်မက စောင့်ကြည့်ဖို့ ဖျောင်းဖျခဲ့တယ်။ င်းက ကျွန်မတို့ရဲ့ ထွက်ပေါက်ဖြစ်နေနိုင်တယ်"

"ဘယ်လို ငါကထွက်ပေါက်ဟုတ်လား"

"ဥဒါန်းထွက်သွားပြီ။ ဒါပေမဲ့ သူ မတရားဘူး။ သူထွက်သွားဖို့ အတွက် ဒေါ်ငွေမိုးက နေပေးခဲ့ရတယ်။ သူ မကောင်းဘူး"

ဘုရား ... ဘုရား ဘာတွေဖြစ်နေတာလဲ။

"မင်းကရော ဘာလို့ထွက်မသွားတာလဲ"

"ကျွန်မ ကျွန်မရဲ့ကလေးကို ရှာရမယ်"

"ဘာ ... မင်းရဲ့ကလေးဟုတ်လား"

"ဟုတ်တယ်။ ကျွန်မရဲ့သမီးကို ရှာရမယ်။ ကျွန်မရဲ့သမီးကို တွေ့ပြီးမှ ကျွန်မ ထွက်သွားနိုင်မယ်။ ရှင် ကျွန်မကိုကူညီပါ ဇေနေ"

"မင်းကိုတောင် ယုံဖို့ခက်ခဲနေတာ။ ငါက မင်းကို ဘယ်လို ကူညီနိုင်မှာမို့လဲ"

"ရှင်ဆုံးဖြတ်လိုက်မယ်ဆို လုပ်နိုင်ပါတယ်"

"ငါ ဘာမှနားမလည်တော့ဘူး ဒေါ်ငင်းဖန်ဝါ။ ငါ့ခေါင်းတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ချာချာလည်နေပြီ။ ငါဘာမှမသိတော့ဘူး"

"ကျွန်မမှာ အချိန်သိပ်မရှိတော့ဘူး ဖေနေ။ ကျွန်မက ညည်းသည်ပါ။ အိမ်ရှင်တွေ အင်အားကောင်းလာရင် ကျွန်မထွက်သွားရလိမ့်မယ်။ ဥဒါန်းခင်က ဖြူစင်သန့်ရှင်းတဲ့လူမို့ ကျွန်မက အချိန်အတော်ကြာ ဒီအိမ်မှာ နေနိုင်ခဲ့ပေမယ့် ဦးရွှေရောင်နဲ့ဒေါ်ငွေမိုးက ဒီလိုမဟုတ်ဘူး"

"ဦးရွှေရောင် ... ဟုတ်လား"

"ဦးရွှေရောင် မကြာခင် ကျွန်မတို့လောကထဲ ရောက်လာတော့မယ် ဖေနေ။ သူ ရောက်မလာခင် ကျွန်မရဲ့ကိစ္စတွေကို ပြီးအောင်လုပ်ရမယ်"

"ဘာကိစ္စရှိလို့လဲ။ မင်းမှာဘာကိစ္စကြီးရှိနေလို့လဲ"

"ရှင် မြေအောက်ခန်းထဲ ကျွန်မကိုခေါ်သွားပေးပါ။ အရာအားလုံး ရှင်နားလည် လာမှာပါ"

"မြေအောက်ခန်း ဖါကို ငါမှမသိတာ"

"ရှင်သိပါတယ်။ ရှင်သိနေတဲ့အတိုင်းပဲ သွားလိုက်ပါ။ မြေအောက်ခန်းကိုရောက်ရင် ကျွန်မလမ်းညွှန်ပါ့မယ်"

"ဟာ ... သူများအိမ်ထဲ ငါက ဘာလို့နိုးဝင်ရမှာလဲကွ။ မဖြစ်နိုင်တာ။ အိမ်ရှင်တွေရှိနေတာ မင်းမတွေ့ဘူးလား"

"ဖါပေမဲ့ ရှင် ဝင်နိုင်မှာပါ"

သူထိုင်နေရာမှ ထရပ်သည်။ ကောင်းကောင်းအိပ်စက်ပစ်လိုက်ဖို့ လိုအပ်ပြီဟုထင်သည်။

"ရှင် ကူညီနိုင်မယ်မဟုတ်လားဟင်"



"ငါ ဘာဖြစ်နေသလဲဆိုတာ ငါ့ကိုယ်ငါလက်ခံဖို့ခက်နေတဲ့ အခြေအနေမှာ မင်းကို ဘာကတိမှမပေးနိုင်တဲ့အတွက် ငါ့ကိုနားလည်ပေးပါ"

"ကျွန်မကို ကူညီပါရှင်။ ကျွန်မတကယ် ခက်ခဲနေလို့ပါ။ ကျွန်မကို ရှင်ကူညီပေးပါ"

"ငါ့နောက်ကို လိုက်မလာပါနဲ့ ဒေါင်းဖန်ဝါ။ ငါ့ကို စဉ်းစားချိန်ပေးပါ။ ငါ့မှာအချိန်လိုတယ်"

"ကျွန်မမှာ အချိန်မရှိတော့ဘူး ဖေနေ"

"မင်း ဘာဖြစ်လို့ မင်းအခြေအနေကိုပဲ ကြည့်ရတာလဲ။ ငါ့မှာလည်း ငါ့စိတ်နဲ့ငါကွ။ ငါ့စိတ်ကို မင်းက နိုင်းစေလို့ရမလား"

သူက ခပ်မာမာပြောလိုက်သောအခါ ဒေါင်းဖန်ဝါ၏မျက်လုံးထောင့်စွန်းတွင် မျက်ရည်လေးများစို့လာပြန်သည်။ ဒီလိုမြင်ရပြန်တော့လည်း ရင်ထဲထိခိုက်ရပြန်၏။

"ငါ မင်းကိုတွေ့ချင်ရင် ဘယ်မှာလာရှာရမလဲ"

"ကျွန်မ ဒီအခန်းထဲမှာပဲ ရှိမှာပါ"

"ဖါပေမဲ့ ငါစောစောကခေါ်တုန်းက မင်းမရှိဘူးလေ"

"ကျွန်မ ခရေပင်ကြီး အောက်ရောက်နေလို့ပါ။ ရှင့်အနံ့က ကျွန်မကို ဒုက္ခမပေးပေမဲ့ တခြားလူရဲ့ကိုယ်နံ့က ကျွန်မကို ကောင်းကောင်းဒုက္ခပေးတယ်။ သူတို့ရဲ့ကိုယ်က ပူတယ်။ သူတို့ရှိရင် ကျွန်မ မနေနိုင်ဘူး"

ထွက်ခွာလုလုသူ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။ ဒေါင်းဖန်ဝါ၏ စကားသည် တရားနည်းလမ်းကျသည်။

"ပြီးတော့ ရှင်ကနှုးညံ့သိမ်မွေ့တယ်။ အရာရာကိုသည်းခြင်နိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ထင်တယ်။ ရှင့်ကို ကျွန်မလည်း ကူညီခဲ့ဖူးပါတယ်"

"ဘယ်တုန်းကလဲ"

"အဲ့ဒီညက ရှင့်တံခါးကိုလာခေါက်တဲ့လူက ကျွန်မပါ။ အဲ့ဒီအချိန်ကသာ ရှင်မသိဘဲ အမှားတစ်ခုခုဖြစ်သွားရင်"

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဒေါင်းဖန်ဝါဆိုလိုနေသော အဲ့ဒီညဆိုတာကို သူ ကောင်းစွာနားလည်၏။ တူနာနှင့်ဆုံတွေ့ခဲ့တဲ့ညကို သာဆိုလိုခြင်းဖြစ်မည်။

"ဒါပေမဲ့ ရှင့်ကိုတောင်းပန်ပါတယ်။ ရှင် မကျွေးဘဲ ရှင့်ရဲ့အစားအစာတွေကို ယူစားမိတယ်"

မယုံ၍မရတော့သည့် အခြေအနေဖြစ်လာသည်။ သို့သော် သူ မယုံချင်သေးပေ။ မိန်းကလေးတွေကဖြူဝင်းတဲ့ ရုပ်လေးကိုဝန်းပြီး သူ့ကို ဟာသလုပ်သွားမည်ကို မလိုလားပေ။ သူ့ကိုအရူးလုပ်သည်ဟု ညီပြာရောင်တစ်ယောက်နဲ့တင် လုံလောက်ပြီဟုထင်ပါသည်။

"မင်းဒီကြားထဲ ငါ့ကိုမနှောင့်ယှက်ပါနဲ့။ ငါအေးအေးဆေးဆေး စဉ်းစားချင်သေးတယ်။ ငါ့နားကို မင်းမလာပါနဲ့။ ငါ့မှာစဉ်းစားဖို့ အချိန်လို နေတယ်"

လေးလံသောခြေလှမ်းများနှင့် အမှောင်ခန်းမှသူထွက်လာမိသည်။ ရင်ထဲ ပျော်ရွှင်ခြင်းမရှိပေ။ ဘာကြောင့်စိတ်တွေက ဒီလောက်ထိလေးလံ နေရတာလဲ။ အမှောင်ခန်း၏ တံခါးကိုဆွဲပိတ်လိုက်၏။ ပြီးနောက် ပွစာ... နေသော ထမင်းပုံကြားတွင် ခုံဆွဲပြီး ထိုင်လိုက်သည်။

ထူးဆန်းနေသည်။ နည်းနည်းလေးထူးဆန်းခြင်းမျိုး မဟုတ်ပေ...



...ယုံကြည်နိုင်လောက်သည့်ဖြစ်ရပ်များ ဖြစ်၏။

"ဖုန်း ... ဖုန်း ... ဦး ... ဦး ဆရာဦးလေးကြီးရှိသလား။ ဦး ... ဦး"

စိုးစိုးနှင့်ပျိုပျိုတို့၏အသံများ ဖြစ်သည်။ ဘာဖြစ်တာပါလိမ့်။ ဘာဖြစ်လို့ ခုလိုရေးကြီးသုတ်ပြာ ဖြစ်နေရတာပါလိမ့်။ သူ ရှည်ရှည်ဝေးဝေး ဉ်းစားမနေတော့ပါဘဲ တံခါးကိုဖွင့်လိုက်၏။

"ဘာဖြစ်လို့လဲ သမီး။ ဘာဖြစ်လို့လဲ"

"မမကို ကယ်ပါဦး ဦးရယ်။ မမဘာဖြစ်သလဲ မသိဘူး"

ကလေးမလေးနှစ်ယောက်၏ပုံသည် ထိတ်ထိတ်လန့်လန့် ကြို နေသည်ဆိုတာကို သူသိလိုက်သည်။ ထို့ကြောင့် ရှည်ရှည်ဝေးဝေးစဉ်းစား မနေတော့ဘဲ ကလေးနှစ်ယောက်၏လက်ကို တစ်ဖက်တစ်လက်ဆွဲကာ အိမ်မကြီးဆီသို့ ကူးလာခဲ့၏။ အိမ်မကြီးသို့ရောက်လာသောအခါ ပွစာကျဲနေ သော ပစ္စည်းပစ္စယများ သူ့ကိုမရှုမလှဆီးကြိုလိုက်သည်။

"ဒါ ... ဒါတွေက ဘယ်လို"

သူ့စကားမဆုံးသေးခင်မှာပင် ဆိုဖာဆက်တီနောက်၌ တုန်ယင် စွာ ခပ်ကုပ်ကုပ်လေးထိုင်နေသော ပါးမို့မို့ကိုတွေ့လိုက်ရသည်။

"ပါးမို့မို့"

"ဆရာ"

ပါးမို့မို့သည် သူ့ကိုမြင်မြင်ချင်းပဲ အားတက်သရောရှိသွားပုံဖြင့် ပြေးပြီးဖက်သည်။

"ဘာတွေဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဆရာ။ ဒီ ... ဒီအိမ်ကြီးမှာအရိပ်မည်းကြီး ရှိတယ်"

"ဘာ ... အရိပ်မည်းဟုတ်လား"

"ဟုတ်တယ် ဆရာဦးလေးကြီး။ အရိပ်မည်းကြီးရှိတယ်။ အဲဒီ အရိပ်က သမီးတို့နောက်ကိုလိုက်နေတယ်"

"မင်းတို့ အမေရော။ မင်းတို့အမေ ဘယ်သွားသလဲ... ဟင်"

"မေမေဆေးရုံကို သွားတယ်။ ဖေဖေအခြေအနေမကောင်းဘူးတဲ့"

ပါးမို့မို့သည် ပြောလည်းပြောကာ ချုံးပွဲချငိုတော့သည်။

"ဦးရွှေရောင် ... ဦးရွှေရောင်"

သူ အံ့အားသင့်သွားသည်။ မကြာသေးခင်ကမှ အချိန်မရှိတော့ ပါဘူးဟုဆိုကာ ဖေါင်းဖန်ဝါက သူ့ထံအကူအညီ တောင်းခဲ့သည်။ ဘယ်လို ဖြစ်နေကုန်တာလဲ။

"ဖေဖေမရှိရင် မိုမိုတို့ ဘယ်လိုနေရမှာလဲ။ ဘယ်သူနဲ့နေရမှာလဲ ဘဘကြီးကလည်း မိုမိုတို့ကို ပစ်သွားတယ်။ တီလေးကလည်း မိုမိုတို့ကို ပစ်သွားတယ်။ မိုမိုတို့ ဘယ်သူနဲ့နေရမှာလဲ"

သူ့ကို ဝိုင်းဖက်ထားကြသော ကလေးသုံးယောက်လုံးကို သူက ကြင်နာစွာပွေ့ဖက်ထားမိသည်။

"စိတ်မပူပါနဲ့။ မင်းတို့အဖေက ပြန်ကောင်းလာမှာပါ။ စိတ်မပူ ပါနဲ့"

"ဟင့်အင်း ... မေမေက ဖုန်းရရချင်း ပြေးထွက်သွားတာ ဟင့်အင်း ... ဖေဖေ ... ဖေဖေ"



"ကလေးရယ်"

"ဆရာဦးလေး ဖေဖေက တကယ်ပဲသေမှာလားဟင်"

"ဟာ ... မဟုတ်တာပဲ။ မသေပါဘူး။ လုံးဝမသေဘူး၊ လုံးဝ စိတ်မပူနဲ့။ မသေဘူး ... မသေဘူး"

ကလေးတွေကိုသာ အားပေးနေရသော်လည်း သူ့အသံက ယုံကြည်ချက် ပျောက်ဆုံးနေသည်။ ဖေါင်းဖန်ဝါ၏စကားသာမှန်ကန်ပါက ဦးရွှေရောင်သည် သေချာပေါက် ဘဝကူးလိမ့်မည်။ ကလေးသုံးယောက် ကို သူ ကြင်နာစွာပွေ့ဖက်ထားစဉ် မှန်ထဲမှအရိပ်တစ်ခုကို လှစ်ခနဲမြင်လိုက် ရသည်။ ဖျတ်ခနဲတွေ့လိုက်ရသောကြောင့် မည်သူမည်ဝါမှန်းမသိသော် လည်း ခန့်မှန်းမိသူတစ်ယောက်တော့ ရှိသည်။

"ဒေါ်ငွေမိုး"

ဖေါင်းဖန်ဝါပြောသလိုပဲ ဒေါ်ငွေမိုး၏ဝိညာဉ်က တကယ်ပဲ အိမ် ထဲမှာရှိနေတာလား။

"ခလွမ်"

ကျကွဲသံတစ်ခုက ထပ်မံထွက်ပေါ်လာပြန်သည်။ ကလေးသုံး ယောက်လုံးက သူ့ကိုအားကိုးတကြီးပွေ့ဖက် ထားကြ၏။ သူ အသက်ရှူ များပင် ကျပ်ချင်လာသည်။

အမှန်က သူ မကြောက်တတ်ပါ။ သို့သော် ကြောက်နေကြသူ များကြား၌နေရသောအခါ စိတ်တို့လည်း ချောက်ချား၍ နေလေသည်။

"မကြောက်ပါနဲ့။ ဘာမှမဖြစ်ဘူး။ ကြောင်တို့ဘာတို့တစ်ခုခု တိုက်မိတာဖြစ်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကြောင်က သမီးတို့အိမ်မှာမှ မရှိတာ ဆရာဦးလေးရဲ့"

"ဆရာ အဲဒါဘာလဲဟင်။ မှန်ထဲမှာ မို့မို့ အရိပ်တစ်ခုတွေ့လိုက်တယ် သရဲလား"

"ဟာ ... မဟုတ်တာပဲ။ သရဲဆိုတာ လောကမှာ တကယ်ရှိတဲ့အရာတွေမှ မဟုတ်တာ မရှိဘူး"

"မဟုတ်ဘူး ဆရာ။ ရှိတယ် ... တကယ်ရှိတယ်၊ အား"

ပါးမို့မို့သည် တစ်ခုခုကိုမြင်လိုက်သည့်အလား သူ့ကိုဖက်ပြီးသူ့နားအနီးကျုံးအော်လိုက်သောကြောင့် သူပင်လျှင်တွန့်ခနဲတုန်သွားသည်။

"အီး ... ဟီး ... ဟီး ... ဆရာဦးလေး သမီးကြောက်တယ်။ ကြောက်တယ်",

အမြွာနှစ်ယောက်သည် အသံပြိုင်နှင့်စအော်တော့သည်။ သူ ဦးနှောက်ခြောက်သွား၏။ နှစ်သိမ့်ရမလဲ။ အရိပ်မည်း၏အဖြေကို ရှာမလားဆိုတာ ရေရေရာရာ မသိတော့ပေ။

"မို့မို့လည်း ကြောက်တယ်ဆရာ။ ဒီမှာ မို့မို့မနေရဲတော့ဘူး မို့မို့တို့ ဆရာ့အိမ်သွားရအောင်။ ဆရာ့အိမ်မှာပဲနေမယ်။ မို့မို့တို့ကို ခေါ်သွားပေးပါနော် ဆရာရယ်"

မှန်တာပြောရလျှင်သူလည်း အိမ်မကြီးတွင်နေရသည်မှာ စိတ်မသန့်တော့ပေ။ ထို့ကြောင့် အိမ်တံခါးများကို သေသေချာချာပိတ်ကာ ကလေးသုံးယောက်ကို သူ၏အိမ်ငယ်လေးသို့ခေါ်လာ၏။

"ဘာမှမကြောက်နဲ့နော်။ ဘာမှမဖြစ်တော့ဘူး။ ဘာကိုမှကြောက်စရာမလိုဘူး။ ကြောက်တယ်ဆိုတာ စိတ်ရဲ့ခံယူချက်တစ်မျိုးပဲ။



ကြောက်စရာတွေချည်း တွေးနေရင် ကြောက်တယ်။ အခြားအကြောင်းအရာကို တွေးကြည့်ပါလား။ လုံးဝမကြောက်တော့ဘူး"

"ဘာကိုတွေးရမှာလဲဟင် ဆရာဦးလေးကြီး"

"သူငယ်ချင်းတွေနဲ့ပျော်ခဲ့တာတို့၊ မင်းတို့ညီအစ်မသုံးယောက်ရန်ဖြစ်ခဲ့တာတို့ပေါ့။ ပြီးတော့ ဟာသဇာတ်လမ်းတို့ အဲဒါတွေ တွေးကြည့်ပါလား"

အခန်းထဲတွင် မီးကိုထိန်နေအောင်ထွန်းကာ ကလေးများကို ဖော်ဖော်ရွှေရွှေ စကားပြောနေမိသည်။ သို့သော် တစ်ဖက်၌လည်း မြင်ခဲ့ရသော အရိပ်အကြောင်းကို စဉ်းစားနေ၏။

"ဒီနေ့တော့ ဦးရဲ့အိမ်မှာပဲ အိပ်လိုက်ကြတော့"

"ဆရာ့ဆီမှာက ခုတင်တစ်လုံးတည်းရှိတာလေ။ မို့မို့တို့က ဘယ်မှာအိပ်ရမှာလဲ"

"ခုတင်ပေါ်မှာ အိပ်ကြပေါ့။ စာမေးပွဲက နီးနေပြီ။ အားဖြည့်ထားမှဖြစ်မှာလေ။ ဘာကိုမှမကြောက်နဲ့ အိပ်ကြ။ ဦးရှိနေမယ်"

"သမီးတို့က ဒီခုတင်မှာအိပ်ရင် ဆရာဦးလေးကြီးက ဘယ်နေရာမှာ အိပ်မလဲ"

"ရပါတယ်။ ဦးက ဒီကုလားထိုင်မှာပဲအိပ်မယ်"

သူ့စကားကို ကလေးသုံးယောက်လုံးက နှုတ်ခမ်းလေးရှုံ့ပြီး နားထောင်နေသည်။ ဘဝင်မကျတာလား။ သူ့ကိုအားနာနေတာလားဆိုတာ ဝေခွဲမရချေ။

"ရပါတယ်။ အိပ်ကြ။ စိတ်အေးလက်အေးအိပ်ပါ။ အချိန်လည်း

www.burmeseclassic.com

www.burmeseclassic.com



မစောတော့ဘူး အိပ်တော့"

"မေမေ ပြန်လာလို့ သမီးတို့ကိုမတွေ့ရင်ရော"

"အဲဒါဆို သေချာပေါက် ဦးအိမ်ကိုရောက်လာမှာပေါ့။ ကဲ အိပ်ကြတော့ ဘာမှမပူနဲ့"

"ဆရာဦးလေး သမီးတို့နားမှာနေပေးရမှာနော်"

"အင်းပါ။ ကဲ ... အိပ်တော့နော်။ ဘာမှမတွေးနဲ့။ ဦးရဲ့အိမ်မှာ ဘာအရိပ်မှမရှိဘူး၊ အရိပ်တွေက ယောက်ျားလေးတွေဆို ကြောက်တယ်လေ။ ယောက်ျားလေးရှိတဲ့ဆီကိုဆို မလာရဲဘူး၊ ဒီမှာလေ ဦးက ဝင်ပေါက်မှာ ရပ်နေတာပဲ သူတို့မလာရဲပါဘူး"

ကလေးတွေ ယုံကြည်အောင်သာ သူရဲကောင်းလုပ်ပြနေရသော်လည်း ကျောကတော့ ခပ်ချမ်းချမ်း ဖြစ်သည်။ ရဲဆေးအဖြစ်အရက်ကို တစ်ငုံ၊ နှစ်ငုံမျှသောက်ရန် စိတ်ကူးလိုက်သော်လည်း မသင့်တော်မှန်းသိ၍ ထိုအတွေးကိုစွန့်ပစ်လိုက်သည်။

"ဆရာ ... မို့မို့အိပ်လို့မရဘူး"

စိုစိုနှင့်ဖျိုဖျိုသည် တစ်ဦးကိုတစ်ဦးဖက်ကာ အိပ်ပျော်သွားကြသော် လည်း မို့မို့ကအိပ်နေရာမှ ထထိုင်သည်။

"မို့မို့ အဲ့ဒီအရိပ်ကိုမသက်ဘူး ဆရာ"

"ဘာမှမဟုတ်ပါဘူး မို့မို့ရယ်"

"မို့မို့က ဆယ့်ခုနစ်နှစ်ရှိပြီ ဆရာ။ ကလေးမဟုတ်တော့ဘူး၊ အဲဒါ တစ်ခုခုပဲဆိုတာ မို့မို့သိတယ်။ ဆရာတစ်ခုခုကို သိနေတယ် မဟုတ်လား။ မို့မို့ကို ပွင့်ပွင့်လင်းလင်းပြောပါ"



"ကောင်းပြီ မို့မို့။ မင်းကို ဦး မညာပါဘူး။ တကယ်ပဲ ဒီအိမ်မှာ ဘာတစ်ခုခုဖြစ်နေပြီ။ အဲ့ဒီတစ်ခုခုက ဘာလဲဆိုတာတော့ ဦးကို ထပ်မမေးနဲ့တော့ ဦးလည်း ဘာကိုမှရေရေရာရာ မသိဘူး"

"ဆရာ ဘယ်လောက်ထိသိထားသလဲ"

"မင်း ဘာသိထားလို့လဲ မို့မို့"

"ရပ်ကွက်ထဲကပြောနေကြတဲ့စကားကို မို့မို့ကြားခဲ့တယ်။ အဲ့တာ တကယ်ပဲလား"

"ဥဒါန်းခင်အကြောင်းလား"

"အန်တီလေးကို ဆရာက သိနေတာလား"

"ဥဒါန်းခင်ကို မင်းက သိလို့လား"

"သိတယ်"

မို့မို့၏စကားလုံးသည် ပြတ်သားလှသည်။ ထိုအဖြေကို သူ စိတ်ဝင်စား၏။ သူ ဥဒါန်းခင်အကြောင်းကို စိတ်ဝင်စားသည်။

"အေးပေါ့လေ။ သိမှာပေါ့၊ မင်းနဲ့ကအမျိုးတွေပဲ"

"အမျိုးမို့ သိနေတာမဟုတ်ဘူး၊ မို့မို့နဲ့သိပ်ကို တူနေလို့သိတာ"

"ဘယ်လို မင်းနဲ့တူတယ် ဟုတ်လား"

"အန်တီလေးဆုံးတုန်းက အန်တီလေးအသက်က ဆယ့်ခုနစ်နှစ်ပါ။ မို့မို့က အန်တီလေးနဲ့သိပ်တူလို့ အန်တီလေး ပြန်ဝင်စားတယ်လို့ လူကြီးတွေက ပြောခဲ့ကြတယ်။ ဒါကြောင့် မို့မို့ကို ဘွားကြီးက သမီးအဖြစ် အမွေစား အမွေခံ မွေးစားခဲ့တယ်။ ဒီအိမ်ကြီးကိုမို့မို့နာမည်နဲ့ မို့မို့အသက် ဆယ့်ရှစ်နှစ်ပြည့်တဲ့အချိန် လွှဲပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူများအိမ်တွင်းရေးဆိုသော်လည်း သူစိတ်ဝင်စားမိသည်။

"ဒါကြောင့် ဖေဖေက မို့မို့ထက် စိုစိုနဲ့ပျိုပျိုကိုပိုချစ်တယ်။ စိုစိုနဲ့ပျိုပျိုကပဲ သူ့သမီးလို့ အမြဲတမ်းပြောတယ်။ မို့မို့ အရမ်းဝမ်းနည်းတယ်။ ဖေဖေ့ကိုလည်း မို့မို့မချစ်ဘူး"

ဘဝအကြောင်းများပြောပြနေသော ပါးမို့မို့၏မျက်လုံးများသည် နှစ်ပေပြောင်းမီးရောင်အောက်တွင် ဖျတ်ဖျတ်လက်နေသည်။ မျက်ရည်တွေများ ဝိုင်းနေရော့သလား။

"တစ်ခါတလေကျရင် မို့မို့က ဖေဖေ့ရဲ့သမီးအရင်း မဟုတ်သလို ခံစားရတယ်။ စိုစိုနဲ့ပျိုပျိုက မွေးစားသမီးဆိုပေမယ့် ဖေဖေကမို့မို့ထက် သူတို့ကို ပိုချစ်တယ်"

"မွေးစားသမီးဟုတ်လား"

"ဟုတ်တယ်။ ဖေဖေ့ညီမ အငယ်ဆုံးကမွေးထားတာ"

နားထောင်လေ ပိုရှုပ်လာလေဖြစ်သည်။

"မို့မို့က မကောင်းဘူး။ စိုစိုနဲ့ပျိုပျိုကို ဘယ်တုန်းကမှမချစ်ပေးခဲ့ဖူးဘူး။ သူတို့ကလည်း မို့မို့ကို မချစ်ဘူး။ မိသားစုမှာ မို့မို့တစ်ယောက်တည်း ကွဲထွက်နေတယ်။ မို့မို့က ဘဘကြီး ပြန်လာမယ့်နေ့ကိုမျှော်နေပေမယ့် ဘဘကြီးကလည်း မို့မို့ထက် အခြားလူကိုပဲ ပိုချစ်တယ်"

နားထောင်ရင်း ပါးမို့မို့ကို သနားလာမိသည်။ ထိုအတွေးမျိုးနှင့်နေသော ပါးမို့မို့လေးသည် သိပ်ကို အထီးကျန်ခဲ့လိမ့်မည်ဆိုတာကို သူ တွေးကြည့်ရုံနှင့်သိ၏။ ဆယ်ကျော်သက်များသည် စိတ်ထွက်ပေါက်ရှာတတ်ကြသည်။ ပါးမို့မို့သည်တူနာနှင့် ဘယ်လိုပတ်သက်ခဲ့ကြသလဲ





ဆိုတာ မေးကြည့်စရာ မလိုလောက်အောင် သူနားလည်သွားသည်။ အချစ်ငတ်တယ်လို့ ယူဆထားသောပါးမို့မို့သည် အချစ်ကိုရှာဖွေနေလိမ့်မည်ဖြစ်သည်။ သူ ထိုကလေးမကို ဖျောင်းဖျပေးရလိမ့်မည်။

"လိပ်မကြီး တစ်ကောင်ကကမ်းစပ်မှ လိပ်ဥတွေကိုဥပြီးရင် ပင်လယ်ရေပြင်ထဲပြန်ဆင်းသွားပြီး ရောက်ရာပေါက်ရာနေရာကို သွားနေတတ်ပေမယ့် ဥလေးတွေပေါက်ပြီလား၊ အကောင်ပေါက်လေးတွေ အန္တရာယ်မှကင်းရဲ့လားဆိုတာ အမြဲစိတ်ပူနေတတ်ကြတယ်။ အဲ့ဒါမိဘမေတ္တာပဲ မို့မို့"

အချို့မိဘတွေက ချစ်မပြတတ်ကြပေမဲ့ ရင်ထဲမှာမေတ္တာတွေ အပြည့်ရှိတယ်။ အိုးသည်က အိုးကောင်းရချင်ရင် ရွှံ့စေးကိုနာနာရိုက်ရတယ်တဲ့။ သမီးမို့မို့ မိဘတွေကိုအထင်မလွဲပါနဲ့။ သူတို့ရင်ဘတ်ကို သမီးက ဖောက်ထွင်းပြီး မြင်နိုင်တာမှမဟုတ်တာ။ ခုနေချိန်သမီးကငယ်သေးလို့ သူတစ်ယောက်ရဲ့စိတ်ကို မြင်အောင်မကြည့်တတ်သေးပေမဲ့ ဦးတို့အရွယ်ရောက်လာရင်တော့ ဒါတွေ နားလည်လာမှာပါ"

ပါးမို့မို့သည် ကိုယ်လေးတသိမ့်သိမ့်တုန်အောင် ရှိုက်ငိုရှာလေလိမ့်မည်။ တစ်နည်းဆိုသော် သူ့စကားကိုလက်ခံသွားသည်ဟုလည်း အဓိပ္ပာယ်ဖွင့်၍ ရနိုင်ပေသည်။ တသိမ့်သိမ့်ရှိုက်ငိုနေရှာသော ပါးမို့မို့ကို ကရုဏာသက်စွာပင် ပါးမို့မို့၏ဦးခေါင်းကိုခပ်ဖွဖွ ပွတ်ပေးမိသည်။

"ငိုပါ သမီး။ ငိုပြီးရင်တော့ သမီးရင်ထဲရှင်းသွားမှာပါ"

အားပေးနေရသော်လည်း သူ့ရင်ထဲမှာတော့ မရှင်းပေ။ အလွန်ရှုပ်သောမိသားစုအကြောင်းတွေကိုသာ စိရရီသီကုံးနေမိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သိကုံး၍မရနိုင်အောင် ကြိုးကလုံးပြီး ရှုပ်နေ၏။ စိုးစိုးနှင့်ဖိုးဖိုးကို မွေးထား ထားသည်ဟုဆိုသော ဦးရွှေရောင်၊ ပြီးနောက် ဦးရွှေရောင်၏ နှ အငယ်ဆုံး။ ပြီးနောက် စိုးစိုးနှင့်ဖိုးဖိုးတို့၏အသက်ကွာဟမှု။ ဥဒါန်းခင် သေဆုံးသွားသည်မှာ ပြောစကားများအရ နှစ်နှစ်ဆယ်နီးပါးရှိခဲ့ပြီဖြစ်သည်

ထို့ကြောင့် ယခု နေချိန်ဆိုလျှင် ဥဒါန်းခင်၏အသက်သည် သုံးဆယ်ခန့်ဖြစ်လိမ့်မည်။ ဥဒါန်းခင်ကသုံးဆယ့်ခုနစ်ဆိုလျှင် ဦးဘုန်းရော ၏အသက်က အနည်းဆုံး မရှိဘူးဆိုလျှင် ငါးဆယ်ကျော်၊ ခြောက်ဆယ် နီးပါး ရှိလိမ့်မည်။ ဦးရွှေရောင်၏အသက်သည် အလွန်ဆုံးရှိ လေးဆယ်ကျော်ရုံသာ ရှိမည်။ စိုးစိုးနှင့်ဖိုးဖိုးတို့ မိခင်သည် အသက် ဘယ်လောက်ရှိနေသလဲ။ ဘာလို့ ဦးရွှေရောင်က စိုးစိုးနှင့်ဖိုးဖိုးကို မွေးစား ထားသလဲ။

ဥဒါန်းခင်နှင့်ဦးရွှေရောင်တို့သည် အမျိုးအရင်းကြီးတွေဖြစ် လျက်နဲ့ ဥဒါန်းခင်က ဘာလို့ဦးရွှေရောင်တို့ကို ဒုက္ခပေးရသလဲ။ သူ့ ခေါင်းထဲ ရှုပ်ယှက်ခတ်နေသည်။

ဒီကြားထဲ ထိုမိသားစုအရေးတွင် ဒေါ်ဖန်ဝါက ကြားညှပ် နေသေးသည်။ ဒေါ်ဖန်ဝါက ဘယ်သူလဲ။ မိုးမိုးကိုမေးရရင် ကောင်း မလား၊ မကောင်းဘူးလား။ ဝေခွဲမရဖြစ်နေဆဲမှာပင် မိုးမိုး၏ဦးခေါင်းလေး သည် ညွတ်ကျသွားသည်။

အိပ်ပျော်သွားပါပြီ။ ၎င်း၏မောသွားပြီထင်ပါရဲ့။ ကြည့်၍သာ အပျိုဖြန်းပုံလေးပေါက်နေသော်လည်း ပါးမို့မို့သည် ယခုလိုအိပ်ပျော်နေချိန် ၌ ပီဘိကလေးလေးဖြစ်နေရှာသည်။



သူ့ခုတင်သည် နှစ်ယောက်အိပ်ဖြစ်သောကြောင့် ဤကလေးမ ညီး ချောင်ချောင်ချိချိအိပ်၍ရသည်။ တစ်ယောက်တည်းနေ၍ ခေါင်းအုံး လုံးသာရှိသော်လည်း စောင်များကို ခေါင်းအုံးလုပ်ကာ ကလေးမများ သက်သောင့်သက်သာဖြစ်စေရန် ဖန်တီးပေးသည်။

"ဒုတ်"

သူ့အိမ်တံခါးချပ်ကိုအဝေးမှ ခဲနှင့်လှမ်းပစ်သံကိုကြားလိုက်ရ သည်။ အကြောအချဉ်များပင် တောင့်ခနဲ အေးသွားသည်။ ဘယ်သူလဲ။ ရှာယ်တစ်ခုခုရှိနေ၍ ဒေါ်ဖန်ဝါများ သတိပေးလိုက်တာလား။ က်နှိပ်ဓာတ်မီးကို ဆွဲယူပြီး တံခါးချက်ကိုဖွင့်လိုက်သည်။ ပတ်ဝန်းကျင် င် အမှောင်ထုသည် ကြီးစိုးနေသောကြောင့် ဓာတ်မီးကို ဟိုဟိုဒီဒီ ကြည့်လိုက်၏။

လေတိုက်၍သစ်ရွက်တွေ လှုပ်နေသည်မှလွဲပြီး ပတ်ဝန်းကျင်တွင် ခြားတစ်စုံတစ်ယောက်ကို မတွေ့ရချေ။ သို့သော် အိမ်ထဲလှည့်ပြန်ဖို့ ရွယ်လိုက်သောအခါ အိမ်မကြီး၏မီးဖိုဘက်ဆီမှ အရိပ်တစ်ခုကို လှစ် တွေ့လိုက်ရသည်။ သို့သော် ဓာတ်မီးဖြင့်ထိုနေရာသို့ ထိုးကြည့်လိုက် သာအခါ ထပ်မံ၍မတွေ့ရတော့ပေ။

သိချင်စိတ်က အစိုးမရတော့ပေ။ ထိုနေရာသို့ သူစူးစမ်းဖွာ က်ကြည့်နေဆဲမှာပင် မီးဖိုချောင်တံခါးသည် လျောခနဲပွင့်သွားသည်။ သာ်ဖြစ်တဲ့ ဒေါ်ငွေမိုးသာဆို ပြဿနာမရှိပေမဲ့ သူနိုးသူဝက်သာဆိုပါ ခုစိမ်းပြင်ပြင်ဖြစ်နေသော သူက အခြောက်တိုက်တရားခံ ဖြစ်နေပါ မည်။ ထို့ကြောင့် ကလေးမလေးသုံးယောက် လုံခြုံမှုရှိစေရန် တံခါးကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်စေ့လိုက်ပြီး အိမ်ကြီးဆီသို့ ဦးတည်လိုက်သည်။ ထိုစဉ်နောက်နားဆီ၊ တစ်စုံတစ်ယောက်ရပ်နေသလို ခံစားရ၏။ ခြေလှမ်းတွေကို ရှေ့ဆက်တံ့ နေသော်လည်း လှမ်း၍မရချေ။

"ဘယ်လိုဖြစ်တာလဲ"

သူ့ကို တစ်စုံတစ်ယောက်က ဆွဲထားသည်။နဖူးမှဇောချွေးများ သည် တိုက်လေအေးကို အံတုပြီး မျက်နှာပေါ်သို့စီးကျလာသည်။ နောက်သို့လှည့် ကြည့်ရန် သတ္တိနည်းနေသော်လည်း အားတင်း စုစည်းသည်။ သရဲဆိုတာ ကြောက်တဲ့လူတွေကိုမှ ပိုခြောက်တတ်မှန်း သရဲဝတ္ထုရေးသောစာရေးဆရာ ဉာဏ်ကျယ်က စာပေစကားဝိုင်း၌ မကြာခဏ ဒေသနဖွင့်ဖူးသည်။

"ဟင် ... ဒေါင်းဖန်ဝါ"

တင်းနေသော လေဘောလုံးကိုဓားနှင့် ထိုးဖောက်လိုက်သ လျော့ခနဲကျသွားသည်။ သူ့အင်္ကျီစကိုတင်းနေအောင် ကိုင်ဆွဲထားသော ဒေါင်းဖန်ဝါ။

"ရှင်မသွားနဲ့ ဇေနု"

"ဘာလို့လဲ"

"အဲ့ဒီမိန်းမကြီးက သိပ်ယုတ်မာတာ ရှင့်ကိုဒုက္ခပေးလိမ့်မယ် အဲဒီအိမ်ထဲ ရှင်မသွားပါနဲ့"

"မင်းစကားကို ငါယုံလိုက်ချင်ပါတယ်။ ဒါပေမဲ့ ငါယုံဖို့ခက်နေ တယ်။ မင်းက ဝိညာဉ်လား။ လူလားဆိုတာ ငါဝေခွဲရခက်နေတယ်"

"အမှန်တရားကို ရှင် လက်မခံသေးသရွေ့ သံသယကရှင့်ကို ဒုက္ခပေးနေဦးမှာပဲ ဇေနု"





ဒေါင်းဖန်ဝါ၏ စကားလုံးက တိုတိုကျစ်ကျစ်ဆိုသော်လည်း ထိခိုက်ထိသွားသည်မို့ ဟင်းခနဲငြိမ်ကျသွားသည်။

"မင်းကို ငါသိချင်တယ် ဒေါင်းဖန်ဝါ။ လူတွေက မင်းကိုမသိဘဲ ငါကပဲ မင်းကို ဘာလို့သိနေရတာလဲ။ မင်းက ဝိညာဉ်ဆိုတယ် ထားဦး၊ ငါက လူလေ။ မင်းကိုဘာလို့ မြင်နေရတာလဲ"

"ရှင်က ကျွန်မကိုကူညီနိုင်မယ့် တစ်ဦးတည်းသော လူဖြစ်နေလို့ ပါ"

"ငါကကူညီနိုင်မယ် ဟုတ်လား။ ငါက ဘာအစွမ်းရှိလို့ မင်းကို ကူညီနိုင်ရမှာလဲ"

"ရှိတယ်၊ ရှင့်မှာကိုယ်ချင်းစာတရားရှိတယ်၊ သနားကြင်နာမှုတွေ ရှိတယ်။ တခြားလူရဲ့ဘဝကို လက်ခံနိုင်စွမ်းရှိတယ်။ ရှင့်ဝိညာဉ်က ဖြူစင် တယ်။ အဲ့ဒီလိုဖြူစင်တဲ့ဝိညာဉ်ကို ကျွန်မဒီအိမ်မှာစောင့်နေခဲ့တာ နှစ်ပေါင်း များစွာဆယ်ရှိပြီ"

"ဘယ်လို နှစ်ပေါင်းနှစ်ဆယ် ဟုတ်လား"

"ကျွန်မကို ကျွန်မသမီးနဲ့ တွေ့ခွင့်ရအောင် လုပ်ပေးပါ"

ဒေါင်းဖန်ဝါသည် လေးသွဲ့စွာပင် ခေါင်းခါယမ်းနေသည်။

"နာမည် ဘယ်လိုခေါ်သလဲ"

ခေါင်းကို သွင်သွင်ခါယမ်းပြန်သည်။

"အမေဖြစ်တဲ့မင်းကတောင် ဘယ်သူလဲ၊ နာမည်ဘာခေါ်သလဲ ဆိုတာ မသိမှတော့ ငါက မင်းကိုဘယ်လို ကူညီရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ... သူ သမီးလေးကို ဆရာကြီး ခေါ်သွားတယ်"

"ဘာ ... ဆရာကြီး ဟုတ်လား"

"တစ်နေ့ပြန်ခေါ်လာမယ်လို့ ပြောလို့၊ ကျွန်မ ဒီမှာစောင့်နေတာ။ ဆရာကြီးကလည်း ကျွန်မကို ဒီအိမ်ကြီးကို စောင့်ရှောက်ဖို့ပြောတယ်"

"ဘယ်လို ဒေါင်းဖန်ဝါ၊ မင်းပြောတာကို ငါနားမလည်ဘူး"

"သမီးလေးကို သူ့အဖေဆီပြန်ပို့ပေးရမယ်၊ သူ့အဖေကသမီးလေးကို စောင့်မျှော်နေမှာ သေချာတယ်၊ သမီးကို ကျွန်မနဲ့ တွေ့ခွင့်ပေးပါ ဖေနရယ်နော်"

ဘဲဥ အစရှာမရသလို ဖြစ်နေ၏။ ထုံးနေသောကြိုးကိုဖြေရင်း သူပါ ကြိုးထုံးထဲညှပ်နေလေသည်။ ဒေါင်းဖန်ဝါကို သနားမိပေမယ့် ဘယ်က ဘယ်လိုစပြီး ကူညီရမှန်းမသိပေ။

"ပြီးတော့ စိုးစိုးနှင့်ဖျိုးဖျိုးကိုလည်း စောင့်ရှောက်ပေးပါ"

"စိုးစိုးနဲ့ဖျိုးဖျိုးက"

"စိုးစိုးနဲ့ဖျိုးဖျိုးက ဒီအိမ်ကြီးကိုအမွေဆက်ခံရမယ့် လူတွေပါ။ သူတို့ကို ဦးရွှေရောင်က အသက်ပြည့်တဲ့အထိပဲ စောင့်ရှောက်လိမ့်မယ်၊ ပြီးရင် ဒီအိမ်ကြီးကို ဦးရွှေရောင် အပိုင်သိမ်းလိမ့်မယ်"

သူ နားမလည်ပါ။ ဒေါင်းဖန်ဝါ ဘာတွေပြောနေတာလဲ၊ ပါးစပ်ပြောစကားအရဆိုလျှင် စိုးစိုးနှင့်ဖျိုးဖျိုးသည် ဦးရွှေရောင်၏တူမအရင်းခေါက်ကြီးတွေ ဖြစ်သည်။ ဘာကိစ္စနဲ့ ဦးရွှေရောင်က စိုးစိုးနဲ့ဖျိုးဖျိုးကို ဒုက္ခပေးမှာလဲ၊ မဖြစ်နိုင်ပါ။

"ဒေါ်ငွေမိုးနဲ့ဦးရွှေရောင်က အကြံတူသမားတွေပါ။ မစားရင်





အမဲကို သဲနဲ့ပက်ဖို့လည်း သူတို့ဝန်မလေးကြဘူး။ ဆရာကြီးကို ပြန်ခေါ်ပေးပါ ဖေန။ ဆရာကြီးပြန်လာမှ ဖြစ်မယ်"

သူမျက်လုံးကိုပိတ်ပြီး အသက်ကို ဝအောင်ရှူသွင်းလိုက်သည်။ ပြီးမှ သက်ပြင်းပူကိုမှုတ်ထုတ်မိ၏။

"ငါ ခေါင်းအေးအေးနဲ့ စဉ်းစားဖို့တော့လိုပြီ ထင်တယ်။ ဒါနဲ့ နေစမ်းပါဦး မင်းက ဘာလို့ ငါ့ကိုအိမ်မကြီးဆီ မသွားခိုင်းတာလဲ"

"ကျွန်မကြောင့်ပါ။ ကျွန်မ ရှင့်ကိုအကူအညီတောင်းနေမှန်း ဒေါ်ငွေမိုး သိတယ်၊ ရှင့်ကို ဒီအိမ်ကြီးပေါ်က နှင်ထုတ်ကြလိမ့်မယ်"

"အဓိပ္ပာယ်မရှိတာပဲ။ ငါက လူလေ၊ လူကိုဝိညာဉ်က ဘာလုပ်လို့ရဦးမှာလဲ၊ အဓိပ္ပာယ်မရှိတာတွေပါ"

"အဓိပ္ပာယ်မရှိတာကို ရှိအောင်လုပ်တာက လူတွေပါ။ သူ ရှင့်ကို အိမ်ထဲမျှားခေါ်နေတာ ဖေန၊ ရှင်မသွားပါနဲ့၊ သွားရင် ရှင်ဒုက္ခဖြစ်လိမ့်မယ်"

"မင်းဘာလို့ အဲဒီလောက်တားနေရတာလဲဆိုတာ ငါနားမလည်နိုင်အောင်ပဲ။ ငါသွားမှဖြစ်တော့မယ်၊ ဒေါင်းဖန်ဝါ ပြဿနာကိုတွေးကြည့်ဖို့ ခေါင်းလန့်နောက်ဆုတ်နေမှာထက်စာရင် ပြေတွေ့ရင်ဆိုင်လိုက်ချင်တာ ငါ့ဆန္ဒပါ။ ငါသွားမယ်၊ ဝိညာဉ်ကငါ့ကို ဘယ်လောက်ဒုက္ခပေးနိုင်မလဲ ဆိုတာ ငါသိချင်တယ်၊ ငါစောင့်ကြည့်မယ်"

"ရှင်မသွားနဲ့ ဖေန"

"ငါသွားမယ် ဒေါင်းဖန်ဝါ ... သွားမယ်"

သူသည် ဖွတ်ပင်မိုက်တော့သည်။ ဒေါင်းဖန်ဝါ၏စကားကို မနာခံ



www.burmeseclassic.com

ချင်သည့်ဂျစ်ကန်ကန် စိတ်ကြောင့်ပဲဖြစ်၏။ ဓာတ်မီးကို ဟိုဟိုဒီဒီ ထိုးကြည့်ပြီးဖွင့်ထားသော တံခါးချပ်အတိုင်းဝင်လာသည်။

သူ အိမ်ထဲရောက်ရောက်ချင်းမှာပင် တံခါးချပ်သည် အလိုလို ပိတ်သွားသဖြင့် သွေးများအေးသွားသလို ခံစားရသည်။ အရိပ်မည်းသည် ဒေါ်ငွေမိုးများလား၊ ဒေါ်ငွေမိုးက ဒီလိုတွေ ဘာကိစ္စ ကလေးတွေကိုခြောက် လန့်နေရတာလဲ။ ဓာတ်မီးကိုဟိုဟိုဒီဒီထိုးကြည့်ပြီး မီးခလုတ်မှန်သမျှ လိုက်ဖွင့်လိုက်သည်။

ဒေါင်းဖန်ဝါသည် အလင်းရောင်ကို မနှစ်သက်ပေ။ ထို့ကြောင့် ဒေါ်ငွေမိုးသည်လည်း အလင်းရောင်ကို မနှစ်သက်ဘူးဟု ယူဆပြီး တွေ့ သမျှ မီးအကုန်ပိတ်လိုက်ခြင်းဖြစ်သည်။ မီးရောင်အောက်တွင် နေကြည့် သောအခါ အိမ်ကြီးသည် ပကတိတိတ်ဆိတ်နေလေသည်။

ပါးမို့မို့က လွှင့်ပစ်ထားသည့် ပစ္စည်းအတိုအစများမှလွဲ၍ အခြား မည်သည့်အရိပ်အယောင်မျှ မရှိပေ။ ထိုအခါမှ စိတ်ကိုဖုန်းဖုန်းချကာ ဆက်တီပေါ်ထိုင်လိုက်၏။ မောပန်းနေသောစိတ်ကြောင့် မျက်နှာကြက်ကို မော့ကြည့်ပြီး အသက်ကိုမှန်မှန်ရှူသည်။

အိမ်ရှင်မရှိသောအိမ်တွင် သူတစ်ယောက်တည်းကြာကြာမနေ သင့်ဘူးဟု ယူဆရာအိမ်ထဲမှထွက်ရန် ကြံရွယ်လိုက်သောအခါ ကြောင် လိမ်လှေကားသည် သူ့အာရုံထဲ ထင်းခနဲပေါ်လာ၏။ ကြောင်လိမ်လှေကား အောက်တွင် မြေအောက်ခန်းရှိသည်ကို အဘဦးနီပြောပြထား၍ သိခြင်း ဖြစ်သည်။

ဤအိမ်ကြီးသည် ထူးဆန်းနေသည်မှာမှန်၏။ အိမ်တို့၏သဘော



တွင် မြေအောက်ခန်းကို ထည့်ထားခြင်းမှာ လျှို့ဝှက်သောပစ္စည်းများ သိမ်းဆည်းရန်ဖြစ်၏။ မြေအောက်ခန်းတွင် သူ နားမလည်သော လျှို့ဝှက်ချက်တွေ ရှိနေသည်လား။

ထမင်းဟင်းပြင်ပြီးမှ ပြန်ထိုင်ချလိုက်ပြန်သည်။ ဤတွင် စားပွဲ အောက်ရှိ ဓာတ်ပုံအယ်ဘမ်တစ်ခုသည် သူ့မြင်ကွင်းထဲတန်းဝင်လာသည်။ ဓာတ်ပုံတို့၏သဘောသည် မိသားစုသမိုင်းမှတ်တမ်းတစ်ခုဖြစ်သည်ဟု သူ နားလည်သည်။

ထို့ကြောင့် အင်မတန်ရှုပ်ထွေးသော မိသားစုအထုံးအထွေးကို နားလည်စေလိုခြင်းအလို့ငှာ ပိုင်ရှင်ကို ခွင့်မတောင်းသော်လည်း ဆွဲကိုင် လိုက်သည်။ ထိုစဉ် တစ်အိမ်လုံးရှိမီးများသည် ရေနှင့်တွေ့သည့်အလား တဖျတ်ဖျတ်လက်ကာမှောင်ကျ သွားတော့သည်။

"ဘယ်လိုဖြစ်တာလဲ"

အယ်ဘမ်ကို စားပွဲပေါ်သို့ချပြီးအထတွင် အယ်ဘမ်ကြားမှ ဓာတ်ပုံ တစ်ပုံထွက်ကျလာသည်ကို သတိပြုမိသည်။ ထို့ကြောင့် ထိုဓာတ်ပုံကို ကောက်ကာ အယ်ဘမ်ပေါ်တွင်တင်လိုက်သည်။ ပြတင်းပေါက်မှ တစ်ဆင့် ဘေးပတ်ဝန်းကျင်ကို ကြည့်သည်။ အခြားအိမ်များတွင် မီးမပျက်ပေ။ ဘာလို့ ဒီအိမ်မှမီးပျက်သွားရတာလဲ။ ဖျူစ်များပြတ်သွားလို့လား။

ဓာတ်မီးဖြင့် ဟိုဟိုဒီဒီထိုးကြည့်ပြီး အိမ်ရှေ့ဘက်ရှိ မိန်းခလုတ်ကို ကြည့်ရန်အထွက်တွင် သူ့ရှေ့မှာဖြတ်သွားသော အရိပ်ကိုတွေ့ရသည်။

ဒီတစ်ကြိမ်တော့တင်ထင်ရှားပါးပင် မှန်၏။ ဒေါ်ငွေမိုးဖြစ်သည်။ ဒေါ်ငွေမိုး၏အသုဘကို သူကိုယ်တိုင်လိုက်ပါပို့ဆောင်ခဲ့သည်။ ခေါင်းတလား

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ရုပ်အလောင်းကိုလည်း သူမျက်စိနှင့်အတည်ပြုခဲ့ပြီးဖြစ်သော်လည်း ယခု ဒေါ်ငွေမိုးကို ထပ်တွေ့လိုက်ရသောအခါ မကြောက်တတ်ပါဘူး အားတင်းထားသော သူ့စိတ်များသည် အမှုနှင့်တွေ့၍ အရည်ပျော်ရသော ရေခဲတုံးများပမာ ယုံကြည်မှုများသည် အစိုင်အခဲမှ အရည်အဖြစ်ကူးပြောင်း ကုန်သည်။ တဆတ်ဆတ်တုန်နေသောလက်များသည် ဓာတ်မီးကိုပင် ကောင်းကောင်းမကိုင်နိုင်ပေ။

"ဇေန ရှင် ဒီအိမ်ထဲကထွက်သွားတော့"

ဒေါ်ဖန်ဝါကို ရှာမတွေ့သော်လည်း အသံကိုကြားနေရသည်။ သူ့အနီးတွင် တစ်စုံတစ်ယောက် ရှိနေပါတယ်ဆိုသောအသိကြောင့် ကြောက်စိတ်တွေကို ဖယ်ရှားနိုင်ရန် ကြိုးစားနေမိသည်။

ဒေါ်ငွေမိုးက ဘာကြောင့် သူ့ကို ဒီအိမ်ထဲမှ ထွက်ခိုင်းနေရတာလဲ။ ဒေါ်ငွေမိုး၏ အကြံအစည်ကဘာလဲ။

သူသိချင်သည်။ ရင်ထဲ တထိတ်ထိတ်ဖြစ်နေသည်မှာ မှန်သော်လည်း တစ်စွန်းတစ်စသိရရုံဖြင့် လှည့်ပြန်သွားခဲ့ပါလျှင် သူနောင်တရနေလိမ့်မည်။ ထို့ကြောင့် မထူးတော့မယ့်အတူတူ ဆက်ပြီးမိုက်လိုစိတ်ဖြင့် သူ့ရင်တစ်ခုလုံးပျံ့နှံ့သွားသည်။ ထို့ကြောင့် ဓာတ်မီးရောင်ကိုအားကိုးပြီး အပေါ်ထပ်သို့တက်လာသည်။

"ခလွမ် ... ဖုန်း ... ဖုန်း ... ဖုန်း"

လှေကားပေါ်တဖုန်းဖုန်း အသံမြည်လာသည်။ သူနားစွင့်လိုက်သည်။ ဆက်တိုက်ထွက်ပေါ်လာသော အသံက ဘာလဲ။ တစ်ခုခုလိမ့်ကျလာတာများလား။ သူနားစွင့်နေဆဲမှာပင် လှေကားထိပ်မှ အချင်းဝက်





ရှစ်လက်မခန့်ရှိသော အလုပန်းအိုးကြီးတစ်လုံးလိမ့်ကျလာသည်။ သူ ဖဲ့အားသင့်သွားသည်။ ပန်းအိုးသည်နှစ်ပေခန့်ရှည်သော အရွယ်အစား ရှိတာကြောင့် လှေကားကိုပြည့်အောင် လိမ့်ဆင်းလာ၏။

သူ ဘယ်လိုရှောင်ရမလဲ၊ ဘယ်လိုရှောင်ရင်လွတ်နိုင်မလဲဟု တွေးလိုက်ပါသော်လည်း လွတ်လမ်းကို ရုတ်တရက်ရှာဖွေ၍ မရနိုင်ပေ။

"ဖုန်း ... ဖုန်း ... ဖုန်း"

ပန်းအိုးကြီးသည် လှေကားထစ်များကိုကျော်လွန်ပြီး သူ့ထံ တည့်တည့်လာနေသည်။ သူမျက်လုံးပြူးသွား၏။ ဘာလုပ်၍ဘာကိုင်ရမှန်း လဲ မသိပေ။ ထိုစဉ် သူ့ရှေ့၌တစ်စုံတစ်ယောက် ပေါ်လာသည်။

"ဟင် ... ဒေါ်ဖန်ဝါ"

ဒေါ်ဖန်ဝါသည် လက်များကိုဆန့်ထုတ်ပြီး သူ့ကိုကျုံးဖက်လိုက်သော ဒေါ်ဖန်ဝါကြောင့် သူ မှင်တက်သွားခိုက်တွင် ဒေါ်ဖန်ဝါနှင့် သူသည် လှေကားပေါ်မှဖလိမ့်ခေါက်ကွေး လိမ့်ကျသွားတော့သည်။ သူ မျက်လုံးတွေကို ပိတ်ထား၏။ တဖိန်းဖိန်းမြည်နေသော ရင်ခုန်သံများသည် ရင်ဘတ်ပင် ပွင့်ထွက်လုမတတ် ဆူညံနေသည်။

"ဖုန်း"

လှေကားပေါ်မှလိမ့်ကျလာသော ကြွေပန်းအိုးကြီးသည် ဆက်တိုက် ဝိုင်းရှေ့စားပွဲနှင့် တိုက်မိပြီးကြေမွကျသွားသည်။ မှိတ်ထားသောသူ့မျက်လုံးကို အားယူကာ ဖွင့်ကြည့်လိုက်သောအခါ သူ့ကိုစိုက်ကြည့်နေသော ဒေါ်ဖန် ဝါ၏ မျက်လုံးများနှင့်ထိတ်တိုက်ရင်ဆိုင် ရတော့၏။ အမှောင်ထုထဲတွင် လက်နေသော ဒေါ်ဖန်ဝါ၏မျက်လုံးများသည် လမိုက်ည၏သန်းခေါင်ယံ



www.burmeseclassic.com

www.burmeseclassic.com



မှ ကြယ်ကလေးများနှင့် တူလှသည်။

"ရှင် အဆင်ပြေရဲ့လား"

"အဲ ... အင်း၊ ပြေ၊ ပြေ၊ ပြေပါတယ်"

ယောင်နနဖြေကာထထိုင်ပြီး ခပ်လှမ်းလှမ်းမှဓာတ်မီးကို ဆွဲယူ လိုက်သည်။ သူ့ရင်ခုန်သံများသည် တဒိန်းဒိန်းဖြင့်ဆူညံနေဆဲ ဖြစ်သည်။

"ရှင် ဘာလို့ ကျွန်မစကားနားမထောင်တာလဲ"

"မင်း ဆန္ဒကိုဖြည့်ပေးချင်လို့"

မရည်ရွယ်ထားပါဘဲ ထိုသို့ပြောထွက်သွားသည်။ ဒေါင်းဖန်ဝ မျက်ရည်ကျနေမလားဟု တွေးမိသွားသဖြင့် ဒေါင်းဖန်ဝါကို လှည့်မကြည့်ဘဲ ကျောခိုင်းထားမိသည်။

"ဒါပေမဲ့ အန္တရာယ်များရင် အဲ့ဒီအလုပ်ကိုရှင်မလုပ်ပါနဲ့တော့"

"ငါလုပ်မယ်။ ဒေါင်းဖန်ဝါ မင်းတောင်နှစ်ပေါင်းများစွာ ဒုက္ခ ခံလာသေးတာပဲ ငါက ဘာလို့မစွမ်းဆောင်နိုင်ရမှာလဲ"

"ငါလုပ်မယ်။ အဲ့ဒီအခန်းထဲ ငါသွားမယ်။ ငါ့ရင်ထဲမှာ ရှုပ်ထွေး နေတဲ့ကိစ္စတွေကို ငါရှင်းရမယ်"

သူသည် ပြောပြောဆိုဆိုပင် လှေကားပေါ်သို့ ဒုတိယအကြိမ် ပြန်တက်သည်။

"သူ ဘယ်လောက်ဒုက္ခပေးနိုင်ဦးမှာလဲ၊ ဘာနဲ့ထပ်ပြီး တိုက်နိုင် မလဲ။ ရတယ်၊ ငါက အကြိမ်ကြိမ်ရှောင်လွှဲရုံပေါ့"

အိမ်ပေါ်မှ ပစ္စည်းတွေကုန်သွားရင် သူရပ်တန့်သွားမှာဟု အားတင်းထားရသော်လည်း အန္တရာယ်ကိုတော့ စိုးရိမ်မိသည်။ ထို့ကြောင့်



ခြေလှမ်းကို ခပ်သွက်သွက်လှမ်းကာ တက်လာသည်။ သို့သော် လှေကား ထိပ်သို့ ရောက်ချိန်ထိ ဘယ်လိုပစ္စည်းမျိုးမှ လိမ့်ကျမလာတော့ပေ။ သို့သော် အန္တရာယ်နှင့် တစ်ကြိမ်ကြုံပြီးပြီမို့ သတိကြီးစွာတော့ ထား နေမိသည်။ အခန်းများကို ဓာတ်မီးဖြင့် ဟိုဟိုဒီဒီ ထိုးကြည့်မိသည်။ ဘာအရိပ်မှထပ်မတွေ့ရချေ။ သို့သော် ဘယ်ကများ ဘယ်လိုပုံစံမျိုးနှင့် ထပ်ပေါ်လာဦးမလဲဆိုသော စိုးရိမ်စိတ်က ရင်တစ်ခုလုံး ပြောင်းဆန်အောင် မွှေနှောက်နေတော့သည်။

ဓာတ်မီးနှင့်ထိုးလိုက်တိုင်း အလင်းရောင်ကျရောက်သောနေရာ သည် ပကတိတည်ငြိမ်နေ၏။ ထိုအချက်ကို သူ မကြိုက်ပေ။ သမားရိုးကျ မဟုတ်ဘူးဟု ထင်သည်။ သို့သော်လည်း မဖြစ်သေးသောအရာကို တွေး ပူပြီး ကြောက်ရွံ့နေဖို့ အချိန်မရချေ။ ထို့ကြောင့် ဘုရားခန်းကိုဖြတ်ပြီး ပလက်စတစ်ကော်ရုပ်များထားရာ အခန်းဘက်သို့ကူးလာ၏။ ထိုအခန်း ထဲတွင် အရုပ်များကို ပိတ်ဖြူဖြင့်အုပ်ထားမှန်းသိသော်လည်း အလိုလို ကြောက်လာမိသည်။

အရင်တစ်ခါ ဤအခန်းထဲ သူရောက်လာစဉ်က ထိုပိတ်ဖြူစ များကို အားလုံးဆွဲခွာပြီး အရုပ်အတိုင်းထားခဲ့သည်။ သို့သော် ယခုမူကား အရုပ်အားလုံးကို ပိတ်ဖြူဖြင့်ပြန်အုပ်ထားပြန်သည်။

မှီမှီ၊ စိုစိုနှင့်ဖိုးဖိုးတို့သည် ဤပိတ်ဖြူစများကိုစနစ်တကျ ပြန်အုပ် ရလောက်ထိ အရပ်မရှည်ကြပေ။ အရပ်ရှည်သည်ထားဦး ကလေးတွေက ဒါတွေလုပ်မည့်ပုံမပေါ်ပေ။

ဘယ်သူလဲ၊ ဒေါင်းဖန်ဝါလား၊ မဖြစ်နိုင်ပါ၊ ဒေါင်းဖန်ဝါက

www.burmeseclassic.com



သူ့အိမ်တွင် နေခွင့်တောင်းခဲ့ပြီးသား။ ဒါဆို ဒေါ်ငွေမိုး၊ သူစဉ်းစားနေသော အချိန်တွင် ပိတ်ဖြူအုပ်အရုပ်ကြီးသည် သူ့ထံတိုးကပ်လာသည်ဟု ခံစား ရသည်။

"ဘာလဲ ... ဘာကြီးလဲ"

သူ့ထံတွင် စဉ်းစားချိန် များများစားစားမရှိချေ။ ထို့ကြောင့် အသင့်အနေအထားဖြင့် ရင်ဆိုင်ရန်ပြင်ဆင်ထားလိုက်၏။ တရွေ့ရွေ့တိုးကပ် လာသော ပိတ်ဖြူအုပ်ကြီးကိုကြည့်သည်။ ယောကျ်ားအားနှင့်မိန်းမအား ဘာကိုမှ ကြောက်နေစရာအကြောင်း မရှိချေ။ ထို့ကြောင့် ကိုင်ထားသော ဓာတ်မီးကို တင်းနေအောင် ဆုတ်ထားလိုက်မိသည်။

အရုပ်ကြီးသည် သူ့ထံတဖြည်းဖြည်း တိုးကပ်လာသည်။ နွေး သောနှုန်းကို သူ့စိတ်ကတွက်ချေကိုက်မိသည်။ သူနှင့်အရုပ်ကြီး လက်တစ်ကမ်းအလိုတွင် သူကရှိသမျှအားကိုစုကာ ပိတ်ဖြူစကိုဆွဲခွာပြီး ဓာတ်မီးကို လေထဲ မြှောက်လိုက်သောအခါ ...

"ဟင်"

အရိုးဖွဲ့စည်းပုံကိုပြထားသော အရုပ်ကြီးဖြစ်သည်။ ဘယ်လိုဖြစ်နေ တာလဲ။ ဘယ်လိုဖြစ်လို့ အရုပ်က သူ့နားရောက်လာရတာလဲ။

"ဒေါ်ငွေမိုး ... ခင်ဗျားဘယ်မှာလဲ။ ခင်ဗျားသတ္တိရှိရင် ထွက်လာခဲ့ပါ"

သူ၏စိန်ခေါ်သံသည် အခန်းထဲလိုက်သံပါသွားသည်။ ဘယ်က များ ထွက်ပေါ်လာမလဲဆိုပြီး ဟိုဟိုဒီဒီရှာကြည့်သော်လည်း မတွေ့ပေ။ ထို့ကြောင့် အရုပ်များအားလုံးကို တွန်းလှဲပစ်လိုက်၏။ အရုပ်များအားလုံး





ပြိုကျသွားသောအခါမှ သူ့မြင်ကွင်းသည် ရှင်းသွားသည်။ ဒေါ်ငွေမိုးမရှိပေ။

အကောင်လုံးမမြင်ရဘဲ နှောင့်ယှက်ခံနေရခြင်းအပေါ် ခံပြင်း သွားမိ၏။ စိတ်ထဲရှိသည့်အတိုင်းသာဆိုလျှင် အေး၊ ငါကသာရဲမ၊ ငါဖြစ်ချင် နေတာက ဘာဆိုပြီးတည့်တည့်သာ ရှင်းပစ်ချင်တော့၏။

"ဇေနှ ... ရှင် ဒီအိမ်ထဲကထွက်သွားပါတော့"

ဒေါ်ဝင်းဖန်ဝါ၏ အသံဖြစ်သည်။ သို့သော် ဒေါ်ဝင်းဖန်ဝါကိုမူ မတွေ့ရချေ။

"မသွားဘူး ဒေါ်ဝင်းဖန်ဝါ။ သူ ငါ့ကို ဒီလောက်ထိတားဆီးနေ တဲ့ အကြောင်းအရင်းကို ငါ မသိရမချင်းမသွားနိုင်ဘူး"

"မဟုတ်ဘူး ဇေနှ။ ရှင်သွားတော့ မသွားရင်ရှင်ဒုက္ခရောက် သိမ့်မယ်"

"မသွားဘူး ဒေါ်ဝင်းဖန်ဝါ။ ငါမသွားဘူး၊ အရင်ကလည်း ဒီလို အူးဆန်းမှုမျိုး ငါဒီအခန်းထဲမှာကြုံခဲ့ဖူးတယ်"

"အဲ့ဒီတုန်းက ကျွန်မနဲ့ဆုံခဲ့လို့ ရှင်ဘာမှမဖြစ်ခဲ့ပေမယ့် အခုတော့ မရဘူး။ ရှင်တစ်ခုခုဖြစ်လိမ့်မယ်"

"မသွားဘူး ဒေါ်ဝင်းဖန်ဝါ။ ဒီအခြေအနေထိတောင် ရောက်လာ ပြီးမှတော့ ငါမြေတိုက်ခန်းကိုဝင်ကြည့်မယ်။ ပဟေဠိကိုငါဖြေရှင်းမယ်"

"ရှင် ဒုက္ခဖြစ်လိမ့်မယ် ဇေနှ"

"မင်းရှိနေတာပဲ။ ငါ့နားမှာမင်းရှိနေသရွေ့ ငါက ဘာမှမဖြစ်နိုင် ပါဘူးကွာ ဟုတ်လား"

ဇေနှသည်အားရှိသွားသောပုံဖြင့် အရုပ်များအားလုံးကို တွန်းဖယ်



www.burmeseclassic.com

www.burmeseclassic.com



ကာ လမ်းရှင်းလိုက်သည်။ ကြောင်လိမ်လှေကားရှိရာအပေါက်မှ ဂလန့်ကို ဖြုတ်လိုက်သော်လည်း ထိုအပေါက်သည် အလွယ်တကူ ပွင့်မသွားချေ။

တစ်စုံတစ်ယောက် ဝင်နှောက်နေသည်ကို သူကောင်းကောင်း ရိပ်မိသည်။ ထို့ကြောင့် သူ အားစိုက်မှုဖြစ်လိမ့်မည်။ ထို့ကြောင့် ခြေလှမ်းကို နောက်ဆုတ်ထွက်ခွာ သွားသည်။ ခုနစ်လှမ်းမျှ နောက်ဆုတ်ပြီးချိန်တွင် တံခါးကို ကိုယ်နှင့်တိုက်ဖွင့်မည်ဆိုသော ရည်ရွယ်ချက်မြင်သော်လည်း အရှိန်နှင့်သူပြေးလာသောအခါ တံခါးချပ်သည်တစ်စုံတစ်ယောက် တွန်းဖွင့်လိုက်သလို ဝုန်းခနဲပွင့်သွား၏။

ကိုယ်ရှိန်ကိုမထိန်းနိုင်တော့ပေ။ သွားပြီဆိုတာကိုသိလိုက်သော်လည်း အသိနောက်ကျသွားပြီ ဖြစ်၏။ သူ နောက်ဆုံးသိလိုက်သည်က သူ့ခြေထောက် ခွေခေါက်သွားခြင်းဖြစ်ပြီး ကြားလိုက်ရသောအသံများသည် ဘုန်း၊ ဘွမ်၊ အုန်း၊ ဂွမ်းနှင့်ဆူညံ၍နေလေတော့သည်။





ရေစက်ရေမှုန်လေးများ သူ့မျက်နှာပေါ်သို့ကျရောက်လာသည်။ ထွက်လေကပူနေသော်လည်း ဝင်လေသည်အေးနေသလို ခံစားရသည်။ သို့သော် သန့်ရှင်းသောလေကိုရှူရှိုက်လိုက်ရသလို ရင်ထဲမှာ ရှင်းမသွားပေ။ သူရှူမိနေသည်က စိမ်းရှွင်ရှွင်ရနံ့တစ်ခုဖြစ်သည်။ သူမျက်လုံးကို အားယူကာ ဖွင့်ကြည့်လိုက်သည်။

သူ ပထမဆုံးမြင်လိုက်ရသည်က ခပ်ဖြူဖြူမျက်နှာကျက်တစ်ခု၊ နောက် အေးစက်စက်အထိအတွေ့တစ်ခု။

"ရှင် နိုးလာပြီလား"

ဒေါ်ဝင်းဖန်ဝါ၏အသံ။

သူ အထိတ်တလန့်ပင် ငုတ်တုတ်ထိုင်လိုက်မိသည်။ ဒေါ်ဝင်းဖန်ဝါသည် သူ့ဘေးတွင်ကျုံ့ကျုံ့လေးထိုင်နေရှာသည်။

"ငါ ... ငါ ဘယ်နေရာရောက်နေတာလဲ"

ပတ်ဝန်းကျင်ကိုကြည့်လိုက်သောအခါ ထိုမေးခွန်းကို သူမမေးဘဲ မနေနိုင်တော့။ အခန်းသည် မှောင်သည်ဆိုသော်လည်း ဓာတ်မီးရောင်ကြောင့် ခုတင်ခပ်မြင့်မြင့်ပေါ်တင်ထားသော အခေါင်းနှစ်လောင်းကို မြင်လိုက်ရသည်။ အခန်းရနံ့သည် ဆိုးသည်။ နေရင်းထိုင်ရင်းပင် အသက်ရှူမဝသလို ခံစားရ၏။

www.burmeseclassic.com



"ရှင် မြေအောက်ခန်းရောက်နေတာ"

"မြေအောက်ခန်း ဟုတ်လား"

သူ၏ဦးတည်ရာသည် မြေအောက်ခန်းဖြစ်သည်။ အမှန်က သူလှေကားပေါ်မှ ပြုတ်ကျလာခြင်းဖြစ်၏။ ဘယ်က ဘယ်လိုမြေအောက်ခန်းထဲရောက်နေတာလဲ။

"ဒီနံရံကိုဆောင့်ကျမိရင် တံခါးပွင့်လိမ့်မယ်လို့ ကျွန်မမထင်ခဲ့ဘူး"

"ဘယ်လို ... ဒေါင်းဖန်ဝါ ဘယ်လို"

"ရှင် ဒေါ်ငွေမိုးကြောင့် လှေကားပေါ်ကပြုတ်ကျလာတယ်။ အရှိန်ကြောင့်ဒီနံရံကို ရှင့်ကိုယ်နဲ့ရိုက်မိပြီး နံရံကြီးပွင့်ပြီးအခုလို အထဲကိုရောက်နေတာပဲ"

"ဒေါ်ငွေမိုးရော။ သူ ... သူ ဘယ်မှာလဲ"

"သူ မရှိဘူး။ ထွက်သွားပြီ"

"အပြီးအပိုင်ထွက်သွားတာလား"

"ဟင့်အင်း ... ဒါတော့ကျွန်မ မသိဘူး။ ကျွန်မထင်တာကတော့ ဒေါ်ငွေမိုးဟာ အဲ့ဒီလိုလွယ်လွယ်နဲ့ လက်လျှော့သွားမယ့် လူမျိုးမဟုတ်ဘူး"

"ဒါ ... ဒါတွေကရော"

သူ စိတ်ဝင်တစားပင် ခေါင်းတလားနှစ်ခုကို ကြည့်သည်။ ပြီးနောက် ခေါင်းတလား၏အပေါ်မှာ ပိတ်ဖြူကိုလှန်လိုက်သည်။

"ဟင်"

ဒေါင်းဖန်ဝါ၊ ဒေါင်းဖန်ဝါသည် ခေါင်းတလားထဲတွင် ရှိနေသည်။ သို့သော် အဝတ်အစားတွေ ဝတ်ဆင်ထားခြင်းမရှိ၊ ကိုယ်လုံးတည်းအနေ





အထားနှင့် ဖြစ်၏။

"ဒေါင်းဖန်ဝါ ... မင်း"

သူကိုယ်ထဲတွင်ကြောက်စိတ်ဟူ၍ မြူမှုန်မျှပင်မရှိပေ။ ဒေါင်းန်ဝါကို လူစင်စစ်ဖြစ်စေချင်စိတ်သာ ရှိသည်။ သူကြားခဲ့ဖူးသည်ကာညာဉ်နှင့် ခန္ဓာကိုယ်တို့ဆုံတွေ့လျှင် ဝိညာဉ်သည် ခန္ဓာကိုယ်ထဲပြန်ဝင်ပါကအသက်ပြန် ရှင်နိုင်တယ်ဟူ၍ ဖြစ်သည်။

"ဟုတ်တယ် ဇေနု။ အဲဒါ ကျွန်မပဲ။ ကျွန်မရဲ့ခန္ဓာကာဗီအထဲမှာနေလို့ ကျွန်မ ခုချိန်ထိ ဒီကမခွာနိုင်တာပဲ။ မြေအောက်ခန်းထဲမှာနေမှန်းသိပေမယ့် ဒီအခန်းတံခါးကို နှစ်ပေါင်းများစွာကြာတဲ့ထိ ကျွန်မင့်မရခဲ့ဘူး"

သူရင်ထဲ ဝမ်းနည်းလာသလို ခံစားရသည်။ ဒေါင်းဖန်ဝါကိုက်နှာချင်းဆိုင် ကြည့်လိုက်ချင်သော်လည်း မကြည့်ရဲပေ။ ခုနေချိန်ဒေါင်းဖန်ဝါကို သူကြည့်မိပါက သူမျက်ရည်ကို သူထိန်းချုပ်နိုင်တော့မည်ဟုတ်ပေ။

"ကျေးဇူးတင်ပါတယ် ဇေနု။ နည်းနည်းကမောက်ကမနိုင်ခဲ့ပေမဲ့လို ကူညီပေးတာ ကျေးဇူးတင်ပါတယ်"

"မတင်ပါနဲ့ ဒေါင်းဖန်ဝါ။ တကယ်တော့ မင်းကိုငါ မယုံခဲ့ပါဘူး၊ ါမှာဖြစ်နေတဲ့ပဟေဠိကို ငါကဖြေရှင်းရုံပါ။ ဒါကြောင့် ငါ့ကိုကျေးဇူးတင်ပါနဲ့"

"ဒါပေမဲ့ ရှင်ကူညီခဲ့တာပဲလေ"

"မသိတော့ပါဘူး ဒေါင်းဖန်ဝါရယ်။ ငါဘာတွေဖြစ်နေသလဲ။

www.burmeseclassic.com



ဘာတွေကြုံကြိုက်နေသလဲဆိုတာ ငါ့ကိုယ်ငါတောင်နားမလည်နိုင်တော့ပါဘူး။ အခု ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ငါမသိဘူး။ ငါ ဘာတွေလုပ်မိနေသလဲဆိုတာ ငါမသိဘူး။ ငါ့စိတ်တွေဂယောက်ဂယက်နဲ့ ငါ့ကိုယ်ငါတောင်သိဖို့ ခက်နေတယ်။ ရှုပ်နေတဲ့ငါ့စိတ်ကို ဘယ်လိုရှင်းလင်းရမလဲမသိဘူး"

"ရှင့်ကို ကျွန်မ နားလည်ပါတယ်။ ကျွန်မလည်း အဲဒီလိုခံစားခဲ့ရဖူးပါတယ်။ ကဲ ... ရှုပ်နေတဲ့ရှင့်စိတ်တွေကို ရှင်းဖို့ ဟိုအစလေးလှန်လိုက်ပါ"

"ဘာလို့လဲ"

"လက်တွေ့မကျဘဲ ကျွန်မက တစ်ခုခုပြောနေရင် ရှင်မယုံမှာစိုးလို့ပါ"

ဒေါင်းဖန်ဝါသည် တစ်ခုခုကို လျှို့ဝှက်ထားပုံမျိုးဖြင့် ဆက်ပြောသည်။ ထိုလျှို့ဝှက်ချက်ကိုသိချင်သော သူကပိတ်ဖြူစကို လှန်လိုက်သည်။

"ဟင် ... ဒါ ... ဒါ ပါးမို့မို့"

"သူက ဥဒါန်းခင်ပါ။ ဖေနှ"

"ဥဒါန်းခင် ဟုတ်လား"

မျက်နှာပေါက်နှင့် အချိုးအဆစ်သာတူသော်လည်း အသွင်အပြင်က ခြားနား၏။ ခေါင်းတလားထဲမှ ဥဒါန်းခင်သည်ဆံပင်အနက်ရောင်ဖြစ်ပြီး အရပ်အနည်းငယ်ရှည်ပုံရသည်။

"ဟင် ... ဒါ ... ဒါ"

ကိုယ်လုံးတည်းဖြစ်နေသော မိန်းမတစ်ဦး၏ခန္ဓာကို လှ





ဘစ်ယောက်ဖြစ်သောသူက ကြည့်ရမှာ ရှက်သည်။ သို့သော် အမှတ်တမဲ့မြင်လိုက်သည်က ရင်ဘတ်မှ ချုပ်ရိုးကြောင်းဖြစ်သည်။ ဒုတိယအကြိမ်သူမကြည့်ဘဲမနေနိုင်လောက်အောင် ဖုံ့အားသင့်သွားသည်။

"ဒါက ... ဒါ"

ဥဒါန်းခင်က ပါးမို့မို့နှင့်တူသည်ဟု ပါးမို့မို့ပြောခဲ့ဖူးသည်။ ထို့ကြောင့် ဖုံ့အားသင့်ခြင်းကို အဆုံးသတ်လိုက်နိုင်သော်လည်း ရင်ဘတ်မှ ချုပ်ကြောင်းရာကြီးကို မဖုံ့ဩဘဲမနေနိုင်ပါ။

"ဒီအခန်းက ဆရာကြီး သုတေသနပြုရင်း စာရေးမှတ်တမ်းတင်တဲ့ အခန်းလို့ ဥဒါန်းခင်ပြောပြတယ်"

"ဒေါင်းဖန်ဝါ ... မင်း အသက်ပြန်မရှင်ချင်ဘူးလား"

"ရှင်"

"မင်းရဲ့ခန္ဓာကို မင်းမြင်နေရတာပဲ။ ဝင်လိုက်စမ်းပါကွာ။ ဝင်လိုက်စမ်းပါ။ မင်းခန္ဓာကိုယ်ထဲ မင်းပြန်ဝင်လိုက်စမ်းပါ"

"ရှင်က ကျွန်မကို အသက်ပြန်ရှင်စေချင်လို့လား"

သူ ခေါင်းညိတ်ပြသည်။ တစ်ကြိမ်တည်းမဟုတ်ပေ။ အကြိမ်ကြိမ်အခါခါဖြစ်၏။

"ဒါပေမဲ့ ကျွန်မဘယ်တော့မှ အသက်ပြန်ရှင်နိုင်တော့မှာ မဟုတ်ဘူး"

"ဘာလို့လဲ"

"ကျွန်မက သေဆုံးပြီးသားလူ ဖြစ်နေလို့ပါ"

"မင်းက ဘယ်သူလဲ ဒေါင်းဖန်ဝါ။ ပါးမို့မို့က မင်းရဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို မသိဘူး။ မင်း ဒီမိသားစုဝင်မှဟုတ်ရဲ့လား"

"မဟုတ်ဘူး။ ကျွန်မမှာ မိသားစုမရှိဘူး"

ထပ်မံ၍ အံ့ဩသွားပြန်သည်။

"ကျွန်မအမေက အကြော်ရောင်းတယ်။ အမေက အသက်ရှုကျပ်လို့ ဆေးရုံတင်ရတယ်။ အမေ့ကိုကုသစရိတ်မရှိလို့ ကျွန်မ ဒုက္ခဖြစ်ခဲ့တယ်။ ငွေက အမေ့ကို အနိုင်ယူသွားတယ်။ အမေဆုံးတော့ ကျွန်မမှာနေစရာ မရှိဘူး။ အမျိုးတွေကလည်း ကျွန်မကို လက်မခံချင်ကြဘူး။ ဒါကြောင့် ကျွန်မ အိမ်အကူလုပ်ခဲ့တယ်။ မြတ်ကိုကိုနဲ့ကျွန်မ ချစ်ကြိုက်ကြတယ်"

"မြတ်ကိုကို ဟုတ်လား"

"အိမ်ကြီးရှင်ရဲ့ တစ်ဦးတည်းသောသားပေါ့"

သမားရိုးကျဇာတ်လမ်း ဖြစ်သည်။ အိုးချင်းထား အိုးချင်းထိခဲ့သော ဖြစ်မည်။

"ကျွန်မ ကိုမြတ်ကိုအားကိုးခဲ့တယ်။ ကိုမြတ်က တည်ကြည်တဲ့ ယောကျ်ားတစ်ယောက်ပါ။ ပြီးတော့ လိမ္မာတယ်"

ဒေါင်းဖန်ဝါက ထိုသို့ ပြောပြရုံမျှဖြင့် သူသဘောပေါက်လိုက်ပါပြီ။ မြတ်ကိုကိုသည် အင်မတန် ယဉ်ကျေးသော လူဖြစ်သည်။

"ကျွန်မက သူ့ကိုအားကိုးခဲ့တယ်။ ဒါပေမဲ့ သူ့ကိုသူ့အမေက နိုင်ငံခြားပို့လိုက်တယ်။ သူက ပြန်လာမယ်လို့ကတိတွေ အထပ်ထပ် ပေးသွားပေမယ့် ပြန်မလာတော့ဘူး။ ကျွန်မရဲ့ကိုယ်ဝန်ကလည်း တစ်နေ့ တခြား သိသာလာတယ်"





"ကိုယ်ဝန် ဟုတ်လား၊ ဒေါင်းဖန်ဝါ"

"အနှိမ်ခံဘဝနဲ့နေရဦးတော့ ကျွန်မရဲ့ကလေး သူ့အဖေလက်ထဲ ရောက်သွားမယ်ဆိုရင် ကျွန်မ ကျေနပ်ပါတယ်။ ဒါပေမဲ့ သူတို့က ဒီလို မဟုတ်ဘူး။ ကျွန်မရဲ့ရင်သွေးကို လူ့လောကထဲ ရောက်ခွင့်မပေးဘူး"

ဤစကားကို ကြားရသောအခါ သူ့ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ ဒါဆို ဒေါင်းဖန်ဝါရဲ့ကလေးကို သူတို့။

"သူတို့မျိုးရိုးထဲ အိမ်ဖော်ရဲ့သွေးကို အဝင်မခံဘူးလို့ ပြောနေသံ ကြားခဲ့တယ်။ ကျွန်မကို ကိုယ်ဝန်ဖျက်ချလိုက်ပါလို့ ပြောလို့မရတဲ့ အခြေအနေကိုလည်း ရောက်နေတယ်။ သူတို့သိသွားတဲ့အချိန်မှာ ကျွန်မ ကိုယ်ဝန်က ခြောက်လကျော်နေပြီ"

"အဲတော့ မင်းက မြတ်ကိုကိုကို အကြောင်းမကြားဘူးလား"

"သူ ဘယ်နိုင်ငံမှာရှိမှန်းတောင် ကျွန်မ မသိပါဘူး။ သိဦးတော့ ကျွန်မ ဘယ်လိုအကြောင်းကြားရမလဲ"

"အဲ့ဒီတော့ မင်းကလေးကိုဘယ်လိုမွေးခဲ့သလဲ"

"ဝမ်းဆွဲလက်သည်နဲ့မွေးလာတဲ့ကလေးကို သတ်ပစ်ဖို့ပြောနေသံကို ကျွန်မ မထင်မှတ်ဘဲကြားသွားတယ်"

"ဘုရား ... ဘုရား အတော်ရက်စက်တဲ့ လူမျိုးတွေပါလား။ လူမမယ်ကလေးငယ်ကို သူတို့မှိုသတ်ပစ်ဖို့ ကြံစည်ရက်ပါတယ်။ ဘယ်လို လူတွေလဲ"

"ကျွန်မအသက်ရှင်နေသ၍ ကျွန်မကလေးကို ကျွန်မ ကာကွယ်ချင်တယ်။ ဒါကြောင့် ကျွန်မထွက်ပြေးပြီး မြို့စွန်မှာပုန်းနေတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ သူတို့ကျွန်မကို ရှာတွေ့သွားတယ်"

အံ့အားသင့်သွားသည်။ သူတို့ဆိုတာက ဦးဘုန်းရောင်တို့မိသားစုများလား။ ဆရာဝန်ကြီးက ဒေါင်းဖန်ဝါကို သတ်ပစ်လိုက်တာလား။ မဖြစ်နိုင်ပါ။ ဆရာဝန်တစ်ယောက်က ဤသို့ကြမ်းတမ်းတဲ့အတွေးမျိုး မတွေးနိုင်လောက်ဘူးဟု ထင်သည်။

"ကျွန်မ ထွက်ပြေးတယ်။ ဒါပေမဲ့ သူတို့က ကျွန်မနောက်ကို လိုက်ကြတယ်။ ဒါပေမဲ့ ကျွန်မ ဆရာကြီးရှိတဲ့ ဒီအိမ်ကိုရောက်လာခဲ့တယ်"

အဘဦးနီပြောသော တိုညကရပ်ကွက်ထဲ ဆူညံဆူညံဖြစ်ခဲ့တယ် ဆိုသောစကားကို ကြားယောင်မိသည်။ ဒေါင်းဖန်ဝါကိုလိုက်နေသော လူအုပ်ကြီးများလား။

သူ့ကိုငေးကြည့်ပြီး ဆွေးဆွေးလေးပြောနေရှာသော ဒေါင်းဖန်ဝါကို သူ ဘယ်လိုနှလုံးသားမျိုးနှင့် ပြန်ကြည့်ရမလဲဆိုတာ မသိနိုင်တော့။ ရင်ထဲ၌လည်း မြတ်ကိုကိုတို့ မိသားစုအပေါ်မုန်းတီးစိတ်များ ဖြစ်မိသည်။

"ကျွန်မအတိတ်က ကံဆိုးခဲ့ပါသည်။ ဒါပေမဲ့ ကျွန်မသမီးလေးတော့ ကံကောင်းလိမ့်မယ်လို့ထင်တယ်"

"မင်းက ဘယ်လိုလုပ်၊ ဘယ်လိုလုပ် ဒီမှာ"

မင်က ဘာလို့ဒီခေါင်းတလားထဲ ရောက်နေတာလဲ။ မင်း့ သမီးကရော ဘယ်မှာလဲဟုအားပါးတရ မေးခွန်းထုတ်ချင်သော်လည်း သူ့အသံထွက်မလာတော့ပေ။ သူ့ရင်ထဲဆို့နစ် ကြေကွဲနေသည်။

"အဲ့ဒီညက မိုးတွေ အရမ်းကို သည်းသည်းထန်ထန်ကို ရွာသည်။ လမ်းတွေကိုလည်း မမြင်ရဘူး။ ကျွန်မလည်း ကြောက်လန့်တကြား



ခြေဦးတည့်ရာ ထွက်ပြေးတာပါပဲ။ ကျွန်မရဲ့ဗိုက်ထဲက ကလေးကလည်း လှုပ်နေတယ်။ ကျွန်မအကူအညီရမှ ဖြစ်တော့မှာပါ။ အဲ့ဒီအချိန်မှာ ကျွန်မဆရာကြီးရဲ့ အိမ်ပေါက်ဝကို ရောက်လာတယ်။ အိမ်ထဲကိုတောင် ကျွန်မ မဝင်ခဲ့ရပါဘူး"

"ဒါ ... ဒါဆို မင်းရဲ့ကလေး"

"သူ့ရဲ့ငိုသံကို ကျွန်မ နောက်ဆုံးကြားလိုက်ရတာပါ"

ဘယ်တော့မှ ပြန်မရနိုင်တဲ့အရာကို လက်လွှတ်လိုက်ရသလို အဆုံးရှုံးကြီးရှုံးလိုက်ရသည်ဟု ခံစားရသည်။ သူ့ရင်ထဲမှ ကလီစာတစ်ခုခုကို ဆွဲနှုတ်ယူသွားသလို ခံစားရသည်။

"ကျွန်မက အဖြည့်ခံသက်သက်ပါ။ ကျွန်မဘယ်တုန်းကမှ ကံမကောင်းခဲ့ဖူးဘူး။ ဒါကြောင့် ဘဝကိုအပြည့်စုံဆုံးတည်ဆောက်ဖို့ စိတ်ကူးရှိခဲ့တယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ ဒါပေမဲ့ ကလေးနဲ့ပဲ ကျွန်မ လောကဒဏ်ကို ရင်ဆိုင်ဖို့အားမွေးခဲ့ပါတယ်။ ဒါပေမဲ့လည်း မအောင်မြင်ခဲ့ဘူး။ ဒါပေမဲ့ သမီးပဲအဆင်ပြေသွားရင် ကျေနပ်ပါပြီဆိုတဲ့ အတွေးနဲ့ နေခဲ့ပေမဲ့ ကျွန်မသမီး ဘယ်ရောက်သွားသလဲဆိုတာ ကျွန်မမသိဘူး"

"ငါ မင်းရဲ့သမီးကို ရှာပေးပါ့မယ်။ ဒေါင်းဖန်ဝါ မင်းစိတ်မပူပါနဲ့။ ငါက မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပါ့မယ်"

"ရှင် တကယ်ပြောတာလား ဇေနု"

"တကယ်ပါ။ မပြည့်စုံတဲ့မင်းရဲ့ဆန္ဒကို ငါဖြည့်ဆည်းပေးပါ့မယ်။ ငါကတိပေးပါတယ်။ မင်းက ငါ့ကို တစ်ခုတော့ပြန်လုပ်ပေးပါ"

"ပြောပါ ဇေနု။ ကျွန်မဘာလုပ်ပေးရမလဲ"

ရှုမဝသော

www.burmeseclassic.com

www.burmeseclassic.com



"မင်းခန္ဓာကိုယ်ထဲ မင်းပြန်ဝင်ပါ။ လှပတဲ့သဘာဝတရား မင်းခံစားပါဦး။ လှပတဲ့ဘဝကိုမင်းလက်ဝယ်ရရှိအောင် လုပ်ပါဦး။ ငါက မင်းကိုလှတဲ့ဘဝမျိုး ဖန်တီးပေးချင်တယ်"

သူ့စကားက နိုးရိုးလေးဆိုသော်လည်း ဒေါင်းဖန်ဝါ၏မျက်လုံး မျက်ရည်တွေ အိုင်ထွန်းလာသည်။

"ဘာလို့လဲ ဒေါင်းဖန်ဝါရယ်၊ မငိုပါနဲ့၊ မင်းမငိုလိုက်ပါနဲ့"

"ဒါပေမဲ့ ကျွန်မ ဝင်လို့မရတော့ဘူး။ ကျွန်မခန္ဓာကိုယ် ကျွန်မကို လက်မခံတော့ဘူး"

"ဘာလို့လဲ"

"ကျွန်မရဲ့ ရင်ဘတ်ကဉဒါန်းခင်ရဲ့ ရင်ဘတ်ထဲရောက်နေပြီ"

"ဘာ"

သူအံ့အားသင့်သွားသည်။ ထိုအခါမှ ဒေါင်းဖန်ဝါ၏ရုပ်အလောင်း ကို သေသေချာချာကြည့်မိတော့၏။ မှန်သည်။ ဒေါင်းဖန်ဝါ၏ရင်ဘတ်တွင် ချုပ်ကြောင်းရာကြီး ရှိနေသည်။

"ဟာ ... ကွာ"

"ကျွန်မရဲ့သမီးကို ရှာပေးမယ်ဆိုရင်ပဲ ကျွန်မကျေနပ်ပါပြီ"

နှုတ်ဖြောမိသည်။ သူသာ မြတ်ကိုကိုရဲ့အရင် ဒေါင်းဖန်ဝါကိုတွေ့ ပါက ဒေါင်းဖန်ဝါသည် ဤဒုက္ခတွေကို ခံစားစရာအကြောင်းမရှိပေ အခုတော့ ဒေါင်းဖန်ဝါက ဒုက္ခမျိုးစုံဖြင့်။

"ဟိုစာအုပ်ကို ရှင်ဖတ်လိုက်ရင်တော့ ရှင် အရာရာနားလည်သွား လိမ့်မယ်လို့ ထင်တယ်။ စာအုပ်က အင်္ဂလိပ်လိုရေးထားတော့ ကျွန်



မသိဘူး"

ထိုသို့ဆိုသောအခါ သူကစားပွဲပေါ်မှစာအုပ်ကို ဆွဲလှန်လိုက် သည်။ ရှုပ်နေသောအရေးအသားကို သူတွေ့ရသည်။ အချို့စာလုံးများကို သူနားမလည်ပေ။ ဆေးပညာအခေါ်အဝေါ်များဟုထင်သည်။ သူနားမလည် သော စာကြောင်းများကို သူဖတ်မိ၏။

အံ့အားသင့်သွားသည်။ လောကမှာ ထိုသို့လူမျိုးရောရှိနေပါလား ဟု မယုံနိုင်အောင်ဖြစ်ရသည်။ သေသွားတဲ့ကိုယ့်သမီးအသက်ရှင်ဖို့ အခြား အမျိုးသမီးရဲ့ကိုယ်တွင်းမှ ကလီစာတွကို ဖောက်ယူသည် ဆိုပါလား။ ရက်စက်လိုက်တာ။ ကလီစာတွေဖောက်ယူပြီး စက်ပစ္စည်းတစ်လုံးလုံး ပြောင်းလဲတပ်ဆင်သည်တဲ့ ရက်စက်လိုက်တာ။

ဒါတင်မကသေးဘဲ အိမ်ကြီးမှာနေထိုင်ပြီး ဉဒါန်းခင်ကို စောင့် ရှောက်ဖို့တောင် ဒေါင်းဖန်ဝါကို အမိန့်ပေးခဲ့သည်တဲ့။ ရက်စက်လိုက်တာ။ ဒါကြောင့် ဒေါင်းဖန်ဝါက ဤအိမ်ကြီးထဲ ခုချိန်ထိရှိနေခဲ့တာပေါ့။ သို့သော် ဒေါင်းဖန်ဝါ၏စကားအရ ဉဒါန်းခင် ထွက်သွားသည်။ ဘယ်လိုလုပ်။

"ဘာတွေရေးထားလို့လဲ ဇေန"

"ဘာ ... ဘာ ... ဘာမှမဟုတ်ပါဘူး။ သူ့ဆေးပညာမှတ်တမ်း တွေပါ"

မယုတ်မလွန်လေး ဖြေလိုက်ရသည်။ ဉဒါန်းခင် အသက်ရှင် အောင်ကြိုးစားဖို့အတွက် မင်းရဲ့ခန္ဓာကိုယ်ကို အဲ့ဒီလူကြီးက ဖောက်ခဲ့သည် ဟု သူပြောမထွက်ပေ။

"ဆရာကြီးကို ကျွန်မ နားလည်ပါတယ်။ ကျွန်မမိခင်ဖြစ်လာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမှာ သားသမီးကို ကာကွယ်ချင်တဲ့မိခင်ရဲ့စိတ်ကို နားလည်လာတယ်။ ကျွန်မမြတ်ကိုကိုတို့ မိသားစုကို မမုန်းပါဘူး။ ကျွန်မဆန္ဒကသမီးကို ကိုမြတ် ... အဲ ... မြတ်ကိုကိုနဲ့ တွေ့ပေးချင်ရုံလေးပါ။ သူ့အချစ်ကို ကျွန်မယုံတယ်။ သူ သမီးကို သေချာပေါက်ကြိုဆိုနေမှာပါ"

"စိတ်ချပါ ဒေါင်းဖန်ဝါ။ ငါမင်းရဲ့ဆန္ဒကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖြည့်ဆည်းပေးပါ့မယ်"

ဒေါင်းဖန်ဝါသည် မျက်ရည်များကြားမှ သူ့အား ပြုံးပြနေလေသည်။ ဒေါင်းဖန်ဝါ၏မျက်ရည်များကို သူက ကြင်နာစွာသုတ်ပေးချင်သည်။ သို့သော် ဆန္ဒကို သိက္ခာနှင့် ထိန်းချုပ်ထားလိုက်၏။

"ရှင် ဝမ်းမနည်းပါနဲ့ နော်။ ရှင် ဝမ်းမနည်းပါနဲ့။ ကျွန်မကြောင့် တစ်စုံတစ်ယောက်စိတ်ထိခိုက်မှာမို့ကို ကျွန်မ မလိုချင်လို့ပါ။ ရှင် ဝမ်းမနည်းပါနဲ့နော်"

"ငါ ငါ မင်းအတွက် ဘာလုပ်ပေးရမှန်းတောင် မသိတော့ပါဘူး"

"ရှင် အများကြီးလုပ်ပေးခဲ့ပြီးပါပြီ"

ဒေါင်းဖန်ဝါကို သူစိုက်ကြည့်နေဖြစ်သည်။ အရောင်ဖျော့ဖျော့နေသော ဒေါင်းဖန်ဝါ၏မျက်လုံးများသည် လောဘနည်းလွန်းလှသည်။ အကြွေစောခဲ့သည့် ဒေါင်းဖန်ဝါကို နှမြောမိသည်။ ဘဝမှာ သုခတွေ မခံစားခဲ့ဖူးသော ဒေါင်းဖန်ဝါ၏ဘဝကို သူဖေးမပေးချင်သည်။ သို့သော် အချိန်တွေကို နောက်ပြန်ဆုတ်၍မရနိုင်တော့ပေ။

သူ ဝမ်းနည်းစွာခေါင်းတလားကို တဘုန်းဘုန်းထုလိုက်မိ၏။ ထိုစဉ် လုံးဝထင်မှတ်မထားသော ကိစ္စတစ်ခုဖြစ်ခဲ့သည်။ ခေါင်းတလားထဲ



မီးခိုးများထွက်လာသည်။

ဘယ်လိုဖြစ်ရတာလဲ၊ ဒါ ဘယ်လိုဖြစ်ရတာလဲ။

သူ အံ့အားသင့်သွားကာ ဓာတ်မီးကိုအားပြုပြီး ဟိုဟိုဒီဒီ ကြည့်လိုက်၏။ ဥဒါန်းခင်၏ခေါင်းမှလည်း အငွေ့များထွက်နေသည်။

"အဟွတ် .... အဟွတ် ... ဟွတ်"

အသက်ရှူများ မွန်းကျပ်လာသည်။ ဘယ်ပြေးလို့ပြေးရမှန်းလည်း မသိတော့ပေ။ ထွက်ပေါက်ကိုသာ အပူတပြင်းရှာဖွေနေမိသည်။ ထွက်ပေါက်ကဘယ်မှာလဲ၊ ဘယ်နေရာမှာလဲ။

အခန်းသည် အလုံပိတ်ထားခြင်း ခံရသည်။ ဒေါင်းဖန်ဝါကိုရှာဖွေကြည့်တော့လည်း မတွေ့ရပေ။ သို့သော် နောက်ဆုံးတွင်နံရံကိုသာ သူ ကိုယ်နှင့်ပြေးတိုက်လိုက်တော့သည်။ ဝုန်းဆိုသောအသံနှင့်အတူ တံခါးချပ်ကြီး ပွင့်သွားပြီး သူ့အပြင်ရောက်သွား၏။

သူ အံ့အားသင့်စွာငေးကြည့်နေဆဲမှာပင် တံခါးသည် အလိုလို ပြန်ပိတ်သွားသည်။ တစ်ခုခုဖြစ်တော့မှာပါလားဆိုတဲ့အသိကြောင့် မှင်တက်မနေတော့ဘဲ ကြောင်လိမ်လှေကားအတိုင်း အပေါ်သို့ ပြေးတက်လာခဲ့သည်။ ခြေလှမ်းတွေကို အတက်နိုင်ဆုံးဖော့ထားသော်လည်း တုန့်ဆိုင်း၍နေလေသည်၊ ဘယ်လိုဖြစ်ရတာလဲ။ သူကြောက်နေတာလား။

လက်ရန်းကို အားပြုပြီးတက်နေရင်းမှ အနောက်သို့လှည့်ကြည့်မိ၏။ မီးခိုးငွေ့များသည်အပြင်သို့ ထွက်လာခြင်းမရှိပေ။ ထိုအခါမှ အနည်းငယ် စိတ်အေးသွားသလိုခံစားရသည်။ လှေကားထစ်ပေါ်ပိုင်းက သက်ပြင်းချလိုက်၏။ ထိုအခါမှ မွန်းကျပ်နေသော အရှုပ်အထွေးများရှင်းသွား

www.burmeseclassic.com

www.burmeseclassic.com



သလို ခံစားရသည်။ အသက်ကို ဝဝရှူပြီးထိုင်နေရာမှ ထလိုက်သော အခါတွင်။

"ဘုန်း"

အသံက ညင်ညင်သာသာလေးဆိုသော်ငြား ကြောင်လိမ်လေ့ကား လေးသည် သိမ့်သိမ့်တုန်သွားလေ၏။ သူ့ရင် ထိတ်ခနဲဖြစ်သွားသည်။ ဘယ်လိုဖြစ်ရတာလဲ။ တစ်ခုခုပေါက်ကွဲသွားသည်။ ထိုအသံမှာမြေအောက် ခန်းထဲမှ လာသောအသံဖြစ်သည်။ သူ ဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။

"ဇေန ရှင်သွားတော့။ ဟိုမိန်းမကြီးရောက်လာပြီ"

ဒေါင်းဖန်ဝါကို မတွေ့ရသော်လည်း အသံကိုတော့ကြားနေရ၏။ သူ့ဒေါင်းဖန်ဝါကို ယုံသည်။ သူ့မှာ တကယ်ပင်အန္တရာယ်ရှိပြီဟုလည်း ခံစားရသည်။ ထို့ကြောင့် အားကုန်လုလုခတ်မီးကိုအားကိုးပြီး အပေါ်ထပ် သို့ တက်လာ၏။

အရုပ်ကြီးများကို လမ်းရှင်းထားခဲ့၍ တိုက်တိုက်ခိုက်ခိုက်တော့ မဖြစ်ပါဘဲ။ ရှောရှောရှူရှူပင် ဘုရားခန်းကိုဖြတ်ကာ လှေကားပေါ် အဆင်းတွင်ညှော်ခန်းကို ဖြတ်ကျော်ရ၏။ ညှော်ခန်းစားပွဲပေါ်မှ ဓာတ်ပုံ သတိရသွားပြီး စားပွဲဆီသို့ဦးတည်ကာ လျှောက်လာသည်။

ပြီးနောက် ပိုးစုန်းကြူးသာသာမျှခတ်မီးကို အားပြုကာ ကြည့် လိုက်သောအခါ ထိန်ခနဲလင်းသွားသောမီးရောင်ကြောင့် ဆတ်ခနဲ တုန်သွားရသည်။ ခေါင်းမော့ပြီးကြည့်လိုက်သောအခါ သူ့ကိုစူးရှစွာ ကြည့်နေသော မျက်ဝန်းတစ်စုံ။

"ဒေါ်ရွှေမိုး"



"ဟုတ်တယ်။ ငါက ဒေါ်ရွှေမိုးပဲ။ မင်း ဘာကောင်လဲ။ လင် ယောကျ်ားမရှိတဲ့အိမ်ဆိုပြီး အထင်သေးအမြင်သေး လုပ်ချင်တာလား။ မင်းဘယ်လိုကောင်းစားလဲ"

"ဟို ... ဟို"

ရုတ်တရက်ဆိုတော့ စကားလုံးလည်း ပျောက်ဆုံးနေသည်။ အိမ်ရှင်မရှိသောအိမ်မှာ လာမွှေနှောက်မိ၍ လိပ်ပြာမလုံလည်း ဖြစ်ရသည်။ သို့သော် ယုတ်မာစိတ်နည်းနည်းမှ မရှိခဲ့သည်ကိုတော့ လိပ်ပြာလုံသည်။

"မိုက်ရိုင်းတဲ့ကောင်"

ဒေါ်ရွှေမိုး၏မျက်လုံးများသည် မီးဝင်းဝင်းတောက်နေလေသည်။ သူ့ကို သူခိုးလို့များ ထင်သွားလေသလား။

"လူမဆန်လိုက်တာကွယ်။ အခု ဘယ်မှာလဲ ငါ့သမီးတွေ။ ငါ့သမီးတွေကို မင်း ဘယ်နားသွားဖွက်ထားသလဲ။ မင်းကိုငါရဲလက်ထဲ အပ်ပစ်မယ်။ မင်းမို့ ဒီလိုစိတ်ထားမျိုးထားရက်တယ်"

"အိမ်မှာ ဘာဖြစ်နေသလဲ။ ဘာကိစ္စရှိလို့ ဝင်လာသလဲဆိုတာ မေးမြန်းဘဲ အဲဒီလိုစွပ်စွဲတာက တရားမလွန်ဘူးလား"

"မင်း အရှက်နည်းလှချည်လား။ လက်ပူးလက်ကြပ်မိတာတောင် မင်းကပြောင်လိမ်ချင်သေးတယ်။ ငါ့ညီမပြောတဲ့စကားကို မယုံခဲ့တာကိုက မှားတာပဲ။ ငါကိုကမှားတာပါ"

ဘုရား ... ဘုရား။ ဒေါ်ငွေမိုးက ဘာတွေရှုပ်ထားသလဲ။ အစ်မပြည့်အောင် အတူမနေဖူးတဲ့သူ့အကြောင်းတွေ ဘာသွားပြောထား သလဲ။

ရွှေအသ

www.burmeseclassic.com

www.burmeseclassic.com



"ညိုပြာရောင်နဲ့ပတ်သက်ပြီး မင်းငါတို့မိသားစုအပေါ် အဲဒီလောက်ပဲ အငြိုးကြီးရသလား"

"ဗျာ"

သူ အံ့ဩသွား၏။ သူမသိသောအကြောင်းအရာ ဖြစ်သည်။ ညိုပြာရောင်က သူ၏ချစ်သူ၊ သူ့အပေါ်သစ္စာဖောက်သွားတဲ့ချစ်သူ။ ညိုပြာနဲ့ဒေါ်ရွှေမိုးတို့က ဘာဆိုင်လို့လဲ။ တစ်ခုခုတော့လွဲနေပါပြီ။

"မင်းကွယ် ကိုယ့်သမီးအရွယ်လေးတွေကိုမှ ကြံမှုကြံတတ်ပါပေတယ်။ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ဒီမှာ ဒေါ်ရွှေမိုး ... ခင်ဗျား ဘာတွေပြောနေတာလဲဆိုတာ ကျွန်တော်လုံးဝနားမလည်ဘူး။ သိလည်း မသိဘူး။ ကျွန်တော့ရဲ့ ညိုပြာရောင်ကို ခင်ဗျားက ဘယ်လိုသိနေတာလဲ။ ခင်ဗျားနဲ့ညိုပြာနဲ့က ဘာဆိုင်လို့လဲ။ မိသားစုတွေလား"

"အန်တီညိုပြာက ဖေဖေ့ညီမအငယ်ဆုံးပါ ဆရာ"

"ဘာ"

နောက်မှထွက်ပေါ်လာသော အသံပိုင်ရှင်က ပါးမို့မို့ဖြစ်သည်။ သူကပါးမို့မို့ကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိသည်။ ဒီကောင်မလေး ဘယ်ကပေါ်လာတာလဲ။

ပါးမို့မို့သည်အိမ်ထဲ ဘယ်အချိန်ကဝင်လာမှန်း မသိသော်လည်း သူတို့ထံသို့ ကုန္ဓေ့ရစွာ လျှောက်လာနေသည်။

"ဆရာ့ကို အထင်မလွဲပါနဲ့ မေမေ၊ ဆရာ့ကို မို့မို့ခေါ်လာတာပါ"

ပါးမို့မို့ကို သူအံ့အားသင့်စွာကြည့်နေမိသည်။ ဘယ်လိုဖြစ်





တာလဲ။ ပါးမို့မို့ကရုတ်တရက်ကြီးပေါ်လာပြီး ဘာကြောင့်ညာပြောနေရတာလဲ။ ဘာလို့ သူ့ရှေ့မှာကာကွယ်ပြီး ပြောနေရတာလဲ။

"ဒီအိမ်ထဲမှာ တစ်စုံတစ်ခုရှိနေတယ် မေမေ"

"ဘာရှိရမှာလဲ။ ဒီအိမ်ကြီးဒီလောက်လုံခြုံနေတာ။ ဘာရှိရမှာလဲ"

"မို့မို့ကို မေမေမွေးထားတာမှ ဟုတ်ရဲ့လား"

"ဘာပြောတယ်"

"ငါ့သမီးလေး အပျိုအရွယ်ရောက်နေပြီဆိုပြီး မို့မို့ရဲ့အနေအထိုင်ကို မေမေ စိတ်ပူဖူးလား။ နှစ်လုံး၊ သုံးလုံး အဲ့ဒီဂဏန်းတွေထက် မို့မို့တို့ကို ပိုချစ်ဖူးသလား။ အဲ့ဒီဂဏန်းတွေထက် ဖေဖေ့ကိုပိုဂရုစိုက်ဖူးသလား"

သားမိနှစ်ယောက်၏ ရန်ပွဲက ပြင်းထန်သည့်အနေအထားမှာရှိသည်။ သူဘာလုပ်ရမှန်းမသိနိုင်ပါ။ ထိုရန်ပွဲသည် သူ့ထံ မြစ်ဖျားခံလာသည်ဖြစ်၍ မသိမသာနှင့်ရှောင်ကွင်းသွားဖို့လည်း မဖြစ်နိုင်သည့်အဆုံး မျက်နှာပြောင်တိုက်ပြီး ငြိမ်သက်စွာနားထောင်လိုက်ရသည်။

"ဖေဖေနဲ့ဒေါ်လေးငွေနဲ့ ဘာတွေဖြစ်နေကြသလဲ။ မေမေသိရဲ့လား။ ဖေဖေနဲ့ဒေါ်လေးငွေက မေမေ့နောက်ကွယ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ မေမေ မသိဘူးမဟုတ်လား"

ပါးမို့မို့သည် မျက်ရည်နှင့်အတူ နာကြည်းစွာ စိုက်ကြည့်နေရှာသည်။ ဒေါ်ရွှေမိုးသည် မျက်စိသူငယ်နားသူငယ်ဖြင့် ပါးမို့မို့ကို မှိတ်မသုန်စိုက် ကြည့်နေရှာ၏။

"ဖေဖေက မမဥဒါန်းခင်ကို မုန်းတိုင်း မို့မို့ကိုပါ ရှောင်ပြီး မုန်းနေတာ။ မေမေ့ကို မကျေနပ်တိုင်း မို့မို့ကိုပါဥပက္ခာပြုနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးမို့မို့ မင်း ဘာတွေပြောနေတာလဲ"

"ဖေဖေ့ဒိုင်ယာရီကို မို့မို့ အားလုံးဖတ်ပြီးပြီ မေမေ၊ ဖေဖေက ဘိုးဘိုးရဲ့မွေးစားသားဆိုတာလည်း မို့မို့ သိတယ်၊ ဖေဖေ့မှာတွယ်တာစရာ ဆိုလို့ မို့မို့ပဲရှိတာကို မို့မို့က မမဥဒါန်းခင်နဲ့တူလို့ဆိုပြီး မုန်းနေတာ"

"မဟုတ်ဘူး သမီး။ အဲ့ဒီလိုမပြောရဘူး။ သမီးငရဲကြီးလိမ့်မယ်"

"အမှန်တရားဘက်ကရပ်တည်လို့ ကြီးမယ်ဆိုရင်ကြီးပလေ့စေ ဆိုတော့ မေမေ၊ မို့မို့လည်း ဒါတွေမပြောချင်ပါဘူး။ ဒါပေမဲ့ ဒေါ်လေးက အသက်ရှင်စဉ်တွင် မကာဘူး သေသွားတာတောင် မို့မို့တို့မိသားစုကို ဆက်ပြီး ဒုက္ခပေးဦးမှာလား။ ဘယ်မှာလဲ၊ ဒေါ်လေးထွက်လာခဲ့ပါ။ ထွက်လာခဲ့ ... ထွက်ခဲ့"

ပါးမို့မို့၏အသံသည် တစ်အိမ်လုံးကိုညံပြီး လျှံထွက်သွားတော့၏။ ထိုအခါ ရယ်မောနေသောအသံနက်ကြီးသည် စည်ဝေစွာ ထွက်ပေါ်လာသည်။ တစ်ဆက်တည်းမှာပဲ မီးသည်တဖျတ်ဖျတ် မှိတ်တုတ်မှိတ်တုတ်ဖြစ်ပြီး အမှောင်တိကျသွားတော့၏။



ဦးရွှေရောင်၏ ရက်လည်ဆွမ်းသွတ်သည့်နေ့ ဖြစ်သည်။ ဒေါ်ရွှေမှုံမှာလည်း ထမင်းမစား၊ ရေမသောက်ဖြင့် လူလည်း ချုံးချုံးကျနေပြီ ဖြစ်သည်။ သူ့ရင်ထဲရှိသည့်အတိုင်းသာဆိုလျှင် ကိုယ့်အဝတ်ကိုယ်သိမ်းကာ မြို့ထဲတွင်ရှိသော မိမိအိမ်ကိုသာ အမြန်ဆုံး ပြန်လိုက်ချင်သည်။ သို့သော် ဒေါ်ငါးဖန်ဝါကို သံယောဇဉ်မပြတ်နိုင်၍ အရှုပ်သံသရာထဲဝဲနေမိသည်။ ဒေါ်ငါးဖန်ဝါအပြင် ညိုပြာရောင်၏သမီးနှစ်ယောက်ဖြစ်သော စို့စို့နှင့်ပျို့ပျို့ ကြောင့်လည်း ပါ၏။

သူ့မှာတော့ တစ်ဦးတည်းသော ချစ်ရသူလေးမို့ ခုချိန်ထိကြေကွဲ လို့ မပြီးနိုင်သေးပေမဲ့ ချစ်သူလေးကတော့ လွန်ခဲ့သောငါးနှစ်ခန့်က လောကကြီးကို အပြီးတိုင် စွန့်ခွာသွားခဲ့ပြီ ဖြစ်သည်။

အရက်သံသရာထဲဝဲနေသော သူက ညိုပြာရောင်သတင်းစကား ကို မကြားခဲ့ပါချေ။ ညိုပြာတို့ဇနီးမောင်နှံသည် မန္တလေးသို့သွားရင်း ကားအက်ဆီးဒင့်ကြောင့် ဆုံးပါးသွားခဲ့သည်ဟု ဆိုသည်။ ဒါလည်း ဦးရွှေရောင်လက်ချက်ဟု ပါးမို့မို့က ငိုကြီးချက်မဖြင့် ပြောပြရှာသည်။

ပါးမို့မို့ပြောပြပုံအရ ဦးရွှေရောင်သည် အင်မတန် သနားဖို့ ကောင်းသောလူဖြစ်သည်။ မွေးစားသားမို့ အနှိမ်ခံခဲ့ရသည်။ တစ်ဦးတည်း သော အစ်ကို၏မေတ္တာကို မျှော်လင့်သော်လည်း ဦးသုန်းရောင်က

www.burmeseclassic.com

www.burmeseclassic.com



နမရင်းဖြစ်သော ညိုပြာရောင်ကိုသာ သဲသဲလှုပ်ခဲ့သည်ဟု ဆိုသည်။

မိဘများဆုံးပါးသွားသောအခါ ဦးရွှေရောင်က ဦးဘုန်းရောင်ထက် သာ သော အမွေ၏အစွန်းအဖျားမျှသာ ပိုင်ဆိုင်ခဲ့ခြင်းကို ကျေနပ်ပုံမရသေး ဦးဘုန်းရောင်သည် နိုင်ငံခြားသို့အပြီး ပြောင်းသွားသောအချိန်တွင် နွားဒိုနောက်ကျကလေးဖြစ်သော ညိုပြာရောင်၏အသက်သည် ဆယ့်နှစ် နှစ်ပင် မပြည့်သေးပေ။

သို့သော် မိသားစုရှေ့နေထံ၌ ပိုင်ဆိုင်သမျှအားလုံးကို ညိုပြာ ရောင်အိမ်ထောင်ကျလျှင် ညိုပြာရောင်ထံလွှဲပေးဖို့ လက်မှတ်ထိုးခဲ့သည်။ ဒါကိုသိသော ဦးရွှေရောင်သည် မတော်လောဘစိတ်ဖြင့် ကားဘီး ကြိုးကို ဖြတ်ခဲ့၏။

ညိုပြာရောင်ဆုံးသောအခါတွင် အမွေဆက်ခံရမည့်လူသည် စိုးစို နှင့်ပို့ပို့ ဖြစ်လာပြန်သည်။ ထို့ကြောင့် သမီးအဖြစ်မွေးကာ အချိန်တစ်ခု တစ်နည်းတစ်ဖုံ ရှင်းပစ်ဖို့ ကြံစည်ထားပုံရသည်။ ဦးရွှေရောင်က အကြံ အစည်ကြီးကြီးဖြင့် ပါးမို့မို့ကို ဥဒါန်းခင်၏စရိုက်ဝင်အောင် ဘောင်သွင်း ခဲ့သည်။ အကြောင်းမှာ ဥဒါန်းခင်နှင့်တူသော ပါးမို့မို့ကို ဖန်းပြ ဦးဘုန်းရောင်ထံ မျောက်ပြဆန်တောင်းလုပ်ချင်၍ ဖြစ်၏။

ပါးမို့မို့ကမထင်မှတ်ပါဘဲ ဦးရွှေရောင်၏ဗိုင်ယာရီကို ဖတ်မိသွား သောအခါ ဦးရွှေရောင်ကို ကြောက်သွားသည်။ ဖခင်ဖြစ်နေသောကြောင့် ရောင့်နှုတ်ပိတ်နေခဲ့သော်လည်း ဖခင်သွင်းသောစရိုက်နှင့် ဆန့်ကျင်ဘက် ပြောင်းလဲပစ်၏။ ဆံပင်ကို အရောင်ဆိုးသည်။ ဖြစ်သလိုနေသည်။ ဖြစ်သလို စားသည်။ ပါးမို့မို့၏စိတ်ထဲတွင် ဦးရွှေရောင်ကို တားနိုင်မည်





လူမှာ မိမိတစ်ယောက်တည်းရှိသည်ဟု တွေးခဲ့သည်။

သို့သော် မထင်မှတ်ပါဘဲ အဒေါ်ဖြစ်သူနှင့်ဖခင်တို့၏ ဖောက် ပြန်မှုကို သိသွားခဲ့သည်။ ရွံခဲ့သည်။ မုန်းခဲ့သည်ဟု သူ့ကို ငိုကြီးချက်မဖြင့် ရင်ဖွင့်သွားရှာသည်။ သူ့စိတ်ထဲလည်း ကြေကွဲစွာခံစားရသည်။ ရှုပ်နေတဲ့အရှုပ်အထွေးကြီး ရှင်းသွားသော်လည်း မကျေနပ်နိုင်ပေ။ ရှင်း သွားချင်သည်က ထိုပုံစံမျိုးမဟုတ်ပေ။

ယခုတော့ ဤအိမ်ကြီးက သရဲခြောက်သည်ဟု ရပ်ကွက်ထဲပျံ့နှံ့ နေသည်။ ဒါ့အပြင် ခင်ပွန်းသေပြီးမှ ခင်ပွန်းရှုပ်ခဲ့သမျှ သိလိုက်ရသော ဒေါ်ရွှေမိုးသည် စိတ်နှင့်လူမကပ်နိုင်တော့၍ ဆေးကုသမှုခံနေရသည်။

ဤမိသားစုနှင့် မသက်ဆိုင်သော်လည်း ပတ်သက်မိပြီမို့ ထိုအမှုတွဲ ထဲ သူက ကန့်လန့်ကန့်လန့်ဖြင့် ကလေးသုံးယောက်၏ အုပ်ထိန်းသူဖြစ် နေရလေသည်။

"ဆရာဦးလေး … သမီးတို့ မနက်ဖြန်စာမေးပွဲရှိတယ်နော်"

သူ့ဘေးတွင်ပတ်လုံးများသဖွယ် ထိုင်နေကြသော ကလေးမလေး သုံးယောက်ကို ကရုဏာသက်စွာငေးကြည့်နေမိသည်။ ထိုသို့ကြည့်မိတော့ လည်း သူက ညိုပြာရောင်၏မိသားစုဝင် ဖြစ်သွားရသလိုခံစားရသား။ သတိထားပြီး ကြည့်လိုက်သောအခါ စိုးစိုးနှင့်ပို့ပို့သည် ညိုပြာရောင်နှင့် တူလာသလိုလို ခံစားရသည်။

"ဆရာ … ဘဘကြီးဆီ အီးမေးပို့မယ်ဆိုတာ ပို့ဖြစ်ရဲ့လား"

ညိုပြာရောင်ဆုံးပြီးတည်းက ဦးဘုန်းရောင်က မြန်မာပြည်နှင့် အဆက်ဖြတ်သွားသည်ဟု ဆိုသည်။ ထို့ကြောင့် အီးမေးသည် မရေမရာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းစဖြစ်သော်လည်း တစ်ခုတည်းသောမျှော်လင့်ချက် ဖြစ်နေလေ၏။ အကယ်၍သာ အိုးမေးကို ဦးဘုန်းရောင်ဖွင့်ကြည့်ဖြစ်ပါက ဒေါင်းဖန်ဝါ၏ ဆန္ဒကို သူဖြည့်ပေးနိုင်မည်ဖြစ်သည်။ ပြီးနောက် ကလေးထိန်းရာထူး သူ ဆင်းသွားနိုင်မည် ဖြစ်၏။ ဘယ်သောအခါကမှ ဆုမတောင်းဖူးခဲ့သော် လည်း ယခုတော့အိပ်ရာဝင်တိုင်း ဆုတောင်းနေမိသည်။

"ဦးဘုန်းရောင် ရောက်လာပါစေဟု"

သို့သော် သူ့ဆန္ဒမပြည့်ခဲ့ပါချေ။ ကလေးတွေစာမေးပွဲပြီး သွားချိန်ထိ ဦးဘုန်းရောင်နှင့်သူ့အဆက်အသွယ် မရနိုင်ခဲ့ပါ။ ဤအိမ်ကြီး၌လည်း သူ မနေဝံ့တော့ချေ။ ညစဉ်ညတိုင်းမြင်တွေ့ရသော အရိပ်မည်းကြီးကြောင့် အိမ်ပြောင်းဖို့စဉ်းစားသည်။ သို့သော် ဒေါင်းဖန်ဝါကို သူ မထားရက်နိုင်ချေ။ စိတ်မချပေ။

ထို့ကြောင့် ညစဉ်ညတိုင်း အိပ်ရေးပျက်ခံကာ ဘဝ ဘဝတို့မှ ပါလာသောဝဋ်ကြွေးမှန်သမျှ အကျေဆပ်ရန် သူသဘောကို ရှက်မလွှင့်ဘဲ ထိုအိမ်ကြီး၌သာ ကျောက်ချထားတော့သည်။ ကျောက်ဆူးများသည် ညှိတက် အမြစ်တွယ်လာသောအခါ။





"အားလုံးကြားကြားသမျှ ... အမျှ ... အမျှ ... အမျှ ယူတော်မူကြပါကုန်လော့ သာဓု ... သာဓု ... သာဓု"

ကြေးစည်ထုသံသည် နောင်ခနဲထွက်ပေါ်လာသည်။ ရေစက်ခွက်ကို ကိုင်ထားသော ဦးဘုန်းရောင်၏မျက်လုံး၌ အရည်ကြည်တို့ဝေ့ဝဲနေသည်ကို သူမြင်တွေ့နေရသည်။

ဒေါက်တာဘုန်းရောင်ပြန်လာပြီဆိုသော သတင်းစကားကြောင့် အဘဦးနီကြီးသည်လည်း ဘုန်းကြီးငါးပါးရှေ့၌ ကပ္ပိယကြီးဖြစ်၍နေလေသည်။ တရားနာပရိသတ်များလည်း စည်ကားလှ၏။ အိမ်အပေါ်ထပ်တွင် မဆန့်၍ မိုက်ခရိုဖုန်းတက်ကာ အိမ်အောက်ထပ်၌ ဖျာခင်းပေးရသည်။

လလည်ခွမ်းသွပ်ဆိုသော်ငြား ထမင်းနှင့်ဟင်းကို မြန်မာဆန်စွာ ကျွေးမွေးဧည့်ခံထားသောကြောင့် ပရိသတ်လည်းများလှ၏။

"ကျေးဇူးပါပဲ မောင်ဇေနု"

လူများ ရှင်းသွားသောအခါ ဦးဘုန်းရောင်ကသူ့အား ကျေးဇူးတင်စကားဆိုလာသည်။ အစမရှိ အဆုံးမရှိဆို၍ သူပင်လျှင်ဖွံ့အားသင့်ရ၏။

"ကလေးတွေရော"

"ဆေးရုံသွားကြတယ်။ ဒီနေ့ သူတို့အမေကိုတွေ့ရမယ့်နေ့လေ။ ညနေလောက်တော့ ပြန်လာကြမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေမိုးသည် ဒေးမှိုင်စွာနေရင်းမှ လူတွေနှင့် လုံးဝစကားမပြောတော့၍ ဆရာဝန်နှင့်စမ်းသပ်သောအခါ ဆရာဝန်ကဆေးရုံတင်ရန် အကြံပြုခဲ့၍ သူက ရင်နာနာနှင့်ပင် စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ခဲ့ရသည် ဖြစ်၏။

မိခင်၏အဖြစ်ကြောင့် ပါးမို့မို့သည် လဲကျသွား၍ ဆေးရုံ တစ်ပတ်မျှတင်ပြီး ဆေးကုထားရသည်မှာမကြာသေးပေ။ ပါးမို့မို့ကို စိုးရိမ်၏။ နလုံးသား နသောဆယ်ကျော်သက်အရွယ်လေးမို့ စိတ်ထွက် ပေါက်ရှာပြီး ထင်ရာစိုင်းသွားမည်စိုး၍ အချိန်ပြည့်စောင့်ကြည့် နေရသည်။ ဆုံးမသွန်သင်နေရသည်။ သို့သော် ယခုတော့တည်ငြိမ်သွားပြီ ဖြစ်၏။

"မင်းပို့လိုက်တဲ့ အီးမေးကိုရပေမယ့် ချက်ချင်းပြန်မလာနိုင်တဲ့ အတွက် မင်းကို အားနာပါတယ်"

"ရပါတယ်။ ကျွန်တော်လည်း ကလေးတွေကိုသံယောဇဉ် ဖြစ်နေ ပါတယ်"

"အန်ကယ် အတ္တကြီးမိခဲ့တယ်။ အန်ကယ်သာ သူများရဲ့ ခံစားချက်ကို ကြည့်ခဲ့မယ်ဆိုရင် ဒီလိုမဖြစ်သင့်တဲ့ပြဿနာတွေ ဖြစ်လာ တော့မှာ မဟုတ်ဘူး"

"ပြန်ပြင်လို့မှမရတော့တာကိုး ဖြစ်သမျှအကြောင်း အကောင်း လို့ပဲ တွေးရတော့မှာပေါ့"

"အဲ့ဒီအတွက် အားနာပါတယ်။ အန်ကယ် တကယ်မတော်တဆ ပါ။ အဲ့ဒီလိုလုပ်ဖို့ တကယ်မရည်မရွယ်ပါဘူး။ အဲဒီအတွက် မင်းကို





အန်ကယ် ကျေးဇူးတင်ပါတယ်။ တကယ်တော့ အန်ကယ် မြန်မာပြည်ကို ပြန်မလာရဲခဲ့တာပါ။ ရွှေရောင်ကြောင့် မဟုတ်ပါဘူး။ အဲဒီထဲက သမီး ယောက်ကြောင့်ပါ။ အန်ကယ် မလုပ်သင့်တာကို လုပ်ခဲ့မိတယ်။ ဖြစ်နိုင်မှန်းသိရဲ့နဲ့ မိုက်ခဲ့မိတယ်။ ပြန်လာရင် ဆက်မိုက်မိမှာစိုးလို့ ပြန်မလာဖြစ်တော့တာပါ။ အခုတော့ မင်းကျေးဇူးကြောင့် ဆက်မိုက်ဖို့ လိုတော့ဘူးပေါ့"

ဖြစ်ပျက်သမျှအကြောင်းစုံကို အိပ်သွန်ဖာမှောက်ရေးသားပြီး နေ့စဉ် အီးမေးပို့ခဲ့သောအကျိုးဆက်သည် ဦးဘုန်းရောင်မြန်မာပြည်သို့ ရောက်လာခြင်းတွင် အဆုံးသတ်သွား၏။

"မင်းက စာရေးဆရာပီသပါပေတယ်ကွာ။ အခုအိမ်ထောင်ကျ သွားပြီလား"

သူခေါင်းယမ်းပြသည်။

"အန်ကယ်သာ မြန်မာပြည်မှာရှိခဲ့မယ်ဆိုရင် မင်းက အခုချိန် အန်ကယ်လို့မခေါ်ရဘဲ ယောက်ဖလို့ခေါ်နေရမလားပဲ"

သူရယ်လိုက်၏။ ထိုရယ်မောမှုထဲတွင် ပျော်ရွှင်မှုက ပျောက်ဆုံး နေသည်။

"ကျွန်တော့ရဲ့ပဟေဠိကို အန်ကယ်မဖြေပေးနိုင်ဘူးလား"

"ဒေါင်းဖန်ဝါကို မင်း ခုချိန်ထိမြင်နေရသေးလား"

"သူရှိနေသေးတယ် အန်ကယ်။ ဦးရွှေရောင်တို့ရှိနေတယ်လို့ပြီး ခံစားရတော့ပေမဲ့ ဒေါင်းဖန်ဝါတော့ ရှိနေသေးတယ်"

"ဘာလို့လဲ။ ဘယ်လိုသိတာလဲ"



www.burmeseclassic.com

"ကျွန်တော့်စိတ်က အလိုလိုသိတာပါ"

"မကြာခင် သူထွက်သွားတော့မှာပါ"

"ဘာလို့လဲ အန်ကယ်"

"မင်းရဲ့ ပဟေဠိကိုရှင်းသွားချင်ရင် မင်းရဲ့အနောက်ကိုလှည့်ကြည့်လိုက်ပါ"

ဦးဘုန်းရောင်သည် ထိုသို့ဆိုသောအခါ သူက လှည့်ကြည့်လိုက်၏။ သူ့မျက်လုံးကို သူမယုံနိုင်ပေ။ လူအများကြားမှဖြတ်လျှောက်လာသော ဒေါ်ငြိမ်းဖန်ဝါ။

"ဒေါ်ငြိမ်းဖန်ဝါ၊ မင်း၊ မင်း"

"မင်္ဂလာပါ ဆရာ"

သူ့ အိပ်မက်များ မက်နေသလား။

"ဘယ်လိုဖြစ်ရတာလဲ"

"ကျွန်မက ဆရာ့ရဲ့ပရိသတ်ပါ။ အွန်လိုင်းကနေ ဆရာ့စာအုပ်တွေ တော်တော်များများဖတ်ဖြစ်ပါတယ်။ ဒါပေမဲ့ အခုလိုဆရာနဲ့ ပတ်သက်ဆက်နွှယ်နေလိမ့်မယ်လို့ တစ်ခါမှမစဉ်းစားဖူးဘူး"

အသံသည် ကြည်လင်ရှင်ပြနေသည်။ ထိုအခါ သူ့ရဲ့ဒေါ်ငြိမ်းဖန်ဝါ မဟုတ်ပါလားဟု သူသိလိုက်သည်။

"အန်ကယ် သူက"

"ဒေါ်ငြိမ်းဖန်ဝါလေ"

"ဗျာ"

"ဒါပေမဲ့ သူက မင်းသိခဲ့တဲ့ဒေါ်ငြိမ်းဖန်ဝါတော့ မဟုတ်ဘူးပေါ့"

•——ရွှေသော——•



ငါးညလောက် မအိပ်ဖြစ်ခဲ့သော မျက်လုံးသည်အစွမ်းကုန် ပြူးကျယ်ဝိုင်းစက်သွားတော့သည်။ သို့သော် သူ့ရဲ့ဒေါ်ငြိမ်းဖန်ဝါကတော့ သူ့ကို ပြုံးမြမြဖြင့်စိုက်ကြည့်၍နေခဲ့သည်။

"ဘဘ ပြောပြလို့ ဆရာ့အကြောင်း တော်တော်များများကို ကျွန်မ သိနေခဲ့ပါတယ် ဆရာ"

"သမီးက အလုပ်လေးတွေမပြတ်သေးလို့ အန်ကယ်နဲ့အတူပြန်မလိုက်နိုင်ခဲ့တာပါ။ ဒါပေမဲ့ ဗိုကြားထဲသမီးအကြောင်း မပြောဖြစ်ခဲ့ဘူးလေ။ အဲ့ဒီအတွက် မင်းကိုတောင်းပန်ပါတယ်"

သူ့ကို ရှင်းပြနေခြင်းမဟုတ်သော်လည်း အကြောင်းအရာများကို ဆက်စပ်တွေးကြည့်နေသောအခါ သဘောပေါက်သလိုလိုတော့ ရှိလာ၏။

"ကျွန်မရဲ့အသက်က အခုဆိုနှစ်ဆယ်ရှိပြီဆရာ။ ကျွန်မရဲ့အဖေကို ဒီလိုသတင်းစာထဲထည့်ပြီး ဒေါ်ငြိမ်းဖန်ဝါဆိုတာမျိုးကြီးနဲ့ ဦးမြတ်ကိုကိုကို ရှာပုံတော်ဖွင့်နေတာကြီးက ကျွန်မရင်ထဲ သိပ်ဘဝင်မကျဘူး။ နည်းနည်းလည်း ခေတ်မမီတော့ဘူးလို့ ထင်တယ်"

"ဆောရီး ... ကျွန်တော်က ဒေါ်ငြိမ်းဖန်ဝါ"

အမေဒေါ်ငြိမ်းဖန်ဝါကို ပြောချင်သော်လည်း သမီးဒေါ်ငြိမ်းဖန်ဝါကို အားနာရပြန်သည်။ အားတုံ့အားနာဖြစ်နေသော သူ့ကို ဒေါ်ငြိမ်းဖန်ဝါနှင့် ဦးဘုန်းရောင်တို့က ပြုံးစိစိကြည့်နေကြသည်။ သူ ရှက်လိုက်တာ။

"ဒါနဲ့ အဲ့အိတ်ကြီးက"

ရှက်ရှက်နှင့်ပင် မဆီမဆိုင် ခရီးဆောင်အိတ်ကြီးကို ရန်ရှာမိတော့သည်။

•——ရွှေသော——•

www.burmeseclassic.com



"အခုမှ ကျွန်မက လေယာဉ်ကွင်းက ထွက်လာတာပါ။ ကျွန်မရဲ့ ပထမဆုံးရောက်ရှိမှုပေါ့။ ဒါပေမဲ့ မြန်မာပြည်က ကျွန်မနဲ့ မစိမ်းပါဘူး။ ဖေဖေကအမြဲတမ်း ကျွန်မကို မြန်မာပြည်အကြောင်း ပြောပြတယ်လေ"

"ဖေဖေဟုတ်လား။ ဒါ ... ဒါဆို မင်းက"

"ဆရာ့ကို ကျေးဇူးတင်ပါတယ်။ တကယ်တော့ ကျွန်မရဲ့ ဖေဖေက လွန်ခဲ့တဲ့ဆယ်နှစ်ကျော်လောက်တည်းက ဆုံခဲ့ပြီးသားပါ။ အဲဒါ ဘာဘရဲ့ကျေးဇူးပေါ့။ ဒါပေမဲ့ ဆရာ့ကိုကျေးဇူးတင်ပါတယ်။ ဆရာ့ကြောင့် နွေးထွေးမှုကို ကျွန်မ ခံစားခဲ့ရပါတယ်။ တကယ်တော့ ကျွန်မက ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စကို အရေးလုပ်လေ့မရှိပါဘူး။ ဒါပေမဲ့ ဆရာက ကျွန်မရဲ့ အတ္တစိတ်ကို ဖယ်ရှားနိုင်ခဲ့ပါတယ်"

"ဟာ ... မဟုတ်တာ။ ကျွန်တော်က ဘာမှတောင် မလုပ်က သေးဘူး"

"ဆရာနဲ့ကျွန်မ ဒီထက်ပိုရင်းနှီးချင်ပါတယ်။ ကျွန်မကိုရင်းနှီးခွင့် ပြုမယ် မဟုတ်လားဟင်"

ဦးဘုန်းရောင်ရှေ့တွင် ရုတ်တရက်အပြောခံရ၍ မျက်နှာကိုဆားနှင့် ပက်လိုက်သလို စပ်ဖျင်းဖျင်းခံစားရ၏။ သို့သော် ဦးဘုန်းရောင်ကတော့ သူ့ပုံကိုကြည့်ပြီး တဟဲဟဲရယ်နေလေသည်။

"ဖန်ဝါကို အိမ်ထဲ မခေါ်တော့ဘူးလား"

"အဲ ... ကျွန်တော်။ အဲ ... ကျွန်တော်ကညွှေ့သည်ပါ"

"ဒါပေမဲ့ အိမ်သားတစ်ပိုင်းဖြစ်နေပါပြီ ဆရာရယ်"

"သမီးက နည်းနည်းပွင့်လင်းတယ် မောင်ဖေနရဲ့။ နိုင်ငံခြားမှာ





နေတုန်းကလည်း မြန်မာပြည်ကို မင်းစာအုပ်တွေ တကူးတကမှာပြီး ဖတ်တဲ့ မင်းရဲ့အမာခံပရိသတ်ပေါ့ကွယ်။ ဒါကြောင့် မင်းနဲ့မဆုံဖူးပေမဲ့ မင်းကို ရင်းရင်းနှီးနှီးပြောနေတာပါကွယ်။ မင်းကပဲ နားလည်ပေးပါ"

"ဟုတ်ကဲ့ အန်ကယ်။ ကျွန်တော်နားလည်ပါတယ်။ ကျွန်တော်က လည်း သူ၊ အဲ ... ဖေါင်းဖန်ဝါနဲ့ အဲ"

သူတစ်ခုခုကို ပြောဖို့ကြံနေဆဲမှာပင် သူ၏ဖေါင်းဖန်ဝါကို ဘရားနာပြီး ပြန်ကြသောလူအုပ်ကြီးထဲ တွေ့လိုက်ရသည်။

"ဖေါင်းဖန်ဝါ"

အမှတ်တမဲ့ အော်ခေါ်လိုက်သောအခါ ဖေါင်းဖန်ဝါသည် သူ့ထံ လှည့်ကြည့်လာသည်။ သူ့ကိုပြုံးပြုံးလေးကြည့်ပြီး လက်ဝှေ့ယမ်းပြနေ သည်။ သူ့ရင်ထဲ နာကျင်လာသလိုလို ခံစားရသည်။ မသွားပါနဲ့ဟု အားချင်သော်လည်း မတားရက်နိုင်ပေ။ သူ့ကိုလက်ပြကာ ကျောခိုင်းဖို့ ကြံနေသော ဖေါင်းဖန်ဝါ နောက်သို့ ပြေးလိုက်မည်ကြံခိုက်တွင် တစ်စုံ တစ်ယောက်က သူ့လက်ကိုဆွဲထားသည်။

ဖေါင်းဖန်ဝါပဲ ဖြစ်သည်။ သို့သော် ထိုဖေါင်းဖန်ဝါသည် သူ၏ ဖေါင်းဖန်ဝါမဟုတ်ချေ။

"ဆရာ လိုက်မသွားသင့်မှန်း ဆရာ သိပါတယ်။ ဆရာရယ် မသွားပါနဲ့တော့"

ထိုအသံသည် သူနှင့်ရင်းနှီးဖူးခဲ့သော ဖေါင်းဖန်ဝါ၏အသံ။ ထိုဖေါင်းဖန်ဝါကိုခေတ္တမျှ ငေးကြည့်မိသွားရုံမျှဖြင့် လူအုပ်ကြီးသို့လှည့် ကြည့်ပြန်သောအခါ သူ၏ဖေါင်းဖန်ဝါကို မတွေ့ရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကျွန်မတို့အိမ်ထဲ ဝင်ကြရအောင်"

သူ ခေါင်းညိတ်ပြလိုက်သည်။ ဖေါင်းဖန်ဝါလက်ထဲမှ လက်ဆွဲသေတ္တာကို လက်လွှဲယူလိုက်၏။ သူ၏ခြေလှမ်းများသည် ရှေ့တိုးနေသော်လည်း နောက်ပြန်ဆုတ်မိနေပြန်သည်။ သို့သော် သူသတိမပြုလိုက်မိသည်က သူ့ခြေဖဝါးအောက်မှ မိသားစုဓာတ်ပုံဖြစ်သည်။

အသက်ဆယ်နှစ်ခန့်ညိုပြာရောင်၊ ဦးရွှေရောင်၊ ဦးဘုန်းရောင် အသက်ကြီးနေသောအမျိုးသမီးကြီးနှင့် အမျိုးသားကြီး။ ပြီးနောက် အသက်ဆယ့်ငါးနှစ်ခန့် ဥဇါနိုးခင်။ ဓာတ်ပုံထဲရှိလူများအားလုံးသည် မျက်နှာသေဖြင့် ကင်မရာကိုစိုက်ကြည့်နေကြသော်လည်း ညိုပြာရောင်ကတော့ ရွှင်ပြသောအပြုံးဖြင့်။

ရသတို့နှင့် ပြည့်စုံပါစေ
မယ်နိုင်

BURMESE CLASSIC

www.burmeseclassic.com